## အခန်း (၁-က) ကိုယ့်အမည်ရေးကာ မိတ်ဆက်ပါ

## အကြံပြုစာသင်ချိန် ၁ ချိန်

### သင်ယူမှုဦးတည်ချက်

- ကိုယ့်အမည်လေးတွေကိုရေးပြီး သူငယ်ချင်းအချင်းချင်း အပြန်အလှန် မိတ်ဆက်တတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ဆရာကိုယ်တိုင်ဖန်တီးထားသော ကျောင်းသုံးစာအုပ်ပါ နမူနာပုံစံစာရွက်

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "တတိယတန်းမှာ ပထမဆုံးစာသင်ချိန်ဖြစ်တဲ့အတွက် ကလေးတို့ရဲ့ နာမည်လေးတွေကို သူငယ်ချင်းတွေ သိရအောင် မိတ်ဆက်ကြရမယ်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⦿ ပထမဦးစွာ မိတ်ဆက်ခြင်း၏အရေးပါပုံကို ဆရာက ရှင်းပြပါမည်။

- ဆရာက မိမိ၏အမည်ကို မိတ်ဆက်ပြပါမည်။
- ဆရာက နမူနာပြောပြပြီးပါက ကလေးများကို စာရွက်များ ဝေငှပေးပါမည်။

⦿ မိမိတို့၏အမည်၊ အတန်း၊ ကျောင်းအမည်၊ ဝါသနာ၊ နေရပ်လိပ်စာ စသည်တို့ကို ရေးစေပါမည်။

⦿ ကျောင်းသားများအား မိမိရေးထားသည့် စာရွက်ပါ အချက်အလက်များကို နှစ်ယောက်တစ်တွဲ အပြန်အလှန် မိတ်ဆက်စေပါမည်။

⦿ နှစ်ယောက်တစ်တွဲ မိတ်ဆက်ပြီးပါက မိမိမိတ်ဆက်လိုသော သူငယ်ချင်းများအား အတန်းတွင်း လှည့်လည်ကာ မိတ်ဆက်စေပါမည်။

⦿ သူငယ်ချင်းများနှင့် အပြန်အလှန်မိတ်ဆက်ပြီးပါက မိမိ မိတ်ဆက်ထားသည့် သူငယ်ချင်းများထဲမှ တစ်ယောက် အကြောင်းကို ပြောပြရပါမည်။

**နိဂုံးချုပ်ခြင်း**

- မိမိအကြောင်း သို့မဟုတ် မိမိတို့မိတ်ဆက်ထားသော သူငယ်ချင်းများထဲမှ တစ်ယောက်အကြောင်း အတန်းရှေ့တွင် ကလေး ၃၊ ၄ ယောက်ကို ပြန်လည်ပြောခိုင်းစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း သူငယ်ချင်းအချင်းချင်း အပြန်အလှန် မိတ်ဆက်နိုင်ခြင်း ရှိမရှိ နှင့် မိမိသူငယ်ချင်းအကြောင်းကို ပြန်လှန်ပြောပြနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။



## အခန်း ၁ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်

### (က) ကိုယ့်အမည်ရေးကာ မိတ်ဆက်ပါ




အမည် ____________________

အတန်း ____________________

ကျောင်း ____________________

ဝါသနာ ____________________

နေရပ်လိပ်စာ ____________________

____________________



### အဓိကအချက်များ

- မိမိရေးသားထားသော အကြောင်းအရာများကို သူငယ်ချင်းကို ပြပြီး မိတ်ဆက်ခြင်း၊ သူငယ်ချင်းအကြောင်းကို သေချာ နားထောင်တတ်ရန် ပြောပြရပါမည်။

### အရေးကြီးသောအချက်များ

- ကလေးများအချင်းချင်း မိတ်ဆက်ရာတွင် ကျောင်းသုံးစာအုပ်ပါ အချက်များ ပါဝင်အောင် မိတ်ဆက်ရမည် ဖြစ်ပါသည်။
- အတန်းတွင်း လှည့်လည်မိတ်ဆက်ရာတွင် သူငယ်ချင်းအကြောင်းကို စိတ်ဝင်စားစွာ နားထောင်တတ်ရန် ပြောကြားပါမည်။
- ရနိုင်သမျှအချိန်အတွင်း ကလေးအားလုံးကို မိတ်ဆက်စေပါမည်။

### ဆရာ၏မိတ်ဆက်နမူနာ

- "ကလေးတို့ ဆရာမနာမည်ကတော့ ဒေါ်မြမြဝင်း ဖြစ်ပါတယ်။ ဆရာမက သပြေကုန်းရွာမှာနေပါတယ်။ ဆရာမက စာဖတ်တာ ဝါသနာပါတယ်။" စသည်ဖြင့် နမူနာပြောပြပါမည်။

### ကျောင်းသား၏မိတ်ဆက်နမူနာ

- သူ့နာမည်က မောင်ထွန်းအောင် ဖြစ်ပါတယ်။ သူကရေကူးတာ ဝါသနာပါတယ်။ သူက သပြေကုန်းရွာမှာ နေပါတယ်။

(ခ) နိုင်ငံတော်အလံကို အလေးပြုကြပါစို့







နိုင်ငံတော်အလံကို ဘယ်လို အလေးပြုကြရမလဲ

နိုင်ငံတော်သီချင်း ဆိုကြရအောင်



**အဓိကအချက်များ**

- ကလေးများကို နိုင်ငံတော်အလံအား မှန်ကန်စွာ အလေးပြုနိုင်သည်အထိ သင်ကြားပေးပါမည်။

**အရေးကြီးသောအချက်များ**

- နိုင်ငံတော်သီချင်းသီဆိုရာတွင် ဆရာက ဦးဆောင်ပေးရပါမည်။

## အခန်း (၁-ခ) နိုင်ငံတော်အလံကို အလေးပြုကြပါစို့

**အကြံပြုစာသင်ချိန် ၁ ချိန်**

**သင်ယူမှုဦးတည်ချက်**

- နိုင်ငံတော်အလံ အလေးပြုပုံကို အချင်းချင်း ပြောဆိုတတ်ရန်
- နိုင်ငံတော်အလံကို စနစ်တကျ အလေးပြုတတ်ရန်

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ၊ နိုင်ငံတော်သီချင်းစာသား

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

- "ကလေးတို့ ကျောင်းတက်ခေါင်းလောင်းထိုးရင် ဘာလုပ်ကြရသလဲ" ဟု မေးကာ ကလေးများ၏ ဖြေကြားချက်များကို နားထောင်မည်။

**လုပ်ငန်းစဉ်**

- နိုင်ငံတော်အလံနှင့်စပ်လျဉ်းသော ဖြေကြားချက်များ ပေါ်ထွက်လာပါက "နိုင်ငံတော်အလံကို တခြား ဘယ်နေရာတွေမှာ မြင်ဖူးသေးသလဲ" ဟု မေးကာ ဖြေကြားစေမည်။

⦿ အလေးပြုပုံကို ဆရာက ရှင်းပြမည်။
အားလုံး သတိ (အားလုံး လက်နှစ်ဖက်ကို ဘေးချကာ ငြိမ်သက်စွာ ရပ်နေရပါမည်။)
အလေးပြု (ခေါင်းငုံ့ကာ အလေးပြုရပါမည်။)
နေမြဲ (ခေါင်းကို ပြန်မတ်မည်။)
နိုင်ငံတော်သီချင်း စဆို (နိုင်ငံတော်သီချင်းကို စတင်သီဆိုရပါမည်။)

⦿ "နိုင်ငံတော်အလံကို ဘယ်လိုအလေးပြုကြရမလဲ" ဟု မေးကာ နှစ်ယောက်တစ်တွဲ ပြောကြားစေပါမည်။ ထို့နောက် ကလေး ၃၊ ၄ ယောက်ခန့်ကို တစ်ဦးချင်းစီ ပြောစေမည်။

- ကလေးများကို နိုင်ငံတော်အလံအား အလေးပြုစေပြီးနောက် နိုင်ငံတော်သီချင်းကို သီဆိုစေမည်။

**နိဂုံးချုပ်ခြင်း**

- "ဒီနေ့စာသင်ချိန်မှာ နိုင်ငံတော်အလံကို ဘယ်လို အလေးပြုရမယ်ဆိုတာ သိခဲ့ကြပြီ။ နောက်စာသင်ချိန်မှာ နိုင်ငံတော်အလံ အကြောင်းကို သင်ကြရမယ်နော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ဆရာ၏ လမ်းညွှန်မှုအတိုင်း နိုင်ငံတော်အလံကို အလေးပြုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁-ဂ) နိုင်ငံတော်အလံ
## အကြံပြုစာသင်ချိန် ၁၀ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ဖတ်စာပါအကြောင်းအရာကိုနားလည်ပြီး မှန်ကန်စွာ ရွတ်ဖတ်ရေးသားတတ်ရန်
- နိုင်ငံတော်အလံကို လေးစားမြတ်နိုး တန်ဖိုးထားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ၊ နိုင်ငံတော်အလံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အရင်စာသင်ချိန်မှာ နိုင်ငံတော်အလံ အလေးပြုပုံကို ပြောခဲ့ကြတယ်နော်။ ဒီအချိန်မှာတော့ နိုင်ငံတော်အလံ အကြောင်းကို သင်ယူကြရအောင်" ဟု ပြောပြီး နိဒါန်း ပျိုးပါမည်။

**လုပ်ငန်းစဉ်**

- နိုင်ငံတော်အလံတွင် ပါရှိသောအရောင်များကို ဖြေကြားစေမည်။
- ဆရာက စာတစ်ပုဒ်လုံးကို ဖတ်ပြပါမည်။ ကလေးများကို နားထောင်စေမည်။
- ⊙ ဆရာက စာတစ်ပုဒ်လုံးကို ဖတ်ပြကာ အဖြတ်အရပ် မှန်ကန်စေရန် ကလေးများအား မှတ်သားထားစေမည်။
- ကလေးများ ဆရာဖတ်သည့်အတိုင်း နောက်မှ လိုက်ကာ ဖတ်စေမည်။
- စာတစ်ပုဒ်လုံးကို ဆရာက ရှင်းပြပါမည်။
- ⊙ တစ်တန်းလုံး အစအဆုံး ဖတ်စေမည်။ (အုပ်စုလိုက်)

**နိဂုံးချုပ်ခြင်း**

- "ကလေးတို့ အခုဖတ်ခဲ့တဲ့စာထဲမှာ ဘာအကြောင်းအရာ တွေ့ခဲ့သလဲ။ ဘယ်လိုထင်သလဲ" ဟု မေးပြီး ထင်မြင်ချက်များကို ပြောစေမည်။
- "နောက်စာသင်ချိန်မှာ အကြောင်းအရာတွေကို အသေးစိတ် ဆက်သင်ယူကြမယ်နော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- နိုင်ငံတော်အလံနှင့်စပ်လျဉ်းပြီး မိမိထင်မြင်ချက်များကို ပြောနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁။ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်

(ဂ) နိုင်ငံတော်အလံ




၃

### အဓိကအချက်များ

- နိုင်ငံတော်အလံနှင့် စပ်လျဉ်းပြီး လွတ်လပ်စွာ ပြောဆိုစေမည်။ သို့သော် လိုအပ်ပါက ဆရာက တည့်မတ်ပေးရပါမည်။
- စကားလုံးအသစ်များကို သတ်ပုံခေါ်ချိန်တွင် ဆရာက ဖြည်းဖြည်း မှန်မှန် ရွတ်ဆိုခေါ်ပေးရပါမည်။
- ဝါကျဖွဲ့ရာတွင်လည်း နမူနာတစ်ကြောင်းသာ ပေးထားသော်လည်း ဆရာက လိုအပ်လျှင် လိုအပ်သလို ထပ်မံပြောပြပြီး စနစ်တကျ ရေးသားတတ်အောင် ပံ့ပိုးပေးရပါမည်။

### အရေးကြီးသောအချက်များ

- အသေးစိတ် အချက်အလက်များကို နောက်အချိန်များတွင် သင်ကြားမည်။
- ဆရာဖတ်ပြချိန်တွင် အဖြတ်အရပ် နေရာများကို မှတ်သား ထားစေမည်။

## အခန်း (၁-ဂ) နိုင်ငံတော်အလံ
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန်
## (ဒုတိယ၊ တတိယအချိန်)

၁။ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်

### နိုင်ငံတော်အလံ

ကျောင်းဖွင့်သည့်နေ့တိုင်း ကျောင်းရှေ့ရှိ အလံတိုင်တွင် နိုင်ငံတော်အလံကို လွှင့်ထူထားပါသည်။ ကျောင်းတက်ခေါင်းလောင်းထိုးသောအခါ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် အလံတိုင်ရှေ့တွင် အတန်းလိုက် သို့မဟုတ် အသင်းလိုက် တန်းစီကာ ငြိမ်သက်စွာ ရပ်ကြပါသည်။ ထို့နောက် နိုင်ငံတော်အလံကို အလေးပြုရန် ဆရာကြီးက အမိန့်ပေးလိုက်သောအခါ အားလုံးက ဦးညွှတ်၍ ရိုသေစွာ အလေးပြုကြပါသည်။ ၁

နိုင်ငံတော်အလံတွင် အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်အောက်ခံပေါ်တွင် ရောင်ခြည်လက်တံငါးခုပါသော ကြယ်ဖြူကြီးတစ်လုံးပါရှိပါသည်။ နိုင်ငံတော်အလံတွင် အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့ အောက်ခံအဖြစ် ပါရှိခြင်းမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလက ထည်ဝါစွာ အသုံးပြုခဲ့သော သုံးရောင်ခြယ်အလံကို အလေးအမြတ်ပြု ဖော်ညွှန်းခြင်း ဖြစ်သည်။

အဝါရောင်သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ပျော်ရွှင်ခြင်းနှင့် တိုင်းရင်းသားအားလုံး ချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်မှုရှိခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

အစိမ်းရောင်သည် မြေဆီသြဇာကြွယ်ဝခြင်း၊ ညီညွတ်မျှတခြင်းနှင့် အေးချမ်းသာယာ၍ စိမ်းလန်းစိုပြည်သည့်နိုင်ငံဖြစ်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

အနီရောင်သည် ရဲရင့်ခြင်းနှင့်ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

ကြယ်၏အရောင်ဖြစ်သော အဖြူရောင်သည် သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်း၊ ကရုဏာတရားပြည့်ဝခြင်း၊ စွမ်းအင်နှင့် ပြည့်စုံခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

နိုင်ငံတော်အလံကို အတင်အချပြုရာတွင်လည်းကောင်း၊ အသုံးပြုရာတွင်လည်းကောင်း ရိုသေစွာ ကိုင်တွယ်အသုံးပြုရပါမည်။

နိုင်ငံသားတိုင်းသည် လွတ်လပ်ရေးကို ထိန်းသိမ်းရန်နှင့် နိုင်ငံတော်ကို သစ္စာရှိရန် အမြဲသတိရလျက် နိုင်ငံတော်အလံကို အလေးပြုကြပါသည်။



၄

### အရေးကြီးသောအချက်များ

- ခက်ခဲသော စကားလုံးများ၏အဓိပ္ပာယ်ကို စဉ်းစားစေကာ တစ်တန်းလုံး၊ အဖွဲ့လိုက် ဖတ်စေမည်။
- ခက်ခဲသော စကားလုံးများ၊ စာကြောင်းများကို မှန်ကန်စွာ ရေးသားနိုင်ရန် လေ့ကျင့်မည်။
- ခက်ခဲသော စကားလုံးများကို ကလေးများအား လွတ်လပ်စွာ ပြောစေကာ ဆရာက အောက်ပါစကားလုံးများ မပါပါက ပြောစေမည်။
  အလံတိုင်၊ လွှင့်ထူ၊ ကျောင်းမတက်မီ၊ အလေးပြု၊ ငြိမ်သက်စွာ၊ အမိန့်ပေး၊ ဦးညွှတ်၊ ရိုသေစွာ။
- စကားလုံးများနှင့် စာပိုဒ်ကို ရေးသားနေချိန်တွင် ဆရာသည် အတန်းသို့ လှည့်လည်ကြည့်ရှုမည်။

### နိဂုံးချုပ်ခြင်း

- နှစ်ယောက်တစ်တွဲ စာအုပ်များလဲလှယ်ကာ ဖတ်စေပြီး စာကို မှန်မှန်ကန်ကန် ဖတ်တတ်ရန် လိုအပ်ကြောင်း ပြောကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ခက်ခဲသော စကားလုံးများကို မှန်ကန်စွာ ရေးနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်ကို မှန်ကန်စွာ ဖတ်နိုင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

### နိဒါန်း

- "အရင်စာသင်ချိန်မှာ နိုင်ငံတော်အလံအကြောင်း စာတစ်ပုဒ်လုံးကို ဖတ်ခဲ့ကြတယ်နော်။ ဒီအချိန်မှာ ဖတ်စာထဲမှာပါတဲ့ စာတစ်ပိုဒ်ချင်းကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- တစ်တန်းလုံး စာတစ်ပုဒ်လုံးကို ဖတ်စေမည်။
- စာပိုဒ် ၁ ကို ဖတ်စေမည်။ ထို့နောက် အဖွဲ့လိုက်ဖတ်စေပါမည်။
- ◉ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ◉ ကလေးများပြောသည့်စကားလုံးများကို သင်ပုန်းတွင်ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို ဆရာက ရှင်းပြပါမည်။
- ထို့နောက် စကားလုံးများကို မှတ်စုစာအုပ်တွင် ရေးသားစေပါမည်။

### နိဂုံးချုပ်ခြင်း

- "စာပိုဒ် ၁ မှာပါတဲ့ စကားလုံးတွေရဲ့အဓိပ္ပာယ်ကို သိခဲ့ကြပြီ။ အဲဒီစာပိုဒ်ကို ပြန်ဖတ်ကြည့်ကြရအောင်" ဟုပြောကာ ဖတ်စေပါမည်။ "နောက်အချိန်မှာ စကားလုံးအသစ်တွေကို သတ်ပုံခေါ်မယ်နော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## သင်ကြားသင်ယူမှုလုပ်ငန်း (တတိယအချိန်)

### နိဒါန်း

- "အရင်အချိန်က ခက်ခဲတဲ့စကားလုံးတွေကို ပြန်ပြောကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက စာပိုဒ် ၁ ကို ဖတ်စေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ◉ ဆရာက သတ်ပုံခေါ်ကာ ကလေးများကို ရေးသားစေမည်။
- ◉ စာပိုဒ် ၁ ကို လေးကြောင်းမျဉ်းတွင် ရေးစေမည်။

## အခန်း (၁-၈) နိုင်ငံတော်အလံ
## အကြိမ်ပြစာသင်ချိန် ၁၀ ချိန်
## (စတုတ္ထ၊ ပဉ္စမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း (စတုတ္ထအချိန်)

**နိဒါန်း**

♦ "ဒီစာသင်ချိန်မှာ နိုင်ငံတော်အလံမှာပါတဲ့ အရောင်တွေအကြောင်း ရေးထားတဲ့စာပိုဒ်ကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ တစ်တန်းလုံးစာပိုဒ် ၂ ကို ဖတ်စေမည်။ ထို့နောက် အဖွဲ့လိုက်ဖတ်စေပါမည်။

⦿ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။

⦿ ကလေးများပြောသည့် စကားလုံးများကို သင်ပုန်းတွင် ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို ဆရာက ရှင်းပြပါမည်။

⦿ အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်နှင့် ကြယ်၏ အရောင်ဖြစ်သော အဖြူရောင်တို့၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။

♦ စကားလုံးများကို မှတ်စုစာအုပ်တွင် ရေးသားစေမည်။

**နိဂုံးချုပ်ခြင်း**

♦ အလံတော်ရှိ ပါဝင်သော အရောင်များတွင် လေးနက်သော အဓိပ္ပာယ်အသီးသီးရှိကြောင်း ပြောပါမည်။ "ခက်ခဲတဲ့ စကားလုံးတွေကို နောက်အချိန်မှာ သတ်ပုံခေါ်မယ်နော်" ဟုပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိမရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း (ပဉ္စမအချိန်)

**နိဒါန်း**

♦ "အရင်အချိန်က ခက်ခဲတဲ့စကားလုံးအသစ်တွေကို ပြန်ပြောကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဆရာက စာပိုဒ် ၂ ကို ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

⦿ ဆရာက သတ်ပုံခေါ်ကာ ကလေးများကို ရေးသားစေမည်။

⦿ စာပိုဒ် ၂ ကို လေးကြောင်းမျဉ်းတွင် ရေးစေမည်။

၁။ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်

**နိုင်ငံတော်အလံ**

ကျောင်းဖွင့်သည့်နေ့တိုင်း ကျောင်းရှေ့ရှိ အလံတိုင်တွင် နိုင်ငံတော်အလံကို လွှင့်ထူထားပါသည်။ ကျောင်းတက်ခေါင်းလောင်းထိုးသောအခါ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် အလံတိုင်ရှေ့တွင် အတန်းလိုက် သို့မဟုတ် အသင်းလိုက် တန်းစီကာ ငြိမ်သက်စွာ ရပ်ကြပါသည်။ ထို့နောက် နိုင်ငံတော်အလံကို အလေးပြုရန် ဆရာကြီးက အမိန့်ပေးလိုက်သောအခါ အားလုံးက ဦးညွတ်၍ ရိုသေစွာ အလေးပြုကြပါသည်။

နိုင်ငံတော်အလံတွင် အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်အောက်ခံပေါ်တွင် ရောင်ခြည်လက်တံငါးခုပါသော ကြယ်ဖြူကြီးတစ်လုံးပါရှိပါသည်။ နိုင်ငံတော်အလံတွင် အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့ အောက်ခံအဖြစ် ပါရှိခြင်းမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလက ထည်ဝါစွာ အသုံးပြုခဲ့သော သုံးရောင်ခြယ်အလံကို အလေးအမြတ်ပြု ဖော်ညွှန်းခြင်း ဖြစ်သည်။

အဝါရောင်သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ပျော်ရွှင်ခြင်းနှင့် တိုင်းရင်းသားအားလုံး ချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်မှုရှိခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

အစိမ်းရောင်သည် မြေဆီသြဇာကြွယ်ဝခြင်း၊ ညီညွတ်မျှတခြင်းနှင့် အေးချမ်းသာယာ၍ စိမ်းလန်းစိုပြည်သည့်နိုင်ငံဖြစ်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

အနီရောင်သည် ရဲရင့်ခြင်းနှင့်ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

ကြယ်၏အရောင်ဖြစ်သော အဖြူရောင်သည် သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်း၊ ကရုဏာတရားပြည့်ဝခြင်း၊ စွမ်းအင်နှင့် ပြည့်စုံခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။ ၂

နိုင်ငံတော်အလံကို အတင်အချပြုရာတွင်လည်းကောင်း၊ အသုံးပြုရာတွင်လည်းကောင်း ရိုသေစွာ ကိုင်တွယ်အသုံးပြုရပါမည်။

နိုင်ငံသားတိုင်းသည် လွတ်လပ်ရေးကို ထိန်းသိမ်းရန်နှင့် နိုင်ငံတော်ကို သစ္စာရှိရန် အမြဲသတိရလျက် နိုင်ငံတော်အလံကို အလေးပြုကြပါသည်။



၄

### အရေးကြီးသောအချက်များ

♦ ခက်ခဲသော စကားလုံးများ၏အဓိပ္ပာယ်ကို စဉ်းစားစေကာ တစ်တန်းလုံး၊ အဖွဲ့လိုက် ဖတ်စေမည်။

♦ ခက်ခဲသော စကားလုံးများ၊ စာကြောင်းများကို မှန်ကန်စွာ ရေးသားနိုင်ရန် လေ့ကျင့်မည်။

♦ ခက်ခဲသော စကားလုံးများကို ကလေးများအား လွတ်လပ်စွာ ပြောစေကာ ဆရာက အောက်ပါစကားလုံးများ မပါပါက ပြောစေမည်။ အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်၊ အောက်ခံ၊ လွတ်လပ်ရေး၊ ကြိုးပမ်း၊ ထည်ဝါ၊ သုံးရောင်ခြယ်အလံ၊ အလေးအမြတ်၊ ဖော်ညွှန်း၊ စည်းလုံး၊ ညီညွတ်၊ ဉာဏ်ပညာ၊ အဓိပ္ပာယ်၊ မြေဆီသြဇာ၊ မျှတ၊ ရဲရင့်၊ ပြတ်သား၊ ဖြောင့်မတ်၊ ကရုဏာ၊ စွမ်းအင်။

♦ စကားလုံးများနှင့် စာပိုဒ်ကို ရေးသားနေချိန်တွင် ဆရာသည် အတန်းသို့ လှည့်လည်ကြည့်ရှုမည်။

**နိဂုံးချုပ်ခြင်း**

♦ နှစ်ယောက်တစ်တွဲ စာအုပ်များလဲလှယ်ကာ ဖတ်စေပြီး စာကို မှန်မှန်ကန်ကန် ဖတ်တတ်ရန် လိုအပ်ကြောင်း ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ ခက်ခဲသော စကားလုံးများကို မှန်ကန်စွာ ရေးနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်ကို မှန်ကန်စွာ ဖတ်နိုင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁-၈) နိုင်ငံတော်အလံ

**အကြိုပြုစာသင်ချိန် ၁၀ ချိန်**
**(ဆဋ္ဌမ၊ သတ္တမအချိန်)**





### အရေးကြီးသောအချက်များ

- ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားစေကာ တစ်တန်းလုံး၊ အဖွဲ့လိုက် ဖတ်စေမည်။
- ခက်ခဲသောစကားလုံးများ ၊ စာကြောင်းများကို မှန်ကန်စွာ ရေးသားနိုင်ရန် လေ့ကျင့်မည်။
- ခက်ခဲသောစကားလုံးများကို ကလေးများအား လွတ်လပ်စွာ ပြောစေကာ ဆရာက အောက်ပါ စကားလုံးများ မပါပါက ပြောစေမည်။

  အတင်အချ၊ ကိုင်တွယ်၊ ထိန်းသိမ်း၊ သစ္စာ။

### နိုင်ငံတော်အလံအကြောင်းရှင်းပြချက်

- နိုင်ငံ၏အထွတ်အမြတ်ထားရာ ဖြစ်သဖြင့် အလေးပြုရာတွင်လည်းကောင်း၊ ကိုင်တွယ်ရာတွင်လည်းကောင်း ရိုရိုသေသေ လေးလေးစားစား ပြုလုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။
- စကားလုံးများနှင့် စာပိုဒ်ကို ရေးသားနေချိန်တွင် ဆရာသည် အတန်းသို့ လှည့်လည်ကြည့်ရှုမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ခက်ခဲသော စကားလုံးများကို မှန်ကန်စွာ ရေးနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်ကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း (ဆဋ္ဌမအချိန်)

**နိဒါန်း**

- "ဒီနေ့ စာပိုဒ် ၃ ကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- တစ်တန်းလုံး စာတစ်ပုဒ်လုံးကို ဖတ်စေမည်။
- စာပိုဒ် ၃ ကို ဖတ်စေမည်။ ထို့နောက် အဖွဲ့လိုက်ဖတ်စေပါမည်။
- ⊙ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ⊙ ကလေးများပြောသည့် စကားလုံးများကို သင်ပုန်းတွင် ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို ဆရာက ရှင်းပြပါမည်။
- ထို့နောက် စကားလုံးများကို မှတ်စုစာအုပ်တွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ် ၃ မှာပါတဲ့ စကားလုံးတွေရဲ့အဓိပ္ပာယ်ကို သိခဲ့ကြပြီ။ အဲဒီစာပိုဒ်ကို ပြန်ဖတ်ကြည့်ကြရအောင်" ဟု ပြောကာ ဖတ်စေပါမည်။ "နောက်အချိန်မှာ စကားလုံးအသစ်တွေကို သတ်ပုံခေါ်မယ်နော်" ဟုပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း (သတ္တမအချိန်)

**နိဒါန်း**

- "အရင်အချိန်က ခက်ခဲတဲ့စကားလုံးတွေကို ပြန်ပြောကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက စာပိုဒ် ၃ ကို ဖတ်စေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ ဆရာက သတ်ပုံခေါ်ကာ ကလေးများကို ရေးသားစေမည်။
- ⊙ စာပိုဒ် ၃ ကို လေးကြောင်းမျဉ်းတွင် ရေးစေမည်။

**နိဂုံးချုပ်ခြင်း**

- နှစ်ယောက်တစ်တွဲ စာအုပ်များ လဲလှယ်ကာ ဖတ်စေပါမည်။ ထို့နောက်ဆရာက နိုင်ငံတော်အလံကို အထွတ်အမြတ်ထားရမည်ဖြစ်ကြောင်း ရှင်းပြပြီး နိဂုံးချုပ်ပါမည်။

## အခန်း (၁-ဂ) နိုင်ငံတော်အလံ
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ဒီနေ့တော့ ကလေးတို့ သိထားတဲ့ စကားလုံးတွေနဲ့ ဝါကျဖွဲ့ကြည့်ကြရအောင်"ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- စာတစ်ပုဒ်လုံးကို ဖတ်စေပါမည်။
- ဆရာက **အစိမ်းရောင်**ဟူသော စကားလုံးကို ဝါကျဖွဲ့ပြီး နမူနာဝါကျဖွဲ့ပြမည်။
- ⦿ ဝါကျဖွဲ့ပုံ ဖွဲ့နည်းကို ရှင်းပြမည်။
- **အသုံးပြု** ဟူသော စကားလုံးဖြင့် နှစ်သက်ရာ ဝါကျကို ပြောစေမည်။
- ကလေးများပြောကြားသောဝါကျများကို သင်ပုန်းတွင် ရေးကာ သဒ္ဒါမှားယွင်းပါက ဆရာက ပြင်ပေးမည်။
- ဆရာရေးထားသော ဝါကျများကို မှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- ⦿ ကျန်စကားလုံးများဖြင့် ဝါကျများကို အချင်းချင်းပြောစေပြီးနောက် မှတ်စုတွင် ရေးသားစေမည်။
- ရေးသားထားသော ဝါကျများကို ပြောစေကာ မှားယွင်းနေပါက ဆရာက ပြင်ဆင်ပေးမည်။

**နိဂုံးချုပ်ခြင်း**

- ရေးသားထားသော ဝါကျများကို အဖွဲ့တွင်း လဲလှယ်ကာ ဖတ်စေခြင်းဖြင့် နိဂုံးချုပ်မည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မှန်ကန်စွာ ဝါကျဖွဲ့နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---



**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ဦးညွှတ်၊ ထည်ဝါ၊ အဓိပ္ပာယ်၊ ဉာဏ်ပညာ၊ မြေဆီဩဇာ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

အစိမ်းရောင်၊ အသုံးပြု၊ ခေါင်းလောင်း၊ သန့်ရှင်း၊ သာယာ၊ အလေးပြု၊ တန်းစီ

**သာဓက**

အစိမ်းရောင်။ ။ ကျွန်တော်သည် အစိမ်းရောင် ဝတ်စုံကို အလွန်နှစ်သက်ပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ နိုင်ငံတော်အလံတွင် ပါဝင်သော အရောင်များကို ဖော်ပြပါ။
၂။ နိုင်ငံတော်အလံ၏ အဝါရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၃။ နိုင်ငံတော်အလံ၏ အစိမ်းရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၄။ နိုင်ငံတော်အလံ၏ အနီရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၅။ နိုင်ငံတော်အလံရှိ ကြယ်၏ အဖြူရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၆။ နိုင်ငံတော်အလံကို မည်သို့အလေးပြုရမည်နည်း။
၇။ သင်တို့သည် နိုင်ငံတော်အလံကို အဘယ်ကြောင့် အလေးပြုကြသနည်း။



---

### အရေးကြီးသောအချက်များ

- စကားလုံးများကို ဝါကျဖွဲ့စေမည်။
- ဝါကျဟူသော စကားလုံး၏အဓိပ္ပာယ်ကို ရှင်းပြမည်။
- ဝါကျ/ဝက်ကျ၃/ န- ဆိုလိုသည့် အဓိပ္ပာယ်ရောက်အောင် စနစ်တကျ စီစဉ်ထားသော ပုဒ်အစုအပေါင်း။
- ဆရာက ကလေးများ ပြောကြားထားသည်များနှင့် ရေးသားထားသော ဝါကျများ မှန်ကန်ခြင်း ရှိ မရှိကို စစ်ဆေးမည်။
- ကတ္တား၊ ကံ၊ ကြိယာစသည့် သဒ္ဒါအသုံးအနှုန်းများကို ရှင်းလင်းရန် မလိုသော်လည်း မည်သူက မည်သည်ကို မည်သို့ပြုလုပ်သည် ဟူသော ရိုးရှင်းလွယ်ကူသည့် ဝါကျတည်ဆောက်ပုံကို ရှင်းလင်းပြသမည်။

၁။ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ဦးညွှတ်၊ ထည်ဝါ၊ အဓိပ္ပာယ်၊ ဉာဏ်ပညာ၊ မြေဆီဩဇာ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

အစိမ်းရောင်၊ အသုံးပြု၊ ခေါင်းလောင်း၊ သန့်ရှင်း၊ သာယာ၊ အလေးပြု၊ တန်းစီ

**သာဓက**

အစိမ်းရောင် ။ ။ ကျွန်တော်သည် <u>အစိမ်းရောင်</u> ဝတ်စုံကို အလွန်နှစ်သက်ပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ နိုင်ငံတော်အလံတွင် ပါဝင်သော အရောင်များကို ဖော်ပြပါ။
၂။ နိုင်ငံတော်အလံ၏ အဝါရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၃။ နိုင်ငံတော်အလံ၏ အစိမ်းရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၄။ နိုင်ငံတော်အလံ၏ အနီရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၅။ နိုင်ငံတော်အလံရှိ ကြယ်၏ အဖြူရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၆။ နိုင်ငံတော်အလံကို မည်သို့အလေးပြုရမည်နည်း။
၇။ သင်တို့သည် နိုင်ငံတော်အလံကို အဘယ်ကြောင့် အလေးပြုကြသနည်း။

၅

## အရေးကြီးသောအချက်များ

- မေးခွန်းများကို စဉ်းစားကာ ဖြေကြားစေမည်။
- မေးခွန်းများကို မဖြေကြားနိုင်သော ကလေးများရှိပါက ဆရာက သင်ပုန်းတွင်ရေးကာ ကူးရေးစေမည်။
- ဆရာက မှတ်စုစာအုပ်မှ အဖြေများကို စစ်ဆေးမည်။

## အခန်း (၁-၈) နိုင်ငံတော်အလံ
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (၄၀မအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "နိုင်ငံတော်အလံအကြောင်း မေးခွန်းလေးတွေ ဖြေကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⦿ ကျောင်းသုံးစာအုပ်တွင် မေးခွန်း ၁ ၏ အဖြေကမည်သည့်နေရာတွင်ဖြစ်သည်ကို နှစ်ယောက်တစ်တွဲ စဉ်းစားစေကာ မျဉ်းသားစေမည်။

- နှစ်ယောက်တစ်တွဲ ရှာတွေ့ထားသော နေရာများကို ပြောစေမည်။
- ကလေးများ၏အဖြေကို ဆရာက သင်ပုန်းတွင် ရေးမည်။
- ကလေးများအား အဖြေကို မှတ်စုတွင် ကူးရေးစေမည်။

⦿ မေးခွန်း ၂ ကို မေးပြီးနောက် ဆရာက အဖြေကို သင်ပုန်းတွင် ရေးမပြဘဲ ကလေးများ၏ အဖြေကို မှတ်စုစာအုပ်တွင် ရေးစေမည်။ ကလေးများရေးပြီးပါက ဆရာက သင်ပုန်းတွင်ရေးကာ အဖြေ မှန် မမှန် တိုက်ဆိုင် စစ်ဆေးမည်။

⦿ မေးခွန်း ၅ အထိ ထိုနည်းအတိုင်း သင်ကြားမည်။

**နိဂုံးချုပ်ခြင်း**

- "နိုင်ငံတော်အလံရဲ့ဘယ်အရောင်ကို ကြိုက်သလဲ။ ဘာကြောင့် ကြိုက်သလဲ"ဟု မေးပြီး ကလေးများအား ပြန်ဖြေစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁-ဂ) နိုင်ငံတော်အလံ
## အကြံပြုစာသင်ချိန် ၁၀ ချိန် (ဒသမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- “ဒီအချိန်မှာလည်း မေးခွန်းတွေကို ဆက်ဖြေကြည့်ကြရအောင်” ဟု ပြောကာ နိဒါန်းပျိုးမည်။

**လုပ်ငန်းစဉ်**

- မေးခွန်း ၆၊ ၇ ကိုလည်း နဝမစာသင်ချိန် သင်နည်းအတိုင်း သင်ကြားမည်။
- နောက်ဆုံးမေးခွန်း ၇ ကို ဖြေဆိုရာတွင် နှစ်ယောက်တစ်တွဲ စဉ်းစားစေမည်။
- မိမိစဉ်းစားထားသည့်အဖြေများကို မှတ်စုတွင် ရေးစေပါမည်။
- အတန်းရှေ့တွင် ၃၊ ၄ ယောက်ခန့် မိမိ စဉ်းစားထားသည့်အဖြေများကို ပြောစေမည်။

⦿ “ကလေးတို့ရေးထားတဲ့အဖြေကို သူငယ်ချင်းတွေနဲ့ လဲပြီး ဖတ်ကြည့်ကြရအောင်”ဟု ပြောပြီး စာအုပ်ကို နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်စေမည်။

**နိဂုံးချုပ်ခြင်း**

- “နိုင်ငံတော်အလံမှာပါတဲ့ အရောင်တွေအကြောင်း၊ ဘာကြောင့် နိုင်ငံတော်အလံကို ရိုရိုသေသေ အလေးပြုရမယ်ဆိုတဲ့အကြောင်း သိခဲ့ကြပြီနော်။ ဒါကြောင့် နိုင်ငံတော်အလံကို အလေးပြုရတာ ဂုဏ်ယူစရာကောင်းတယ်” ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း နိုင်ငံတော်အလံနှင့်စပ်လျဉ်းပြီး မိမိတွေးထင်ချက်များကို ပြောနိုင် ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁။ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ဦးညွတ်၊ ထည်ဝါ၊ အဓိပ္ပာယ်၊ ဉာဏ်ပညာ၊ မြေဆီဩဇာ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

အစိမ်းရောင်၊ အသုံးပြု၊ ခေါင်းလောင်း၊ သန့်ရှင်း၊ သာယာ၊ အလေးပြု၊ တန်းစီ

**သာဓက**

အစိမ်းရောင်။ ။ ကျွန်တော်သည် အစိမ်းရောင် ဝတ်စုံကို အလွန်နှစ်သက်ပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ နိုင်ငံတော်အလံတွင် ပါဝင်သော အရောင်များကို ဖော်ပြပါ။
၂။ နိုင်ငံတော်အလံ၏ အဝါရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၃။ နိုင်ငံတော်အလံ၏ အစိမ်းရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၄။ နိုင်ငံတော်အလံ၏ အနီရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၅။ နိုင်ငံတော်အလံရှိ ကြယ်၏ အဖြူရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဖော်ညွှန်းသနည်း။
၆။ နိုင်ငံတော်အလံကို မည်သို့အလေးပြုရမည်နည်း။
၇။ သင်တို့သည် နိုင်ငံတော်အလံကို အဘယ်ကြောင့် အလေးပြုကြသနည်း။

၅

### အရေးကြီးသောအချက်များ

- မေးခွန်းများကို စဉ်းစားကာ ဖြေကြားစေမည်။
- မေးခွန်းများကို မဖြေကြားနိုင်သော ကလေးများ ရှိပါက ဆရာက သင်ပုန်းတွင်ရေးကာ ကူးရေးစေမည်။
- ဆရာက မှတ်စုစာအုပ်မှ အဖြေများကို စစ်ဆေးမည်။




## အခန်း (၁-ဃ) တို့မေမေ (ကဗျာ)
## အကြိမ်ပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
- မိခင်၏မေတ္တာနှင့် ကျေးဇူးတရားကို သိရှိခံစားတတ်ရန်
- ကဗျာကို စနစ်တကျ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- "ဒီနေ့တော့ မိခင်မေတ္တာနဲ့ သက်ဆိုင်တဲ့ ကဗျာလေးကို ရွတ်ဆိုကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ⊙ ဆရာက ကဗျာကို ဦးစွာရွတ်ဆိုပြပါမည်။
- ♦ ကလေးများကို နားထောင်စေပါမည်။
- ♦ ဆရာရွတ်ဆိုပြီးနောက် ကလေးများကိုလိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ကလေးများကိုယ်တိုင်ကဗျာကို ပြန်လည်ရွတ်ဆိုစေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ "ကဗျာလေးကို ဆိုရတာ ပျော်ရဲ့လား။ ကလေးတို့စိတ်ထဲမှာ ဘယ်လိုနေသလဲ။ ကဗျာထဲက မေမေကိုရော သဘောကျရဲ့လား"စသော မေးခွန်းများမေး၍ ဖြေစေပါမည်။

**နိဂုံးချုပ်ခြင်း**
- "ဒီကဗျာလေးကို ဖတ်ပြီး ကလေးတို့မေမေနဲ့ ဘယ်အချက်တွေ တူညီနေသလဲ"ဟုမေးပြီး ပြောစေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း ကလေးများ ကဗျာကို မှန်မှန်ကန်ကန် ရွတ်ဆိုနိုင်မှု ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ
- ကဗျာကိုရွတ်ဆိုရာတွင် မိခင်(မေမေ)၏ ကျေးဇူးတရားကို သတိရကာ ကျေးဇူးတင်သည့်စိတ်ဖြင့် ခံစားပြီး သီဆိုစေပါမည်။
- ကဗျာကို အသံနေ အသံထားမှန်မှန် ရွတ်ဆိုတတ်ရန် သင်ကြားပေးရပါမည်။

### အရေးကြီးသောအချက်များ
- ကဗျာကို ကလေးများ သေသေချာချာရွတ်ဆိုတတ်ရန် လိုအပ်ပါသည်။

## အခန်း (၁-ဃ) တို့မေမေ (ကဗျာ)
## အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ "တို့မေမေကဗျာကို ပြီးခဲ့တဲ့အချိန်က ရွတ်ဆိုခဲ့ပြီးပြီ။ အခုအချိန်မှာ အိမ်ရောက်ရင် ပြန်ရွတ်ပြဖို့အတွက် လေ့ကျင့်ကြရအောင်"ဟုပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ကလေးများ ကဗျာကို ပြန်လည်ရွတ်ဆိုစေပါမည်။
- ⦿ ကဗျာပါအကြောင်းအရာကို ရှင်းပြပါမည်။ ဆရာက မေမေ၏ ကျွေးမွေးပြုစုပုံ၊ စည်းကမ်းပြပုံ၊ ပညာပေးပုံ၊ သင့်ရာကျွေးပုံ၊ ဝတ်စားဆင်ယင် ပေးပုံတို့ကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။
- ⦿ မိခင်က မိမိကို မည်သို့ လုပ်ဆောင်ပေးသည်ကို ကလေးများအား ပြောစေပါမည်။
- ⦿ ကလေးများကို ယောက်ျားလေးတစ်ဖွဲ့၊ မိန်းကလေး တစ်ဖွဲ့ ဖွဲ့ကာ ကဗျာနှစ်ကြောင်း (တစ်ပိုဒ်စီ)ကို အလှည့်ကျ ရွတ်ဆိုစေမည်။
- ♦ ထို့နောက် ကလေးများကို ၅ ယောက်စီ အဖွဲ့ဖွဲ့၍ တစ်ဦးလျှင် နှစ်ကြောင်း(တစ်ပိုဒ်စီ)အလှည့်ကျ ရွတ်ဆို စေပါမည်။
- ♦ အုပ်စုအားလုံး ရွတ်ဆိုပြီးပါက အုပ်စုတွင်း အလှည့်ကျ ဆရာ ညွှန်ကြားသည့်အတိုင်း ရွတ်ဆိုစေပါသည်။
- ♦ တစ်အုပ်စုစီမှ တစ်ယောက်စီကို ရွေး၍ ၅ ယောက် တစ်အုပ်စု ပြန်ဖွဲ့ကာ အတန်းရှေ့ထွက်၍ ဆရာ ညွှန်ကြားသည့်အတိုင်း ရွတ်ဆိုစေမည်။

**နိဂုံးချုပ်ခြင်း**

- ♦ "ကလေးတို့ အိမ်ပြန်ရောက်ရင် ဖေဖေ၊ မေမေနဲ့ မိသားစုကို ဒီကဗျာလေးရွတ်ဆိုပြရမယ်နော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ကဗျာပါ အကြောင်းအရာကို နားလည်နိုင်ခြင်း ရှိ မရှိ နှင့် မှန်မှန်ကန်ကန် ရွတ်ဆို နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။


၁။ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်

(ဃ) တို့မေမေ (ကဗျာ)

**တို့မေမေ**

ကျွေးမွေးသုတ်သင်၊ သက်ဆုံးပင်
ချစ်ခင်ရှာပေ၊ တို့မေမေ။

ငယ်စဉ်ကာလ၊ စည်းကမ်းပြ
ဆုံးမခဲ့ပေ၊ တို့မေမေ။

အရွယ်ရောက်လာ၊ ကျောင်းအပ်ကာ
ပညာပေးပေ၊ တို့မေမေ။

ကျန်းမာဖို့ရေး၊ သင့်ရာကျွေး
လေးစားအပ်ပေ၊ တို့မေမေ။

ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်
ချစ်ခင်အပ်ပေ၊ တို့မေမေ။

အမည်မသိစာဆို



၆

### အရေးကြီးသောအချက်များ

- ♦ ကလေးများ ကဗျာကို မိမိအလှည့် ရောက်ပါက ရွတ်ဆိုရမည့် ကဗျာစာကြောင်းကို သိရှိနေရပါမည်။ အခြားသူများ ရွတ်ဆိုသော အခါတွင်လည်း သေချာစွာ နားထောင်စေမည်။
- ♦ အုပ်စုလိုက် အလှည့်ကျရွတ်ဆိုချိန်တွင် ကဗျာကို မှန်ကန်စွာ ရွတ်ဆိုစေရန် ဆရာက ဂရုတစိုက် နားထောင်ပေးရမည်။

၁။ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်

**(င) အ တယ်ဆိုတာ (ရိုးရာပဟာသပုံပြင်)**



တစ်ခါတုန်းက ရွာတစ်ရွာမှာ ဈေးသည်အမေကြီးတစ်ယောက်ရှိတယ်။ သူ့မှာ သမီးပျို နှစ်ယောက်ရှိသတဲ့။ အဲဒီသမီးနှစ်ယောက်မှာ သမီးအငယ်က လည်လည်ဝယ်ဝယ်ရှိတဲ့အပြင် လူမှုရေးကိစ္စတွေမှာလဲ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်တတ်သတဲ့။

၂

## အဓိကအချက်များ

- ရိုးရာပဟာသပုံပြင်သည် စိတ်ဝင်စားဖွယ်ကောင်းကြောင်းကို ကလေးများအား သိရှိစေမည်။
- မိမိထင်မြင်ချက်များကို သူငယ်ချင်းနှင့် လွတ်လပ်စွာ ပြောနိုင်ရန် သင်ကြားမည်။
- ပုံပြင်အကြောင်းအရာကို မိမိစကားဖြင့် ပြန်ပြောတတ်ရန် သင်ကြားမည်။

## အရေးကြီးသောအချက်များ

- ကလေးများကို လွတ်လပ်စွာ ပြောဆိုစေမည်။
- အဖြတ်အရပ် မှန်ကန်စွာ ရွတ်ဖတ်စေမည်။

## အခန်း (၁-င) အ တယ်ဆိုတာ (ရိုးရာပဟာသပုံပြင်)

**အကြံပြုစာသင်ချိန် ၄ ချိန် (ပထမအချိန်)**

### သင်ယူမှုဦးတည်ချက်

- ပုံပြင်ပါ အကြောင်းအရာကို ပြန်ပြောတတ်ရန်
- ရိုးရာပဟာသပုံပြင်ကို ချစ်မြတ်နိုးတတ်ရန်
- ရိုး အ လွန်းသူကို စာနာသနားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ဒီနေ့ တစ်ခါမှ မသင်ဖူးသေးတဲ့ ရိုးရာပဟာသပုံပြင်လေး တစ်ပုဒ်ကို သင်ပြမယ်နော်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက စာတစ်ပုဒ်လုံးကို အသံနေ အသံထား မှန်မှန် ဖတ်ပြပါမည်။
- ⊙ ထို့နောက် အဖြတ်အရပ်မှန်ကန်စေရန် ကလေးများအား မှတ်သားထားစေမည်။
- ပြီးလျှင် ဆရာက ရှေ့ကဖတ်ပြပြီး ကလေးများကို ဆရာ့နောက်မှလိုက်၍ ဖတ်စေပါမည်။ တစ်တန်းလုံးကို လိုက်၍ ဖတ်စေပါမည်။
- ဆရာက ကလေးများကို မေးခွန်းများမေး၍ ဖြေကြားစေမည်။

  "ပုံပြင်ကို ဖတ်ရတာ ပျော်ရဲ့လား"

  "ကြိုက်ရဲ့လား"

  "ဘာလို့ကြိုက်တာလဲ"
- ⊙ ထို့နောက် "ကလေးတို့ ပုံပြင်ကိုဖတ်ပြီး ပုံပြင်ရဲ့ဘယ်နေရာက စိတ်ဝင်စားစရာကောင်းသလဲ" ဟုမေးကာ အုပ်စုလိုက် ဆွေးနွေးစေပါမည်။
- အုပ်စုတွင်းမှ တစ်ဦးက အတန်းသို့ ပြောကြားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက ပုံပြင်၏ အနှစ်ချုပ်ကိုပြောပြပြီး စိတ်ဝင်စားစရာ ရိုးရာပဟာသပုံပြင် အများအပြားရှိကြောင်း ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများက စိတ်ဝင်စားစရာကောင်းသော နေရာကို ပြောနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁-င) အ တယ်ဆိုတာ (ရိုးရာဟာသပုံပြင်)

## အကြံပြုစာသင်ချိန် ၄ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ပုံပြင်ထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့နေရာက ဘယ်နေရာလဲ" ဟု မေးကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပုံပြင်တစ်ပုဒ်လုံးကို တစ်တန်းလုံး တစ်ခေါက် ဖတ်စေပါမည်။ ထို့နောက် စာပိုဒ်အလိုက် အဖွဲ့လိုက် ဖတ်စေပါမည်။
- ⦿ ထို့နောက် ပုံပြင်အကြောင်းအရာမှ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ⦿ မျဉ်းသားထားသော စကားလုံးများကို နှစ်ယောက်တစ်တွဲ ပြောပြစေကာ အဓိပ္ပာယ်သိထားသော စကားလုံးများကို အချင်းချင်း ပြောစေပါမည်။
- နားမလည်သော စကားလုံးများ ရှိပါက အဓိပ္ပာယ်ကို အချင်းချင်း မေးစေပါမည်။
- ⦿ ကလေးများ၏ဖြေဆိုချက် မမှန်ကန်၊ မပြည့်စုံပါက ဆရာက ဖြည့်စွက်ရှင်းလင်းပါမည်။
- ဆရာက ရှင်းပြပြီးပါက ထိုစကားလုံးများကို ကလေးများအား ပြန်ဖတ်စေပါမည်။
- ⦿ ရိုး အသည်နှင့်ပတ်သက်၍ ဆရာက ရှင်းပြရပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက ခက်ခဲသော စကားလုံးများ၏အဓိပ္ပာယ်ကို ပြန်မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ခက်ခဲသော စကားလုံးများကို မျဉ်းသားကာ နှစ်ယောက် တစ်တွဲ၊ အတန်းရှိ အခြားသူငယ်ချင်းများကို မေးနိုင်ခြင်း ရှိ မရှိနှင့် အဓိပ္ပာယ်ကို ပြောနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁။ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်



သမီးအကြီးကတော့ အလဲအ၊ နလဲန၊ လူမှုရေးလဲ ဘာမျှ နားမလည်ဘူးတဲ့။ ဈေးရောင်းတဲ့အလုပ်ကိုတော့ သူနားလည်သလောက်သာ ရောင်းပေးတယ်။ ရပ်ရွာထဲကို သွားမယ်ဆိုရင်လဲ သူတစ်ယောက်တည်း မသွားတတ်ဘူး။ ညီမငယ်ကို အမြဲတမ်း ခေါ်သွားလေ့ရှိတယ်။ ပြီးတော့ ညီမပြောစကားမှန်သမျှ ယုံလွယ်ပြီး ခိုင်းသမျှကိုလဲ အကုန်လုပ်ပေးသတဲ့။

၈

### အရေးကြီးသောအချက်များ

- ကလေးများ ပြောပြသော ခက်ခဲသည့် စကားလုံးများကို ဆရာက သင်ပုန်းတွင် ရေးမှတ်ထားရပါမည်။
- ခက်ခဲသော စကားလုံးများ၏အဓိပ္ပာယ်ကို ကလေးများအား ပြောစေပြီး မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားရပါမည်။

**အခန်း (၁-င)** **အ တယ်ဆိုတာ (ရိုးရာဟာသပုံပြင်)**

**အကြိုပြုစာသင်ချိန် ၄ ချိန် (တတိယအချိန်)**

၁။ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်



သမီးအကြီးကတော့ အလဲအ၊ နလဲန၊ လူမှုရေးလဲ ဘာမှ နားမလည်ဘူးတဲ့။ ဈေးရောင်းတဲ့အလုပ်ကိုတော့ သူနားလည်သလောက်သာ ရောင်းပေးတယ်။ ရပ်ရွာထဲကို သွားမယ်ဆိုရင်လဲ သူတစ်ယောက်တည်း မသွားတတ်ဘူး။ ညီမငယ်ကို အမြဲတမ်း ခေါ်သွားလေ့ရှိတယ်။ ပြီးတော့ ညီမပြောစကားမှန်သမျှ ယုံလွယ်ပြီး ခိုင်းသမျှကိုလဲ အကုန်လုပ်ပေးသတဲ့။

၈

### အရေးကြီးသောအချက်များ

- အတန်းရှေ့ထွက်၍ ပုံပြင်အကြောင်းအရာကို လွတ်လပ်စွာ ပြောစေရာတွင် အောက်ပါအချက်များ ပါဝင်ရမည်။
  (၁) သမီးအငယ်က လည်လည်ဝယ်ဝယ် ရှိတယ်။
  (၂) သမီးအကြီးက နုံအပြီး အငယ်ပြောသမျှ လိုက်လုပ်တယ်။
  (၃) အမေက ကရုဏာဒေါသနဲ့ပြောပေမဲ့ သမီးအကြီးက အ လွန်းတော့ နားမလည်ဘဲ ပြန်ဖြေလိုက်တာ ရီစရာ ဖြစ်သွားတယ်။
- ကလေးများကို ပုံပြောစေရာတွင် စိတ်ဝင်စားဖွယ် ပြောတတ်သော ကလေးများကို ဦးစားပေး ပြောစေရမည်။
- ပုံပြင်ကို ပြောစေရာတွင် အသံနေအသံထား၊ သဘာဝကျကျ ပြောဆိုတတ်ရန် ဆရာက လမ်းညွှန်ရပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အရင်အချိန်က ပုံပြင် အကြောင်းအရာကို ဖတ်ခဲ့ကြပြီ နော်" "ဒီစာသင်ချိန်မှာ ပုံပြင်အကျဉ်းချုပ်ကို ပြောကြည့်ကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⊙ ဆရာက "ပုံပြင်ရဲ့ပထမစာပိုဒ်မှာ ဘာအကြောင်း ရေးထားသလဲဆိုတာ ကိုယ့်စကားနဲ့ ပြောကြည့်ကြရအောင်" ဟု ပြောပါမည်။

သာဓက ။ ။ ရွာတစ်ရွာက အဒေါ်ကြီးရဲ့ သမီး နှစ်ယောက်မှာ သမီးအငယ်က လည်လည်ဝယ်ဝယ် ရှိတယ်။

- ၃ ဦး ၄ ဦးခန့် မိမိသိထားသလို ပြောစေပါမည်။

⊙ ဆရာက"ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်ကိုလည်း မိမိစကားနဲ့ ပြောကြရမယ်။ တစ်ယောက်ချင်းစီ စဉ်းစားကြရအောင်" ဟု ပြောပါမည်။

- ထို့နောက် နှစ်ယောက်တစ်တွဲစီ ပထမစာပိုဒ်မှ တတိယစာပိုဒ်အထိ ပြောစေမည်။
- အတန်းရှေ့တွင် ၃ ဦး ၄ ဦးခန့် ပြောရာတွင် ပုံပြင်တစ်ပိုဒ်ချင်းစီကို အနှစ်ချုပ် ပြန်ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက ပုံပြင်တစ်ပိုဒ်ချင်းစီကို အနှစ်ချုပ် ပြန်ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ပုံပြင်ကို မိမိစကားနှင့်ပြန်၍ ပြောပြနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၁-င) အ တယ်ဆိုတာ (ရိုးရာပဟာသပုံပြင်)

## အကြံပြုစာသင်ချိန် ၄ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

♦ "ဒီနေ့ ပုံပြင်ထဲက မေးခွန်းကလေးတွေ ဖြေကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

♦ ဆရာက ကလေးများကို ပုံပြင်အစအဆုံး တစ်ခေါက် ဖတ်စေပါမည်။

♦ ထို့နောက် ဆရာက မေးခွန်းများကို မေးပါမည်။ "သမီးအကြီးက ဘယ်လို စိတ်သဘောထားမျိုး ရှိသလဲ" "သမီးအငယ်က ဘယ်လို စိတ်သဘောထားမျိုး ရှိသလဲ" ဟု မေးပါမည်။

⊙ "မေးခွန်းတွေကို ကိုယ်တိုင် စဉ်းစား ကြည့်ကြရအောင်" ဟု ပြောကာ အောက်ပါအတိုင်း ဆောင်ရွက်စေပါမည်။

♦ မေးခွန်း ၁ သမီးအကြီးနှင့် အငယ်ကွာခြားပုံကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဆွေးနွေးစေပါမည်။

♦ ဆွေးနွေးပြီးပါက အတွဲ တစ်တွဲ၊ နှစ်တွဲကို အတန်းရှေ့ ထွက်၍ ပြောစေပါမည်။

⊙ မေးခွန်း ၂ မှ ၅ အထိကိုလည်း မေးခွန်း ၁ ပုံစံအတိုင်း နှစ်ယောက်တစ်တွဲ အပြန်အလှန် ဆွေးနွေးစေပြီးမှ အတန်းရှေ့တွင် ပြောကြားစေမည်။

#### နိဂုံးချုပ်ခြင်း

♦ ဆရာက "ဒီပုံပြင်ကို သိပြီးပြီဆိုတော့ အ တဲ့သူကို စာနာ သနားသင့်တယ်။ အနိုင်မကျင့်သင့်ဘူး" ဟု ပြောပါမည်။ "ဒီရိုးရာပုံပြင်လေးတွေက စိတ်ဝင်စားဖို့ကောင်းသလို မြတ်နိုးစရာလည်း ကောင်းတယ်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ကလေးများ မေးခွန်း၏အဖြေများကို မှတ်စုတွင် မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁။ ပျော်ပျော်ရွှင်ရွှင် စာသင်မယ်



တစ်နေ့မှာတော့ အမေကြီးက သမီးအကြီး ရိုးအ လွန်းတာကိုသိတော့ ကရုဏာဒေါသနဲ့ "အကြီးမ နင် ဒီလောက် အ နေရင် ငါမရှိတဲ့အခါ နင့်ညီမက နင့်ကို တစ်နေ့ ရောင်းစားသွားလိမ့်မယ် သိလား"လို့ ပြောလိုက်တဲ့အခါ သမီးအကြီးက "အို့...အမေကလဲ သူက ရောင်းစားရအောင် ဘယ်သူက ချိန်ခွင်ပေါ်တက်မှာတုံး"လို့ ပြန်ပြောလိုက်သတဲ့ကွယ်။

**ဒွေတာရီမဂ္ဂဇင်း လက်ရွေးစင်**
**မြန်မာ့ရိုးရာပဟာသပုံပြင်စာအုပ်ကို မှီငြမ်းပါသည်။**

**လေ့ကျင့်ခန်း**

(၁) သမီးနှစ်ယောက်က ဘယ်လိုကွာခြားသလဲ။
(၂) သမီးအကြီးနဲ့ အငယ်မှာ ဘယ်သူ့ကို သဘောကျသလဲ။ ဘာကြောင့်လဲ။
(၃) အမေက သမီးအကြီးကို ဘယ်လိုပြောသလဲ။ ဘာဖြစ်လို့ ပြောရတာလဲ။
(၄) အမေပြောတာကို သမီးအကြီးက နားလည်သလား။
(၅) အ တယ်ဆိုတာ ကောင်းသလား။ ကလေးတို့ရော ဘယ်လို ထင်သလဲ။

ပုံပြင်အကြောင်းကို အချင်းချင်း ပြောကြည့်ကြရအောင်



၉

### အရေးကြီးသောအချက်များ

♦ ကလေးများ ဆွေးနွေးရာတွင် လွတ်လပ်စွာ ပြောစေပါမည်။

♦ မေးခွန်းများ၏အဖြေအတွက် လိုအပ်လျှင် ဆရာက ဖြည့်စွက်ပေးရပါမည်။

## အခန်း ၂ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

### (က) တို့ဖေဖေ (ကဗျာ)



**တို့ဖေဖေ**

စားဝတ်နေရေး၊ ငွေရှာပေး
ကျေးဇူးကြီးပေ၊ တို့ဖေဖေ။

ကိစ္စများဖြင့်၊ ပေါ်ပေါက်လျှင်
စီရင်တတ်ပေ၊ တို့ဖေဖေ။

အိမ်ထောင်အရေး၊ စီမံပေး
လေးစားလောက်ပေ၊ တို့ဖေဖေ။

စဉ်းစားမြော်မြင်၊ ဉာဏ်နှင့်ယှဉ်
ပွဲပြင်တတ်ပေ၊ တို့ဖေဖေ။

နိုင်ငံ့အကျိုး၊ တို့အကျိုး
သယ်ပိုးနိုင်ပေ၊ တို့ဖေဖေ။

**အမည်မသိစာဆို**




၁၀

## အခန်း (၂-က) တို့ဖေဖေ (ကဗျာ)
## အကြိမ်ပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
- ဖခင်၏မေတ္တာနှင့် ကျေးဇူးတရားကို သိရှိခံစားတတ်ရန်
- ကဗျာကို စနစ်တကျ ရွတ်ဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- "ဒီနေ့တော့ ဖခင်မေတ္တာနဲ့ သက်ဆိုင်တဲ့ ကဗျာလေးကို ရွတ်ဆိုကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ⊙ ဆရာက ကဗျာကို ဦးစွာရွတ်ဆိုပြပါမည်။
- ကလေးများကို နားထောင်စေပါမည်။
- ဆရာရွတ်ဆိုပြီးနောက် ကလေးများကိုလိုက်၍ ရွတ်ဆိုစေပါမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ကလေးများကိုယ်တိုင်ကဗျာကို ပြန်လည်ရွတ်ဆိုစေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ "ကဗျာလေးကို ဆိုရတာ ပျော်ရဲ့လား။ ကလေးတို့စိတ်ထဲမှာ ဘယ်လိုနေသလဲ။ ကဗျာထဲက ဖေဖေကိုရော သဘောကျရဲ့လား" စသော မေးခွန်းများမေး၍ ဖြေစေပါမည်။

**နိဂုံးချုပ်ခြင်း**
- "ဒီကဗျာလေးကိုဖတ်ပြီး ကလေးတို့ဖေဖေနဲ့ ဘယ်အချက်တွေ တူညီနေသလဲ"ဟုမေးပြီး ကလေးများကို ဖြေစေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း ကလေးများ ကဗျာကို မှန်မှန်ကန်ကန် ရွတ်ဆိုနိုင်မှု ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ
- ကဗျာကိုရွတ်ဆိုရာတွင် ဖခင်(ဖေဖေ)၏ ကျေးဇူးတရားကို သတိရကာ ကျေးဇူးတင်သည့်စိတ်ဖြင့် ခံစားပြီး သီဆိုစေပါမည်။
- ကဗျာကို အသံနေ အသံထားမှန်မှန် ရွတ်ဆိုတတ်ရန် သင်ကြားပေးရပါမည်။

### အရေးကြီးသောအချက်များ
- ကဗျာကို ကလေးများ သေသေချာချာရွတ်ဆိုတတ်ရန် လိုအပ်ပါသည်။

## အခန်း (၂-က)  တို့ဖေဖေ (ကဗျာ)
## အကြံပြုစာသင်ချိန်  ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "တို့ဖေဖေ ကဗျာကို ပြီးခဲ့တဲ့အချိန်က ရွတ်ဆိုခဲ့ပြီးပြီ။ အခုအချိန်မှာ အိမ်ရောက်ရင် ပြန်ရွတ်ပြဖို့အတွက် လေ့ကျင့်ကြရအောင်"ဟုပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကလေးများ ကဗျာကို ပြန်လည်ရွတ်ဆိုစေပါမည်။
- ⦿ ကဗျာပါအကြောင်းအရာကို ရှင်းပြပါမည်။ ဆရာက ဖေဖေ၏ကျေးဇူးကြီးမားပုံ၊ အကြောင်းကိစ္စများကို စီမံတတ်ပုံ၊ ပဲ့ပြင်ဆုံးမတတ်ပုံတို့ကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။
- မိမိဖခင်က မိမိကို မည်သို့ လုပ်ဆောင်ပေးသည်ကို ကလေးများအား ပြောစေပါမည်။
- ⦿ ကလေးများကို အဖွဲ့ နှစ်ဖွဲ့ဖွဲ့ကာ ကဗျာနှစ်ကြောင်း (တစ်ပိုဒ်စီ)ကို အလှည့်ကျ ရွတ်ဆိုစေမည်။
- ထို့နောက် ကလေးများကို ၅ ယောက်စီ အဖွဲ့ဖွဲ့၍ တစ်ဦးလျှင် နှစ်ကြောင်း(တစ်ပိုဒ်စီ)အလှည့်ကျ ရွတ်ဆိုစေပါမည်။
- အုပ်စုအားလုံး ရွတ်ဆိုပြီးပါက အုပ်စုတွင်း လူအလှည့် အပြောင်း ပြုလုပ်ပြီး ဆရာက ညွှန်ကြားသည့်အတိုင်း ရွတ်ဆိုစေပါသည်။
- တစ်အုပ်စုစီမှ တစ်ယောက်စီကို ရွေး၍ ၅ ယောက် တစ်အုပ်စု ပြန်ဖွဲ့ကာ အတန်းရှေ့ထွက်၍ ဆရာ ညွှန်ကြားသည့်အတိုင်း ရွတ်ဆိုစေမည်။

**နိဂုံးချုပ်ခြင်း**

- "ကလေးတို့ အိမ်ပြန်ရောက်ရင် ဖေဖေ၊ မေမေနဲ့ မိသားစုကို ဒီကဗျာလေးရွတ်ဆိုပြရမယ်နော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာပါ အကြောင်းအရာကို နားလည်နိုင်ခြင်း ရှိ မရှိ နှင့် မှန်မှန်ကန်ကန် ရွတ်ဆို နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### အခန်း ၂  ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

**(က) တို့ဖေဖေ (ကဗျာ)**



**တို့ဖေဖေ**

စားဝတ်နေရေး၊ ငွေရှာပေး
ကျေးဇူးကြီးပေ၊ တို့ဖေဖေ။

ကိစ္စများဖြင်၊ ပေါ်ပေါက်လျှင်
စီရင်တတ်ပေ၊ တို့ဖေဖေ။

အိမ်ထောင်အရေး၊ စီမံပေး
လေးစားလောက်ပေ၊ တို့ဖေဖေ။

စဉ်းစားမြော်မြင်၊ ဉာဏ်နှင့်ယှဉ်
ပဲ့ပြင်တတ်ပေ၊ တို့ဖေဖေ။

နိုင်ငံ့အကျိုး၊ တို့အကျိုး
သယ်ပိုးနိုင်ပေ၊ တို့ဖေဖေ။

အမည်မသိစာဆို




၁၀

### အရေးကြီးသောအချက်များ

- ကလေးများ ကဗျာကို မိမိအလှည့် ရောက်ပါက ရွတ်ဆိုရမည့် ကဗျာစာကြောင်းကို သိရှိနေရပါမည်။ အခြားသူများ ရွတ်ဆိုသော အခါလည်း သေချာစွာ နားထောင်စေမည်။
- အုပ်စုလိုက် အလှည့်ကျရွတ်ဆိုချိန်တွင် ကဗျာကို မှန်ကန်စွာ ရွတ်ဆိုစေရန် ဆရာက ဂရုတစိုက် နားထောင်ပေးရမည်။

## အခန်း (၂-ခ) ကြောင်ကလေးရွှေဝါ
## အကြိမ်ပြုစာသင်ချိန် ၄ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ပုံပြင်ကိုခံစားပြီး မိမိထင်မြင်ချက်များကို ပြောပြတတ်ရန်
- မိမိကိုယ်ကို အားကိုးတတ်ပြီး အခက်အခဲကြုံလျှင် ရင်ဆိုင်ဖြေရှင်းတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ


၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

(ခ) ကြောင်ကလေးရွှေဝါ

တစ်ခါတုန်းက ရွှေဝါဆိုတဲ့ ကြောင်ကလေးတစ်ကောင် ရှိသတဲ့။ ရွှေဝါကလေးက လိမ္မာတဲ့အတွက် သူ့သခင်က သူ့ကို အလွန်ချစ်တယ်တဲ့။ ရွှေဝါက သူ့သခင်ကို



ဆိုပြီး ခေါင်းနဲ့ပွတ်တောင်းတဲ့အခါ



လို့ချော့သတဲ့။ ရွှေဝါဟာ အဲဒီလိုမျိုး သူစားချင်တာ အချိန်မှန် စားရတော့ တခြားကြောင်တွေလို အစာမရှာတတ်ဘူးတဲ့။
ရွှေဝါမှာ ညို ဆိုတဲ့ သူငယ်ချင်းကြောင်တစ်ကောင်ရှိတယ်။ ညိုက တစ်ခါတလေ ရောက်လာတတ်ပြီး ရွှေဝါကို ပြောတယ်။



လို့ပြောတဲ့အခါ

၁၁

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ချစ်တဲ့ တိရစ္ဆာန်လေးတွေ ရှိသလား။ ပြောပြပါအုံး။ ဒီနေ့တော့ ကြောင်ကလေးရွှေဝါ အကြောင်းကို ပြောပြမယ်နော်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⊙ ဆရာက ပုံပြင်ကို ဖတ်ပြပါမည်။ ကလေးများကို သေသေချာချာ နားထောင်စေပါမည်။
(အနည်းဆုံး ၃ ကြိမ်ခန့်)

⊙ "ရွှေဝါအကြောင်း နားထောင်ရတာ ပျော်သလား။"
"ဘာကြောင့် ပျော်တာလဲ။"
"ရွှေဝါက ကြွက်ကလေးကို ဖမ်းတာ လွတ်သွားတော့ ကလေးတို့ ဘယ်လိုခံစားရသလဲ။"
"သခင်ရယ် ပြန်လာပါတော့ဆိုတဲ့ စကားကို နားထောင်ရတာ ကလေးတို့စိတ်ထဲ ဘယ်လိုနေသလဲ "စသော မေးခွန်းများကို မေးပြီး ကလေးများကို ဖြေကြားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ကြောင်ကလေးရွှေဝါအကြောင်း ပြောပြီးပြီဆိုတော့ သူဘာကြောင့်ဒီလိုဖြစ်ရတယ်ဆိုတာ နောက်တစ်ချိန်မှာ ဆရာနဲ့အတူတူ ဖတ်ကြည့်ကြမယ်နော်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ မိမိ၏ထင်မြင်ချက်များကို ပြောနိုင်ခြင်း ရှိ မရှိနှင့် စိတ်ပါဝင်စားခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ

- ပုံပြင်ကို အဖြတ်အရပ်မှန်စွာ ဖတ်တတ်ရပါမည်။
- လုပ်ငန်းစဉ်တိုင်းတွင် ကလေးများအားလုံး ပါဝင်အောင် ဆောင်ရွက်ပေးရပါမည်။
- "ကလေးတို့သာ ကြောင်ကလေးရွှေဝါဆိုရင် ဘယ်လိုလုပ်မလဲ" ဟူသော အမေးကို စဉ်းစားဖြေတတ်ရပါမည်။

### အရေးကြီးသောအချက်များ

- ပုံပြင်ကို သေသေချာချာ နားထောင်ပြီး ကလေးများ လွတ်လပ်စွာ စဉ်းစားဖြေဆိုစေပါမည်။

## အခန်း (၂-ခ) ကြောင်ကလေးရွှေဝါ
## အကြံပြုစာသင်ချိန် ၄ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "အရင်နေ့က ဆရာပြောပြထားတဲ့ ပုံပြင်ကလေးကို မှတ်မိလား၊ ဒီနေ့ ပုံပြင်ထဲမှာပါတဲ့ အကြောင်းအရာလေးတွေကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဆရာက ပုံပြင်ပါစာပိုဒ်ကို အစအဆုံး ဖတ်ပြကာ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။

♦ ခက်ခဲသော စကားလုံးများ၏အဓိပ္ပာယ်ကို ရှင်းပြပါမည်။

⦿ ဆရာက ဇာတ်ဝင်ခန်းအလိုက် ဇာတ်ဆောင်တို့၏ ခံစားမှု အနေအထားကို လိုက်၍ အသံနေအသံထားဖြင့် ဖတ်ပြရပါမည်။

⦿ "တစ်ခါတုန်းက. . . ရှိသတဲ့"ရုပ်ပုံနှင့်ယှဉ်တွဲ၍ စာကြောင်းကို ဖတ်ပြပါမည်။

♦ ကလေးများ နားထောင်စေပြီး နောက်မှ လိုက်ဖတ်စေပါမည်။

♦ ဆရာက ပုံပြင်ကို စာပိုဒ်ပါ ပြောစကားအလိုက် ဖတ်ပြပါမည်။

♦ ကလေးများ နောက်မှ လိုက်ဖတ်စေပါမည်။

⦿ အချိန်ပေါ်မူတည်၍ တစ်တန်းလုံး၊ အတန်းလိုက် အလှည့်ကျဖတ်စေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "ရွှေဝါဟာ ဘာကြောင့် ကြွက်မဖမ်းတတ်တာလဲ။ ရွှေဝါ ဘာဖြစ်သွားသလဲ" ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ဆရာဖတ်ပြသော ပုံပြင်ကို နောက်မှ စိတ်ပါဝင်စားစွာ ရွတ်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။




### အရေးကြီးသောအချက်များ

♦ ပုံပြင်ကို ဖတ်ရင်း ကလေးများ နားလည်ရန် ခက်ခဲသော စကားလုံး၊ စာကြောင်းများရှိပါက ရှင်းပြပါမည်။

♦ ခက်ခဲသောစကားလုံးနှင့်ပတ်သက်၍သိသော အခြားကလေးများ ရှိပါက ပြောစေပါမည်။

♦ စာပိုဒ်ရှည်များကို နောက်မှလိုက်၍ ဖတ်ရန် အားနည်းသော ကလေးများရှိပါက ဆရာက စာကြောင်းတစ်ကြောင်းချင်းစီ ဖတ်ပြီး ကူညီပံ့ပိုးပေးရပါမည်။

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

နောက်တစ်နေ့ရောက်တဲ့အထိ ညိုက ရောက်မလာခဲ့ဘူး။ ရွှေဝါဟာ ဗိုက်ဆာလာတော့ ကြွက်ကလေးတစ်ကောင်ကို လှမ်းမြင်လိုက်တဲ့အခါ




ဆိုပြီး ခုန်အုပ်လိုက်တယ်တဲ့။ ဒါပေမဲ့ ကြွက်ကလေးက အပြေးမြန်တဲ့အတွက် ရွှေဝါခမျာ အားလွန်ပြီး ကျန်ခဲ့ရတာပေါ့။




ဆိုပြီး သူ့သခင်ကို တ ပြီး ငိုနေသတဲ့။
အဲဒီအချိန်မှာ ညိုရောက်လာပြီး




ဆိုပြီး ညိုက သူ့အစာ တစ်ဝက်ကို ခွဲပေးလိုက်တယ်။

၁၃

## အရေးကြီးသောအချက်များ

- ပုံပြင်ကို အုပ်စုလိုက် သရုပ်ဆောင်စေရာတွင် ဖတ်ရမည့် ဇာတ်ဆောင် နေရာအလိုက် အဖြတ်အရပ် အသံနေ အသံထား မှန်မှန် ဖတ်နိုင်ခြင်း ရှိစေရန် ဆရာက ပံ့ပိုးကူညီပေးရပါမည်။
- အားနည်းသော ကလေးရှိပါက အတူပါဝင်လုပ်ဆောင်လာနိုင်စေရန် ဆရာက ပံ့ပိုးပေးရပါမည်။
- ကလေးများကိုလည်း အချင်းချင်းကူညီစေပါမည်။
- ကလေးများ၏ လုပ်ဆောင်ချက်ကို ဆရာက အားပေး ချီးကျူးစကား ပြောပေးရပါမည်။
- ကလေးများအချင်းချင်း အုပ်စုလိုက် မှတ်ချက်ပေးရပါမည်။

## အခန်း (၂-ခ) ကြောင်ကလေးရွှေဝါ
## အကြိမ်ပြုစာသင်ချိန် ၄ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အရင်နေ့က အတူတူဖတ်ခဲ့ကြတဲ့ ပုံပြင်လေးကို မှတ်မိလား၊ ဒီနေ့ ပုံပြင်မှာပါတဲ့ အကြောင်းအရာလေးတွေကို ဇာတ်ဆောင်နေရာအလိုက် ဖတ်ကြည့်ကြရအောင်နော်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⊙ ဆရာက ပုံပြင်တွင်ပါဝင်သည့် ဇာတ်ဆောင်နေရာအလိုက် ပြောစကားများကို အသံနေ အသံထားမှန်မှန်ဖြင့် ဦးစွာဖတ်ပြရပါမည်။
(ဇာတ်ကြောင်းပြောသူ၊ သခင်၊ ရွှေဝါ၊ ညို)

⊙ ဆရာနှင့်အတူ ဇာတ်ဆောင်နေရာအလိုက် အသံနေ အသံထားကို ပြောင်းလဲဖတ်စေပါမည်။

- ကလေးများ နှစ်ယောက်တစ်တွဲစီ အလှည့်ကျ ဖတ်စေပါမည်။
- အားနည်းသော ကလေးရှိပါက အချင်းချင်း ကူညီပေးရပါမည်။

⊙ လေးယောက်တစ်တွဲ အုပ်စုဖွဲ့ကာ သခင်၊ ရွှေဝါ၊ ညို၊ ဇာတ်ကြောင်းပြောသူ နေရာအလိုက် ကလေးများ အဖွဲ့လိုက် လေ့ကျင့်စေမည်။

- အုပ်စု ၃၊ ၄ စုခန့်ကို အတန်းရှေ့ထွက်ကာ သရုပ်ဆောင်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ပုံပြင်ကို အလှည့်ကျ သရုပ်ဆောင်ရတာ ပျော်စရာကောင်းတယ်မဟုတ်လား၊ ဇာတ်ဆောင်တွေရဲ့ စိတ်ခံစားချက်ကို သိခဲ့ကြရပြီ မဟုတ်လား" ဟု မေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဇာတ်ဆောင်နေရာအလိုက် သရုပ်ဆောင်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၂-ခ)　　ကြောင်ကလေးရွှေဝါ**
**အကြံပြုစာသင်ချိန်　၄ ချိန် (စတုတ္ထအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- “မနေ့က ပုံပြင်ကို သရုပ်ဆောင်ပြီး ပြောခဲ့ကြတယ်နော်” “ဒီနေ့ပုံပြင်ထဲက မေးခွန်းလေးတွေကို ဖြေကြည့်မယ်နော်” ဟုပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ⊙ မေးခွန်း ၁ နှင့် ၂ ကို မေးပြီး နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။
- ⊙ အတန်းရှေ့တွင် မေးခွန်း ၁ နှင့် ၂ ၏ အဖြေကို ကလေး ၃၊ ၄ ယောက်ခန့် ပြောစေပါမည်။
- မေးခွန်း ၃၊ ၄၊ ၅ ကိုလည်း မေးခွန်း ၁ နှင့် ၂ အတိုင်း သင်ကြားပါမည်။ သင်ကြားရာတွင် မိမိ အတွေ့အကြုံပေါ် မူတည်၍ ဆွေးနွေးစေမည်။

### နိဂုံးချုပ်ခြင်း

- “ပုံပြင်လေးကိုဖတ်ပြီး ကိုယ့်ကိုယ်ကိုယ် ဘယ်လို အားကိုးရမယ်ဆိုတာ သိသွားကြပြီနော်။ ကိုယ့်ကိုယ်ကိုယ် အားကိုးတယ်ဆိုတာ ဘယ်လိုနားလည်သလဲ” ဟု မေး၍ ဖြေစေကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို ဖြေစေရာတွင် ကလေးများ၏ထင်မြင်ချက်များ ပြောကြားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

ညိုက

ရွှေဝါရေ မင်းက ဘာမဆို
လိုတိုင်းရနေတော့ အစာမရှာတတ်ဘူးပေါ့
နောက်ဆို ငါနဲ့အတူတူ ကစားရင်းနဲ့
လေ့ကျင့်ရအောင်နော်

လို့ပြောတဲ့အခါ



ကျေးဇူးတင်ပါတယ်
သူငယ်ချင်းရာ နောက်ဆို
ကိုယ့်ကိုယ်ကိုယ် အားကိုး
နိုင်အောင် မင်းနဲ့အတူ
လေ့ကျင့်မယ်ကွာ

လို့ပြန်ပြောလိုက်သတဲ့။

အဲဒီနောက် ရွှေဝါနဲ့ ညိုတို့ဟာ
ပျော်ပျော်ရွှင်ရွှင်နဲ့
ကစားနေပါတော့တယ်။



**လေ့ကျင့်ခန်း**

၁။ ရွှေဝါက ဘယ်လိုစိတ်ပြောင်းသွားတာလဲ။
၂။ ဘာဖြစ်လို့ စိတ်ပြောင်းလဲသွားတာလဲ။
၃။ ကလေးတို့မှာရော ညိုလို သူငယ်ချင်းရှိသလား။
၄။ ကိုယ့်ကိုယ်ကိုယ် အားကိုးရမယ်ဆိုတာကို ဘယ်လို နားလည်သလဲ။
၅။ ပုံပြင်ထဲက ရွှေဝါနဲ့ညို ဘယ်သူ့ကို ပိုသဘောကျသလဲ။ ဘာကြောင့်လဲ။

ရွှေဝါ ညိုနဲ့ သူ့သခင်
နေရာတွေမှာ သရုပ်
ဆောင်ပြီး ဖတ်ကြည့်
ကြရအောင်



၁၄

## အရေးကြီးသောအချက်များ

- ယခင်နေ့က အုပ်စုလုပ်ငန်းစဉ် မပြီးသေးပါက စာသင်ချိန် အစပိုင်းတွင် ဆက်လက်ဆောင်ရွက်စေပါမည်။
- ပုံပြင်နှင့်သက်ဆိုင်သော မေးခွန်းများမေး၍ ကလေးတစ်ဦးချင်းစီ ဖြေစေပါမည်။
- မေးခွန်း ၃၊ ၄၊ ၅ တွင် ဆရာက ကလေး၏ စိတ်ကူးအတွေး၊ အဖြေကို လက်ခံပေးရပါမည်။
- ဖြေဆိုရန် အားနည်းသော ကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

## (ဂ) မြန်မာ့ရိုးရာ ကလေးကစားစရာ



ကျွန်တော်တို့သည် ဘုရားပွဲတော်သို့သွားပါသည်။ ပွဲဈေးအလွန်စည်ပါသည်။ ဈေးသို့ရောက်သောခါ မြန်မာ့ရိုးရာ ကလေးကစားစရာများကို တွေ့ရပါသည်။ ထိုကစားစရာများသည် အလွန်လှပ၍ နှစ်သက်ဖွယ်ကောင်းပါသည်။

၁၅

### အဓိကအချက်များ

- မေးခွန်းများကိုလွတ်လပ်စွာဖြေစေမည်။
- ဖတ်စာကို ဖတ်သောအခါ အဓိပ္ပာယ်နားလည် သဘောပေါက်အောင် ဖတ်စေရမည်။
- မြန်မာ့ရိုးရာ ကလေးကစားစရာများကို ကလေးများ မြတ်နိုးတတ်လာအောင် ဆရာက လုပ်ဆောင်ပေးရမည်။

### အရေးကြီးသောအချက်များ

- ဖတ်စာပါ အကြောင်းအရာများကို ဖတ်နေစဉ် ကလေးများ အားလုံးနားလည်အောင် ဆရာက အဖြတ်အရပ် မှန်မှန် ဖတ်ပြရမည်။
- စာဖတ်ရာတွင် အားနည်းသော ကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရမည်။

### နိဂုံးချုပ်ခြင်း

- "ဖတ်စာပါ အကြောင်းအရာများကို ကလေးတို့ သိသွားကြပြီနော်။ နောက်တစ်ချိန်မှာ ကလေးတို့ ကိုယ်တိုင် ဖတ်ရမယ်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ကလေးများ မိမိထင်မြင်ချက်များကို ပြောနိုင်ခြင်း ရှိ မရှိနှင့် ဆရာက ဖတ်စာကို ဖတ်ပြရာတွင် သေသေချာချာနားထောင်ခြင်း၊ ဖတ်နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၂-ဂ) မြန်မာ့ရိုးရာ ကလေးကစားစရာ

**အကြံပြုစာသင်ချိန် ၁၀ ချိန် (ပထမအချိန်)**

### သင်ယူမှုဦးတည်ချက်

- ဖတ်စာပါအကြောင်းအရာများကို ကောင်းစွာ နားလည်ပြီး မှန်ကန်စွာ ဖတ်တတ်၊ ရေးသားတတ်ရန်
- မြန်မာ့ရိုးရာ ကလေးကစားစရာများကို နှစ်သက်မြတ်နိုးတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ ဒီနေ့ ကစားစရာအရုပ်ကလေးတွေနဲ့ မိတ်ဆက်ပေးပြီး အရုပ်ကလေးတွေအကြောင်း ပြောပြချင်တယ်။ နားထောင်ကြရမယ်နော်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက "သင်ခန်းစာခေါင်းစဉ်ကို ကလေးတို့ အားလုံး ဖတ်ကြည့်ပါအုံး" ဟု ပြောပါမည်။
- ကလေးများ ဖတ်ပြီးပါက မြန်မာ့ရိုးရာစကားလုံး၏ အဓိပ္ပာယ်ကို ဆရာက ရှင်းပြပါမည်။
- ⊙ ထို့နောက် ဆရာက တစ်မျက်နှာချင်းစီအလိုက် ရုပ်ပုံများကို ကြည့်စေပါမည်။ ကလေးများ ကြည့်ပြီးပါက "ဖတ်စာပါ အရုပ်ကလေးများကို ကလေးတို့ သိကြသလား။ အခုတွေ့တဲ့ အရုပ်ကလေးတွေနဲ့ ကစားဖူးကြသလား" ဟု မေးပါမည်။
- ဆရာက "ဖတ်စာကို တစ်ခေါက်ဖတ်ပြမယ်နော်။ ကလေးတို့ သေသေချာချာ နားထောင်ထားနော်" ဟု ပြောကာ ဖတ်စာပါ အကြောင်းအရာများကို တစ်ခေါက် ဖတ်ပြပါမည်။
- ထို့နောက် ဆရာက နောက်တစ်ကြိမ်ထပ်မံ၍ ဖတ်ပြပါမည်။
- ⊙ ဆရာက စာပိုဒ်များကို ဖတ်ပြနေစဉ် အဖြတ်အရပ် မှန်ကန်စေရန် ကလေးများအား မှတ်သားစေမည်။
- ထို့နောက် ဆရာက ရှေ့ကဖတ်ပြပြီး၊ ကလေးများ နောက်မှ လိုက်၍ ဖတ်စေမည်။

## အခန်း (၂-ဂ) မြန်မာ့ရိုးရာ ကလေးကစားစရာ

**အကြံပြုစာသင်ချိန်** ၁၀ မိနစ် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "ကလေးတို့ ပထမအချိန်က ဖတ်စာကို ဖတ်ခဲ့ပြီးပြီနော်။ မှတ်မိတာတွေကို ပြန်ပြောပါအုံး" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဆရာက စာတစ်ပုဒ်လုံးကို ပြန်လည်ဖတ်ပြပါမည်။ ကလေးများကို နားထောင်စေမည်။ ဆက်လက်၍ ဆရာက ရှေ့ကဖတ်၍ ကလေးများက နောက်မှ လိုက်ဖတ်စေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)

♦ ကလေးများအား စာတစ်ပုဒ်လုံးကို ပြန်လည်ဖတ်စေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

⊙ ဆရာက ကလေးကစားစရာအရုပ်အကြောင်းကို ရှင်းပြပါမည်။
(ဇီးကွက်ရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ဖိုးဝရုပ်)
သာဓက။ ။ "ဇီးကွက်ရုပ်ကလေးတွေကို ဘယ်နေရာမှာ တွေ့ဖူးပါသလဲ" ဟု မေးပြီး ဖြေစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "ကလေးများ သင်ခန်းစာတစ်ပုဒ်လုံးကို ဖတ်တတ်ပြီနော်။ ကစားစရာ အရုပ်တွေကိုလည်း သိသွားကြပြီနော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ ကလေးများ သင်ခန်းစာတစ်ပုဒ်လုံးကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ဆရာက ဖတ်စာကို ဖတ်ပြရာတွင် သေသေချာချာနားထောင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**(ဂ) မြန်မာ့ရိုးရာ ကလေးကစားစရာ**



ကျွန်တော်တို့သည် ဘုရားပွဲတော်သို့သွားပါသည်။ ပွဲဈေးအလွန်စည်ပါသည်။ ဈေးသို့ရောက်သောခါ မြန်မာ့ရိုးရာ ကလေးကစားစရာများကို တွေ့ရပါသည်။ ထိုကစားစရာများသည် အလွန်လှပ၍ နှစ်သက်ဖွယ်ကောင်းပါသည်။



### အရေးကြီးသောအချက်များ

♦ ဆရာက ကလေးများသင်ခန်းစာကိုဖတ်ရာတွင် အဓိပ္ပာယ် နားလည်သဘောပေါက်အောင် အဖြတ်အရပ် မှန်မှန်ဖတ်စေရမည်။

♦ စာဖတ်ရာတွင် အားနည်းချက်ရှိသော ကလေးရှိပါက ဆရာက ပံ့ပိုးပေးရမည်။

## အခန်း (၂-ဂ) မြန်မာ့ရိုးရာ ကလေးကစားစရာ

**အကြံပြုစာသင်ချိန် ၁၀ မိနစ် (တတိယအချိန်)**



### (ဂ) မြန်မာ့ရိုးရာ ကလေးကစားစရာ



ကျွန်တော်တို့သည် ဘုရားပွဲတော်သို့သွားပါသည်။ ပွဲဈေးအလွန်စည်ပါသည်။ ဈေးသို့ရောက်သောခါ မြန်မာ့ရိုးရာ ကလေးကစားစရာများကို တွေ့ရပါသည်။ ထိုကစားစရာများသည် အလွန်လှပ၍ နှစ်သက်ဖွယ်ကောင်းပါသည်။



### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆရာက "ကလေးတို့ အခုအချိန်မှာ မြန်မာ့ရိုးရာ ကလေးကစားစရာရဲ့ပထမစာပိုဒ်ကိုဖတ်ကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ပထမစာပိုဒ်ကိုဖတ်ပြပါမည်။
- ကလေးများကို နောက်မှလိုက်၍ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ ပထမစာပိုဒ်မှ ခက်ခဲသော စကားလုံးများရှိပါက မျဉ်းသား၍ မှတ်ထားစေမည်။
- ကလေးများ မျဉ်းသားထားသည့် စကားလုံးများကို သင်ပုန်းတွင်ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မေးမည်။
- ⊙ ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားမည်။

  သာဓက ။ ။ နှစ်သက် = ကြိုက်သည်။ သဘောကျသည်။ မြတ်နိုးသည်။

- သင်ပုန်းတွင် ရေးသားထားသော စကားလုံးများကို မှတ်စုတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ပထမစာပိုဒ်ကို ပြန်လည်ဖတ်စေပြီး "ကလေးတို့ ဘုရားပွဲတော်ကိုပဲဖြစ်ဖြစ် ဘာပွဲတော်ဖြစ်ဖြစ် သွားတဲ့အခါ ပွဲဈေးတန်းရှိတယ်။ အဲဒီပွဲဈေးမှာ မြန်မာ့ရိုးရာကလေးကစားစရာ အရောင်းဆိုင်တွေရှိတယ်။ ကစားစရာတွေဟာ လှပပြီး နှစ်သက်စရာ လိုချင်စရာ ကောင်းလှတယ်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်းနှင့် နားမလည်သော စကားလုံးများ၏ အဓိပ္ပာယ်ကို ပြောနိုင် ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- မျဉ်းသားထားသော စကားလုံးများ၏အဓိပ္ပာယ်ကို ရှင်းပြရပါမည်။
- စာရေးသားချိန်တွင် ဆရာသည် အတန်းကို လှည့်လည်ကြည့်ရှုရမည်။
- သတ်ပုံမှားနိုင်သည့်အတွက်ကြောင့် စာလုံးပေါင်းသတ်ပုံကို ဆရာက စစ်ဆေးပေးရပါမည်။
- ကလေးများအားလုံး ပါဝင်နိုင်အောင် ဆရာက ပံ့ပိုးကူညီပေးရမည်။

**အခန်း (၂-၈) မြန်မာ့ရိုးရာ ကလေးကစားစရာ**

**အကြံပြုစာသင်ချိန် ၁၀ ချိန် (စတုတ္ထအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ကလေးများအား ပထမစာပိုဒ်ကို ပြန်လည် ဖတ်စေမည်။ "ဒုတိယစာပိုဒ်နဲ့ တတိယစာပိုဒ်ကို ဆက်ပြီးဖတ်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်ကို ဖတ်ပြပါမည်။
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ထို့နောက် ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်ကို ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⦿ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်မှ နားမလည်သော၊ ခက်ခဲသော စကားလုံးများရှိပါက မျဉ်းသား၍ မှတ်ထားစေမည်။
- ကလေးများ မျဉ်းသားထားသည့် စကားလုံးများကို သင်ပုန်းတွင် ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မေးမည်။
- ⦿ ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားမည်။

  သာဓက ။ ။ ပစ်တိုင်းထောင် = ပစ်လိုက်တိုင်း အမြဲထောင်နေသော ကလေးကစားစရာအရုပ်။
- သင်ပုန်းတွင် ရေးသားထားသော စကားလုံးများကို မှတ်စုတွင် ရေးသားစေပါမည်။
- ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားစေမည်။

### နိဂုံးချုပ်ခြင်း

- ကလေးတို့ကို ပထမစာပိုဒ်မှ တတိယစာပိုဒ်အထိ ပြန်လည်ဖတ်စေပါမည်။ "ကလေးတို့ ဒုတိယစာပိုဒ်မှာ ရွှံ့နဲ့ ပြုလုပ်တဲ့ ကစားစရာအရုပ်ကလေးတွေ၊ တတိယစာပိုဒ်မှာ စက္ကူနဲ့ ပြုလုပ်ထားတဲ့ အရုပ်ကလေးတွေကို စာလုံးပေါင်းသတ်ပုံနှင့်တကွ သိကြပြီနော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ်နိုင်ခြင်းနှင့် နားမလည်သော စကားလုံးများကို ပြောနိုင် ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်



ရွှံ့ဖြင့်ပြုလုပ်သော အိုးပုတ်၊ ချိုးရုပ်၊ ငှက်ရုပ်၊ နွားရုပ်ကလေးများမှာ ချစ်စရာကောင်းလှပါသည်။



စက္ကူဖြင့်ပြုလုပ်သော ဇီးကွက်ရုပ်၊ ဖိုးဝရုပ်နှင့် ပစ်တိုင်းထောင်ရုပ်တို့ကိုလည်း ပွဲဈေးတွင် တွေ့ရပါသည်။ ရွှေရောင်ဝင်းနေသော ဇီးကွက်ရုပ်ကြီးများမှာ နှစ်သက်စရာ ကောင်းလှပါသည်။ မျက်နှာဝိုင်းဝိုင်းနှင့် ပစ်တိုင်းထောင်ရုပ်ကို ကျွန်တော်တို့ အလွန်သဘောကျပါသည်။

၁၆

## အရေးကြီးသောအချက်များ

- သတ်ပုံမှားနိုင်သည့်အတွက်ကြောင့် စာလုံးပေါင်းသတ်ပုံကို ဆရာက စစ်ဆေးပေးရပါမည်။
- နားမလည်သော စကားလုံးများ၏အဓိပ္ပာယ်ကို ကလေးအားလုံး နားလည်စေရန် ဆရာက ပံ့ပိုးကူညီပေးရပါမည်။

## ၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်



သစ်သားဖြင့် ပြုလုပ်ထားသော အိုးစည်၊ ကျားရုပ်နှင့် မြင်းရုပ်တို့ကိုလည်း တွေ့ရသည်။ အဝတ်စဖြင့် ပြုလုပ်ထားသော မင်းသားရုပ်၊ မင်းသမီးရုပ်၊ ဇော်ဂျီရုပ်ကလေးများကို ဆိုင်ခန်းထဲတွင် ချိတ်ဆွဲထားပါသည်။ ဝါးဖြင့် ပြုလုပ်ထားသော ပလွေ၊ ဓား၊ သေနတ်တို့ ခင်းကျင်းပြသထားသည်ကိုလည်း တွေ့ရပါသည်။ ကျွန်တော်တို့သည် ထိုအရုပ်များကို အလွန်နှစ်သက်ပါသည်။ ထို့ကြောင့် အရုပ်ဆိုင်မှ မခွာနိုင်အောင် ဖြစ်နေကြပါသည်။

ဖေဖေနှင့်မေမေတို့က ကျွန်တော်တို့အတွက် ကစားစရာအရုပ်မျိုးစုံကို ဝယ်ပေးပါသည်။

၁၇

## အရေးကြီးသောအချက်များ

- သတ်ပုံများနိုင်သည့်အတွက်ကြောင့် စာလုံးပေါင်းသတ်ပုံကို ဆရာက စစ်ဆေးပေးရပါမည်။
- နားမလည်သော စကားလုံးများ၏အဓိပ္ပာယ်ကို ကလေးအားလုံး နားလည်စေရန် ဆရာက ပံ့ပိုးကူညီပေးရပါမည်။

## အခန်း (၂-ဂ) မြန်မာ့ရိုးရာ ကလေးကစားစရာ

## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (ပဥ္စမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကလေးများကို ပထမစာပိုဒ်မှ တတိယစာပိုဒ်အထိ ဖတ်စေပါမည်။ "ဒီစာသင်ချိန်မှာတော့ ကျန်တဲ့စာပိုဒ်တွေကို ဖတ်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကျန်သော စာပိုဒ်များကိုဖတ်ပြပါမည်။
- ကလေးများကို နောက်မှလိုက်၍ဖတ်စေပါမည်။
- ထို့နောက် ကလေးများကို ဖတ်စေမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⦿ ခက်ခဲသောစကားလုံးများ ရှိပါက မျဉ်းသား၍ မှတ်ထားစေမည်။
- ကလေးများ မျဉ်းသားထားသည့် စကားလုံးများကို သင်ပုန်းတွင်ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မေးမည်။
- ⦿ ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားမည်။
  သာဓက။ ။ခင်းကျင်း=နေရာတကျ စီစဉ်ထားသိုသည်။
- သင်ပုန်းတွင် ရေးသားထားသော စကားလုံးများကို မှတ်စုတွင် ရေးသားစေပါမည်။
- ကျန်သော စာပိုဒ်များကို လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- သင်ခန်းစာ တစ်ပုဒ်လုံးကို ပြန်လည်ဖတ်စေပါမည်။
- "ကလေးတို့ သစ်သားနဲ့ ပြုလုပ်တဲ့ ကစားစရာတွေ၊ ဝါးနဲ့ ပြုလုပ်ထားတဲ့ ကစားစရာတွေကို စာလုံးပေါင်းသတ်ပုံနဲ့တကွ သိရှိကြပြီနော်" ဟု ပြောကာနိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်များကို မှန်ကန်စွာ ဖတ်နိုင်ခြင်းနှင့် နားမလည်သော စကားလုံးများကို ပြောနိုင် ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၂-ဂ)　မြန်မာ့ရိုးရာ ကလေးကစားစရာ**

**အကြံပြုစာသင်ချိန်　၁၀ မိနစ် (ဆင့်မအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- "ကလေးတို့ သင်ခန်းစာပါ တစ်ပိုဒ်ချင်းစီကိုလည်း ဖတ်ပြီးပြီ။ နားမလည်တဲ့ စကားလုံးတွေရဲ့ အဓိပ္ပာယ်လည်း သိသွားပြီဆိုတော့ သင်ခန်းစာတစ်ပုဒ်လုံး ပြန်ဖတ်ကြည့်ရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

⦿ ဆရာက ကလေး ၅ ဦးအား အတန်းရှေ့ခေါ်၍ သင်ခန်းစာကို တစ်ယောက်တစ်ပိုဒ်စီ ဖတ်စေမည်။

⦿ သင်ခန်းစာရှိ စာတစ်ပိုဒ်စီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကို နားလည်သလို နှစ်ယောက်တစ်တွဲ စဉ်းစားပြီး ပြောစေပါမည်။

- ကလေး ၃၊ ၄ တွဲခန့်အား အတန်းရှေ့ထွက်ကာ ပြောစေမည်။
- ကျောင်းသုံးစာအုပ်ရှိ လေ့ကျင့်ခန်းတွင် ပါဝင်သော အိုးပုတ်၊ ချိုးရုပ်၊ ပစ်တိုင်းထောင်၊ သေနတ်၊ ဇီးကွက်ရုပ်တို့ကို စာလုံးပေါင်းသတ်ပုံ ဖတ်စေပြီး လေ့ကျင့်စေမည်။

### နိဂုံးချုပ်ခြင်း

- ဆရာက မှားနိုင်သည့် သတ်ပုံများကို သတိထားသင့်ကြောင်း ပြောကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ပါ အကြောင်းအရာများကို ပြောနိုင် ရေးနိုင်ခြင်း ရှိ မရှိ စာလုံးပေါင်းသတ်ပုံများကို မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်



သစ်သားဖြင့် ပြုလုပ်ထားသော အိုးစည်၊ ကျားရုပ်နှင့် မြင်းရုပ်တို့ကိုလည်း တွေ့ရသည်။ အဝတ်စဖြင့် ပြုလုပ်ထားသော မင်းသားရုပ်၊ မင်းသမီးရုပ်၊ ဇော်ဂျီရုပ်ကလေးများကို ဆိုင်ခန်းထဲတွင် ချိတ်ဆွဲထားပါသည်။ ဝါးဖြင့် ပြုလုပ်ထားသော ပလွေ၊ ဓား၊ သေနတ်တို့ ခင်းကျင်းပြသထားသည်ကိုလည်း တွေ့ရပါသည်။ ကျွန်တော်တို့သည် ထိုအရုပ်များကို အလွန်နှစ်သက်ပါသည်။ ထို့ကြောင့် အရုပ်ဆိုင်မှ မခွာနိုင်အောင် ဖြစ်နေကြပါသည်။

ဖေဖေနှင့်မေမေတို့က ကျွန်တော်တို့အတွက် ကစားစရာအရုပ်မျိုးစုံကို ဝယ်ပေးပါသည်။

၁၇

### အရေးကြီးသောအချက်များ

- သင်ခန်းစာ အကြောင်းအရာများကို အဓိပ္ပာယ် နားလည်အောင် ဖတ်နိုင်ရမည်။ ပြောနိုင်ရမည်။
- စာရေးသားရာတွင် စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာ ရေးသားနိုင်ခြင်းရှိ မရှိကို ဆရာက စစ်ဆေးပေးရပါမည်။
- စာဖတ်ရာနှင့် စာရေးသားရာတွင် အားနည်းချက်ရှိသော ကလေးရှိပါက ဆရာက ပံ့ပိုးကူညီပေးရမည်။

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အိုးပုတ်၊ ချိုးရှပ်၊ ပစ်တိုင်းထောင်၊ သေနတ်၊ ဇီးကွက်ရုပ်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

နှစ်သက်၊ ကစားစရာ၊ ချစ်စရာ၊ မျက်နှာ၊ ချိတ်ဆွဲ

**သာဓက**

နှစ်သက် ။ ။ ကျွန်တော်သည် ဖိုးဝရုပ်ကလေးကို အလွန်နှစ်သက်ပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ သစ်သားဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၂။ စက္ကူဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၃။ ဝါးဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၄။ ရွှံ့ဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၅။ အရုပ်ဆိုင်မှ မခွာနိုင်အောင် အဘယ်ကြောင့် ဖြစ်နေရပါသနည်း။
၆။ မြန်မာ့ရိုးရာ ကလေးကစားစရာများထဲတွင် မည်သည့်အရုပ်များနှင့် ကစားဖူးပါသနည်း။
၇။ မြန်မာ့ရိုးရာ ကလေးကစားစရာများထဲတွင် မည်သည့်အရုပ်ကို အနှစ်သက်ဆုံး ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။
၈။ မြန်မာ့ရိုးရာ ကလေးကစားစရာများကို မည်သည့်အရာများဖြင့် ပြုလုပ်ထားပါသနည်း။
၉။ အရုပ်မပါသော ကစားနည်းများကို သိပါသလား။ မည်သည့် ကစားနည်းဖြင့် ကစားဖူးသနည်း။

၁၈

## အရေးကြီးသောအချက်များ

- ဆရာက ကလေးများ ပြောသည့် ဝါကျများနှင့် ရေးသားထားသော ဝါကျများ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- သဒ္ဒါအသုံးအနှုန်းများကို ရှင်းပြရန် မလိုသော်လည်း ရိုးရှင်းလွယ်ကူသည့် ဝါကျတည်ဆောက်ပုံကို ရှင်းလင်းသင်ပြရပါမည်။
- ဝါကျဖွဲ့ပုံမှန်ကန်စေရန် ကလေးများပြောထားသော ဝါကျများ ရေးသားထားသည့်မှတ်စုများကို ဆရာက စစ်ဆေးပေးရပါမည်။

## အခန်း (၂-ဂ) မြန်မာ့ရိုးရာ ကလေးကစားစရာ

**အကြံပြုစာသင်ချိန် ၁၀ မိနစ် (သတ္တမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ဆရာက "ကလေးတို့ စာလုံးပေါင်းသတ်ပုံတွေလဲ လေ့ကျင့်ပြီးပြီ။ အခု ဝါကျတွေ ဖွဲ့ကြမယ်နော်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

⊙ ဆရာက ဝါကျဖွဲ့နည်းကိုရှင်းပြပြီး **နှစ်သက်** စကားလုံးကို နမူနာဝါကျ ဖွဲ့ပြပါမည်။

- ဝါကျဖွဲ့နည်းကို ရှင်းပြမည်။
- **ကစားစရာ** စကားလုံးဖြင့် နှစ်သက်ရာ ဝါကျကို ပြောစေမည်။
- ကလေးများပြောသော ဝါကျများကို သင်ပုန်းတွင် ရေးပြပါမည်။

⊙ ထိုသို့ရေးသားရာတွင် ဝါကျတည်ဆောက်ပုံ မှားယွင်းပါက ဆရာက ပြင်ဆင်ပေးပါမည်။

- ဆရာရေးထားသော ဝါကျများကို မှတ်စုစာအုပ်တွင် ရေးသားစေမည်။

⊙ ကျန်စကားလုံးများကိုလည်း အချင်းချင်း ဆွေးနွေးပြောစေကာ ဝါကျဖွဲ့စေပြီးမှ မှတ်စုစာအုပ်တွင် ရေးသားပါမည်။

- ရေးသားထားသော ဝါကျများကို ပြောစေပြီး လိုအပ်ပါက ဆရာက ပြင်ဆင် ဖြည့်စွက်ပေးမည်။

### နိဂုံးချုပ်ခြင်း

- မိမိ ရေးသားထားသော ဝါကျများကို အဖွဲ့တွင်း ဖတ်ပြခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဝါကျများကို မှန်ကန်စွာ ဖွဲ့နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၂-ဂ) မြန်မာ့ရိုးရာ ကလေး ကစားစရာ
## အကြံပြုစာသင်ချိန် ၁၀ ချိန် (အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "ဆရာက ကလေးတို့ ဝါကျတွေ ဖွဲ့ပြီးပြီဆိုတော့ ဒီနေ့ မေးခွန်းတွေ ဆက်ဖြေကြမယ်နော်" ဟု ပြောပြီး နိဒါန်း ပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဆရာက စာတစ်ပုဒ်လုံးကို ကလေးများအား ဖတ်စေပါမည်။

♦ မြန်မာ့ရိုးရာ ကလေးကစားစရာများ၏ အမည်တစ်ခုချင်းကို စာရွက်ပိုင်း တစ်ခုချင်းပေါ်တွင် ရေးသားထားပါမည်။ ကလေးများကို အုပ်စု ၄ စုခွဲပြီး ထိုစာရွက်ပိုင်းများကို ဝေပေးပါမည်။

⊙ မိမိတို့ ရရှိထားသော အရုပ်အမည်များ ပါရှိသည့် စာရွက်ပိုင်းများကို အမျိုးအစား တူရာ စုပါမည်။ (ရွှံ့၊ စက္ကူ၊ သစ်သား၊ ဝါး) အမျိုးအစားတူရာ စုစည်းထားသော အမည်များကို တစ်အုပ်စုချင်း အခြား အုပ်စုများကို ဖတ်ပြပါမည်။ (အချို့အရုပ်များသည် ပစ္စည်းအမျိုးအစား နှစ်မျိုးစလုံးဖြင့် လုပ်နိုင်သည်။ သာဓက။ ။ ငှက်ရုပ်)

⊙ ထို့နောက် ကျောင်းသုံးစာအုပ်ပါ မေးခွန်း ၁ ကို ဆရာက ဖတ်ပြမည်။ အဖြေကို သင်ခန်းစာ၏မည်သည့်နေရာတွင် ဖြစ်သည်ကို ရှာ၍ မျဉ်းသားစေမည်။

⊙ နှစ်ယောက်တစ်တွဲ အဖြေကိုပြောစေမည်။ ဆရာက ကလေးများအား မေးခွန်း၏အဖြေကို ပြောစေမည်။ အဖြေမှန်ရရှိပါက မှတ်စုတွင်ရေးသားစေမည်။

♦ မေးခွန်း ၂၊ ၃၊ ၄ ကိုလည်း အထက်ပါနည်းအတိုင်း ဆက်လက် ဖြေဆိုစေပါမည်။

♦ ကလေးများ ဖြေဆိုပြီးပါက ဆရာက စစ်ဆေးပေးရပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "ကလေးတို့ မြန်မာ့ရိုးရာ ကလေးကစားစရာမျိုးစုံကို ဘာတွေနဲ့ ပြုလုပ်ထားတယ်ဆိုတာ သိသွားကြပြီနော်။ နောက်တစ်ချိန်ကျရင် ကျန်တဲ့မေးခွန်းတွေ ဆက်ဖြေကြမယ်နော်" ဟုပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ မေးခွန်းများကို ဖြေဆိုရာတွင် အဖြေများကို စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အိုးပုတ်၊ ချိုးရုပ်၊ ပစ်တိုင်းထောင်၊ သေနတ်၊ ဇီးကွက်ရုပ်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

နှစ်သက်၊ ကစားစရာ၊ ချစ်စရာ၊ မျက်နှာ၊ ချိတ်ဆွဲ

**သာဓက**

နှစ်သက် ။ ။ ကျွန်တော်သည် ဖိုးဝရုပ်ကလေးကို အလွန်နှစ်သက်ပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ သစ်သားဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၂။ စက္ကူဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၃။ ဝါးဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၄။ ရွှံ့ဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၅။ အရုပ်ဆိုင်မှ မခွာနိုင်အောင် အဘယ်ကြောင့် ဖြစ်နေရပါသနည်း။
၆။ မြန်မာ့ရိုးရာ ကလေးကစားစရာများထဲတွင် မည်သည့်အရုပ်များနှင့် ကစားဖူးပါသနည်း။
၇။ မြန်မာ့ရိုးရာ ကလေးကစားစရာများထဲတွင် မည်သည့်အရုပ်ကို အနှစ်သက်ဆုံး ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။
၈။ မြန်မာ့ရိုးရာ ကလေးကစားစရာများကို မည်သည့်အရာများဖြင့် ပြုလုပ်ထားပါသနည်း။
၉။ အရုပ်မပါသော ကစားနည်းများကို သိပါသလား။ မည်သည့် ကစားနည်းဖြင့် ကစားဖူးသနည်း။

၁၈

---

### အရေးကြီးသောအချက်များ

♦ မေးခွန်းများ၏ အဖြေများကို ဖြေဆိုရာတွင် မှန်ကန်စေရန် ဆရာက ကလေးများ ဖြေဆိုနေစဉ် လိုက်လံကြည့်ရှုရမည်။

♦ စာရေးသားရာတွင် စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိကို ဆရာကစစ်ဆေးပေးရပါမည်။

♦ စာရေးသားရာတွင် အားနည်းချက်ရှိသော ကလေးရှိပါက ဆရာက ပံ့ပိုးကူညီပေးရမည်။

## အခန်း (၂-၈) မြန်မာ့ရိုးရာ ကလေးကစားစရာ

## အကြိုပြုစာသင်ချိန် ၁၀ ချိန် (နဝမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- ဆရာက "ကလေးတို့ ကျောင်းသုံးစာအုပ်က မေးခွန်း ၁ ကနေ ၄ အထိ ဖြေပြီးကြပြီဆိုတော့ ဒီနေ့ ကျန်တဲ့ မေးခွန်း ၆ နဲ့ ၇ ကို ဆက်ဖြေကြမယ်နော်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ဆရာက ကလေးများအား စာတစ်ပုဒ်လုံးကို ဖတ်စေမည်။
- ပြီးနောက် ကျောင်းသုံးစာအုပ်ပါ မေးခွန်း ၅ ကို ဆရာက ဖတ်ပြမည်။ အဖြေကို သင်ခန်းစာ၏ မည်သည့်နေရာတွင် ရှိသည်ကို ရှာ၍ မျဉ်းသားစေမည်။
- ⦿ နှစ်ယောက်တစ်တွဲ အဖြေကို ပြောစေမည်။ ဆရာက ကလေးများအား မေးခွန်း၏အဖြေကို ပြောစေမည်။ အဖြေမှန်ရရှိပါက မှတ်စုတွင် ရေးသားစေမည်။
- ⦿ မေးခွန်း ၆ ကို ဆရာက ဖတ်ပြပါမည်။ ကလေးများ၏ အဖြေကို နှစ်ယောက်တစ်တွဲစဉ်းစားစေမည်။ စဉ်းစား ရရှိသော အဖြေကို ကလေး ၂ တွဲ၊ ၃ တွဲခန့်အား အတန်းရှေ့တွင် ပြောစေပါမည်။ လိုအပ်သောအချက်များ ရှိပါက ဆရာက ဖြည့်စွက်ပြောပေးပါမည်။ အဖြေရရှိပါက မှတ်စုတွင်ရေးသားစေမည်။
- မေးခွန်း ၇ ကိုလည်း မေးခွန်း ၆ ကို သင်နည်းအတိုင်း ဆက်၍ ဖြေဆိုစေပါမည်။
- ကလေးများ ဖြေဆိုပြီးပါက ဆရာက မှတ်စုများကို စစ်ဆေးပေးပါမည်။

#### နိဂုံးချုပ်ခြင်း

- "ကလေးတို့ အခု မေးခွန်းတွေ ဖြေဆိုတဲ့အခါ မြန်မာ့ ကလေးကစားစရာတွေထဲက ကစားဖူးတဲ့ အရုပ်တွေ၊ ကိုယ်နှစ်သက်တဲ့အရုပ်တွေကို ကလေးတို့ စဉ်းစားပြီး ပြောတတ်၊ ရေးတတ်ကြပြီနော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- မေးခွန်းများကို ဖြေဆိုရာတွင် အဖြေမှန်ကို ပြောဆိုနိုင်ခြင်းနှင့် သတ်ပုံမှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အိုးပုတ်၊ ချိုးရုပ်၊ ပစ်တိုင်းထောင်၊ သေနတ်၊ ဇီးကွက်ရုပ်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

နှစ်သက်၊ ကစားစရာ၊ ချစ်စရာ၊ မျက်နှာ၊ ချိတ်ဆွဲ

**သာဓက**

နှစ်သက် ။ ။ ကျွန်တော်သည် ဖိုးဝရုပ်ကလေးကို အလွန်နှစ်သက်ပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ သစ်သားဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၂။ စက္ကူဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၃။ ဝါးဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၄။ ရွှံ့ဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၅။ အရုပ်ဆိုင်မှ မခွာနိုင်အောင် အဘယ်ကြောင့် ဖြစ်နေရပါသနည်း။
၆။ မြန်မာ့ရိုးရာ ကလေးကစားစရာများထဲတွင် မည်သည့်အရုပ်များနှင့် ကစားဖူးပါသနည်း။
၇။ မြန်မာ့ရိုးရာ ကလေးကစားစရာများထဲတွင် မည်သည့်အရုပ်ကို အနှစ်သက်ဆုံး ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။
၈။ မြန်မာ့ရိုးရာ ကလေးကစားစရာများကို မည်သည့်အရာများဖြင့် ပြုလုပ်ထားပါသနည်း။
၉။ အရုပ်မပါသော ကစားနည်းများကို သိပါသလား။ မည်သည့် ကစားနည်းဖြင့် ကစားဖူးသနည်း။

၁၈

---

### အရေးကြီးသောအချက်များ

- ဆရာက ကလေးများဖြေဆိုနေစဉ် လိုက်လံကြည့်ရှုရမည်။
- စာရေးသားရာတွင် စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိကို ဆရာကစစ်ဆေးပေးပါမည်။
- စာရေးသားရာတွင် အားနည်းချက်ရှိသော ကလေးရှိပါက ဆရာက ပံ့ပိုး ကူညီပေးရပါမည်။

## အခန်း (၂-ဂ) မြန်မာ့ရိုးရာ ကလေးကစားစရာ
## အကြိုပြုစာသင်ချိန် ၁၀ မိနစ် (ဒုသမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ဆရာက "ကလေးတို့ ကျောင်းသုံးစာအုပ်က မေးခွန်း ၈ နဲ့ ၉ ကို ဆက်ဖြေကြရအောင် " ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဆရာက ကလေးများအား စာတစ်ပုဒ်လုံးကို ဖတ်စေမည်။ ပြီးနောက် ကျောင်းသုံးစာအုပ်ပါ မေးခွန်း ၈ ကို ဆရာက ဖတ်ပြမည်။

⊙ အဖြေကို သင်ခန်းစာ၏မည်သည့်နေရာတွင် ဖြစ်သည်ကို ရှာ၍ မျဉ်းသားစေမည်။

⊙ နှစ်ယောက်တစ်တွဲ အဖြေကို ပြောစေမည်။ ဆရာက ကလေးများအား မေးခွန်း၏အဖြေကို ပြောစေမည်။ အဖြေရရှိပါက မှတ်စုတွင် ရေးသားစေမည်။

♦ အရုပ်မပါသော ကစားနည်းကို နားလည်အောင် ရှင်းပြပြီး မည်သည့်ကစားနည်းဖြစ်သည်ကို မေးပါမည်။

♦ မေးခွန်း ၉ ကိုလည်း ဆရာက ဖတ်ပြပါမည်။ ကလေးများအား အဖြေကို နှစ်ယောက်တစ်တွဲ စဉ်းစားစေမည်။ စဉ်းစားရရှိသော အဖြေကို ကလေး၂ တွဲ ၃တွဲခန့်အား အတန်းရှေ့တွင် ပြောစေပါမည်။ လိုအပ်ချက်များရှိပါက ဆရာက ဖြည့်စွက်ပြောပေးပါမည်။

♦ ကလေးများ စဉ်းစားရရှိသော အဖြေကို မှတ်စုတွင် ရေးသားစေမည်။

**နိဂုံးချုပ်ခြင်း**

♦ "ကလေးတို့ အခုမေးခွန်းတွေဖြေဆိုတဲ့အခါ မြန်မာ့ရိုးရာ ကလေးကစားစရာတွေကို ဘာနဲ့ပြုလုပ်ထားတယ်။ ကစားစရာအရုပ်တွေ မရှိတဲ့အခါ ဘယ်ကစားနည်းတွေနဲ့ ကစားကြတယ်ဆိုတာ ပြောတတ် ရေးတတ်ကြပြီနော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ မေးခွန်းများကို ဖြေဆိုရာတွင် စာလုံးပေါင်းသတ်ပုံမှန်ကန်စွာ ပြောနိုင် ရေးသားနိုင်ခြင်း ရှိ မရှိ၊ မေးခွန်းများကို မေးမြန်းရာတွင် ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အိုးပုတ်၊ ချိုးရုပ်၊ ပစ်တိုင်းထောင်၊ သေနတ်၊ ဇီးကွက်ရုပ်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

နှစ်သက်၊ ကစားစရာ၊ ချစ်စရာ၊ မျက်နှာ၊ ချိတ်ဆွဲ

**သာဓက**

နှစ်သက် ။ ။ ကျွန်တော်သည် ဖိုးဝရုပ်ကလေးကို အလွန်နှစ်သက်ပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ သစ်သားဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၂။ စက္ကူဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၃။ ဝါးဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၄။ ရွှံ့ဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
၅။ အရုပ်ဆိုင်မှ မစွာနိုင်အောင် အဘယ်ကြောင့် ဖြစ်နေရပါသနည်း။
၆။ မြန်မာ့ရိုးရာ ကလေးကစားစရာများထဲတွင် မည်သည့်အရုပ်များနှင့် ကစားဖူးပါသနည်း။
၇။ မြန်မာ့ရိုးရာ ကလေးကစားစရာများထဲတွင် မည်သည့်အရုပ်ကို အနှစ်သက်ဆုံး ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။
၈။ မြန်မာ့ရိုးရာ ကလေးကစားစရာများကို မည်သည့်အရာများဖြင့် ပြုလုပ်ထားပါသနည်း။
၉။ အရုပ်မပါသော ကစားနည်းများကို သိပါသလား။ မည်သည့် ကစားနည်းဖြင့် ကစားဖူးသနည်း။

၁၈

---

### အရေးကြီးသောအချက်များ

♦ ဆရာက ကလေးများ ဖြေဆိုနေစဉ် လိုက်လံကြည့်ရှုရမည်။

♦ စာရေးသားရာတွင် စာလုံးပေါင်းသတ်ပုံမှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိကို ဆရာက စစ်ဆေးပေးရပါမည်။

♦ မေးခွန်းများကို မေးမြန်းရာတွင် မှန်ကန်စွာ ဖြေဆိုတတ်ရန် လိုသည်။

♦ စာရေးသားရာတွင် အားနည်းချက်ရှိသော ကလေးရှိပါက ဆရာက ပံ့ပိုးကူညီပေးရမည်။

## (ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ







**သာဓက**

၁။ ငှက်ကလေးများ ပျံသန်းနေကြသည်။
၂။ လယ်သမားသည် နွားများဖြင့် လယ်ထွန်နေသည်။



### အဓိကအချက်များ

♦ ကျောင်းသားများ ရုပ်ပုံပါ စကားလုံးများကို အသုံးပြုပြီး စာကြောင်းများ ရေးသားနိုင်ရန် ဆရာက လမ်းညွှန်ပေးရမည်။

### အရေးကြီးသောအချက်များ

♦ ကလေးများအား ရုပ်ပုံပါ စကားလုံးများဖြင့် အဓိပ္ပာယ်ရှိသော စာကြောင်းများစွာ ရေးသားနိုင်ရမည်။

♦ စာကြောင်းပြီးဆုံးပါက ပုဒ်မ ထည့်ရန် ဆရာက လမ်းညွှန်ပေးရပါမည်။

♦ စကားလုံးနှစ်လုံးကို အသုံးပြုရေးထားသည်ကို တွေ့ပါက ဆရာက ချီးကျူးစကား ပြောပေးရပါမည်။

## အခန်း (၂-ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ
## အကြိမ်ပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

♦ ရုပ်ပုံတွင် ပြထားသော စကားလုံးများဖြင့် အဓိပ္ပာယ်ရှိသော စာကြောင်းများ ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "ဒီနေ့သင်မဲ့ခေါင်းစဉ်က ရုပ်ပုံကြည့်ကာ စာရေးပါ ဆိုတဲ့ သင်ခန်းစာဖြစ်တယ်။ ဒီသင်ခန်းစာမသင်ခင် ရုပ်ပုံလေးကို အရင်ကြည့်ကြမယ်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ "ရုပ်ပုံပါ စကားလုံးလေးတွေကို ဖတ်ပြီး အဓိပ္ပာယ်ရှိသော စာကြောင်းရေးကြမယ်" ဟု ပြောပါမည်။

⦿ ပထမဦးစွာ ရုပ်ပုံတွင်ပါသော စကားလုံးတစ်လုံးကိုအသုံးပြုပြီး အဓိပ္ပာယ်ရှိသော စာကြောင်းကို ဆရာက ရှင်းပြကာ သင်ပုန်းတွင် ရေးပြပါမည်။

သာဓက ။ ။ ဖေဖေ ကန်သင်းရိုးမှ လမ်းလျှောက်လာနေသည်။

♦ စကားလုံးတစ်လုံး အသုံးပြုပြီး စာကြောင်းရေးဖွဲ့ရာတွင် ဝါကျ တည်ဆောက်ပုံ မှန်စေရန် ဆရာက ရှင်းပြရမည်။

♦ ဆရာ ရေးထားသည်ကို ကလေးများအား ဖတ်ခိုင်းပါမည်။

⦿ ဆရာက "ငှက်ဆိုတဲ့ စကားလုံးကို အသုံးပြုပြီး အဓိပ္ပာယ်ရှိတဲ့ စာကြောင်းလေး ရေးကြရအောင်" ဟုပြောပါမည်။

⦿ ကလေးများအား နှစ်ယောက်တစ်တွဲ စဉ်းစားပြီး ပြောစေမည်။

♦ စဉ်းစားပြီးပါက မှတ်စုစာအုပ်တွင် ရေးစေပါမည်။

⦿ ဖတ်စာပါ အခြားစကားလုံးတစ်လုံးကို အသုံးပြု၍ စာကြောင်းများကို စဉ်းစားစေမည်။ ထို့နောက် နှစ်ယောက်တစ်တွဲ ပြောစေပြီး မှတ်စုစာအုပ်တွင် ရေးစေမည်။

♦ ကလေးများရေးထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲစစ်ဆေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ မိမိတို့ ရေးသားထားသော စာကြောင်းများကို အတန်းသို့ ပြောစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများဖြင့် စာကြောင်းများ ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၂-ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ
## အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- “အရင်အချိန်က စကားလုံးတစ်လုံး အသုံးပြုပြီး အဓိပ္ပာယ်ရှိတဲ့ စာကြောင်းလေးတွေ ရေးခဲ့ကြတယ်နော်။ အခုအချိန်မှာ စကားလုံး နှစ်လုံးကို အသုံးပြုပြီး စာကြောင်းလေးတွေ ရေးကြည့်ကြရအောင်” ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⦿ ဆရာက ရုပ်ပုံတွင်ပါသော စကားလုံးနှစ်လုံးကို အသုံးပြုပြီး နမူနာ စာကြောင်းတစ်ကြောင်း ရေးပြပါမည်။

သာဓက ။ ။ စိုက်ခင်း၊ အသီးအနှံ

စိုက်ခင်းမှ အသီးအနှံများ ထွက်ရှိသည်။

⦿ ကလေးများကို ၅ ယောက် တစ်အုပ်စု ဖွဲ့ပါမည်။

- ရုပ်ပုံတွင်ပါရှိသော စကားလုံးများထဲမှ စကားလုံး နှစ်လုံးစီကို သုံးကာ အဓိပ္ပာယ်ရှိသော စာကြောင်းများ ရေးကြရမည်ဟု ပြောပါမည်။
- ထို့နောက် ကလေးများကို အုပ်စုတွင် စဉ်းစားစေပါမည်။
- စဉ်းစားပြီးပါက စကားလုံးနှစ်လုံးဖြင့် အဓိပ္ပာယ်ရှိသော စာကြောင်းများ ရေးစေပါမည်။
- အုပ်စုတွင်း ရေးပြီးပါက ကလေးတစ်ယောက်ကို ဖတ်ခိုင်းပါမည်။
- ကျန်ကလေးများအား သေသေချာချာနားထောင်စေပြီး ဆရာက စကားလုံး ဘယ်နှလုံး သုံးထားလဲဆိုတာ မေးပါမည်။
- ကလေးများ ရေးထားသော စာကြောင်းများကို ဆရာက စစ်ဆေးပေးပါမည်။

**နိဂုံးချုပ်ခြင်း**

- “ကလေးတို့ ပေးထားတဲ့ စကားလုံးလေးတွေနဲ့ အဓိပ္ပာယ်ရှိတဲ့ စာကြောင်းလေးတွေ ရေးတတ်ပြီလား” ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံပါ စကားလုံးများဖြင့် စာကြောင်းများ ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

**(ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ**







**သာဓက**

၁။ ငှက်ကလေးများ ပျံသန်းနေကြသည်။
၂။ လယ်သမားသည် နွားများဖြင့် လယ်ထွန်နေသည်။

၁၉

### အရေးကြီးသောအချက်များ

- ကလေးများ ရေးသားထားသော စာကြောင်းများတွင် ပေးထားသော စကားလုံးများဖြင့် စာကြောင်းများ ရေးသားနိုင်စေရန် ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- စကားလုံး သုံးလုံးဖြင့် ရေးသားထားသည်ကို တွေ့ပါက ဆရာက ချီးကျူးစကားပြောပေးရပါမည်။

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

(င) ကျေးဇူးရှင်ဦးကြီးများ



ကျွန်ုပ်တို့နိုင်ငံသည် လယ်ယာစိုက်ပျိုးသောနိုင်ငံဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကို လုပ်ဆောင်နေကြသော တောင်သူလယ်သမားများကို ကျွန်ုပ်တို့ အမြဲလေးစားကြပါသည်။ တောင်သူလယ်သမားများကို လေးစားသောအားဖြင့် ကျွန်တော်တို့က ကျေးဇူးရှင်ဦးကြီးများဟု ရင်းရင်းနှီးနှီးခေါ်ကြပါသည်။

၂၀

## အဓိကအချက်များ

- ကလေးများ ပုဒ်ဖြတ်၊ ပုဒ်ရပ်အသုံးကို သိရှိကာ အဖြတ်အရပ်မှန်မှန် ဖတ်တတ်ရပါမည်။
- ဖတ်စာနှင့် ဆက်စပ်သော အခြားစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုပါ သိရှိရပါမည်။
- လယ်ယာစိုက်ပျိုးရေးနှင့် သက်ဆိုင်သော စကားလုံးများကို ဝါကျဖွဲ့တတ်ရမည်။
- မိမိပတ်ဝန်းကျင်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်သော စာကြောင်းများကို ရေးသားတတ်ရမည်။

## အရေးကြီးသောအချက်များ

- ဆရာ ဖတ်ပြနေချိန်တွင် သေချာစွာ နားထောင်၍ အဖြတ်အရပ်နေရာများကို မှတ်သားထားရပါမည်။
- စာတစ်ပုဒ်လုံးတွင် ပါဝင်သော အကြောင်းအရာများကို အုပ်စုတွင်း ဆွေးနွေးစေရပါမည်။
- မိမိတို့၏ ထင်မြင်ချက်များကို လွတ်လပ်စွာ ပြောစေပါမည်။

## အခန်း (၂-င) ကျေးဇူးရှင်ဦးကြီးများ
## အကြံပြုစာသင်ချိန် ၁၀ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ဖတ်စာပါ အကြောင်းအရာကို နားလည်ပြီး မှန်ကန်စွာ ဖတ်တတ်ရေးသားတတ်ရန်
- စိုက်ပျိုးမွေးမြူရေးသည် မြန်မာနိုင်ငံ၏အဓိကလုပ်ငန်း ဖြစ်ကြောင်း သိရှိရန်
- တောင်သူလယ်သမားဦးကြီးများ၏ ကျေးဇူးကို သိရှိနားလည်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ပထမဦးစွာ ဆရာက သင်ခန်းစာကိုမသင်မီ ဖတ်စာပါ သင်ခန်းစာခေါင်းစဉ်ကို မေးပါမည်။ "ကလေးတို့ စာအုပ်ထဲမှာပါတဲ့ ခေါင်းစဉ်လေးကို ဖတ်ကြည့်ပါအုံး။ ဘာ ခေါင်းစဉ်လေးလဲ။ ဘာဖြစ်လို့ ကျေးဇူးရှင်ဦးကြီးများ လို့ ခေါ်တယ်ထင်သလဲ" စသည်ဖြင့် မေးခွန်းများကို မေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ⊙ ဆရာက ဖတ်စာ တစ်ပုဒ်လုံးကို ဖတ်ပြပါမည်။ ဆရာဖတ်ပြနေချိန်တွင် ကလေးများကို သေချာစွာ နားထောင်စေပါမည်။
- ထို့နောက် ဆရာက နောက်တစ်ကြိမ်ထပ်မံ၍ ဖတ်ပြပါမည်။
- ⊙ ဆရာဖတ်ပြနေစဉ် အဖြတ်အရပ်များကို ကလေးများ မှတ်သားစေမည်။
- ထို့နောက် ဆရာက နောက်တစ်ကြိမ် ဖတ်ပြပါမည်။ ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ⊙ ဖတ်စာတွင် ပါဝင်သော အကြောင်းအရာက "ဘယ်လိုအကြောင်းအရာလေးလဲ" ဟုမေးကာ အုပ်စုတွင်း ပြန်လည် ဆွေးနွေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဖတ်စာပါ အကြောင်းအရာများကို မိမိတို့၏ထင်မြင်ချက်အတိုင်း ပြန်လည် ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဖတ်စာပါ အကြောင်းအရာများကို ဆွေးနွေးနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်များကို ဖတ်နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၂-င) ကျေးဇူးရှင်ဦးကြီးများ**
**အကြံပြုစာသင်ချိန် ၁၀ မိနစ် (ဒုတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ "ကလေးတို့ ပထမအချိန်က စာတစ်ပုဒ်လုံးကို ဖတ်ပြီးပြီ။ ဘယ်လိုအကြောင်းအရာဖြစ်မလဲဆိုတာကိုလဲ သူငယ်ချင်းတွေနဲ့ ဆွေးနွေးထားတယ်။ ဒီတစ်ချိန်မှာတော့ စာတစ်ပိုဒ်ချင်းစီကို ဖတ်ပြီး ဆွေးနွေးကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

⦿ ဆရာက ပထမစာပိုဒ်ကို ဖတ်ပြပါမည်။

♦ ကလေးများကို နောက်မှလိုက်၍ဖတ်စေပါမည်။

♦ ထို့နောက် အဖွဲ့လိုက် ဖတ်စေမည်။

⦿ စာပိုဒ်ကို ဖတ်ပြီးပါက ခက်ခဲသော စကားလုံးများကို မျဉ်းသား၍ မှတ်ထားစေမည်။

♦ ကလေးများပြောသော စကားလုံးများကို သင်ပုန်းတွင် ရေးကာ အဓိပ္ပာယ်ကိုနားလည်သော ကလေးများ ရှိ မရှိ မေးပါမည်။

⦿ "အသံတူပြီး အကြောင်းအရာအဓိပ္ပာယ်ကွဲတဲ့ စကားလုံးတွေရှိမယ် ထင်သလား" "ဘယ်လို စကားလုံးတွေ ဖြစ်မယ် ထင်သလဲ"

⦿ ဆရာက စကားလုံးတစ်လုံးကို နမူနာအနေဖြင့် ပေးပါ မည်။

သာဓက။ ။ လယ် နှင့် လည်

⦿ "လယ်" ကို ဘယ်လိုနေရာမျိုးမှာ သုံးသလဲ။ "လည်" ကို ဘယ်လိုနေရာမျိုးမှာ သုံးသလဲ။ ကလေးများကို မှတ်စုစာအုပ်တွင် ရေး၍မှတ်သားစေမည်။

| **လယ်** | **လည်** |
|---|---|
| အလယ် | လည်ပတ် |
| လယ်ကွင်း | သွားလည် |
| လယ်ယာ | |
| လယ်တော | |
| လယ်တဲ | |
| နေ့လယ် | |

♦ ရေးသားပြီးပါက မိမိရေးသားထားသည်များကို အုပ်စုတွင်း အပြန်အလှန် စစ်ဆေးကြည့်ကာ ပြောစေပါမည်။



**(င) ကျေးဇူးရှင်ဦးကြီးများ**



ကျွန်ုပ်တို့နိုင်ငံသည် လယ်ယာစိုက်ပျိုးသောနိုင်ငံဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကို လုပ်ဆောင်နေကြသော တောင်သူလယ်သမားများကို ကျွန်ုပ်တို့အမြဲလေးစားကြပါသည်။ တောင်သူလယ်သမားများကို လေးစားသောအားဖြင့် ကျွန်တော်တို့က ကျေးဇူးရှင်ဦးကြီးများဟု ရင်းရင်းနှီးနှီးခေါ်ကြပါသည်။



## အရေးကြီးသောအချက်များ

♦ အသံတူ၍ အဓိပ္ပာယ်မတူသော စကားလုံးများကို ရေးရာတွင် ဆရာက ကလေးများ သတ်ပုံ မှားသည် မှန်သည် မပြောဘဲ ကလေးများ၏ အသိကိုသာ ထုတ်ဖော်ပေးရပါမည်။

♦ သတ်ပုံမှားနိုင်သည့်အတွက်ကြောင့် စာလုံးပေါင်းသတ်ပုံကို ဆရာက စစ်ဆေးပေးရပါမည်။

♦ အချိန်ရပါက ဆရာက အခြားသံတူကြောင်းကွဲစကားလုံးများကိုလည်း ပေးနိုင်ပါသည်။

## နိဂုံးချုပ်ခြင်း

♦ ဖတ်စာပါ ပထမစာပိုဒ်ကို ပြန်လည်ရွတ်ဆိုစေပြီး မည်သည့်အကြောင်းအရာများဖြစ်သည်ကို မေးကာ နိဂုံးချုပ်ပါမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

♦ စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်



ဦးကြီးတို့ ကျေးဇူးကား များပြားလှပါသည်။ ကျွန်ုပ်တို့ နေ့စဉ်စားသုံးသော ဆန်စပါးကို ဦးကြီးတို့က စိုက်ပျိုးပေးကြပါသည်။ အဝတ်အထည် ရက်လုပ်ရန် ဝါများကိုလည်း စိုက်ပျိုးပေးကြပါသည်။ စားသုံးဆီအတွက် နှမ်းနှင့်မြေပဲကိုလည်း စိုက်ပျိုးပေးကြပါသည်။ သစ်သီးဝလံများကိုလည်း ရာသီအလိုက်စိုက်ပျိုးပေးကြပါသည်။ ဦးကြီးတို့သည် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ ကျွဲ၊ နွားစသည်တို့ကိုလည်း မွေးမြူကြပါသည်။



ဦးကြီးတို့၏ကျေးဇူးကြောင့် ကျွန်ုပ်တို့၏ စားဝတ်နေရေးအတွက် စိတ်အေးရပါသည်။ ထို့ကြောင့် တောင်သူလယ်သမားဦးကြီးများသည် ကျွန်ုပ်တို့၏ ကျေးဇူးရှင်များ ဖြစ်ပါသည်။

၂၁

## အရေးကြီးသောအချက်များ

- ♦ စာလုံးပေါင်းသတ်ပုံကို ဆရာက စစ်ဆေးပေးရပါမည်။
- ♦ စိုက်ပျိုးမွေးမြူရေးနှင့် စပ်လျဉ်းသော စကားလုံးများကို ကျောင်းသား အချင်းချင်း ပြောပြနိုင်စေရန် ဆရာက ကူညီပေး ရပါမည်။

## နိဂုံးချုပ်ခြင်း

- ♦ ကလေးများရေးသားထားသော စကားလုံးများကို ဖတ် စေကာ နိဂုံးချုပ်ပါမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း စကားလုံးအသစ်များ၊ စိုက်ပျိုးမွေးမြူ ရေးနှင့် သက်ဆိုင်သော စကားလုံးများကို ရေးနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၂- င)** ကျေးဇူးရှင်ဦးကြီးများ
**အကြံပြုစာသင်ချိန်** ၁၀ မိနစ် (တတိယ၊ စတုတ္ထအချိန်)

## သင်ကြားသင်ယူမှုလုပ်ငန်း (တတိယအချိန်)

### နိဒါန်း

- ♦ ပထမစာပိုဒ်ကို ဖတ်စေမည်။ ဒုတိယအချိန်မှ စကားလုံး များကို ပြန်ပြောစေကာ နိဒါန်းပျိုးမည်။

### လုပ်ငန်းစဉ်

- ⊙ ပထမစာပိုဒ်ကို ဖတ်ပြီးပါက ဒုတိယစာပိုဒ်နှင့် တတိယ စာပိုဒ်ကို ဆရာက ဖတ်ပြပါမည်။
- ♦ ကလေးများကို နောက်မှလိုက်၍ဖတ်စေပါမည်။
- ♦ ထို့နောက် အဖွဲ့လိုက် ဖတ်စေမည်။
- ⊙ နားမလည်သော၊ ခက်ခဲသော စကားလုံးများရှိပါက မျဉ်းသား၍ မှတ်ထားစေမည်။
- ♦ မျဉ်းသားထားသော စကားလုံးများကို မှတ်စုစာအုပ်တွင် ရေးသားစေပါမည်။
- ⊙ ရေးသားပြီးပါက စကားလုံးများ၏ အဓိပ္ပာယ်ကို နှစ်ယောက်တစ်တွဲ အပြန်အလှန်ပြောစေပါမည်။
- ♦ နှစ်ယောက်လုံး စကားလုံးများ၏ အဓိပ္ပာယ်ကို မသိပါက အတန်း တစ်တန်းလုံးသို့မေးကာ အဓိပ္ပာယ်ကို ပြောစေပါမည်။
- ♦ တတိယစာပိုဒ်ကိုလည်း ထိုနည်းအတိုင်း သင်ကြားပါမည်။

### နိဂုံးချုပ်ခြင်း

- ♦ ဒုတိယနှင့် တတိယစာပိုဒ်ကို ဖတ်၍ မည်သည့်အကြောင်း အရာများ ရေးသားထားသည်ကို မေးကာ နိဂုံးချုပ်ပါမည်။

## သင်ကြားသင်ယူမှုလုပ်ငန်း (စတုတ္ထအချိန်)

### နိဒါန်း

- ♦ "ဒီနေ့ စိုက်ပျိုးမွေးမြူရေးနဲ့ သက်ဆိုင်တဲ့စကားလုံးတွေကို လေ့လာကြရအောင် " ဟုပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ⊙ ထို့နောက်"စာပိုဒ်ထဲမှာပါတဲ့ စကားလုံးတွေအပြင် စိုက်ပျိုး မွေးမြူရေးနဲ့ ပတ်သက်ပြီး တခြား ဘယ်စကားလုံးတွေ ကလေးတို့ သိသေးသလဲ ရေးကြည့်ကြပါအုံး" ဟု ပြောကာ စကားလုံးများကို စဉ်းစားစေ၍ ရေးစေပါမည်။
- ♦ ရေးသားပြီးပါက မိမိ ရေးသားထားသည်များကို အုပ်စုတွင်း ပြောစေပါမည်။
- ⊙ ဆရာက လေ့ကျင့်ခန်းတွင်ပါဝင်သော သတ်ပုံများကို ခေါ် ကာ ကလေးများကို ရေးသားစေမည်။
- ♦ ထို့နောက် အုပ်စုလိုက် လဲလှယ်ကြည့်စေပါမည်။

**အခန်း (၂-င) ကျေးစူးရှင်ဦးကြီးများ**
**အကြံပြုစာသင်ချိန် ၁၀ ချိန် (ပဉ္စမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ "ကလေးတို့ အရင်အချိန်က စာပိုဒ်တစ်ပိုဒ်ချင်းစီကို ဖတ်ခဲ့ကြပြီးပြီ။ ဒီအချိန်မှာတော့ စာတစ်ပုဒ်လုံးကို ဖတ်ပြီး ရေးကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

⦿ ပထမဦးစွာ ဆရာက စာတစ်ပုဒ်လုံးကို အသံထွက် အဖြတ်အရပ်မှန်မှန်ဖြင့် ဖတ်ပြပါမည်။

♦ ကလေးများ သေချာစွာလိုက်၍ နားထောင်စေပါမည်။

♦ ကလေးများကိုလည်း စာပိုဒ်ကိုကြည့်၍ အစအဆုံး ဖတ်စေပါမည်။

♦ ဆရာဖတ်ပြပြီးပါက ကလေးများကို အုပ်စုလိုက် ဖတ်စေပါမည်။

♦ အုပ်စုလိုက်ဖတ်ပြီးပါက စာတစ်ပုဒ်လုံးကို ရေးစေပါမည်။

⦿ ထိုသို့ရေးရာတွင် ကျောင်းသုံးစာအုပ်ပါ စာပိုဒ်ပုံစံအတိုင်း ရေးသားစေပါမည်။

♦ ရေးသားပြီးပါက မိမိတို့ရေးသားထားသော စာပိုဒ်ကို နှစ်ယောက်တစ်တွဲ အပြန်အလှန် စစ်ဆေးစေပါမည်။

⦿ စစ်ဆေးရာတွင် စာပိုဒ်ပုံစံ ရေးသားနိုင်ခြင်း ရှိ မရှိကို အဓိကထား၍ ကြည့်စေပါမည်။

♦ ထို့နောက် ရေးသားထားသည်များကို ဆရာက စစ်ဆေးပေးရပါမည်။

### နိဂုံးချုပ်ခြင်း

♦ မိမိတို့ရေးသားထားသော မှတ်စုစာအုပ်ကိုကြည့်ကာ စာတစ်ပုဒ်လုံးကို ပြန်လည် ဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း မှတ်စုစာအုပ်တွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**(င) ကျေးစူးရှင်ဦးကြီးများ**



ကျွန်ုပ်တို့နိုင်ငံသည် လယ်ယာစိုက်ပျိုးသောနိုင်ငံဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကို လုပ်ဆောင်နေကြသော တောင်သူလယ်သမားများကို ကျွန်ုပ်တို့အမြဲလေးစားကြပါသည်။ တောင်သူလယ်သမားများကို လေးစားသောအားဖြင့် ကျွန်တော်တို့က ကျေးဇူးရှင်ဦးကြီးများဟု ရင်းရင်းနှီးနှီးခေါ်ကြပါသည်။



## အရေးကြီးသောအချက်များ

♦ ကျောင်းသုံးစာအုပ်ပါ စာပိုဒ်များကို မှန်ကန်စွာ ရွတ်ဖတ် ရေးသားတတ်ရပါမည်။

♦ ကျောင်းသုံးစာအုပ်ပါ စာပိုဒ်များအတိုင်း ပြန်ရေးစေပါမည်။

♦ ရေးသားရာတွင် ပုဒ်ဖြတ်၊ ပုဒ်ရပ်အသုံးကို သတိပြု ရေးသားရပါမည်။

## အခန်း (၂-င) ကျေးရူးရှင်ဦးကြီးများ
## အကြိမ်ပြစာသင်ချိန် ၁၀ မိနစ် (ဆဋ္ဌမအချိန်)



**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အဝတ်အထည်၊ ဝါဂွမ်း၊ များပြား၊ ရက်လုပ်၊ လယ်ယာ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

မွေးမြူ၊ သစ်သီးဝလံ၊ ကျေးဇူး၊ စိုက်ပျိုး၊ ဆန်စပါး

**သာဓက**

မွေးမြူ ။ ။ ကျွန်မတို့အိမ်တွင် ရွှေငါးကလေးများ မွေးမြူထားပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ တောင်သူလယ်သမားကြီးများကို အဘယ်ကြောင့် ဦးကြီးများဟု ခေါ်ကြသနည်း။
၂။ ကျွန်ုပ်တို့စားသော ဆန်စပါးကို မည်သူတို့က စိုက်ပျိုးပေးသနည်း။
၃။ ဦးကြီးတို့သည် စားသုံးဆီအတွက် မည်သည့်အသီးအနှံကို စိုက်ပျိုးသနည်း။
၄။ တောင်သူလယ်သမားဦးကြီးများကို ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဟု အဘယ်ကြောင့် ခေါ်သနည်း။
၅။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သနည်း။
၆။ ကျေးဇူးရှင်ဦးကြီးများသည် ဖတ်စာပါ အကြောင်းအရာများအပြင် မည်သည့်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသနည်း။



### အရေးကြီးသောအချက်များ

- ဝါကျဖွဲ့ပုံ မှန်ကန်စေရန် ကလေးများရေးသားထားသော မှတ်စု၊ ပြောကြားသော စာကြောင်းများကို ဆရာက စစ်ဆေးပေးရပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ဒီအချိန်မှာတော့ ကလေးတို့ သိထားတဲ့ စကားလုံးတွေနဲ့ ဝါကျဖွဲ့ကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပထမဦးစွာ ဆရာက ကျောင်းသုံးစာအုပ်ပါ ဝါကျစကားလုံးများကို ဖတ်ခိုင်းပါမည်။
- ⊙ ဆရာက **မွေးမြူ**ဟူသော စကားလုံးကို ဝါကျ ဖွဲ့ပြမည်။
- ဝါကျဖွဲ့ပုံဖွဲ့နည်းကို ရှင်းပြမည်။
- **သစ်သီးဝလံ** ဟူသော စကားလုံးဖြင့် နှစ်သက်ရာ ဝါကျကို ပြောစေမည်။
- ကလေးများပြောကြားသော ဝါကျများကို သင်ပုန်းတွင် ရေးပြပါမည်။
- ⊙ ထိုသို့ရေးရာတွင် ဝါကျတည်ဆောက်ပုံ သဒ္ဒါများယွင်းပါက ဆရာက ပြင်ပေးရမည်။
- မှန်ကန်သည့် ဝါကျများကို မှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- ⊙ ကျန်စကားလုံးများကိုလည်း အချင်းချင်း ဆွေးနွေးပြောစေကာ ဝါကျဖွဲ့စေပြီးမှ မှတ်စုစာအုပ်တွင် ရေးသား ပါမည်။
- ရေးသားထားသော ဝါကျများကို ပြောစေပြီး လိုအပ်ပါက ဆရာက ဖြည့်စွက်ပြင်ဆင်ပေးမည်။

**နိဂုံးချုပ်ခြင်း**

- မိမိရေးသားထားသော ဝါကျများကို အဖွဲ့တွင်း ဖတ်ပြစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မှန်ကန်စွာ ဝါကျဖွဲ့နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်မည်။

**အခန်း (၂-င) ကျေးရူးရှင်ဦးကြီးများ**
**အကြံပြုစာသင်ချိန် ၁၀ ချိန် (သတ္တမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ "ကလေးတို့ အရင်အချိန်တွေမှာ စာတစ်ပုဒ်လုံးကို ဖတ်ပြီးပြီ သတ်ပုံတွေ ဝါကျတွေလဲ ရေးပြီးပြီဆိုတော့ ဒီတစ်ချိန်မှာ မေးခွန်းလေးတွေကို ဖြေကြည့်ကြမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

⦿ ပထမဦးစွာ မေးခွန်း ၁ ကို ဖတ်စေပါမည်။

♦ မေးခွန်းဖတ်ပြီးပါက အဖြေကို စဉ်းစားစေပါမည်။

⦿ အဖြေသည် မည်သည့်နေရာတွင် ရှိသည်ကို စဉ်းစားစေကာ မျဉ်းသားစေပါမည်။

♦ ထို့နောက် နှစ်ယောက်တစ်တွဲ ရှာတွေ့ထားသော အဖြေနေရာများကို ပြောစေမည်။

⦿ ကလေးများ ပြောပြီးပါက အဖြေကို သင်ပုန်းတွင် ရေးပြပါမည်။ ကလေးများ၏အဖြေကို မှတ်စုတွင် ကူးရေးစေမည်။

⦿ မေးခွန်း ၂၊ ၃၊ ၄ တို့၏အဖြေကို ဆရာက မပြောဘဲ ကလေးများစဉ်းစားစေပြီးမှ မှတ်စုစာအုပ်တွင် ရေးစေမည်။

♦ ကလေးများရေးပြီးပါက ဆရာက သင်ပုန်းတွင် ရေးပြကာ အဖြေစစ်ဆေးပါမည်။

♦ ထို့နောက် မေးခွန်းနှင့် အဖြေများကို ဖတ်စေပါမည်။

### နိဂုံးချုပ်ခြင်း

♦ မေးခွန်း ၁၊ ၂၊ ၃၊ ၄ တွင် ပါရှိသော အကြောင်းအရာများကို ပြန်လည်ဆွေးနွေးစေခြင်း၊ မေးခွန်းနှင့် အဖြေများကို ပြန်လည်ဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုရေးသားနိုင်ခြင်း ရှိ မရှိ ပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အဝတ်အထည်၊ ဝါဂွမ်း၊ များပြား၊ ရက်လုပ်၊ လယ်ယာ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

မွေးမြူ၊ သစ်သီးဝလံ၊ ကျေးဇူး၊ စိုက်ပျိုး၊ ဆန်စပါး

**သာဓက**

မွေးမြူ ။ ။ ကျွန်မတို့အိမ်တွင် ရွှေငါးကလေးများ မွေးမြူထားပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ တောင်သူလယ်သမားကြီးများကို အဘယ်ကြောင့် ဦးကြီးများဟု ခေါ်ကြသနည်း။
၂။ ကျွန်ုပ်တို့စားသော ဆန်စပါးကို မည်သူတို့က စိုက်ပျိုးပေးသနည်း။
၃။ ဦးကြီးတို့သည် စားသုံးဆီအတွက် မည်သည့်အသီးအနှံကို စိုက်ပျိုးသနည်း။
၄။ တောင်သူလယ်သမားဦးကြီးများကို ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဟု အဘယ်ကြောင့် ခေါ်သနည်း။
၅။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သနည်း။
၆။ ကျေးဇူးရှင်ဦးကြီးများသည် ဖတ်စာပါ အကြောင်းအရာများအပြင် မည်သည့်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသနည်း။



### အရေးကြီးသောအချက်များ

♦ မေးခွန်းများကို မဖြေကြားနိုင်သော ကလေးများ ရှိပါက ဆရာက သင်ပုန်းတွင်ရေးပြကာ ကူးရေးစေပါမည်။

♦ ဆရာက ကလေးများ ရေးသားထားသော မှတ်စုစာအုပ်မှ အဖြေများကို စစ်ဆေးရပါမည်။

## ၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

### လေ့ကျင့်ခန်း

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အဝတ်အထည်၊ ဝါဂွမ်း၊ များပြား၊ ရက်လုပ်၊ လယ်ယာ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

မွေးမြူ၊ သစ်သီးဝလံ၊ ကျေးဇူး၊ စိုက်ပျိုး၊ ဆန်စပါး

**သာဓက**

မွေးမြူ ။ ။ ကျွန်မတို့အိမ်တွင် ရွှေငါးကလေးများ မွေးမြူထားပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ တောင်သူလယ်သမားကြီးများကို အဘယ်ကြောင့် ဦးကြီးများဟု ခေါ်ကြသနည်း။

၂။ ကျွန်ုပ်တို့စားသော ဆန်စပါးကို မည်သူတို့က စိုက်ပျိုးပေးသနည်း။

၃။ ဦးကြီးတို့သည် စားသုံးဆီအတွက် မည်သည့်အသီးအနှံကို စိုက်ပျိုးသနည်း။

၄။ တောင်သူလယ်သမားဦးကြီးများကို ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဟု အဘယ်ကြောင့် ခေါ်သနည်း။

၅။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သနည်း။

၆။ ကျေးဇူးရှင်ဦးကြီးများသည် ဖတ်စာပါ အကြောင်းအရာများအပြင် မည်သည့်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသနည်း၊

၂၂

## အရေးကြီးသောအချက်များ

- ♦ မေးခွန်း ၅ နှင့် ၆ ကိုဖြေဆိုရာတွင် ကလေးများ၏ ပြောကြားချက်များကိုသာ အဓိကထားရပါမည်။
- ♦ ကလေးများ ပြောကြားနေချိန်တွင် လိုအပ်ချက်ရှိနေပါက အချက်အလက်ပြည့်စုံရန် ဆရာက ဖြည့်စွက်ပြောကြား ပေးရပါမည်။ မေးခွန်း ၅ နှင့် ၆ ကိုဖြေဆိုရာတွင် အဖြေကို မှတ်စုစာအုပ်တွင်ရေးသားရန်မလိုပါ။

## အခန်း (၂-င) ကျေးဇူးရှင်ဦးကြီးများ
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ "ကလေးတို့ အရင်အချိန်က မေးခွန်း ၁၊ ၂၊ ၃၊ ၄ ကို ဖြေခဲ့ပြီးပြီဆိုတော့ ဒီအချိန်မှာ မေးခွန်း ၅ နဲ့ ၆ ကို ဖြေကြည့်ကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ပထမဦးစွာ မေးခွန်း ၅ ကို ဖတ်စေပါမည်။
- ♦ မေးခွန်းဖတ်ပြီးပါက အဖြေကို စဉ်းစားစေပါမည်။
- ⦿ စဉ်းစားပြီးပါက စာတစ်ပိုဒ်ချင်းစီတွင် ဘယ်လို အကြောင်းအရာများပါဝင်သည်ကို အုပ်စုလိုက် ပြောစေပါမည်။
- ♦ အုပ်စုတွင်း ပြောပြီးပါက အုပ်စုထဲမှ တစ်ယောက်က အတန်းရှေ့ ထွက်၍ ပြောစေပါမည်။
- ⦿ ထို့နောက် စာပိုဒ်အစအဆုံးပြောလိုသော ကလေးရှိပါက အတန်းရှေ့တွင် ပြောစေပါမည်။ ကျန်ကလေးများကို နားထောင်စေပါမည်။
- ⦿ မေးခွန်း ၅ ကိုဖြေဆိုရာတွင် ဆရာက အဖြေကို အရင် မပြောဘဲ ကလေးများ၏ စဉ်းစားတွေးခေါ်မှုကို ဦးစားပေး ၍ ဖြေဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ မေးခွန်း ၆ တွင်ပါရှိသော အကြောင်းအရာများကို ပြန်လည်ဆွေးနွေးစေခြင်း၊ မေးခွန်းနှင့် အဖြေများကို ပြန် လည်ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို မှန်ကန်စွာဖြေဆို နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ် ပါမည်။

**အခန်း (၂-င) ကျေးဇူးရှင်ဦးကြီးများ**
**အကြံပြုစာသင်ချိန် ၁၀ မိနစ်**
**(နဝမ၊ ဒသမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း (နဝမအချိန်)

### နိဒါန်း

♦ "ကလေးတို့ အရင်အချိန်တွေက စာပိုဒ်ထဲမှာ ဘယ်လို အကြောင်းအရာတွေ ပါတယ်ဆိုတာကို သိခဲ့ကြပြီးပြီဆိုတော့ ဒီအချိန်မှာတော့ ကျေးဇူးရှင်ဦးကြီးများ ဖတ်စာပါ အကြောင်းအရာတွေအပြင် တခြားဘာတွေ စိုက်ပျိုးသေးသလဲ ဆိုတာကို သူငယ်ချင်းတွေနဲ့ ဆွေးနွေးပြီး ရုပ်ပုံလေးတွေ ဆွဲကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

⦿ ဆရာက စာတစ်ပုဒ်လုံးကို ဦးစွာဖတ်ကာ ကလေးများကို နောက်မှလိုက်၍ ရွတ်ဖတ်စေပါမည်။

♦ ပထမဦးစွာ ဆရာက အုပ်စုများဖွဲ့ပေးပါမည်။ အုပ်စုအလိုက် စာရွက်များကို ဝေပေးထားပါမည်။

♦ ဖတ်စာပါ စာပုဒ်တစ်ပုဒ်လုံးကို ဖတ်ပြပါမည်။

♦ ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။

⦿ ထို့နောက် ဖတ်စာပါ အကြောင်းအရာတွေအပြင် ဘာတွေ စိုက်ပျိုးကြသေးသလဲ၊ ဘာတွေ မွေးမြူသေးသလဲဆိုတာကို အုပ်စုတွင်း ဆွေးနွေး၍ ပြောစေပါမည်။

⦿ အုပ်စုလိုက် ဆွေးနွေးပြီးပါက အခြား မွေးမြူရေးလုပ်ငန်းများကို ရုပ်ပုံများဆွဲစေပါမည်။

သာဓက ။ ။ ငါးမွေးမြူပါက ငါးပုံ၊ လိမ္မော်ပင်စိုက်ပါက လိမ္မော်သီးပုံ စသည်ဖြင့် အုပ်စုလိုက် ဆွေးနွေးပြီး ပုံဆွဲစေပါမည်။

## သင်ကြားသင်ယူမှုလုပ်ငန်း (ဒသမအချိန်)

### နိဒါန်း

♦ "ကလေးတို့ ပုံတွေဆွဲပြီးကြပြီးလား ဆွဲပြီးရင် အချင်းချင်း ဆွေးနွေးကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

♦ ယခင်အချိန်ကဲ့သို့ အဖွဲ့လိုက် လုပ်ဆောင်ချက်များကို ဆက်လက်လုပ်ဆောင်စေပါမည်။

♦ ထို့နောက် ရေးဆွဲထားသည့်ပုံများကို အုပ်စုလိုက် သင်ပုန်းတွင် ကပ်စေပါမည်။

⦿ အုပ်စုအသီးသီးအလိုက် လယ်သမားများ မည်သည်တို့ကို စိုက်ပျိုးမွေးမြူကြကြောင်း ပြောစေပါမည်။



၂။ ဖတ်စာကလေးတွေ သင်ကာရယ် ပုံပြင်ကလေးလဲ ပြောကြမယ်

လေ့ကျင့်ခန်း

အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။

အဝတ်အထည်၊ ဝါဂွမ်း၊ များပြား၊ ရက်လုပ်၊ လယ်ယာ

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

မွေးမြူ၊ သစ်သီးဝလံ၊ ကျေးဇူး၊ စိုက်ပျိုး၊ ဆန်စပါး

သာဓက

မွေးမြူ ။ ။ ကျွန်မတို့အိမ်တွင် ရွှေငါးကလေးများ မွေးမြူထားပါသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ တောင်သူလယ်သမားကြီးများကို အဘယ်ကြောင့် ဦးကြီးများဟု ခေါ်ကြသနည်း။
၂။ ကျွန်ုပ်တို့စားသော ဆန်စပါးကို မည်သူတို့က စိုက်ပျိုးပေးသနည်း။
၃။ ဦးကြီးတို့သည် စားသုံးဆီအတွက် မည်သည့်အသီးအနှံကို စိုက်ပျိုးသနည်း။
၄။ တောင်သူလယ်သမားဦးကြီးများကို ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဟု အဘယ်ကြောင့် ခေါ်သနည်း။
၅။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သနည်း။
၆။ ကျေးဇူးရှင်ဦးကြီးများသည် ဖတ်စာပါ အကြောင်းအရာများအပြင် မည်သည့်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသနည်း။

၂၂

### အရေးကြီးသောအချက်များ

♦ ဖတ်စာပါ အကြောင်းအရာအပြင် အခြားစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရှိကြောင်းကို ကလေးများကိုယ်တိုင် စဉ်းစား၍ ပြောပြနိုင်ရပါမည်။

♦ ဆရာက ကလေးများပုံဆွဲနိုင်ရန်အတွက် စာရွက်အလွတ်များ ဝေပေးရပါမည်။

♦ ရုပ်ပုံများ ရေးဆွဲရာတွင် ကလေးများ ရေးဆွဲတတ်သလို ရေးဆွဲနိုင်ပါသည်။

### နိဂုံးချုပ်ခြင်း

♦ အုပ်စုလိုက် မိမိတို့ရေးဆွဲထားသည့်ပုံများကို ပြန်လည်ပြောပြစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း အုပ်စုလိုက်လုပ်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်နိုင်မှု ရှိ မရှိနှင့် ဖတ်စာပါအကြောင်းအရာများအပြင် အခြားစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကြောင်းကို ပြောဆိုနိုင်မှု ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၃-က) ဖုန်းပြောခြင်း
## အကြိမ်ပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)



### အခန်း ၃ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်

#### (က) ဖုန်းပြောခြင်း

| | |
|---|---|
| မင်းမင်း | ဟလို. . . ကောင်းမြတ်တို့အိမ်ကပါလားခင်ဗျာ။ |
| ကောင်းမြတ်၏ မိခင် | ဟုတ်ပါတယ်။<br>ဒေါ်လေးက သူ့အမေပါ။<br>အခုဆက်တာ ဘယ်သူပါလဲကွယ်။ |
| မင်းမင်း | သားက သူ့ သူငယ်ချင်း မင်းမင်းပါ ခင်ဗျာ။<br>ဒီနေ့ သူကျောင်းမတက်လို့ သူ့ကိုပြောစရာရှိလို့ပါ။ |
| ကောင်းမြတ်၏ မိခင် | အော် ဟုတ်လား။<br>သူနေမကောင်းလို့ ကျောင်းမတက်နိုင်တာပါ။<br>သားကို ခေါ်ပေးမယ်နော်။ |







### သင်ယူမှုဦးတည်ချက်

- အခြားသူများကို ဖုန်းဖြင့် ဆက်သွယ်ပြောဆိုတတ်ရန်
- ဖုန်းပြောရာတွင် အသက်အရွယ်အလိုက် စကားကို ယဉ်ယဉ်ကျေးကျေး ပြောဆိုတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ အဝေးရောက်နေတဲ့ မိဘဆွေမျိုး၊ မောင်နှမ၊ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ပြောချင်ရင် ဘယ်လိုပြောကြမလဲ" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- မိမိ စဉ်းစားထားသည်များကို သူငယ်ချင်း အချင်းချင်း ပြောစေပါမည်။
- ထို့နောက် ကျောင်းသား တစ်ယောက်ချင်းစီ ပြောစေမည်။
- ကလေးများ ပြောကြားသည်ကို နားထောင်ပြီးနောက် သင်ခန်းစာ ခေါင်းစဉ်ကို ဖတ်စေမည်။
- ဆရာက သင်ခန်းစာအကြောင်းအရာကိုဖတ်ပြပါမည်။
- ကလေးများကို နားထောင်စေမည်။
- ဆရာက ဖတ်စာပါအကြောင်းအရာကို ဖတ်ချိန်တွင် "ပြောတဲ့သူက ဘယ်သူလဲ။ ဘာပြောနေတာလဲ" ဆိုသည်ကို ကလေးများကို သတိပြုကာ နားထောင်စေမည်။
- ⊙ ရှေးဦးစွာ ဆရာက ဖတ်ပြပါမည်။ ကလေးများက နောက်ကလိုက်၍ ဖတ်စေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ "ဖုန်းပြောနေတာ ဘယ်သူနဲ့ဘယ်သူလဲ။ ဘာအကြောင်း ပြောနေကြတာလဲ။ မိမိထက်အသက်ကြီးသူကို ဘယ်လို ပြောရမလဲ။ တခြား ဘယ်လိုပြောလို့ရသေးသလဲ" စသည့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကို မေးပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေး ၄ ယောက် ၅ ယောက်ခန့်ကို မေးခွန်းများကို ဖြေစေပါမည်။ "နောက်တစ်ချိန်မှာ ကလေးတို့ ဖုန်းနဲ့ သရုပ်ဆောင်ပြီး ပြောကြရမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ကလေးများ မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိနှင့် စာကို သေချာစွာ လိုက်ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ

- ဖုန်းဖြင့်ပြောသောစကားများကို သေချာစွာဖတ်စေမည်။
- မေးခွန်းများကို ကလေးများအား လွတ်လပ်စွာ ဖြေဆိုစေမည်။
- ဖုန်းဖြင့် သရုပ်ဆောင်ပြီး စကားပြောပုံကို လေ့ကျင့်မည်။

### အရေးကြီးသောအချက်များ

- နိဒါန်းတွင် ဆက်သွယ်ပုံနည်းလမ်းများကို လွတ်လပ်စွာ ပြောစေပါမည်။
- စာဖတ်အားနည်းသော ကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရမည်။
- ဖုန်းပြောရာတွင် အသက်အရွယ်ကိုလိုက်၍ (ဦးဦး၊ ဒေါ်ဒေါ်၊ ကျွန်တော်၊ ကျွန်မ စသည်ဖြင့်) ယဉ်ကျေးစွာပြောရမည်။

## အခန်း (၃-က) ဖုန်းပြောခြင်း
## အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကိုယ့်ထက် အသက်အရွယ်ကြီးသူနဲ့ ဖုန်းပြောတဲ့အခါ ဘယ်အချက်တွေကို သတိပြုရမလဲ" ဟုမေးပါမည်။
- "ဒီအချိန်မှာ ဖုန်းနဲ့ သရုပ်ဆောင်ကြည့်ကြမယ်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကလေး ၂ ယောက်ကို ရွေးချယ်ကာ ဆရာနှင့်အတူ အတန်းရှေ့တွင် သရုပ်ဆောင်စေမည်။
- ⦿ ကလေးများကို ၃ ယောက်တစ်အုပ်စု ဖွဲ့စေမည်။ ကလေးအချင်းချင်း သရုပ်ဆောင်မည့် သင်ခန်းစာပါ ဇာတ်ဆောင်ကို ရွေးချယ်စေမည်။ မိမိအုပ်စုအတွင်း ရွေးချယ်ပြီးပါက ဖတ်စာပါအကြောင်းအရာကို လေ့ကျင့်စေမည်။
- ဆရာက ကလေးများအား အတန်းရှေ့တွင် အုပ်စုလိုက် သရုပ်ဆောင်ပြောစေမည်။
- ကျန်အဖွဲ့များကို နားထောင်စေမည်။
- ⦿ ဖတ်စာပါ အကြောင်းအရာမဟုတ်သော အခြားအကြောင်းအရာကို ဖုန်းဖြင့် လွတ်လပ်စွာ နှစ်ယောက်တစ်တွဲ သရုပ်ဆောင်စေမည်။
- အဖွဲ့ ၄၊ ၅ ဖွဲ့ခန့်ကို အတန်းရှေ့တွင် သရုပ်ဆောင်ပြောစေပြီး အခြားကလေးများကို မေးခွန်းများမေးစေမည်။

**နိဂုံးချုပ်ခြင်း**

- "ကလေးတို့ ဖုန်းပြောတဲ့အခါ အသက်အရွယ်ပေါ်မူတည်ပြီး ဘယ်လိုပြောရမလဲဆိုတာ သရုပ်ဆောင်ပြောခဲ့ကြတယ်နော်၊ အဲဒီလို သရုပ်ဆောင်ရတာ ပျော်စရာကောင်းသလား ဘယ်လို ခံစားရသလဲ"စသည့် မေးခွန်းများမေးပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- သင်ယူမှုဦးတည်ချက် ပေါက်မြောက်ခြင်းရှိ မရှိနှင့် ကလေးများ ဖုန်းနှင့် သရုပ်ဆောင်ပြီး ပြောဆိုနိုင်ခြင်းရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်

ကောင်းမြတ် — ဟလို. . . မင်းမင်း. . . ငါပါ။

မင်းမင်း — ကောင်းမြတ် နေကောင်းပြီလား။

ကောင်းမြတ် — အေး သက်သာပါတယ်။

မင်းမင်း — ငါ မင်းကို ပြောစရာရှိတယ်။ လာမဲ့ သောကြာနေ့မှာ အသင်းလိုက် ပုံပြောပြိုင်ပွဲရှိတယ်။ အတူလေ့ကျင့်ရအောင်လို့ အကြောင်းကြားတာ။

ကောင်းမြတ် — ဘာပုံပြင်ပြောရမှာလဲ သူငယ်ချင်း။

မင်းမင်း — ကြောင်ကလေးရွှေဝါပုံပြင်ကို သရုပ်ဆောင်ပြီး ပြောရမှာကွ။

ကောင်းမြတ် — ဟုတ်လား စိတ်ဝင်စားစရာပဲ။ ငါတို့အတူတူ လေ့ကျင့်ကြတာပေါ့။ ကျေးဇူးတင်ပါတယ် သူငယ်ချင်း။



မင်းမင်း — ဒါပဲနော် ဖုန်းချလိုက်တော့မယ်။



**ကလေးတို့အချင်းချင်း ပြောကြည့်ရအောင်။**

- ဘယ်သူက ဘယ်သူ့ကို ပြောတာလဲ။
- ဘာအကြောင်းတွေ ပြောတာလဲ။
- လူကြီးတွေနဲ့ စကားပြောရင် ဘယ်လိုပြောရမလဲ။
- အခြားသူတွေနဲ့ ဘယ်လိုပြောလို့ရသေးသလဲ။ ပြောကြည့်ကြရအောင်။

၂၄

---

### အရေးကြီးသောအချက်များ

- ဆရာက လမ်းညွှန်ချက်ကို ရှင်းလင်းစွာပေးရမည်။
- အဖွဲ့လိုက် လုပ်ဆောင်ချိန်တွင် ကလေးများအားလုံး ပါဝင်လုပ်ဆောင်စေရန် ဆရာက ကြည့်ရှုပေးရမည်။
- အဖွဲ့လိုက် လုပ်ဆောင်မှုတွင် ပါဝင်လုပ်ဆောင်နိုင်ခြင်းမရှိသော ကလေးများရှိပါက ဆရာက ပံ့ပိုးကူညီရပါမည်။
- ကလေးများ တက်ကြွစွာ ပါဝင်လုပ်ဆောင်ရန် ဆရာက ကူညီရပါမည်။
- သရုပ်ဆောင်ရာတွင် ကွန်ပါဘူး၊ ဘောဖျက်၊ ဖုန်းအခွံ စသည်တို့ကို နားတွင်ကပ်ကာ ဖုန်းပြောနေသောပုံစံ လုပ်ဆောင်စေပါမည်။

၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်

## (ခ) ပိုနေမြဲ ကျားနေမြဲ

တစ်ခါတုန်းက မောင်ပိုဆိုတဲ့ လူငယ်လေးတစ်ယောက်ရှိသတဲ့။ သူဟာ နေ့စဉ် လယ်ထွန်သွားရင်းနဲ့ လယ်တောအနားမှာရှိတဲ့ တောအုပ်ထဲက ကျားတစ်ကောင်နဲ့ မိတ်ဆွေဖြစ်ခဲ့သတဲ့။

တစ်နေ့တော့ ကျားက“မောင်ပိုရေ. . . မင်းတို့ရွာကို ငါ တစ်ခါလောက် လိုက်လည်ချင်တယ်ကွာ”လို့ပြောသတဲ့။ မောင်ပိုက ကျားဟာ ရွာထဲမှာရှိတဲ့ နွားတွေကို ဝင်ဆွဲတတ်တာသိတော့ “အေးပါကွာ နောက်တော့ ခေါ်ပါမယ်” ဆိုပြီး နှစ်သိမ့်လိုက်သတဲ့။

အဲဒီညမှာပဲ ကျားဟာ ရွာထဲကိုဝင်ပြီး နွားတစ်ကောင်ကို ဝင်ဆွဲသွားသတဲ့။ ရွာသားတွေက ကျားကိုထောင်ဖမ်းဖို့ ကျားလာရာလမ်းမှာ ထောင်ချောက် ဆင်ထားလိုက်ကြတယ်။ ဒါကိုမောင်ပိုကသိတော့ ကျားကို ဒီညရွာထဲကို မလာဖို့ သတိပေးလိုက်သတဲ့။



၂၅

## အခန်း (၃-ခ) ပိုနေမြဲ ကျားနေမြဲ
## အကြိမ်ပြုစာသင်ချိန် ၈ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
- ပုံပြင်ပါ ဇာတ်ဆောင်တို့၏ စရိုက်သဘာဝကို သိရှိနားလည်ရန်
- ပုံပြင်မှတစ်ဆင့် စကားပုံဖြစ်ပေါ်လာပုံကို သိရှိနားလည်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- “ကလေးတို့ရေ စကားပုံဆိုတာ ကြားဖူးသလား၊ ဒီနေ့ ပုံပြင်လေးတစ်ပုဒ်နဲ့ပတ်သက်ပြီး စကားပုံဖြစ်ပေါ်လာပုံကို ပြောပြမယ်။ ကလေးတို့ စိတ်ဝင်စားတယ် မဟုတ်လား” ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- “ခေါင်းစဉ်လေးက ဘာတဲ့လဲ။ ဖတ်ကြည့်ပါအုံး”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။
- ဆရာက ပုံပြင်ကို တစ်ခေါက်ဖတ်ပြပါမည်။
- ⊙ “ဆရာဖတ်ပြတာကို နားလည်သလား။ နောက်တစ်ခေါက် ထပ်ဖတ်ပြမယ်နော်” ဟုပြောပြီး အဖြတ်အရပ် မှန်မှန်ဖြင့် ဖတ်ပြပါမည်။
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ⊙ ခက်ခဲသော စကားလုံးများ ရှိ မရှိ မေးကာ ဆရာက ရှင်းပြပါမည်။
- ဆရာက ကလေးများနှင့်အတူ ဖတ်စာတစ်ပုဒ်လုံးကို ဖတ်ပြီး ပုံပြင်ပါအကြောင်းအရာကို ရှင်းပြပါမည်။
- “ဒီတစ်ခါ အတန်းလိုက် တစ်လှည့်စီ ဖတ်ကြည့်ပါအုံး” ဟုပြောပြီး တစ်ပိုဒ်ချင်းစီအလိုက် ဖတ်စေပါမည်။
- ⊙ ထို့နောက် မေးခွန်း ၁ ဖြစ်သော “ပုံပြင်ထဲမှာ ဇာတ်ဆောင် ဘယ်နှယောက်ပါသလဲ” ဟုမေးကာ ကလေးများကို ဖြေစေပါမည်။
- ⊙ “ဒီပုံပြင်လေးကို ဖတ်ရတာ ပျော်စရာကောင်းသလား၊ ဒီပုံပြင်ထဲက မောင်ပိုနဲ့ကျားကြီးကို ဘယ်လိုထင်သလဲ” စသည့် မေးခွန်းများမေးပါမည်။

**နိဂုံးချုပ်ခြင်း**
- “ပုံပြင်ကို အားလုံးဖတ်ခဲ့ပြီးပြီဆိုတော့ ပုံပြင်ထဲက အဓိကဇာတ်ဆောင်က ဘယ်သူလဲဆိုတာ သိကြပြီလား” ဟူသော မေးခွန်းမေးပြီး နိဂုံးချုပ်ပါမည်။

### အဓိကအချက်များ
- ပုံပြင်ကို ဖတ်ပြီး အကြောင်းအရာကို နားလည်ရမည်။
- ပုံပြင်ပါ အကြောင်းအရာနှင့် စကားပုံ၏အဓိပ္ပာယ်ကို အုပ်စုတွင်း ဆွေးနွေးကာ မိမိ၏ထင်မြင်ချက်များကို ရေးသားတတ်ရပါမည်။
- စကားပုံ ပုံပြင်ပါ ဇာတ်ဆောင်များအတိုင်း ပြောတတ်၊ သရုပ်ဆောင်တတ်ရပါမည်။

### အရေးကြီးသောအချက်များ
- ပုံပြင် ဖတ်နေစဉ် ကလေးများ နားလည်ရန်ခက်ခဲသော စကားလုံး၊ စာပိုဒ်တို့ကို နားလည်အောင် ဆရာက ထပ်မံ ရှင်းပြရပါမည်။
- ပုံပြင်ဖတ်ရန် အားနည်းသော ကလေးများ ရှိပါက ဆရာက ကူညီ ပံ့ပိုးပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း
- လုပ်ငန်းစဉ်အတွင်း ပုံပြင်ကို ကလေးအားလုံးအတူတကွ လိုက်ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၃-ခ) ပိုနေမြဲ ကျားနေမြဲ
## အကြိမ်ပြုစာသင်ချိန် ၈ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "မနေ့က ပုံပြင်ကို တစ်တန်းလုံး၊ အတန်းလိုက် ဖတ်ခဲ့ကြတယ်နော်။ ဒီနေ့ စာပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ပထမဦးစွာ စာပိုဒ်တစ်ပိုဒ်ချင်းစီကို ဖတ်ပြပါမည်။
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ⦿ ထို့နောက် ဆရာက ပုံပြင်ပါ အကြောင်းအရာများကို မေးပါမည်။
- စာတစ်ပိုဒ်ချင်းစီအလိုက် ဆရာကဖတ်ပြပြီး ကလေးများကို နောက်မှ လိုက်ဖတ်စေပါမည်။
- ဆရာက မေးခွန်း ၂ ဖြစ်သော "ကျားက ရွာထဲကို ဘာဖြစ်လို့ဝင်လာတာလဲ"ဟုမေးကာ ကလေးများကို ဖြေဆိုစေပါမည်။
- မောင်ပို၊ ကျား၊ နွားခေါင်းရိုး၊ ညောင်ပင်၊ ယုန်ပညာရှိ စသည့် ဇာတ်ဆောင်များ ပြောသည့်စကားအတိုင်း ဆရာက ဖတ်ပြပါမည်။
- ⦿ ကလေးများကို နောက်မှလိုက်ဖတ်စေပြီး စာပိုဒ်ပါ အဓိကအချက်များကို ဆရာကမေးပါမည်။
- ကလေးများကို ဖြေစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ဒီနေ့ စာတစ်ပိုဒ်ချင်းစီကို အတန်းလိုက် အလှည့်ကျဖတ်ခဲ့ကြတယ်နော်၊ စာပိုဒ်ထဲမှာပါတဲ့ အဓိက အကြောင်းအရာတွေကို ပြောခဲ့ကြတာ မှတ်မိရဲ့လား၊ ပြန်ပြောပါအုံး" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မိမိတို့အလှည့်ကျ ပြောရမည့်နေရာတွင် စိတ်ပါဝင်စားစွာ ပြောနိုင်ခြင်း ရှိ မရှိ နှင့် အတူတူပူးပေါင်း ဆောင်ရွက်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ခ) ပိုနေမြဲ ကျားနေမြဲ

တစ်ခါတုန်းက မောင်ပိုဆိုတဲ့ လူငယ်လေးတစ်ယောက်ရှိသတဲ့။ သူဟာ နေ့စဉ် လယ်ထွန်သွားရင်းနဲ့ လယ်တောအနားမှာရှိတဲ့ တောအုပ်ထဲက ကျားတစ်ကောင်နဲ့ မိတ်ဆွေဖြစ်ခဲ့သတဲ့။

တစ်နေ့တော့ ကျားက"မောင်ပိုရေ. . . မင်းတို့ရွာကို ငါ တစ်ခါလောက် လိုက်လည်ချင်တယ်ကွာ"လို့ပြောသတဲ့။ မောင်ပိုက ကျားဟာ ရွာထဲမှာရှိတဲ့ နွားတွေကို ဝင်ဆွဲတတ်တာသိတော့ "အေးပါကွာ နောက်တော့ ခေါ်ပါမယ်" ဆိုပြီး နှစ်သိမ့်လိုက်သတဲ့။

အဲဒီညမှာပဲ ကျားဟာ ရွာထဲကိုဝင်ပြီး နွားတစ်ကောင်ကို ဝင်ဆွဲသွားသတဲ့။ ရွာသားတွေက ကျားကိုထောင်ဖမ်းဖို့ ကျားလာရာလမ်းမှာ ထောင်ချောက်ဆင်ထားလိုက်ကြတယ်။ ဒါကိုမောင်ပိုကသိတော့ ကျားကို ဒီညရွာထဲကို မလာဖို့ သတိပေးလိုက်သတဲ့။





### အရေးကြီးသောအချက်များ

- ဆရာက စာတစ်ပိုဒ်ချင်းစီပါ အကြောင်းအရာများကို မေးပြီး အဖြေကို သင်ပုန်းမှတ်ချက် ရေးရပါမည်။
- ကလေးအားလုံး ပုံပြင်ကို ဖတ်နိုင်ရန် ဆရာက စီစဉ်ပေးရပါမည်။
- စာတစ်ပိုဒ်ချင်းစီကို ဆရာက နားလည်အောင် ရှင်းပြရပါမည်။

၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်

ဒါပေမဲ့ ကျားက မောင်ပို့စကားကို နားမထောင်ဘဲ ရွာထဲကို ဝင်လာတော့ ထောင်ချောက်မှာ မိသွားတော့တာပေါ့။
သူငယ်ချင်းဖြစ်တဲ့ မောင်ပိုဟာ ကျားကိုမြင်တော့သနားပြီး ရွာသားတွေ မသိအောင် ထောင်ချောက်ကနေ လွှတ်ပေးလိုက်သတဲ့။



ကျေးဇူးကန်းတဲ့ကျားဟာ ထောင်ချောက်က လွတ်လွတ်ချင်းပဲ "ခုတော့ မင်းက ငါ့အစာဖြစ်သွားပြီ။ မင်းကိုစားတော့မယ်"လို့ ပြောလိုက်တော့ မောင်ပိုက "အို ဒီလိုမလုပ်ပါနဲ့။ ငါကမင်းကို ကယ်ခဲ့တာလေ။ ကျေးဇူးရှင်ကို မင်း မပြစ်မှားသင့်ဘူး"လို့ ပြောလိုက်သတဲ့။ ဒီလိုနဲ့ ငြင်းရင်းခုံရင်း ဘယ်သူ မှန်တယ် မှားတယ် ဆိုတာ ဆုံးဖြတ်ပေးနိုင်မဲ့သူကို ရှာကြမယ်ဆိုပြီး ထွက်လာခဲ့ကြသတဲ့။



၂၆

## အရေးကြီးသောအချက်များ

- ♦ အတန်းလိုက် မဆွေးနွေးမီ ဇာတ်ဆောင်တစ်ဦးချင်းစီ၏ စိတ်ခံစားချက်၊ စိတ်နေသဘောထားကို တစ်တန်းလုံးသို့ မေးကာ နမူနာ အနေဖြင့် ပြောပြရပါမည်။
- ♦ အဖွဲ့လိုက်ဆောင်ရွက်နေစဉ်အတွင်း အားလုံးပါဝင် ဆောင်ရွက်နိုင် အောင် ဆရာက အဖွဲ့အားလုံးကို ကြည့်ရှုရပါမည်။
- ♦ အတူတူ ဆောင်ရွက်ရန် အားနည်းသော ကလေးရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ♦ ဆရာက ကလေးများ၏ လုပ်ဆောင်ချက်ကို ချီးကျူးစကားပြော ပေးရပါမည်။

## အခန်း (၃-၈) ပိုနေမြဲ ကျားနေမြဲ
## အကြိမ်ပြုစာသင်ချိန် ၈ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ "အရင်စာသင်ချိန်တုန်းက စာတစ်ပိုဒ်ချင်းစီမှာပါတဲ့ အကြောင်းအရာတွေကို ဖတ်ခဲ့ကြ ပြောခဲ့ကြတယ်နော်။ ဒီနေ့ ဇာတ်ဆောင်တစ်ဦးချင်းစီရဲ့ ပြောစကားတွေကို သေသေချာချာဖတ်ပြီး သူတို့ရဲ့ပြောစကားအတိုင်း လေ့ကျင့်ကြရအောင်"ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ပထမဆုံး စာတစ်ပုဒ်လုံးကို တစ်တန်းလုံး ဖတ်စေပါမည်။
- ♦ ဆရာက ဇာတ်ဆောင်တို့၏ ပြောစကားကို အသံနေအသံထား အဖြတ်အရပ် မှန်မှန်ဖြင့် ဖတ်ပြပါမည်။ ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ⦿ အသံအဖြတ်အရပ်၊ အတိုးအကျယ်၊ ဒေါသသံ၊ အားငယ်သံ စသည့် ဇာတ်ဆောင်ပြောရမည့် နေရာအလိုက် အမူအရာနှင့် ဖတ်ပြပါမည်။
- ⦿ ထို့နောက် ဆရာက ဇာတ်ဆောင်နေရာအလိုက် ပြောစကားနှင့် အမူအရာအတိုင်း ကလေးများကို လေ့ကျင့်စေပါမည်။
- ♦ ဆရာက အုပ်စုဖွဲ့ပေးပြီး အုပ်စုတွင်း လေ့ကျင့်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ "ကလေးတို့ အုပ်စုလိုက် လေ့ကျင့်ခဲ့ကြတယ်နော်။ ဇာတ်ဆောင်တွေရဲ့ ပြောစကားလေးတွေကို မှတ်မိကြပြီလား" ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း အတန်းလိုက် အလှည့်ကျ ပြောရမည့် နေရာတွင် စိတ်ပါဝင်စားစွာ ပြောနိုင်ခြင်း ရှိ မရှိနှင့် အတူတူ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၃-ခ)  ပိုနေမြဲ ကျားနေမြဲ
## အကြံပြုစာသင်ချိန် ၈ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ “ကလေးတို့ မနေ့က ဇာတ်ဆောင်ပြောစကားတွေကို လေ့ကျင့်ခဲ့ကြတာ မှတ်မိသလား”ဟု မေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ အုပ်စုအလိုက် ဖတ်ခဲ့ကြသည့် ဇာတ်ဆောင်တို့၏ ပြောစကားများကို တစ်ခေါက် ဖတ်စေပါမည်။

⊙ ထို့နောက် ဆရာက တစ်ဖွဲ့ကို အတန်းရှေ့သို့ခေါ်၍ ဆရာနှင့် အတူတူ နမူနာ သရုပ်ဆောင်ပြပါမည်။

⊙ ဆရာက ကလေးများ မည်သို့ သရုပ်ဆောင်ပြောရမည်ကို သေသေချာချာ မှတ်သားစေပါမည်။

♦ ထို့နောက် ကလေးများကို အဖွဲ့လိုက် အလှည့်ကျ ဇာတ်ဆောင်နေရာအလိုက် သရုပ်ဆောင်စေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ “ကလေးတို့ အုပ်စုလိုက် အချင်းချင်းတိုင်ပင်ပြီး ဇာတ်ဆောင်နေရာအလိုက် သရုပ်ဆောင်ခဲ့ကြတယ်နော်။ အဲဒီလို သရုပ်ဆောင်ရတာ ပျော်စရာကောင်းတယ် မဟုတ်လား” ဟု မေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း အုပ်စုအလိုက် အလှည့်ကျ ပြောရမည့် နေရာတွင် စိတ်ပါဝင်စားစွာ သရုပ်ဆောင်ပြောနိုင်ခြင်း ရှိ မရှိနှင့် အတူတူ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်

ဒါပေမဲ့ ကျားက မောင်ပို့စကားကို နားမထောင်ဘဲ ရွာထဲကို ဝင်လာတော့ ထောင်ချောက်မှာ မိသွားတော့တာပေါ့။
သူငယ်ချင်းဖြစ်တဲ့ မောင်ပိုဟာ ကျားကိုမြင်တော့သနားပြီး ရွာသားတွေ မသိအောင် ထောင်ချောက်ကနေ လွှတ်ပေးလိုက်သတဲ့။



ကျေးဇူးကန်းတဲ့ကျားဟာ ထောင်ချောက်က လွတ်လွတ်ချင်းပဲ “ခုတော့ မင်းက ငါ့အစာဖြစ်သွားပြီ။ မင်းကိုစားတော့မယ်”လို့ ပြောလိုက်တော့ မောင်ပိုက “အို ဒီလိုမလုပ်ပါနဲ့။ ငါကမင်းကို ကယ်ခဲ့တာလေ။ ကျေးဇူးရှင်ကို မင်း မပြစ်မှားသင့်ဘူး”လို့ ပြောလိုက်သတဲ့။ ဒီလိုနဲ့ ငြင်းရင်းခုံရင်း ဘယ်သူ မှန်တယ် မှားတယ်ဆိုတာ ဆုံးဖြတ်ပေးနိုင်မဲ့သူကို ရှာကြမယ်ဆိုပြီး ထွက်လာခဲ့ကြသတဲ့။



၂၆

### အရေးကြီးသောအချက်များ

♦ အတန်းလိုက် မဆွေးနွေးမီ ဇာတ်ဆောင်တစ်ဦးချင်းစီ၏ စိတ်ခံစားချက်၊ စိတ်နေသဘောထားကို တစ်တန်းလုံးသို့ မေးကာ နမူနာအနေဖြင့် ပြောပြရပါမည်။

♦ အဖွဲ့လိုက် ဆောင်ရွက်နေစဉ်အတွင်း အားလုံးပါဝင် ဆောင်ရွက်နိုင်အောင် ဆရာက အဖွဲ့အားလုံးကို ကြည့်ရှုရပါမည်။

♦ အတူတူဆောင်ရွက်ရန် အားနည်းသောကလေးရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။

♦ ဆရာက ကလေးများ၏ လုပ်ဆောင်ချက်ကို အားပေး ချီးကျူးစကား ပြောပေးရပါမည်။

၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်



ပထမဦးဆုံး နွားခေါင်းရိုးကို တွေ့တော့ သူက "ငါ့သခင်က ငါ့ကို နှစ်ပေါင်းများစွာ ခိုင်းခဲ့တယ်။ ငါ အလုပ်မလုပ်နိုင်တော့ သူတို့က ငါ့ကို သတ်စားကြတယ်။ ဒါကြောင့် လူဖြစ်တဲ့ မောင်ပိုကို စားသင့်တယ်"လို့ ဆုံးဖြတ်ချက်ချလိုက်သတဲ့။ မောင်ပိုက ကျားကို "ငါကတော့ မင်းအသက်ကို ကယ်ခဲ့တာပါကွာ။ ငါ့ကို မစားသင့်ပါဘူး။ တခြားတစ်ယောက်ကို ဆုံးဖြတ်ခိုင်းကြည့်ပါကွာ"လို့ တောင်းပန်ပြီး ညောင်ပင်ကြီး တစ်ပင်ဆီကို သွားခဲ့ကြသတဲ့။

ညောင်ပင်ကြီးကလဲ "လူတွေက ငါ့အရိပ်ကို ခိုလှုံရုံမက ငါ့အကိုင်းတွေကိုလဲ ချိုးယူကြတယ်။ ဒါကြောင့် မောင်ပိုကို စားသင့်တယ်"လို့ ဆုံးဖြတ်လိုက်ပြန်သတဲ့။ ဒီအခါ မောင်ပိုက "ငါ့ကို နောက်ဆုံးအခွင့်အရေးပေးပါကွာ"လို့ ပြောပြီး



နောက်ဆုံးတွေ့တဲ့ ယုန်ပညာရှိဆီမှာ အဆုံးအဖြတ် ခံယူကြတာပေ့ါ။ ယုန်ပညာရှိက သူတို့ပြောစကားကို နားထောင်ပြီး "ဒီအဖြစ်အပျက်ကို အဆုံးအဖြတ်ပေးနိုင်ဖို့ ထောင်ချောက်မိခဲ့တဲ့နေရာကို သွားကြမယ် လာကြ" ဆိုပြီး မောင်ပိုနဲ့ ကျားကို လက်တွေ့ပြခိုင်းလိုက်သတဲ့။

၂၉

## အရေးကြီးသောအချက်များ

- "မောင်ပိုဟာ ဘယ်လို စိတ်သဘောထားမျိုးရှိတဲ့သူလဲ" ဟူသော အမေးကို အားလုံးနားလည်အောင် ရှင်းပြရပါမည်။

## အခန်း (၃-ခ) ပိုနေမြဲ ကျားနေမြဲ
## အကြိမ်ပြုစာသင်ချိန် ၈ ချိန် (ပဉ္စမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အရင်စာသင်ချိန်တုန်းက ဇာတ်ဆောင်တွေရဲ့ ပြောစကားအတိုင်း သရုပ်ဆောင်ပြောခဲ့ကြတယ်နော်။ ဒီနေ့ ပုံပြင်ထဲမှာပါတဲ့ မေးခွန်းလေးတွေကို ဖြေကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပထမဦးစွာ မေးခွန်း ၃ နှင့် ၄ ကို မေးပါမည်။
- ကလေးများကို ဖြေကြားစေပါမည်။
- ⦿ ထို့နောက် ဆရာက မေးခွန်း ၅ ဖြစ်သော "မောင်ပိုဟာ ဘယ်လို စိတ်သဘောထားမျိုးရှိတဲ့သူလဲ ဆိုတာကို စဉ်းစားကြည့်ကြရအောင်" ဟု ပြောပြီး မေးခွန်းကို သင်ပုန်းတွင် ရေးပါမည်။
- ⦿ အတန်းလိုက်မဆွေးနွေးမီ ဇာတ်ဆောင်တစ်ဦးချင်းစီ၏ စိတ်ခံစားချက်၊ ပြောစကားများကို တစ်တန်းလုံးသို့ မေးကာ နမူနာအနေဖြင့် ပြောပြပါမည်။
- ⦿ ကလေးများကို အုပ်စုဖွဲ့၍ ဆွေးနွေးစေပါမည်။
- ထိုသို့ဆွေးနွေးစေရာတွင် ပုံပြင်ပါ အကြောင်းအရာကို ပြန်ဖတ်ပြီး ဆွေးနွေးစေပါမည်။
- ⦿ မောင်ပိုဟာ ဘယ်လိုစိတ်သဘောထားမျိုးရှိသူလဲ ဆိုသည့် အဖြေကို အုပ်စုတွင်းမှ ကလေးတစ်ဦးစီကို မေးပါမည်။
- ကလေးများ၏ ဖြေဆိုချက်ကို ဆရာက သင်ပုန်းမှတ်ချက် ရေးပါမည်။

**နိဂုံးချုပ်ခြင်း**

- "ကလေးတို့အချင်းချင်း ကိုယ့်ထင်မြင်ချက်တွေကို ပြောကြရတာ ပျော်စရာကောင်းတယ်နော်။ နောက်တစ်ချိန်မှာ ဇာတ်ဆောင်ငါးဦးရဲ့ ပြောစကားတွေကို ပြန်ပြောကြရအောင်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိနှင့် မိမိတို့၏ထင်မြင်ချက်များကို စိတ်ပါဝင်စားစွာ ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၃-၈)　　ပိုနေမြဲ ကျားနေမြဲ**
**အကြံပြုစာသင်ချိန် ၈ ချိန် (ဆဋ္ဌမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ "ဇာတ်ဆောင်တစ်ဦးချင်းစီရဲ့ ပြောစကားတွေကို မှတ်မိသေးသလား။ ဒီနေ့ ပြန်ပြောကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

♦ ဇာတ်ဆောင်တို့၏ပြောစကားများကို ဇာတ်ဆောင်နေရာအလိုက်(အုပ်စုအလိုက်) ဖတ်စေ ဆွေးနွေးစေပါမည်။

⦿ ဆရာက သင်ပုန်းတွင် ဇယားဆွဲပြီး ဇာတ်ဆောင် ၅ ဦး ၏ ပြောစကားကို မေးပါမည်။

⦿ ဆရာက ကလေးများ၏ အဖြေကို သင်ပုန်းမှတ်ချက်ရေးပါမည်။

♦ အဖြေကို ပြောကြားစေရာတွင် တစ်ဖွဲ့ချင်းစီ၏ လိုအပ်ချက်ကို အခြားအဖွဲ့များက ဖြည့်စွက်ပြောစေပါမည်။

♦ ပြောပြီးပါက မေးခွန်း ၆ ကို မေးပြီး ဖြေစေပါမည်။

### နိဂုံးချုပ်ခြင်း

♦ "ကလေးတို့အုပ်စုလိုက် ဆွေးနွေးပြီး ကိုယ့်ထင်မြင်ချက်တွေကို ပြောကြရတာ ပျော်စရာကောင်းတယ် မဟုတ်လား။ နောက်တစ်ချိန်မှာ မေးခွန်း ၇ စကားပုံရဲ့ အဓိပ္ပာယ်ကို ပြောကြရမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ဇာတ်ဆောင်တို့၏ ပြောစကားများကို အဖွဲ့လိုက် စိတ်ပါဝင်စားစွာပြောနိုင်ခြင်း ရှိ မရှိနှင့် မေးခွန်း ၆ ကို ဖြေဆိုရာတွင် မိမိတို့၏ ထင်မြင်ချက်များကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်



ပထမဦးဆုံး နွားခေါင်းရိုးကို တွေ့တော့ သူက "ငါ့သခင်က ငါ့ကို နှစ်ပေါင်းများစွာ ခိုင်းခဲ့တယ်။ ငါ အလုပ်မလုပ်နိုင်တော့ သူတို့က ငါ့ကို သတ်စားကြတယ်။ ဒါကြောင့် လူဖြစ်တဲ့ မောင်ပိုကို စားသင့်တယ်"လို့ ဆုံးဖြတ်ချက်ချလိုက်သတဲ့။ မောင်ပိုက ကျားကို "ငါကတော့ မင်းအသက်ကို ကယ်ခဲ့တာပါကွာ။ ငါ့ကို မစားသင့်ပါဘူး။ တခြားတစ်ယောက်ကို ဆုံးဖြတ်ခိုင်းကြည့်ပါကွာ"လို့ တောင်းပန်ပြီး ညောင်ပင်ကြီး တစ်ပင်ဆီကို သွားခဲ့ကြသတဲ့။

ညောင်ပင်ကြီးကလဲ "လူတွေက ငါ့အရိပ်ကို ခိုလှုံရုံမက ငါ့အကိုင်းတွေကိုလဲ ချိုးယူကြတယ်။ ဒါကြောင့် မောင်ပိုကို စားသင့်တယ်"လို့ ဆုံးဖြတ်လိုက်ပြန်သတဲ့။ ဒီအခါ မောင်ပိုက "ငါ့ကို နောက်ဆုံးအခွင့်အရေးပေးပါကွာ"လို့ ပြောပြီး



နောက်ဆုံးတွေ့တဲ့ ယုန်ပညာရှိဆီမှာ အဆုံးအဖြတ် ခံယူကြတာပေါ့။ ယုန်ပညာရှိက သူတို့ပြောစကားကို နားထောင်ပြီး "ဒီအဖြစ်အပျက်ကို အဆုံးအဖြတ်ပေးနိုင်ဖို့ ထောင်ချောက်မိခဲ့တဲ့နေရာကို သွားကြမယ် လာကြ" ဆိုပြီး မောင်ပိုနဲ့ ကျားကို လက်တွေ့ပြခိုင်းလိုက်သတဲ့။

၂၇

---

### အရေးကြီးသောအချက်များ

♦ ဆရာက အောက်ပါဇယားကို ဆွဲပြီး အတန်းရှိ ကလေးများကို မေးရပါမည်။

| အမည် | ဇာတ်ဆောင်များ ပြောစကား |
|---|---|
| မောင်ပို | |
| ကျား | |
| နွားခေါင်းရိုး | |
| ညောင်ပင် | |
| ယုန် | |

၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်



ဒီအခါ ကျားက ထောင်ချောက်ထဲကိုဝင်ပြပြီး မောင်ပိုက ထောင်ချောက်အပြင်ဘက်မှာ နေပြလိုက်သတဲ့။ ယုန်ပညာရှိက မောင်ပိုကို ထောင်ချောက်အမြန်ပိတ်ခိုင်းပြီး "ပိုနေမြဲ ကျားနေမြဲ နေစေ" လို့ အဆုံးအဖြတ်ပေးလိုက်သတဲ့။ ဒီလိုနဲ့ "ပိုနေမြဲ ကျားနေမြဲ" ဆိုတဲ့ စကားပုံ ပေါ်ပေါက်လာခဲ့သတဲ့ ကွယ်။

**လေ့ကျင့်ခန်း**

၁။ ပုံပြင်ထဲမှာ ဇာတ်ဆောင်ဘယ်နှယောက်ပါသလဲ။
၂။ ကျားက ရွာထဲကို ဘာဖြစ်လို့ ဝင်လာတာလဲ။
၃။ မောင်ပိုကို ကျားက ဘာကြောင့် စားသင့်တယ်လို့ နွားခေါင်းရိုးက ဆုံးဖြတ်လိုက်တာလဲ။
၄။ မောင်ပိုကို ကျားက ဘာကြောင့် စားသင့်တယ်လို့ ညောင်ပင်ကြီးက ဆုံးဖြတ်လိုက်တာလဲ။
၅။ မောင်ပိုဟာ ဘယ်လိုစိတ်သဘောထားမျိုးရှိတဲ့ သူလဲ စဉ်းစားကြည့်ကြရအောင်။
၆။ ယုန်က ဘာဖြစ်လို့ အဲဒီလိုဆုံးဖြတ်တာလဲ။ သူ့ဆုံးဖြတ်ချက်ကို ကြိုက်ရဲ့လား။
၇။ ပိုနေမြဲ ကျားနေမြဲ စကားပုံရဲ့ အဓိပ္ပာယ်ကို ဖြေကြည့်ကြရအောင်။

ကလေးတို့ သိတဲ့ တခြားစကားပုံလေးတွေကို ပြောကြည့်ကြရအောင်



၂၈

## အခန်း (၃-ခ) ပိုနေမြဲ ကျားနေမြဲ
## အကြိမ်ပြုစာသင်ချိန် ၈ ချိန် (သတ္တမအချိန်)

**သင်ကြားသင်ယူမှုလုပ်ငန်း**

**နိဒါန်း**

♦ "အရင်စာသင်ချိန်မှာ ဇာတ်ဆောင်တွေရဲ့ပြောစကားနဲ့ လုပ်ဆောင်ချက်တွေကို သရုပ်ဆောင်ခဲ့ကြတယ်နော်၊ ဒီနေ့ မေးခွန်း ၇ စကားပုံရဲ့အဓိပ္ပာယ်ကို စဉ်းစားကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ "ပိုနေမြဲ ကျားနေမြဲ" ပုံပြင်ကို အစအဆုံး တစ်ခေါက်ပြန်ပြောစေပါမည်။

⊙ ကလေးတစ်ဦးချင်းစီကို "ပိုနေမြဲ ကျားနေမြဲ" စကားပုံ၏ အဓိပ္ပာယ်ကို လွတ်လပ်စွာ စဉ်းစားစေမည်။

♦ ထို့နောက် ဆရာက အုပ်စုဖွဲ့ပေးပြီး အုပ်စုလိုက် စဉ်းစားစေပါမည်။

♦ အုပ်စုတွင်း မိမိတို့ စဉ်းစားထားသော စကားပုံ၏ အဓိပ္ပာယ်ကို ပြောစေပြီး တစ်ဦးက ရေးမှတ်ထားရပါမည်။

♦ မိမိအဖွဲ့၏ ထင်မြင်ချက်ကို အဖွဲ့တစ်ဖွဲ့ချင်းစီမှ ကလေးတစ်ဦးစီက ပြောစေပါမည်။

⊙ ဆရာက စကားပုံ၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။ "မောင်ပိုနဲ့ ကျားက မူလနေမြဲအတိုင်း ဖြစ်သွားကြသလို မူလအနေအထားကို မပြောင်းလဲဘဲ နဂိုနေမြဲအတိုင်း ရှိနေတာကို ဆိုလိုတယ်" ဟု ပြောပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "အဖွဲ့တွင်း ဆွေးနွေးတဲ့အခါမှာ ကိုယ့်ထင်မြင်ချက်တွေကို တခြားသူတွေကို ပြောပြရတာပျော်ရဲ့လား။ နောက်တစ်ချိန်မှာ တခြားကိုယ်သိတဲ့ စကားပုံလေးတွေကို ပြောကြရအောင်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း မိမိ၏ထင်မြင်ချက်များကို အဖွဲ့လိုက် ဆွေးနွေး ပြောကြားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အရေးကြီးသောအချက်များ**

♦ ဆရာက လမ်းညွှန်ချက်ကို သေချာရှင်းလင်းစွာ ပြောရပါမည်။

♦ ကလေးများ လွတ်လပ်စွာ တွေးတော ပြောစေပါမည်။ စကားပုံ၏ အဓိပ္ပာယ်ကို ပြောစေရာတွင် မမှန်ပါက ဘာကြောင့် ထိုသို့စဉ်းစားရသည်ကို ရှင်းပြစေရပါမည်။

♦ အုပ်စုတွင်း လုပ်ဆောင်ချက်များ လုပ်ဆောင်စေရာတွင် ကလေးအားလုံးပါဝင်စေရန် ဆရာက ကူညီပေးရပါမည်။

♦ ကလေး၏ လုပ်ဆောင်ချက်ကို ဆရာက ချီးကျူးစကား ပြောပေးရပါမည်။

## အခန်း (၃-၈) ပိုနေမြဲ ကျားနေမြဲ
## အကြံပြုစာသင်ချိန် ၈ ချိန် (အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ဒီနေ့တော့ ကိုယ်သိတဲ့ စကားပုံလေးတွေကို ပြောကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⦿ ပထမဦးစွာ ဆရာက အုပ်စုဖွဲ့ပေးရပါမည်။

⦿ အဖွဲ့အတွင်း မိမိတို့သိထားသော အခြားစကားပုံများကို ပြောစေပါမည်။

- အဖွဲ့အတွင်း ဆွေးနွေးထားသော စကားပုံများကို ကလေးတစ်ဦးက အတန်းသို့ ပြောစေပါမည်။
- ပြီးလျှင် ဆရာက " ပိုနေမြဲ ကျားနေမြဲ စကားပုံက ရတဲ့ သင်ခန်းစာက ဘာတွေဖြစ်မလဲ" ဆိုတာကို မေးပါမည်။
- ကလေးများကို လွတ်လပ်စွာ ပြောစေမည်။
- လိုအပ်ပါက ဆရာက ထပ်မံဖြည့်စွက် ပြောကြားပေးပါမည်။

⦿ မောင်ပိုနေရာမှာ ကိုယ့်အမည်လေးတွေ ထည့်ပြီး ပျော်စရာအနေနှင့် ပြောကြည့်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ဒီစကားပုံအပြင် တချို့စကားပုံတွေမှာလဲ စကားပုံဖြစ်ပေါ်ရတဲ့ နောက်ခံအကြောင်းအရာ ပုံပြင်လေးတွေရှိတယ်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ သိရှိထားသော စကားပုံများကို ပြောနိုင်ခြင်း ရှိ မရှိနှင့် ပိုနေမြဲ ကျားနေမြဲ စကားပုံမှ ရရှိသော သင်ခန်းစာများကို ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်

ဒီအခါ ကျားက ထောင်ချောက်ထဲကိုဝင်ပြပြီး မောင်ပိုက ထောင်ချောက်အပြင်ဘက်မှာ နေပြလိုက်သတဲ့။ ယုန်ပညာရှိက မောင်ပိုကို ထောင်ချောက်အမြန်ပိတ်ခိုင်းပြီး "ပိုနေမြဲ ကျားနေမြဲ နေစေ" လို့ အဆုံးအဖြတ်ပေးလိုက်သတဲ့။ ဒီလိုနဲ့ "ပိုနေမြဲ ကျားနေမြဲ" ဆိုတဲ့ စကားပုံ ပေါ်ပေါက်လာခဲ့သတဲ့ ကွယ်။



**လေ့ကျင့်ခန်း**

၁။ ပုံပြင်ထဲမှာ ဇာတ်ဆောင်ဘယ်နှယောက်ပါသလဲ။
၂။ ကျားက ရွာထဲကို ဘာဖြစ်လို့ ဝင်လာတာလဲ။
၃။ မောင်ပိုကို ကျားက ဘာကြောင့် စားသင့်တယ်လို့ နွားခေါင်းရိုးက ဆုံးဖြတ်လိုက်တာလဲ။
၄။ မောင်ပိုကို ကျားက ဘာကြောင့် စားသင့်တယ်လို့ ညောင်ပင်ကြီးက ဆုံးဖြတ်လိုက်တာလဲ။
၅။ မောင်ပိုဟာ ဘယ်လိုစိတ်သဘောထားမျိုးရှိတဲ့ သူလဲ စဉ်းစားကြည့်ကြရအောင်။
၆။ ယုန်က ဘာဖြစ်လို့ အဲဒီလိုဆုံးဖြတ်တာလဲ။ သူ့ဆုံးဖြတ်ချက်ကို ကြိုက်ရဲ့လား။
၇။ ပိုနေမြဲ ကျားနေမြဲ စကားပုံရဲ့ အဓိပ္ပာယ်ကို ဖြေကြည့်ကြရအောင်။

ကလေးတို့ သိတဲ့ တခြားစကားပုံလေးတွေကို ပြောကြည့်ကြရအောင်



၂၈

### အရေးကြီးသောအချက်များ

- "ပိုနေမြဲ ကျားနေမြဲ " စကားပုံမှ ရရှိသော သင်ခန်းစာကို ဆရာက ရှင်းပြရပါမည်။

သာဓက ။ ။ အခြေအနေ အချိန်အခါပေါ်မူတည်ပြီး ကူညီသင့်သည့် သူကိုသာ အကူအညီပေးသင့်ကြောင်း၊ ကျေးဇူးကန်းတတ်သည့်သူကို ကူညီမိပါက ဒုက္ခရောက်တတ်ကြောင်းနှင့် မောင်ပိုသည် အခက်အခဲကြုံသည့်အခါ အရှုံးမပေးဘဲ ကြိုးစားခဲ့သည့်တွက် နောက်ဆုံးတွင် ယုန်ပညာရှိက မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးနိုင်ခဲ့ကြောင်း သာဓကများကို တွေ့ရပါသည်။

## အခန်း (၃-ဂ) ပင်ဝါးရုံ (ကဗျာ)
## အကြိမ်ပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)



**(ဂ) ပင်ဝါးရုံ (ကဗျာ)**






### သင်ယူမှုဦးတည်ချက်

- ကဗျာပါ အကြောင်းအရာကို ကလေးများ နားလည်၍ အသံနေ အသံထားမှန်မှန် ရွတ်ဆိုတတ်ရန်
- ကဗျာကို ချစ်တတ်စေရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ပထမဦးစွာ ကျောင်းသုံးစာအုပ်တွင်ပါဝင်သော ရုပ်ပုံကို ကြည့်စေပြီး မေးခွန်းများမေးကာ နိဒါန်းပျိုးပါမည်။

  သာဓက ။ ။ (၁) လေတိုက်တဲ့အခါမှာ ဝါးပင်လေးတွေ ယိမ်းနေတာ မြင်ဖူးသလား။

  (၂) စိမ်းစိုနေတဲ့ တောတောင်ကြီးတွေကိုရော မြင်ဖူးသလား။

  (၃) ရုပ်ပုံထဲမှာ တွေ့ရတဲ့ အကောင်လေးတွေက ဘာကောင်လေးတွေလဲ

  စသည်ဖြင့် ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။

**လုပ်ငန်းစဉ်**

⦿ ဆရာက ကဗျာခေါင်းစဉ်ကိုပြောကာ ကဗျာကို အသံနေ အသံထားမှန်မှန်ဖြင့် ရွတ်ဆိုပြပါမည်။

- ကလေးများကို နားထောင်စေပါမည်။
- ဆရာရွတ်ဆိုပြသကဲ့သို့ ကလေးများကို ဆရာ့နောက်မှ လိုက်၍ ရွတ်ဆိုစေပါမည်။

⦿ ကလေးများ ကိုယ်တိုင် ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)

**နိဂုံးချုပ်ခြင်း**

- ကဗျာကို ပြန်လည်ရွတ်ဆိုစေခြင်း၊ ကဗျာတွင်ပါဝင်သော အကြောင်းအရာများကို ပြန်လည်မေးမြန်းစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာကို ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ

- ကဗျာကို ကလေးများ ပျော်ရွှင်စွာသီဆိုစေ၍ ခံစားချက်နှင့် ထင်မြင်ချက်များကို ရဲဝံ့စွာ ပြောစေရပါမည်။

### အရေးကြီးသောအချက်များ

- ဆရာက အသံနေအသံထားမှန်မှန်ဖြင့် ရွတ်ပြနေချိန်တွင် ကလေးများအားလုံး နားထောင်စေရန် ဂရုပြုရပါမည်။
- ကဗျာကို ရွတ်ဆိုရာတွင် ကာရန်တူသည့်အသံလေးတွေကို ပီသအောင် ရွတ်ဆိုပြရပါမည်။

## အခန်း (၃-ဂ) ပင်ဝါးရုံ (ကဗျာ)
## အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**

- "ကလေးတို့ ပထမအချိန်တုန်းက ပင်ဝါးရုံကဗျာလေးကို ရွတ်ဆိုခဲ့ကြပြီးပြီ။ ဒီတစ်ချိန်မှာတော့ ဘယ်လိုအကြောင်းအရာလေးဖြစ်မလဲဆိုတာ စဉ်းစားပြီး ရွတ်ဆိုကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပထမဦးစွာ ဆရာက ကဗျာကို ရွတ်ဆိုပြပါမည်။
- ကလေးများ ဆရာ့နောက်မှ လိုက်ဆိုစေပါမည်။
- ⦿ ခက်ခဲသော စကားလုံးများရှိပါက ကလေး များကို ပြောစေပါမည်။
- ကလေးများပြောသော စကားလုံးများကို သင်ပုန်းတွင် မှတ်သားထားရပါမည်။
- ⦿ ကလေးများနားလည်ရန် ခက်ခဲနေသေးပါက မိမိဒေသ ပတ်ဝန်းကျင် အခြေအနေပေါ်လိုက်၍ အနီးစပ်ဆုံး ပြောကာ ရှင်းပြရပါမည်။

  သာဓက ။ ။ မြူ - မြူဆိုတာ လေထဲမှာ ရစ်ဆိုင်းနေတဲ့ အမှုန်လေးတွေကို ခေါ်တယ်။ တစ်နည်းအားဖြင့် မြူခိုး လို့လဲ ခေါ်ကြတယ်။
- ⦿ ကဗျာပါ အကြောင်းအရာများကို ကလေးများ နားလည်လွယ်သော စကားလုံးများဖြင့် ရှင်းပြပါမည်။
- ထို့နောက် ကဗျာကို တစ်တန်းလုံး တစ်ပြိုင်တည်း ရွတ်ဆိုစေပါမည်။
- ကလေးများ အဖွဲ့လိုက် ရွတ်ဆိုစေပါမည်။
- အဖွဲ့လိုက် ရွတ်ဆိုနေချိန်တွင် ကျန်ကလေးများကို နားထောင်စေပါမည်။
- အဖွဲ့လိုက် ရွတ်ဆိုပြီးပါက တစ်ဦးချင်း ရွတ်ဆိုချင်သော ကလေးများ ရှိပါက အတန်းရှေ့ထွက်၍ ရွတ်ဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကဗျာကို ပြန်လည်ရွတ်ဆိုခြင်း၊ ကဗျာတွင်ပါဝင်သော အကြောင်းအရာများကို ပြန်လည်မေးမြန်းစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မိမိတို့ထင်မြင်ချက်များကို တက်ကြွစွာ ပြောဆိုနိုင်ခြင်း ရှိ မရှိနှင့် ကဗျာကို ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်

**(ဂ) ပင်ဝါးရုံ (ကဗျာ)**




၂၉

### အရေးကြီးသောအချက်များ

- ခက်ခဲသော ဝေါဟာရများကို ကလေးနားလည်လွယ်သော စကားလုံးများဖြင့် ရှင်းပြရပါမည်။
- ဆရာက ရှင်းပြရန်သာဖြစ်ပါသည်။
- ကလေးများ အလွတ်ကျက်မှတ်ရန် မဟုတ်ပါ။

  ၁။ ယိမ်း = တည့်မတ်ခြင်းမရှိ တိမ်းစောင်းသည်။ ရှေ့နောက်ဝဲယာ တိမ်းညွတ်သည်။
  
  ၂။ မြူ = လေထဲတွင် ရစ်ဆိုင်းနေသော အမှုန်၊ မြူခိုး။
  
  ၃။ မြိုင် = သစ်ပင်ကြီးများ ထူထပ်စွာပေါက်လျက် စိမ်းစိုအုံ့မှိုင်းနေသောတော။
  
  ၄။ တွန် = သာယာစွာ အသံပြုသည်။
  
  ၅။ ကွန်းခို = ခရီးလမ်းတွင် အရိပ်ခိုရပ်နားသည်။
  
  ၆။ တောင်ခါးပန်း = တောင်၏အလယ်ပိုင်း။

## အခန်း (၃-ဃ)  ကျရာခေါင်းစဉ်ပြောကြမယ်
## အကြိပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)


၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်

(ဃ) ကျရာခေါင်းစဉ်ပြောကြမယ်



လေ့ကျင့်ခန်း

ကိုယ်ရွေးတဲ့ ခေါင်းစဉ်မှာပါတဲ့ အကြောင်းအရာကို သူငယ်ချင်းတွေနဲ့ ပြောကြရအောင်။

သူငယ်ချင်းတွေကို ပြောပြီးပြီဆိုတော့ ကိုယ်ရွေးထားတဲ့ ခေါင်းစဉ်နဲ့ ဝါကျငါးကြောင်းလောက် ရေးကြရအောင်။

၃၀

### သင်ယူမှုဦးတည်ချက်
- လူအများရှေ့တွင် စကားလုံးအမျိုးမျိုးကိုအသုံးပြုပြီး ပြောဆိုတတ်ရန်
- မိမိတို့ ရရှိထားသော ခေါင်းစဉ်တွင် ပါဝင်သည့် အကြောင်းအရာကို ပြောပြပြီး ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ၊ မဲလိပ်

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- "ကလေးတို့ ဒုတိယတန်းမှာ ကိုယ့်အကြောင်းတွေကို သူငယ်ချင်းတွေနဲ့ ပြောပြီးရေးခဲ့ကြပြီးပြီ။ ဒီအချိန်မှာတော့ ဆရာပေးထားတဲ့ ခေါင်းစဉ်တွေထဲက ကိုယ်ရတဲ့ ခေါင်းစဉ်အကြောင်းကို ပြောပြရမယ်။ ဘယ်ခေါင်းစဉ်ရတယ်ဆိုတာသိဖို့ မဲနှိုက်ရွေးကြမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ပထမဦးစွာ အုပ်စုဖွဲ့ရာတွင် ခေါင်းစဉ် ၆ ခုပေါ် မူတည်၍ အုပ်စုဖွဲ့ပေးရပါမည်။
- အုပ်စုဖွဲ့ပြီးပါက မဲလိပ်များပေးပါမည်။
- မိမိတို့ ကိုယ်တိုင်မဲနှိုက်၍ ကျရာနံပါတ်အတိုင်း ခေါင်းစဉ်ကို ယူစေပါမည်။
- မိမိတို့ ရရှိသောခေါင်းစဉ်ကို မှတ်သားထားရပါမည်။
- ⊙ ဆရာက ခေါင်းစဉ်တစ်ခုရွေးပြီး မည်သည့်အချက်များ ပါဝင်ရမည်ကို နမူနာအနေဖြင့်ပြောပြပါမည်။
- ⊙ ကလေးများအား မိမိတို့ရရှိသော ခေါင်းစဉ်တွင် ပါဝင်ရမည့် အကြောင်းအရာကို စဉ်းစားစေပါမည်။
- ⊙ စဉ်းစားပြီးပါက နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ဆရာက "စဉ်းစားထားတယ်ဆိုတာ အရေးကြီးတယ် ခေါင်းစဉ်နဲ့ သက်ဆိုင်တာကို စဉ်းစားရမှာဖြစ်တယ်"ဟု ပြောပါမည်။
- စဉ်းစားထားသည်များကို တစ်ဦးချင်း အုပ်စုထဲတွင် ပြန်လည်ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**
- "ကလေးတို့ ကိုယ်ရထားတဲ့ခေါင်းစဉ်နဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေကို အုပ်စုထဲမှာ ပြောပြီးပြီဆိုတော့ နောက် တစ်ချိန်မှာ ပြန်ရေးကြရမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

### အဓိကအချက်များ
- မိမိတို့ရရှိထားသည့် ခေါင်းစဉ်နှင့်ဆက်စပ်ပြီး မိမိတို့သိရှိထားသော အကြောင်းအရာ၊ ထင်မြင်ချက်စသည်တို့ကို ပြောတတ်ရပါမည်။
- မိမိပြောထားသောအကြောင်းအရာကို လွယ်ကူရှင်းလင်းစွာ ရေးတတ်ရပါမည်။
- တူညီသောခေါင်းစဉ်များနှင့် စပ်လျဉ်း၍ အခြားသူများ၏ အကြံဉာဏ်ကို နားထောင်စေရပါမည်။

### အရေးကြီးသောအချက်များ
- မဲလိပ်ကို အသုံးပြုရာတွင် တစ်ကြိမ်သာ အသုံးပြုရပါမည်။
- ခေါင်းစဉ်နှင့်သက်ဆိုင်သည့် အကြောင်းအရာကို ပြောသည့်အခါ လွယ်ကူစွာ ပြောတတ်ရပါမည်။
- မိမိနာမည်၊ ခေါင်းစဉ်၊ ခေါင်းစဉ်နှင့်သက်ဆိုင်သည့် အကြောင်းအရာ၊ မိမိ ထင်မြင်ချက်နှင့် အကြောင်းရင်း စသည့်အချက်များ ပါဝင်ရပါမည်။

  သာဓက ။ ။ မအေးအေးချို (အချစ်ဆုံးသူငယ်ချင်း )

  ကျွန်မနာမည်ကတော့ မအေးအေးချိုဖြစ်ပါတယ်။
  ကျွန်မပြောမဲ့ ခေါင်းစဉ်ကတော့ အချစ်ဆုံးသူငယ်ချင်း အကြောင်းဖြစ်ပါတယ်။ ကျွန်မမှာ အချစ်ဆုံးသူငယ်ချင်း တစ်ယောက်ရှိပါတယ်။ သူ့နာမည်က မလှလှဝင်း ဖြစ်ပါတယ်။ ကျောင်းသွားတဲ့အခါ သူနဲ့အတူတူသွားပါတယ်။ သူက သဘောကောင်းပြီး စာလည်း ကြိုးစားပါတယ်။ အဲဒါကြောင့် သူက ကျွန်မရဲ့အချစ်ဆုံးသူငယ်ချင်းလို့ ပြောတာဖြစ်ပါတယ်။

# အခန်း (၃-ဃ) ကျရာခေါင်းစဉ်ပြောကြမယ်
## အကြံပြုစာသင်ချိန် ၃ ချိန် (ပထမ၊ဒုတိယအချိန်)

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း မိမိတို့ရရှိထားသည့် ခေါင်းစဉ်နှင့် ဆက်စပ်သည့် အကြောင်းအရာများကို ပြောဆိုနိုင်ခြင်း ရှိ မရှိနှင့် နှစ်ယောက်တစ်တွဲ ပြောဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

### နိဒါန်း

♦ "ပထမအချိန်မှာ ကလေးတို့ရထားတဲ့ ခေါင်းစဉ် အကြောင်းကို သူငယ်ချင်းတွေနဲ့ ပြောပြီးပြီဆိုတော့ ဒီအချိန်မှာ ကိုယ်ပြောခဲ့တဲ့အကြောင်းကို ဝါကျ ၅ ကြောင်းလောက် ရေးကြည့်ကြရမယ်" ဟုပြောပြီး နိဒါန်း ပျိုးပါမည်။

### လုပ်ငန်းစဉ်

♦ ပထမအချိန်တွင် မပြောရသေးသော ကလေးများ ရှိပါက ၂ ယောက် ၃ ယောက်ခန့်ကို ပြန်လည်ပြောစေပါမည်။

♦ ပထမဦးစွာ ဆရာက စာရွက်များကို ဝေပေးထားပါမည်။

⊙ ထိုစာရွက်ပေါ်တွင် မိမိတို့ပြောခဲ့သည့်အတိုင်း အပြော စကားပုံစံနှင့်သာ ရေးသားစေပါမည်။

⊙ "အရေးစကားနဲ့ ရေးတတ်တဲ့သူတွေရော ရှိသလား။ ရှိရင် ရေးကြည့်လို့ ရတယ်နော်။ ကိုယ်မရေးတတ်တဲ့နေရာ မရေးနိုင်တဲ့နေရာလေးတွေကို မျဉ်းသားထားမယ်နော်" ဟု ပြောပါမည်။

♦ ထို့နောက် မိမိတို့ ရရှိထားသည့်ခေါင်းစဉ်ပါ အကြောင်း အရာများကို ပထမအချိန်တွင် ပြောခဲ့သည့်အတိုင်း ရေးစေပါမည်။

♦ ရေးသားပြီးပါက မိမိတို့ ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ အချင်းချင်းဖတ်၍ စစ်ဆေးစေ ပါမည်။

♦ ထို့နောက် ရေးသားထားသည်များကို ဆရာက စစ်ဆေး ပေးရမည်။

♦ ထိုသို့စစ်ဆေးရာတွင် ကလေးများ မရေးသားနိုင်၍ မျဉ်းသားထားသော နေရာများရှိပါက ဂရုစိုက်၍ စစ်ဆေးပေးရပါမည်။

### နိဂုံးချုပ်ခြင်း

♦ "ကလေးတို့ ရေးလဲရေးပြီးပြီ။ သူငယ်ချင်းနဲ့လဲပြောပြီးပြီ ဆိုတော့ ကိုယ်ရေးထားတဲ့အကြောင်းကို အတန်းရှေ့ ထွက်ပြီး ပြောပြချင်တဲ့သူ ရှိသလား" ဟု ဆရာကမေးပြီး အတန်းရှေ့တွင် ၄ ဦး ၅ ဦးခန့်ကိုထွက်၍ ပြောစေခြင်း ဖြင့် နိဂုံးချုပ်ပါမည်။



(ဃ) ကျရာခေါင်းစဉ်ပြောကြမယ်




**လေ့ကျင့်ခန်း**

ကိုယ်ရွေးတဲ့ ခေါင်းစဉ်မှာပါတဲ့ အကြောင်းအရာကို သူငယ်ချင်းတွေနဲ့ ပြောကြရအောင်။

သူငယ်ချင်းတွေကို ပြောပြီးပြီဆိုတော့ ကိုယ်ရွေးထားတဲ့ ခေါင်းစဉ်နဲ့ ဝါကျငါးကြောင်းလောက် ရေးကြရအောင်။



### အရေးကြီးသောအချက်များ

♦ မိမိရရှိထားသော ခေါင်းစဉ်ပါ အကြောင်းအရာများကို ရေးသားနိုင် ရပါမည်။

♦ အပြောစကားပုံစံဖြင့်သာ ရေးသားစေ၍ အရေးပုံစံဖြင့် ရေးသား ထားသူများရှိပါကလည်း လက်ခံပေးရပါမည်။

♦ ရေးသားရန်ခက်ခဲသည့်နေရာများရှိပါက မျဉ်းသားထားရမည်ကို ဆရာက ကြိုတင်ပြောပြထားရပါမည်။

♦ ဆရာက စစ်ဆေးရာတွင် ကလေးများ မရေးသားနိုင်၍ မျဉ်းသား ထားသောနေရာများရှိပါက ဂရုစိုက်၍ စစ်ဆေးပေးရပါမည်။

♦ ရေးသားထားသည်များကို စစ်ဆေးပေးရာတွင် အမှားကို ပြင်ဆင် ပေးရမည်။ ကလေးများအတွက် မှတ်ချက်ကောင်းများကိုသာ ရေးသား ပေးရပါမည်။ "အရေးပုံစံနဲ့ ရေးထားတာပဲ တော်လိုက်တာ။" "အပြောစကားပုံစံနဲ့ ကောင်းကောင်း ရေးနိုင်တာပဲ တော်လိုက်တာ" စသည်ဖြင့် ဆရာက ချီးကျူးစကား ပြောရပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း မိမိရေးလိုသောအကြောင်းအရာများကို ရေးသားနိုင်ခြင်း ရှိ မရှိနှင့် နှစ်ယောက်တစ်တွဲ ဖတ်ပြနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၃-ဃ) ကျေးရာခေါင်းစဉ်ပြောကြမယ်
## အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)


၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်

(ဃ) ကျေးရာခေါင်းစဉ်ပြောကြမယ်



လေ့ကျင့်ခန်း

ကိုယ်ရွေးတဲ့ ခေါင်းစဉ်မှာပါတဲ့ အကြောင်းအရာကို သူငယ်ချင်းတွေနဲ့ ပြောကြရအောင်။

သူငယ်ချင်းတွေကို ပြောပြီးပြီဆိုတော့ ကိုယ်ရွေးထားတဲ့ ခေါင်းစဉ်နဲ့ ဝါကျငါးကြောင်းလောက် ရေးကြရအောင်။

၃၀

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- "ကလေးတို့ ပထမအချိန်မှာ ကိုယ်ရေးထားတဲ့ခေါင်းစဉ်အကြောင်းကို ပြောခဲ့ပြီးပြီ။ ဒုတိယအချိန်မှာလဲ ရေးခဲ့ကြပြီးပြီ။ ဒီတစ်ချိန်မှာတော့ ကလေးတို့တွေထဲက ခေါင်းစဉ်တူတဲ့သူအချင်းချင်းစုပြီး ဆွေးနွေးကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ပထမဦးစွာ ဆရာက ခေါင်းစဉ်တူရာအလိုက် ကလေးများကို ပြန်လည်၍ စုခိုင်းပါမည်။
- ⊙ ခေါင်းစဉ်တူရာစုပြီးပါက မိမိတို့ရေးသားထားသည်များကို အုပ်စုတွင်း ဖလှယ်၍ ဖတ်စေပါမည်။
- ⊙ ဖတ်ပြီးပါက အခြားသူများ၏ အကြံဉာဏ်ကိုယူကာ မိမိရေးသားထားသော စာပိုဒ်တွင် ဖြည့်စွက်ရေးသားခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ရပါမည်။
- ပြီးပါက ရေးသားထားသော စာရွက်များကို တစုတစည်းတည်းဖြစ်စေရန် စု၍ချုပ်စေပါမည်။
- ထို့နောက် အုပ်စုလိုက် လဲလှယ်ဖတ်စေပါမည်။
- လဲလှယ်ဖတ်ပြီးပါက အတန်းရှေ့တွင် ထိုစာရွက်များကို အုပ်စုလိုက် ပြသထားရပါမည်။

#### နိဂုံးချုပ်ခြင်း

- "ကလေးတို့ အုပ်စုလိုက် လဲဖတ်တဲ့အခါမှာ ဘာတွေ တွေ့ရသလဲ"
- "မတူညီတဲ့အချက်တွေရောရှိသလား"
- "ဘယ်လို အရေးအသားမျိုးတွေ ရေးထားတာ တွေ့ရသလဲ" စသည့်မေးခွန်းများကိုမေးပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိရေးလိုသော အကြောင်းအရာများကို ရေးသားနိုင်ခြင်း ရှိ မရှိနှင့် ဖတ်ပြနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

- အခြားသူ၏ အကြံဉာဏ်ကို မေးခြင်း၊ ရေးသားထားသော စာကို ဖတ်ကာ မည်သို့ပိုကောင်းအောင် ပြုပြင်ရေးသားရမည်ကို စဉ်းစားစေမည်။
- ကလေးများ ရေးသားထားသော စာရွက်များကို ကျောင်းခန်း အခြေအနေပေါ်မူတည်၍ နံရံတွင် ကပ်၍လည်း ပြသထားနိုင်ပါသည်။
- ကလေးများရေးသားထားသော စာရွက်များတွင် ဆရာ၏ မှတ်ချက် ပါရပါမည်။

## အခန်း (၃-င) နွားအကြောင်း
## အကြံပြုစာသင်ချိန် ၁၀ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
- နွားအကြောင်းကို သိရှိစေရန်
- ဖတ်စာပါ အကြောင်းအရာကို နားလည်ပြီး မှန်ကန်စွာ ဖတ်တတ်၊ ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- "ကလေးတို့ မြင်ဖူးတဲ့ တိရစ္ဆာန်ကလေးတွေကို ပြောကြရအောင်၊ နွားကိုရောမြင်ဖူးသလား" ဟု မေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ဖတ်စာအုပ်ပါ ရုပ်ပုံများကို ကြည့်စေပြီး "ဘာလုပ်နေကြတယ် ထင်သလဲ" ဟုမေးကာ ကလေး ၄ ဦး ၅ ဦးခန့်ကို ဖြေစေပါမည်။
- နှစ်ယောက်တစ်တွဲ ထင်မြင်ချက်များကို ပြောကြားစေမည်။
- ဆရာက စာတစ်ပုဒ်လုံးကို ဖတ်ပြကာ အဖြတ်အရပ် မှန်ကန်စေရန် မှတ်သားထားစေမည်။
- ဆရာ့နောက်မှလိုက်ကာ ဖတ်စေပါမည်။
- တစ်တန်းလုံး အစအဆုံး ဖတ်စေပါမည်။
- ⊙ နွားအကြောင်းကိုဖတ်ပြီး ထင်မြင်ချက်များကို နှစ်ယောက်တစ်တွဲ လွတ်လပ်စွာ ပြောစေပါမည်။
- ⊙ နှစ်ယောက်တစ်တွဲ ပြောထားသည်များကို ၃၊ ၄ တွဲခန့် အတန်းရှေ့တွင် ပြောကြားစေမည်။

**နိဂုံးချုပ်ခြင်း**
- "ဖတ်စာက ဘာအကြောင်းအရာကို ရေးထားတာလဲ" ဟု မေးပြီး ဖြေစေပါမည်။
- "နောက်စာသင်ချိန်ကျရင် အသေးစိတ်သင်ကြရမယ်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း နွားအကြောင်းနှင့်စပ်လျဉ်းပြီး မိမိထင်မြင်ချက်များကို ပြောနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (င) နွားအကြောင်း



မြန်မာ့လယ်ယာလုပ်ငန်းတွင် နွားကို အသုံးပြုကြသည်။ လယ်ယာစတင်ထွန်ယက်သည့်အချိန်မှစ၍ သီးနှံများကို သိမ်းဆည်းပြီးသည့်အချိန်အထိ နွားနှင့် အလုပ်လုပ်ကြရသည်။



နွားထီးများကို လုပ်ငန်းများတွင် အသုံးပြုကြသည်။ နွားမများကိုမူ နို့စားနွားအဖြစ် မွေးမြူကြသည်။ အချို့သောနိုင်ငံများတွင် အသားရရန် နွားကို သီးသန့် မွေးမြူကြသည်။



### အဓိကအချက်များ
- နွားသည် မြန်မာ့လယ်ယာလုပ်ငန်းအတွက် အရေးပါကြောင်းနှင့် လူတို့ကို အကျိုးပြုကြောင်း သိရှိစေရပါမည်။
- အဖြတ်အရပ် မှန်ကန်စွာ ရွတ်ဖတ်စေမည်။

### အရေးကြီးသောအချက်များ
- နွားအကြောင်း ထင်မြင်ချက်ကို ကလေးများအား လွတ်လပ်စွာ စဉ်းစား ပြောဆိုစေမည်။

## (င) နွားအကြောင်း



မြန်မာ့လယ်ယာလုပ်ငန်းတွင် နွားကို အသုံးပြုကြသည်။ လယ်ယာစတင်ထွန်ယက်သည့်အချိန်မှစ၍ သီးနှံများကို သိမ်းဆည်းပြီးသည့်အချိန်အထိ နွားနှင့်အလုပ်လုပ်ကြရသည်။



နွားထီးများကို လုပ်ငန်းများတွင် အသုံးပြုကြသည်။ နွားမများကိုမူ နို့စားနွားအဖြစ် မွေးမြူကြသည်။ အချို့သောနိုင်ငံများတွင် အသားရရန် နွားကို သီးသန့် မွေးမြူကြသည်။



### အရေးကြီးသောအချက်များ

- ခက်ခဲသော စကားလုံးများကို ကလေးများအား လွတ်လပ်စွာ ပြောစေကာ ဆရာက အောက်ပါစကားလုံးများ မပါလျှင် ပြောပြ ရှင်းပြရပါမည်။
  လယ်ယာ၊ ထွန်ယက်၊ သိမ်းဆည်း၊ မွေးမြူ၊ သီးသန့်
- စကားလုံးများနှင့် စာပိုဒ်ကို ရေးသားနေချိန်တွင် ဆရာသည် အတန်းသို့ လှည့်လည်ကြည့်ရှုမည်။
- နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်သော စာအုပ်သည် ပထမနှင့် ဒုတိယစာပိုဒ်ကို လေးကြောင်းမျဉ်း၌ ရေးသားထားသည့် စာအုပ် ဖြစ်ပါသည်။
- သတ်ပုံစာအုပ်ကို ဆရာကသာ စစ်ဆေးရပါမည်။

### နိဂုံးချုပ်ခြင်း

- နှစ်ယောက်တစ်တွဲ စာအုပ်များလဲလှယ်ကာ ဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- စကားလုံးများကို မှန်ကန်စွာ ရေးနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်ကို မှန်ကန်စွာ ဖတ်နိုင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

**အခန်း (၃-င) နွားအကြောင်း**
**အကြိမ်ပြုစာသင်ချိန် ၁၀ ချိန်**
**(ဒုတိယ၊ တတိယအချိန်)**

### သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

#### နိဒါန်း

- "ဒီနေ့ နွားအကြောင်းရေးထားတဲ့ ပထမစာပိုဒ်နဲ့ ဒုတိယစာပိုဒ်ကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ပထမနှင့် ဒုတိယစာပိုဒ်ကို တစ်တန်းလုံး ဖတ်စေပါမည်။
- ⊙ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ကလေးများပြောသည့် စကားလုံးများကို သင်ပုန်းတွင်ရေးကာ ထိုစကားလုံးများ၏အဓိပ္ပာယ်ကို အခြားကလေးများကို မေးပါမည်။
- ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက် ပြောကြားမည်။ စကားလုံးများကို မှတ်စုတွင် ရေးသားစေမည်။
- ထိုစကားလုံးများ၏အဓိပ္ပာယ်ကို စဉ်းစားစေပြီး ပထမနှင့် ဒုတိယစာပိုဒ်ကို ဖတ်စေမည်။
- ပထမနှင့် ဒုတိယစာပိုဒ်တွင် ရေးထားသည့်အကြောင်းအရာကို မိမိစကားဖြင့် ပြောစေမည်။

#### နိဂုံးချုပ်ခြင်း

- စကားလုံးအသစ်များကို နောက်အချိန်တွင် သတ်ပုံခေါ်မည့်အကြောင်း ပြောကာ နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ခက်ခဲသောစကားလုံးများကို မျဉ်းသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း (တတိယအချိန်)

#### နိဒါန်း

- ပထမနှင့် ဒုတိယစာပိုဒ်ကို တစ်တန်းလုံး ဖတ်စေမည်။ ယခင်အချိန်က စကားလုံးအသစ်များကို ပြန်ပြောစေကာ နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

- ပထမနှင့် ဒုတိယစာပိုဒ်ကို ကလေးတစ်ဦးချင်းစီ ဖတ်စေမည်။
- ⊙ ဆရာက သတ်ပုံခေါ်ပြီး ကလေးများကို ရေးသားစေမည်။
- ပထမနှင့်ဒုတိယစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးစေမည်။

**အခန်း (၃-င) နွားအကြောင်း**
**အကြံပြုစာသင်ချိန် ၁၀ ချိန်**
**(စတုတ္ထ၊ ပဉ္စမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း (စတုတ္ထအချိန်)

### နိဒါန်း

♦ "ဒီစာသင်ချိန်မှာ တတိယစာပိုဒ်ကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

♦ တတိယစာပိုဒ်ကို တစ်တန်းလုံး ဖတ်စေပါမည်။
♦ ထို့နောက် အဖွဲ့လိုက်၊ တစ်ဦးချင်း ဖတ်စေမည်။
⊙ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
♦ ကလေးများ ပြောသည့်စကားလုံးများကို သင်ပုန်းတွင် ရေးကာ ထိုစကားလုံးများ၏အဓိပ္ပာယ်ကို အခြားကလေးများကို မေးမည်။
♦ ကလေးများ၏ဖြေဆိုချက် လိုအပ်နေလျှင် ဆရာက ဖြည့်စွက်ပြောကြားမည်။ စကားလုံးများကို မှတ်စုတွင် ရေးသားစေမည်။

သာဓက ။ ။ ချူ= အတွင်းတွင် အဆန်လွတ်ထည့်ထားသော သတ္တုခလောက်အလုံးငယ်

♦ စကားလုံး၏အဓိပ္ပာယ်ကို စဉ်းစားကာ တတိယစာပိုဒ်ကို ဖတ်စေမည်။
⊙ တတိယစာပိုဒ်တွင် ရေးထားသည့်အကြောင်းအရာကို မိမိစကားဖြင့် ပြောစေပါမည်။

### နိဂုံးချုပ်ခြင်း

♦ စကားလုံးအသစ်များကို နောက်အချိန်တွင် သတ်ပုံခေါ်မည့် အကြောင်းပြောကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း တတိယစာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## သင်ကြားသင်ယူမှုလုပ်ငန်း (ပဉ္စမအချိန်)

### နိဒါန်း

♦ တတိယစာပိုဒ်ကို ပြန်ဖတ်စေကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

♦ တတိယစာပိုဒ်ကို ကလေးတစ်ဦးချင်းစီ ဖတ်စေမည်။
⊙ ဆရာက သတ်ပုံခေါ်ကာ ကလေးများကို ရေးသားစေမည်။
♦ တတိယစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးစေမည်။



၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်



နွားကို လှည်းတွင်တပ်ဆင်ကာ ခရီးသွားရန်နှင့် သယ်ယူပို့ဆောင်ရန် အသုံးပြုကြသည်။ စက်မှုထွန်းကားလာသောခေတ်တွင် နွားကို အသုံးပြုသူ နည်းပါးသွားသော်လည်း အလှူမင်္ဂလာပွဲ၊ ရှင်လောင်းလှည့်ပွဲ၊ မင်္ဂလာအခမ်းအနားပွဲ စသည်တို့တွင် လှည်းယဉ်ကို တခမ်းတနား အသုံးပြုနေဆဲဖြစ်သည်။ သွေးတူမွေးတူ နွားများကို ချူများ၊ အဆင်တန်ဆာများဆင်ပြီးလျှင် လှည်းယဉ်တွင်က၍ မောင်းလေ့ရှိသည်။ နွားချော နွားကောင်းများကို အလှမွေးကြသည်။



မြန်မာနိုင်ငံတွင် နွားများကို စားကျက်များသို့လွှတ်၍ နွားကျောင်းလေ့ရှိကြသည်။ နွားစာများမှာ မြက်၊ ကောက်ရိုး၊ ပြောင်းရိုး၊ ပဲဖတ်၊ နှမ်းဖတ်စသည်တို့ဖြစ်သည်။ နွားများကို ခြံခတ်၍လည်းကောင်း၊ နွားတင်းကုပ်များ ဆောက်၍လည်းကောင်း ထားလေ့ရှိသည်။ နွားသည် လူတို့အတွက် အသုံးဝင်သော တိရစ္ဆာန်ဖြစ်သည်။

၄၂

### အရေးကြီးသောအချက်များ

♦ ခက်ခဲသော စကားလုံးများကို ကလေးများအား လွတ်လပ်စွာ ပြောစေကာ ဆရာက အောက်ပါ စကားလုံးများ မပါပါက ပြောစေမည်။
ချူ၊ အဆင်တန်ဆာ၊ လှည်းယဉ်၊ ခြံခတ်၊ တင်းကုပ်။
♦ လှည်းယဉ်တွင် က၍ စကားစုမှ "က"ဟူသော စကားလုံးကို ဆရာက ရှင်းပြရပါမည်။
က = လှည်း၊ ရထား စသည်တို့၌ ကျွဲ၊ နွား၊ မြင်းတို့ကို တပ်ဆင်သည်။
♦ စကားလုံးများနှင့် စာပိုဒ်ကို ရေးသားနေချိန်တွင် ဆရာသည် အတန်းသို့ လှည့်လည်ကြည့်ရှုမည်။
♦ အဖွဲ့တွင်း လဲလှယ်ဖတ်သော စာအုပ်သည် တတိယစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။
♦ သတ်ပုံစာအုပ်ကို ဆရာကသာ စစ်ဆေးရပါမည်။

### နိဂုံးချုပ်ခြင်း

♦ နှစ်ယောက်တစ်တွဲ စာအုပ်များလဲလှယ်ကာ အဖွဲ့လိုက် ဖတ်စေခြင်းဖြင့် မှန်ကန်စွာ ရေးသားထားခြင်း ရှိ မရှိ အချင်းချင်း ကြည့်စေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း စကားလုံးများကို မှန်ကန်စွာ ရေးနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်ကို မှန်ကန်စွာ ဖတ်နိုင်ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၃။ ဗဟုသုတသိမှတ်ဖွယ် စကားပုံ ပုံပြင်သင်ကြမယ်



နွားကို လှည်းတွင်တပ်ဆင်ကာ ခရီးသွားရန်နှင့် သယ်ယူပို့ဆောင်ရန် အသုံးပြုကြသည်။ စက်မှုထွန်းကားလာသောခေတ်တွင် နွားကို အသုံးပြုသူ နည်းပါးသွားသော်လည်း အလှူမင်္ဂလာပွဲ၊ ရှင်လောင်းလှည့်ပွဲ၊ မင်္ဂလာအခမ်းအနားပွဲ စသည်တို့တွင် လှည်းယဉ်ကို တခမ်းတနား အသုံးပြုနေဆဲဖြစ်သည်။ သွေးတူမွေးတူ နွားများကို ချူများ၊ အဆင်တန်ဆာများဆင်ပြီးလျှင် လှည်းယဉ်တွင်ကာ၍ မောင်းလေ့ရှိသည်။ နွားချော နွားကောင်းများကို အလှမွေးကြသည်။



မြန်မာနိုင်ငံတွင် နွားများကို စားကျက်များသို့လွှတ်၍ နွားကျောင်းလေ့ရှိကြသည်။ နွားစာများမှာ မြက်၊ ကောက်ရိုး၊ ပြောင်းရိုး၊ ပဲဖတ်၊ နှမ်းဖတ်စသည်တို့ဖြစ်သည်။ နွားများကို ခြံခတ်၍လည်းကောင်း၊ နွားတင်းကုပ်များ ဆောက်၍လည်းကောင်း ထားလေ့ရှိသည်။ နွားသည် လူတို့အတွက် အသုံးဝင်သော တိရစ္ဆာန်ဖြစ်သည်။

၃၂

## အခန်း (၃-င) နွားအကြောင်း
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန်
## (ဆဋ္ဌမ၊ သတ္တမအချိန်)

**အရေးကြီးသောအချက်များ**

- ♦ စကားလုံးများနှင့် စာပိုဒ်ကို ရေးသားနေချိန်တွင် ဆရာသည် အတန်းသို့ လှည့်လည်ကြည့်ရှုမည်။
- ♦ သတ်ပုံစာအုပ်ကို ဆရာကသာ စစ်ဆေးရပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ အဖွဲ့တွင်း စာအုပ်များ လဲလှယ်ကာ မှန်ကန်စွာ ရေးသားထားခြင်း ရှိ မရှိ အချင်းချင်း စစ်ဆေးစေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း စကားလုံးများကို မှန်ကန်စွာ ဖတ်နိုင်ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း (ဆဋ္ဌမအချိန်)

**နိဒါန်း**

- ♦ "ဒီနေ့ နောက်ဆုံးစာပိုဒ်ကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ စာပိုဒ်ကို တစ်တန်းလုံး ဖတ်စေမည်။ ထို့နောက် အဖွဲ့လိုက် ဖတ်စေမည်။
- ⦿ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေပါမည်။
- ♦ ကလေးများပြောသော စကားလုံးများကို သင်ပုန်းတွင် ရေးကာ စကားလုံးများ၏အဓိပ္ပာယ်ကို မေးပါမည်။
- ♦ ကလေးများ၏ဖြေဆိုချက် မပြည့်စုံလျှင် ဆရာက ဖြည့်စွက်ပြောကြားမည်။ စကားလုံးများကို မှတ်စုတွင် ရေးသားစေမည်။ သာဓက။ ။ စားကျက်= တိရစ္ဆာန်တို့ လှည့်ပတ်သွားလာ ရှာဖွေစားသောက်ရာအရပ်။
- ♦ ထို့နောက် နောက်ဆုံးစာပိုဒ်ကို ဖတ်စေပါမည်။
- ♦ နောက်ဆုံးစာပိုဒ်ကို မိမိစကားဖြင့် ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ စကားလုံးအသစ်များကို နောက်အချိန်တွင် သတ်ပုံခေါ်မည့်အကြောင်းပြောကာ နိဂုံးချုပ်မည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ခက်ခဲသော စကားလုံးများကို မျဉ်းသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း (သတ္တမအချိန်)

**နိဒါန်း**

- ♦ နောက်ဆုံးစာပိုဒ်များကို ပြန်ဖတ်စေပြီး ယခင်အချိန်က စကားလုံးအသစ်များကို ပြန်ပြောစေကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ဆရာက နောက်ဆုံးစာပိုဒ်ကို တစ်ဦးချင်းစီ ဖတ်စေပါမည်။
- ⦿ ဆရာက ကလေးများကို စာလုံးပေါင်းသတ်ပုံခေါ်၍ ရေးသားစေမည်။
- ♦ နောက်ဆုံးစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးစေမည်။

## အခန်း (၃-င) နွားအကြောင်း
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "ဒီနေ့တော့ လေ့ကျင့်ခန်းမှာပါတဲ့ စကားလုံးတွေနဲ့ ဝါကျဖွဲ့ကြည့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဆရာက ပထမဦးစွာ **စားကျက်** ဟူသော စကားလုံးကို ဝါကျဖွဲ့ပြီး နမူနာ စာကြောင်းကို ရေးပြပါမည်။

♦ ဝါကျဖွဲ့ပုံဖွဲ့နည်းကို ရှင်းပြမည်။

♦ ထို့နောက် **ထွန်ယက်** ဟူသော စကားလုံးဖြင့် နှစ်သက်ရာ ဝါကျကို ပြောစေမည်။

⊙ ကလေးများပြောကြားသော ဝါကျများကို သင်ပုန်းတွင် ရေးကာ သဒ္ဒါတည်ဆောက်ပုံ မှားယွင်းပါက ဆရာက ပြင်ပေးပါမည်။

♦ ဆရာရေးထားသော စာကြောင်းများကို မှတ်စုစာအုပ်တွင် ကူးရေးစေမည်။

⊙ ကျန်စကားလုံးများဖြင့် ဝါကျများကို အချင်းချင်း ပြောစေပြီး မှတ်စုတွင် ရေးသားစေမည်။

**နိဂုံးချုပ်ခြင်း**

♦ ရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ လဲလှယ်ကာ ဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း မှန်ကန်စွာ ဝါကျဖွဲ့နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

သိမ်းဆည်း၊ ချူ၊ အဆင်တန်ဆာ၊ လှည်းယဉ်၊ ခြံခတ်၊ တင်းကုပ်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

စားကျက်၊ ထွန်ယက်၊ သီးသန့်၊ အသုံးဝင်၊ သွေးတူမွေးတူ

**သာဓက**

စားကျက် ။ ။ နွားများသည် စားကျက်တွင် အစာစားနေကြသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ နွားကို မည်သို့ အသုံးပြုကြသနည်း။
၂။ နွားမများကို မည်သည့်အတွက် မွေးမြူကြသနည်း။
၃။ သွေးတူမွေးတူနွားများကို မည်သို့ အသုံးပြုလေ့ရှိသနည်း။
၄။ နွားကို မည်ကဲ့သို့ ထားလေ့ရှိသနည်း။
၅။ နွားများသည် လူတို့ကို မည်သို့ အကျိုးပြုကြသနည်း။
၆။ သင်မြင်ဖူးသော နွားအမျိုးအစားများကို ဖော်ပြပါ။



### အရေးကြီးသောအချက်များ

♦ ကလေးများ ရေးသားထားသော ဝါကျများ မှန်ကန်ခြင်း ရှိ မရှိ ဆရာကစစ်ဆေးရမည်။

## အခန်း (၃-င) နွားအကြောင်း
## အကြိုပြုစာသင်ချိန် ၁၀ ချိန်
## (နဝမ၊ ဒသမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း (နဝမအချိန်)

**နိဒါန်း**

- ဆရာက "နွားအကြောင်းက မေးခွန်းလေးတွေ ဖြေကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပထမမေးခွန်း၏အဖြေက မည်သည့်နေရာဖြစ်သည်ကို စဉ်းစားစေကာ မျဉ်းသားစေမည်။
- ရှာတွေ့ထားသော နေရာများကို ပြောစေမည်။
- အဖြေကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ⊙ ဆရာက အဖြေကို သင်ပုန်းတွင် ရေးမပြဘဲ ကလေးများကို မှတ်စုစာအုပ်တွင် ရေးစေမည်။ ကလေးများ ရေးပြီးမှသာ ဆရာက သင်ပုန်းတွင်ရေးကာ အဖြေကို တိုက်ဆိုင်စစ်ဆေးမည်။
- မေးခွန်း ၂ နှင့် ၄ ကိုလည်း ထိုနည်းအတိုင်း သင်ကြားမည်။
- မေးခွန်း ၄ အထိကို ပြန်မေးပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက အစအဆုံးတစ်ခေါက်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း (ဒသမအချိန်)

**နိဒါန်း**

- "ဒီအချိန်မှာ မေးခွန်း ၅ နဲ့ ၆ ကို ဖြေကြည့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ⊙ မေးခွန်း ၅ ကို မိမိထင်မြင်ချက်အတိုင်း ပြောစေပြီး မှတ်စုတွင် ရေးစေပါမည်။
- နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်စေပြီး ထင်မြင်ချက်ချင်း ဖလှယ်စေမည်။
- ⊙ ၃၊ ၄ ယောက်ခန့် အတန်းရှေ့တွင် ပြောစေမည်။
- မိမိမှတ်စုစာအုပ်တွင် ထပ်မံဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်လိုပါက ပြုလုပ်စေပါမည်။
- မေးခွန်း ၆ ကိုလည်း မေးခွန်း ၅ သင်နည်းအတိုင်း သင်ကြားပါမည်။



**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

သိမ်းဆည်း၊ ချူ အဆင်တန်ဆာ၊ လှည်းယဉ်၊ ခြံခတ်၊ တင်းကုပ်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

စားကျက်၊ ထွန်ယက်၊ သီးသန့်၊ အသုံးဝင်၊ သွေးတူမွေးတူ

သာဓက

စားကျက် ။ ။ နွားများသည် စားကျက်တွင် အစာစားနေကြသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ နွားကို မည်သို့ အသုံးပြုကြသနည်း။
၂။ နွားမများကို မည်သည့်အတွက် မွေးမြူကြသနည်း။
၃။ သွေးတူမွေးတူနွားများကို မည်သို့ အသုံးပြုလေ့ရှိသနည်း။
၄။ နွားကို မည်ကဲ့သို့ ထားလေ့ရှိသနည်း။
၅။ နွားများသည် လူတို့ကို မည်သို့ အကျိုးပြုကြသနည်း။
၆။ သင်မြင်ဖူးသော နွားအမျိုးအစားများကို ဖော်ပြပါ။



### အရေးကြီးသောအချက်များ

- မေးခွန်းများကို မဖြေကြားနိုင်သော ကလေးများ ရှိပါက ဆရာက ကူညီပေးရပါမည်။
- ဆရာက မှတ်စုစာအုပ်၏အဖြေများကို စစ်ဆေးမည်။

### နိဂုံးချုပ်ခြင်း

- မိမိရေးသားထားသော မှတ်စုကို သူငယ်ချင်းများနှင့် လဲလှယ်ဖတ်ရှုစေကာ နွား၏အကျိုးပြုပုံကို ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိထင်မြင်ချက်သဘောထားများကို ပြောနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၃-စ) ပြန်လှန်သင်ကြားခြင်း (၁)
## အကြိုပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- မိမိတို့ သိရှိပြီးသော ဗျည်း၊ သရ၊ ဗျည်းတွဲတို့ကို မှတ်မိရန်
- သံပေါက်ကဗျာကို ရွတ်ဆိုတတ်ရန်နှင့် ယပင့်ရရစ် အသုံးကို ခွဲခြားသုံးနှုန်းတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆရာက ကလေးများကို ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ဗျည်း၊ သရ၊ ဗျည်းတွဲတို့ကို ပြောစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက "ဗျည်း ဘယ်နှလုံးရှိသလဲဆိုတာ မှတ်မိကြသေးသလား" ဟု မေးပြီး ကလေးများကို ပြောစေပါမည်။
- ဆရာက အုပ်စုတစ်စုလျှင် ၅ ဦး ၆ ဦးခန့် ဖွဲ့ပေး ပါမည်။
- ⦿ "သရ ဘယ်နှလုံးရှိသလဲ" မေးခွန်းကို အုပ်စုဖွဲ့၍ ဆွေးနွေးစေပါမည်။
- ⦿ ပြီးလျှင် ဆရာက "ဗျည်းတွဲ ဘယ်နှလုံးရှိသလဲ" ဟု မေးပြီး အုပ်စုတွင်း ဆွေးနွေးစေပါမည်။
- အုပ်စုတွင်းဆွေးနွေးချက်များကို တစ်ဦးကရေးပြီး မှတ်စုကို အတန်းသို့ ဖတ်ပြပါမည်။
- ⦿ ဆရာက ယပင့်အသုံးနှင့်ပတ်သက်၍ သတ်ပုံသံပေါက် ကဗျာ ၁၊ ၂၊ ၃ ကို ဖတ်ပြပါမည်။
- ⦿ ကလေးများနောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။
- ကလေးများကိုယ်တိုင် သံပေါက်ကဗျာကို ရွတ်ဆိုစေပါမည်။
- ⦿ သံပေါက်ကဗျာ ၁၊ ၂၊ ၃ တွင် ပါဝင်သော ယပင့်အသုံးကို ဆရာက ရှင်းပြရပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက "ယပင့်အသုံးသံပေါက်တွေကို ရွတ်ဆိုနိုင်ပြီလား။ ယပင့်အသုံး စာလုံးပေါင်းသတ်ပုံလေးတွေကိုလဲ မှတ်ထားရမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဗျည်း၊ သရ၊ ဗျည်းတွဲကို ပြောနိုင်ခြင်း ရှိ မရှိနှင့် ယပင့်သတ်ပုံသံပေါက် ကဗျာကို ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (စ) ပြန်လှန်သင်ကြားခြင်း (၁)

**ကိုကကြီးတို့ရွာ**




**သတ်ပုံသံပေါက်ကဗျာကို ဆိုကြရအောင်**

| | |
|---|---|
| ၁။ ပျာယီးပျာယာ၊ ယောင်ချာချာ<br>ဖျာများတာလဲ ယပင့်ပဲ။<br>လျာထားတာလဲ ယပင့်ပဲ။ | ၄။ ဖြိုးဖြိုးဖြောက်ဖြောက်၊ ဖြောက်အိုးဖောက်<br>ခြောက်လှန့်နေတော့ ရရစ်ပေါ့။<br>ကြောက်လန့်နေတော့ ရရစ်ပေါ့။ |
| ၂။ မလာတော့မျှော်၊ လာတော့ပျော်<br>ခေါင်းလျှော်တာလဲ ယပင့်ပဲ။<br>ကျောင်းတော်သာလဲ ယပင့်ပဲ။ | ၅။ လူစီးတဲ့မြင်း၊ လက်ဆွဲခြင်း<br>ငြင်းဆန်တာတော့ ရရစ်ပေါ့။<br>ပြင်းထန်တာတော့ ရရစ်ပေါ့။ |
| ၃။ လယ်ယာစိုက်ပျိုး၊ ဗျူလူမျိုး<br>ချောင်းရိုးကိုလဲ ယပင့်ပဲ။<br>ကောင်းကျိုးကိုလဲ ယပင့်ပဲ။ | ၆။ အကြိုအကြား၊ ဆောင့်ကြွားကြွား<br>ဖောက်ပြားတာတော့ ရရစ်ပေါ့။<br>မြောက်မြားတာတော့ ရရစ်ပေါ့။ |

ရေနံ့သာမောင်ကျော်ညွန့်



### အဓိကအချက်များ

- သံပေါက်ကဗျာ၏အဓိပ္ပာယ်ကို နားလည်အောင် ရှင်းပြရမည်။
- ယပင့်၊ ရရစ်အသုံးကို မှန်မှန်ကန်ကန် ခွဲခြားသုံးတတ်ရန် ရှင်းပြရမည်။

### အရေးကြီးသောအချက်များ

- ကလေးအားလုံးကို သင်ပြီး ဗျည်း၊ သရ၊ ဗျည်းတွဲများကို မှတ်မိခြင်း ရှိ မရှိ မေးမြန်းရမည်။
- ကလေးအားလုံး ပါဝင်အောင် ဆရာက ပံ့ပိုးပေးရပါမည်။
- နားလည်မှုအားနည်းသော စကားလုံးများ ရှိပါက ဆရာက နားလည်သည်အထိ ရှင်းပြရပါမည်။




## အရေးကြီးသောအချက်များ

- ကလေးအားလုံး ပါဝင်အောင် ဆရာက ပံ့ပိုးပေးရပါမည်။
- ခက်ခဲသော စကားလုံးများ ရှိပါက ဆရာက နားလည်သည်အထိ ရှင်းပြရပါမည်။
- ယပင့်ရရစ်အသုံးကို ကလေးများ နားလည်သည်အထိ ရှင်းပြရပါမည်။

## အခန်း (၃-စ) ပြန်လှန်သင်ကြားခြင်း (၁)
## အကြိုပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အရင်အချိန်တုန်းက ယပင့်အသုံးနဲ့ပတ်သက်ပြီး ကဗျာ ရွတ်ဆိုခဲ့ကြတယ်နော်။ ဒီနေ့ ရရစ်အသုံးနဲ့ပတ်သက်တဲ့ ကဗျာကို ဆိုကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ⦿ ဆရာက ရရစ်သတ်ပုံသံပေါက်ကဗျာကို ရွတ်ဆိုပြပါမည်။
- ⦿ ကလေးများကို နောက်မှ လိုက်၍ ရွတ်ဆိုစေပါမည်။
- သတ်ပုံသံပေါက် ကဗျာ ၄၊ ၅၊ ၆ ကို တစ်တန်းလုံး တစ်ခေါက် ရွတ်ဆိုစေပါမည်။
- အတန်းလိုက် အလှည့်ကျ ရွတ်ဆိုစေပါမည်။
- ⦿ ဆရာက ကဗျာထဲတွင် ပါဝင်သော ရရစ်အသုံးကို ရှင်းပြပါမည်။
- ထို့နောက် သတ်ပုံသံပေါက် ကဗျာကို အစအဆုံး ရွတ်ဆိုစေပါမည်။ (အတန်းလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- "ယပင့် ရရစ်တို့ကို ဘယ်လိုသုံးရမယ်ဆိုတာ သံပေါက် ရွတ်ဆိုရင်း မှတ်မိကြပြီနော်။ စာရေးတဲ့အခါ သတိထား ရေးရမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ယပင့်၊ ရရစ်သတ်ပုံ အသုံးကို နားလည်ပြီး သံပေါက်ကဗျာကိုရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၄-က) ဝိုင်းဖွဲ့ပြီး ပြောကြရအောင်
## အကြံပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
- ♦ အသင်းတာဝန်များကိုပြောပြတတ်ရန်
- ♦ မိမိတာဝန်ယူဆောင်ရွက်ခဲ့သော လုပ်ဆောင်ချက်များကို ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- ♦ ဆရာက "ကလေးတို့အတန်းထဲမှာ အသင်း ဘယ်နှသင်း ရှိသလဲ။ ပြောပြပါအုံး" ဟုမေး၍ ပြန်ပြောစေကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ♦ ကျောင်းသားများကို ကျောင်းတွင်ဖွဲ့ထားသော အသင်းလိုက် အုပ်စုဖွဲ့စေပါမည်။
- ⦿ ထို့နောက် ဆရာက သင်ပုန်းပေါ်တွင် မေးခွန်း ၁ မှ ၄ အထိ ရေးကာ တစ်ဦးချင်းစီ စဉ်းစားစေမည်။
- ⦿ မိမိ စဉ်းစားထားသည်များကို အုပ်စုတွင်း နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ⦿ ပြီးလျှင် နှစ်ယောက်တစ်တွဲ အတန်းရှေ့ထွက်စေ၍ အပြန်အလှန် အမေးအဖြေ လုပ်စေပါမည်။
- ♦ ဆရာက လူတိုင်းမှာတာဝန်ကိုယ်စီရှိကြောင်း ပြောပြ၍ ကလေးများ၏ အသင်းလိုက် လုပ်ဆောင်မှုများကို ချီးကျူးပေးရပါမည်။

**နိဂုံးချုပ်ခြင်း**
- ♦ ဆရာက "အတန်းသားအားလုံး အသင်းလိုက် တာဝန်တွေကို ပြောပြီးကြပြီ မဟုတ်လား။ နောက်တစ်ချိန်ကျရင် ကိုယ်တိုင်ပြောပြထားတဲ့ အကြောင်းတွေကို စာအုပ်ထဲမှာ ရေးကြရမယ်နော်"ဟု ပြော၍ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- ♦ လုပ်ငန်းစဉ်အတွင်း ကလေးများ အပြန်အလှန် ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



## အခန်း ၄ စာဖတ်ခန်းကို သွားကာရယ် ဗဟုသုတရှာကြမယ်

### (က) ဝိုင်းဖွဲ့ပြီး ပြောကြရအောင်



ကလေးတို့အတန်းထဲမှာ အသင်းတာဝန်ခွဲထားတယ် မဟုတ်လား. . . အသင်းလိုက် ဝိုင်းဖွဲ့ထိုင်ပြီး ပြောကြရအောင် . . .



**မေးခွန်းလေးတွေ ဖြေကြည့်ကြရအောင်။**

(၁) ကိုယ့်ရဲ့ အသင်းနာမည်က ဘာလဲ။
(၂) အသင်းလိုက်ဆောင်ရွက်ချက်တွေက ဘာတွေလဲ။
(၃) အသင်းတာဝန်ကျတဲ့နေ့မှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့တာကို ပြောပြပါ။
(၄) အသင်းတာဝန်ကျတဲ့နေ့မှာ ပါဝင်ဆောင်ရွက်ခဲ့တာတွေကို စာအုပ်ထဲမှာ ရေးကြမယ်။
(၅) အသင်းထဲမှာ ဘယ်သူက ဘာတာဝန် ယူသလဲဆိုတာ ပြောပြီး ရေးကြမယ်။

၃၅

### အဓိကအချက်များ
- ♦ အတန်းထဲတွင် လက်တွေ့လုပ်ဆောင်ခဲ့သော အသင်းတာဝန်များကို ပြောကြားစေမည်။
- ♦ အုပ်စုတွင်း ဆွေးနွေးကာ မိမိတာဝန်များကို ခွဲဝေစေမည်။

### အရေးကြီးသောအချက်များ
- ♦ ဆရာက လူတိုင်း တာဝန်ကိုယ်စီရှိကြောင်းနှင့် မိမိ၏ အသင်းတာဝန်များကို ကိုယ်တိုင်ဆောင်ရွက်ရန် ပြောပြရပါမည်။
- ♦ အဖွဲ့အတွင်း ပြောကြားရာတွင် အားနည်းသော ကလေးများရှိပါက ဆရာက ကူညီပေးရပါမည်။

၄။ စာဖတ်ခန်းကို သွားကာရယ် ဗဟုသုတရှာကြမယ်

## အခန်း ၄ စာဖတ်ခန်းကို သွားကာရယ် ဗဟုသုတရှာကြမယ်

### (က) ဝိုင်းဖွဲ့ပြီး ပြောကြရအောင်






**မေးခွန်းလေးတွေ ဖြေကြည့်ကြရအောင်။**

(၁) ကိုယ့်ရဲ့ အသင်းနာမည်က ဘာလဲ။
(၂) အသင်းလိုက်ဆောင်ရွက်ချက်တွေက ဘာတွေလဲ။
(၃) အသင်းတာဝန်ကျတဲ့နေ့မှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့တာကို ပြောပြပါ။
(၄) အသင်းတာဝန်ကျတဲ့နေ့မှာ ပါဝင်ဆောင်ရွက်ခဲ့တာတွေကို စာအုပ်ထဲမှာ ရေးကြမယ်။
(၅) အသင်းထဲမှာ ဘယ်သူက ဘာတာဝန် ယူသလဲဆိုတာ ပြောပြီး ရေးကြမယ်။

၃၅

## အရေးကြီးသောအချက်များ

- အဖွဲ့တွင်းပြောကြားစေရာတွင် ကျောင်းသားအားလုံး ပြောစေရန် ဂရုပြုရပါမည်။
- ကိုယ်တိုင်ဆောင်ရွက်ထားသည်ကို ရေးသားရန် ဆရာက သတိပေးရပါမည်။
- အသင်းတာဝန်များကို ရေးရာတွင် စာလုံးပေါင်း မှန်ကန်စေရန် ဆရာက ပံ့ပိုးကူညီပေးရပါမည်။

## အခန်း (၄-က) ဝိုင်းဖွဲ့ပြီး ပြောကြရအောင်
## အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆရာက"ကလေးတို့ အသင်းလိုက်တာဝန် ပြောထားတာတွေကို ပြန်ပြောကြည့်ရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- အသင်းလိုက် တာဝန်များကို တစ်ဦးချင်း ပြောစေပြီးလျှင် မေးခွန်း ၅ ကို ဖတ်စေပါမည်။
- အသင်းလိုက် အုပ်စုပြန်ဖွဲ့ကာ ကိုယ်တိုင် လုပ်ဆောင်ရသည့် အသင်းတာဝန်နှင့် စပ်လျဉ်း၍ အချင်းချင်း ပြောကြားစေပါမည်။
- ⊙ မေးခွန်း ၅ အတွက် အုပ်စုထဲတွင် မည်သူက မည်သည့် တာဝန်ယူသည်ကို တစ်ယောက်က ဦးဆောင်ရေး၍ အတန်းသို့ ပြောရမည်ဖြစ်ကြောင်း ဆရာက သတိပေးရပါမည်။
- ⊙ စာရွက်တွင် တစ်ဦးချင်း လုပ်ဆောင်ချက်ကို ရေးသားစေမည်။
- ပြီးလျှင် အသင်းတစ်သင်းစီ ရေးသားထားသော ကိုယ်တိုင် လုပ်ဆောင်မှုများကို တစ်သင်းလျှင် တစ်ဦးစီ အတန်းရှေ့တွင် ပြောပြစေပါမည်။
- အသင်းလိုက် ရေးသားထားသည်များကို ဆရာက စစ်ဆေးပေးမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက ကလေးများကို "လူတိုင်း တာဝန်ကိုယ်စီ ရှိကြသလို အသင်းသားတိုင်းလဲ ကိုယ်တိုင် ဆောင်ရွက်ကြရမယ်နော်" ဟုပြော၍ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မိမိတာဝန်များကို မှန်ကန်စွာ ပြောဆို ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

## အခန်း (၄-ခ) ယုန်နှင့်လိပ်
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
- အရေးပုံစံဖြင့်ရေးသားထားသော ပုံပြင်ကို ဖတ်တတ်ရေးတတ်ရန်
- အရာရာကို ဇွဲရှိရှိဖြင့် ကြိုးစားလုပ်ဆောင်တတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ၊ ကားချပ်များ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- "သင်ခန်းစာ ခေါင်းစဉ်ကို ဖတ်ကြည့်ပါအုံး၊ ဘာခေါင်းစဉ်လဲ"ဟုမေးပါမည်။ "ကလေးတို့ သင်ခဲ့ဖူးတဲ့ ပုံပြင်တွေက ပြောစကားပုံစံနဲ့ရေးထားတယ်၊ ဒီပုံပြင်မှာတော့ အရေးပုံစံနဲ့ ရေးထားတယ်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ⦿ ဆရာက ကလေးများကို ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကို ကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်များကို မေးမြန်းပါမည်။
- မေးမြန်းပြီးပါက ပုံပြင်ကို အစအဆုံး ဖတ်ပြပါမည်။
- ကလေးများကို နားထောင်စေပါမည်။
- ⦿ ဆရာက ပုံပြင်ကို နောက်တစ်ကြိမ်ဖတ်ပြနေချိန်တွင် အဖြတ်အရပ် နေရာများ မှန်ကန်စေရန် ကလေးများကို မှတ်သားစေပါမည်။
- ထို့နောက် ဆရာက ဖတ်ပြပြီး ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ကလေး ၃၊ ၄ ယောက်ကို အတန်းရှေ့တွင် ဖတ်စေပါမည်။

**နိဂုံးချုပ်ခြင်း**
- "နောက်စာသင်ချိန်မှာ ပုံပြင်ကိုဆက်ပြီး သင်ကြရမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း ရုပ်ပုံကိုကြည့်ပြီး ထင်မြင်ချက်များကို ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ခ) ယုန်နှင့်လိပ်

တစ်နေ့သောအခါ ယုန်နှင့်လိပ်တို့ တွေ့ဆုံကြရာ ယုန်က "ကိုရွှေလိပ် မင်းသွားတာ သိပ်နှေးတာပဲ"ဟုကဲ့ရဲ့၏။ ထိုအခါ လိပ်က "ဖိုးရွှေယုန် မင်းနဲ့ငါ အပြေးပြိုင်မလား။ မင်းကို ငါမကြောက်ဘူး"ဟု ဆို၏။ ယုန်ကလည်း "ကောင်းပြီ။ ဒါဆို ပြိုင်ကြတာပေါ့"ဟု ပြောလိုက်လေ၏။

နောက်တစ်နေ့နံနက်၌ ယုန်နှင့်လိပ်တို့သည် အပြေးပြိုင်ကြလေ၏။





### အဓိကအချက်များ
- ပုံပြင်ကိုဖတ်ပြီး အကြောင်းအရာကို နားလည်စေရမည်။
- ပုံပြင်ကို သရုပ်ဆောင်ရာတွင် ဇာတ်ဆောင်တို့၏ ပြောစကားများ အတိုင်း မှန်ကန်ပီသစွာ ပြောကြားရမည်။

### အရေးကြီးသောအချက်များ
- အရေးပုံစံဖြင့် ရေးသားထားသော ပုံပြင်ကို သိရှိလာမည်။
- စာဖတ်အားနည်းသော ကလေးများရှိပါက ဆရာက ပံ့ပိုးကူညီပေးရပါမည်။
- ကလေးများပြောသော ထင်မြင်ချက်များကို သင်ပုန်းမှတ်ချက်ရေးထားရပါမည်။

၄။ စာဖတ်ခန်းကို သွားကာရယ် ဗဟုသုတရှာကြမယ်

## (ခ) ယုန်နှင့်လိပ်

တစ်နေ့သောအခါ ယုန်နှင့်လိပ်တို့ တွေ့ဆုံကြရာ ယုန်က "ကိုရွှေလိပ် မင်းသွားတာ သိပ်နှေးတာပဲ"ဟုကဲ့ရဲ့၏။ ထိုအခါ လိပ်က "ဖိုးရွှေယုန် မင်းနဲ့ ငါ အပြေးပြိုင်မလား။ မင်းကို ငါမကြောက်ဘူး"ဟု ဆို၏။ ယုန်ကလည်း "ကောင်းပြီ။ ဒါဆို ပြိုင်ကြတာပေါ့"ဟု ပြောလိုက်လေ၏။ ၁

နောက်တစ်နေ့နံနက်၌ ယုန်နှင့်လိပ်တို့သည် အပြေးပြိုင်ကြလေ၏။



၃၆

### အရေးကြီးသောအချက်များ

- ခက်ခဲသော စကားလုံးများ၏အဓိပ္ပာယ်ကို ရှင်းပြရပါမည်။
- စာရေးသားချိန်တွင် ဆရာသည် အတန်းသို့ လှည့်လည် ကြည့်ရှုရမည်။
- စာလုံးပေါင်းသတ်ပုံမှန်ကန်စေရန် ဆရာက စစ်ဆေးပေးရပါမည်။

## အခန်း (၄-ခ) ယုန်နှင့်လိပ်
## အကြံပြုစာသင်ချိန် ၁၀ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ ပထမအချိန်က ပုံပြင်တစ်ပုဒ်လုံးကိုလဲ ဖတ်ပြပြီးပြီ။ အခု ပုံပြင်ရဲ့ ပထမစာပိုဒ်နဲ့ ဒုတိယစာပိုဒ်ကို ဖတ်ကြမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ်ကို ဖတ်ပြပါမည်။
- ကလေးများအား နားထောင်စေမည်။ ဆရာက ရှေ့မှ ဖတ်ပြ၍ ကလေးများကို နောက်မှ လိုက်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများအား ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ်ကို ပြန်လည်ရွတ်ဆိုစေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ ထို့နောက် ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ်ရှိ ခက်ခဲသော စကားလုံးများကို မျဉ်းသား၍ ကလေးများအား မှတ်သားစေပါမည်။
- ⊙ မျဉ်းသားထားသော စကားလုံးများကို မေး၍ ဆရာက သင်ပုန်းပေါ်တွင် ရေးမှတ်ကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မှန်းဆဖြေဆိုစေပါမည်။
- ⊙ ကလေးများ၏ ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက် ပြောကြားမည်။
- စကားလုံးများကို မှတ်စုတွင် ရေးသားစေမည်။ သာဓက။ ။ ကဲ့ရဲ့ = ရှုတ်ချပြောဆိုသည်။
- ⊙ ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားစေမည်။

**နိဂုံးချုပ်ခြင်း**

- ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ်ကို ဖတ်စေခြင်းနှင့် ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း၊ ရေးသားနိုင်ခြင်း ရှိ မရှိ၊ ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို မှန်ကန်စွာ ပြောနိုင်၊ ရေးနိုင်ခြင်းရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၄-ခ) ယုန်နှင့်လိပ်**
**အကြံပြုစာသင်ချိန် ၁၀ ချိန် (တတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ♦ ဆရာက ကလေးများအား ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ်ကို ပြန်၍ဖတ်စေကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ♦ ဆရာက တတိယစာပိုဒ်ကို ဖတ်ပြပါမည်။
- ♦ ကလေးများအား နောက်မှလိုက်၍ ဖတ်စေပါမည်။
- ♦ ထို့နောက် တတိယစာပိုဒ်ကို တစ်တန်းလုံး ဖတ်စေပါမည်။
- ♦ ဆက်လက်၍ အဖွဲ့လိုက်၊ တစ်ဦးချင်း ဖတ်စေပါမည်။
- ⊙ တတိယစာပိုဒ်ရှိ ခက်ခဲသော စကားလုံးများကို မျဉ်းသား၍ မှတ်သားစေပါမည်။
- ⊙ မျဉ်းသားထားသော စကားလုံးများကို မေး၍ ဆရာက သင်ပုန်းပေါ်တွင် ရေးမှတ်ကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မှန်းဆဖြေဆိုစေပါမည်။
- ⊙ ကလေးများ၏ ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက် ပြောကြားစေမည်။

  သာဓက။ ။ ပန်းတိုင် = အပြေးပြိုင်ပွဲစသည်တွင် အနိုင်အရှုံး ဆုံးဖြတ်ရာ အဆုံးနေရာ။
- ♦ စကားလုံးများကို မှတ်စုတွင် ရေးသားစေမည်။
- ⊙ တတိယစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားစေမည်။

### နိဂုံးချုပ်ခြင်း

- ♦ ဖတ်စာပါ တတိယစာပိုဒ်ကို ပြန်လည်ရွတ်ဆိုစေခြင်း၊ ခက်ခဲသော စကားလုံးများ၏အဓိပ္ပာယ်ကို ပြောကြားစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း၊ ရေးသားနိုင်ခြင်း ရှိ မရှိ၊ စကားလုံးများကို မှန်ကန်စွာ ပြောနိုင်၊ ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၄။ စာဖတ်ခန်းကို သွားကာရယ် ဗဟုသုတရှာကြမယ်




၃၇

### အရေးကြီးသောအချက်များ

- ♦ ခက်ခဲသော စကားလုံးများ၏အဓိပ္ပာယ်ကို ရှင်းပြရပါမည်။
- ♦ စာရေးသားချိန်တွင် ဆရာသည် အတန်းသို့ လှည့်လည် ကြည့်ရှုရမည်။
- ♦ စာလုံးပေါင်းသတ်ပုံမှန်ကန်စေရန် ဆရာက စစ်ဆေးပေးရပါမည်။

## (ခ) ယုန်နှင့်လိပ်

၃

တစ်နေ့သောအခါ ယုန်နှင့်လိပ်တို့ တွေ့ဆုံကြရာ ယုန်က "ကိုရွှေလိပ် မင်းသွားတာ သိပ်နှေးတာပဲ"ဟုကဲ့ရဲ့၏။ ထိုအခါ လိပ်က "ဖိုးရွှေယုန် မင်းနဲ့ ငါ အပြေးပြိုင်မလား။ မင်းကို ငါမကြောက်ဘူး"ဟု ဆို၏။ ယုန်ကလည်း "ကောင်းပြီ။ ဒါဆို ပြိုင်ကြတာပေါ့"ဟု ပြောလိုက်လေ၏။

နောက်တစ်နေ့နံနက်၌ ယုန်နှင့်လိပ်တို့သည် အပြေးပြိုင်ကြလေ၏။



၃၆

## အရေးကြီးသောအချက်များ

- ခက်ခဲသော စကားလုံးများ၏အဓိပ္ပာယ်ကို ရှင်းပြရပါမည်။
- စာရေးသားချိန်တွင် ဆရာသည် အတန်းသို့ လှည့်လည် ကြည့်ရှုရမည်။
- စာလုံးပေါင်းသတ်ပုံမှန်ကန်စေရန် ဆရာက စစ်ဆေးပေးရပါမည်။

## အခန်း (၄-ခ) ယုန်နှင့်လိပ်
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ပထမစာပိုဒ်မှ တတိယစာပိုဒ်အထိ ပြန်၍ဖတ်စေကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကလေးများအား စတုတ္ထစာပိုဒ်ကို ဖတ်ပြပါမည်။
- ထို့နောက် ကလေးများအား အုပ်စုလိုက်၊ တစ်ဦးချင်း ဖတ်စေပါမည်။
- ⊙ ထို့နောက် ကလေးများအား စတုတ္ထစာပိုဒ်ရှိ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေပါမည်။
- ⊙ မျဉ်းသားထားသော စကားလုံးများကို မေး၍ ဆရာက သင်ပုန်းပေါ်တွင် ရေးမှတ်ကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မှန်းဆဖြေဆိုစေပါမည်။
- ⊙ ကလေးများ၏ ဖြေဆိုချက်မပြည့်စုံပါက ဆရာက ဖြည့်စွက် ပြောကြားစေမည်။

  သာဓက ။ ။နှောင်တ = ပြုသင့်သည်ကို မပြုမိ၍ ဖြစ်စေ၊ မပြုသင့်သည်ကို ပြုမိ၍ဖြစ်စေ ပူပန်ခြင်း။

- စကားလုံးများကို မှတ်စုတွင် ရေးသားစေမည်။
- ⊙ စတုတ္ထစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားစေမည်။

**နိဂုံးချုပ်ခြင်း**

- ဖတ်စာပါ စတုတ္ထစာပိုဒ်ကို ပြန်လည် ရွတ်ဆိုစေခြင်း၊ ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို ပြောကြားစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း၊ ရေးသားနိုင်ခြင်း ရှိ မရှိ၊ စကားလုံးများကို မှန်ကန်စွာ ပြောနိုင်၊ ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

**အခန်း (၄-၈) ယုန်နှင့်လိပ်**
**အကြိမ်ပြုစာသင်ချိန် ၁၀ မိနစ် (ပဥ္စမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- "ကလေးတို့ မနေ့က စာပိုဒ်တစ်ပိုဒ်ချင်းစီကို ဖတ်ခဲ့ကြပြီး ပြီ။ ဒီတစ်ချိန်မှာတော့ ပုံပြင်ကို ပြောကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ပထမဦးစွာ ဆရာက ပုံပြင်တစ်ပုဒ်လုံးကို ပြောပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများ သေချာစွာ လိုက်၍နားထောင်စေပါမည်။
- ⊙ ဆရာပြောပြပြီးပါက ကလေးများအား ပုံပြင်ကို ဘယ်သူ ပြောပြမလဲ မေးကာ ကလေးတစ်ဦးကို ပြောစေပါမည်။ (ကလေး ၃၊ ၄ ယောက်ခန့်ကို ပြောစေပါမည်။)
- ⊙ ကျောင်းသုံးစာအုပ်ရှိ လေ့ကျင့်ခန်းတွင် ပါဝင်သော (အပြေးပြိုင်၊ အရိပ်၊ တစ်ရေးအိပ်၊ ဦးစွာ၊ ချက်ချင်း၊ နောင်တ) စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်စေမည်။
- ဆရာက သတ်ပုံခေါ်ပါမည်။
- သတ်ပုံရေးပြီးပါက စာတစ်ပုဒ်လုံးကို လေးကြောင်း မျဉ်းတွင် ရေးသားစေပါမည်။
- ⊙ ထိုသို့ရေးရာတွင် စာပိုဒ်ပုံစံအတိုင်း ရေးသားစေပါမည်။

### နိဂုံးချုပ်ခြင်း

- "ပုံပြင်တစ်ပုဒ်လုံးကို ကလေးတို့ ရေးပြီးပြီ။ စာလုံးပေါင်း သတ်ပုံကိုလဲ လေ့ကျင့်ပြီးပြီ။ နောက်တစ်ချိန်မှာ ကျန်တဲ့ လေ့ကျင့်ခန်းကို ဆက်ပြီး ဆွေးနွေးကြမယ်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပုံပြင်ကိုပြောနိုင်ခြင်း ရှိ မရှိ နှင့် စာပိုဒ်များ၊ စာလုံးပေါင်းသတ်ပုံများကို မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲ ဖြတ်ပါမည်။

---

၄။ စာဖတ်ခန်းကို သွားကာရယ် ဗဟုသုတရှာကြမယ်

ယုန်သည် အိပ်ရာမှ နိုးလာသော် ချက်ချင်းထ၍ ပြေး၏။ ထိုအချိန်တွင် လိပ်သည် ပန်းတိုင်သို့ ဦးစွာရောက်နှင့်ပြီး ဖြစ်လေသည်။ ယုန်က "လိပ်ကို ငါအထင်သေးမိပြီ။ လိပ်လို ဇွဲရှိရှိနဲ့ ကြိုးစားခဲ့ရင် ပန်းတိုင်ကို ငါက အရင်ရောက်မှာ"ဟု တွေးရင်း နောင်တရမိလေတော့သည်။



**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

အပြေးပြိုင်၊ အရိပ်၊ တစ်ရေးအိပ်၊ ဦးစွာ၊ ချက်ချင်း၊ နောင်တ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

ကြိုးစား၊ ကဲ့ရဲ့၊ တရွေ့ရွေ့၊ လျင်မြန်စွာ၊ ပန်းတိုင်

**သာဓက**

ကြိုးစား ။ ။ ကျွန်တော်တို့သည် ကျောင်းစာများကို ကြိုးစား သင်ယူကြပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

- ⦿ အဖြေမှန်ကို ဆရာက သင်ပုန်းတွင် ရေးထားရပါမည်။
- ⦿ မေးခွန်း ၁ အဖြေကို မှတ်စုစာအုပ်တွင် ရေးစေမည်။
- ♦ မေးခွန်း ၂ ကို ကလေးများအား ဖတ်စေပြီး စဉ်းစားစေမည်။
- ♦ မေးခွန်း ၂ ၏အဖြေကို ကလေးများ စဉ်းစားထားသည့်အတိုင်း ပြောစေမည်။
- ⦿ ပထမစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- ♦ "ပုံပြင်နှင့်ပတ်သက်တဲ့ အကြောင်းအရာတွေကို သိခဲ့ကြပြီနော်။ အခု မေးခွန်း ၁ နဲ့ ၂ အဖြေကို ဖြေကြည့်ပါအုံး" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိနှင့် မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**(ခ) ဒေါင်းယောင်ဆောင်သောကျီး**

ရှေးအခါက ကြွားဝါတတ်သော ကျီးတစ်ကောင်ရှိလေသည်။ ထိုကျီးသည် ဒေါင်းများကို မြင်လျှင် ဒေါင်းကဲ့သို့ လှပလို၏။ ထို့ကြောင့် ဒေါင်းတောင်များကို ရှာပြီးလျှင် သူ့ကိုယ်၌ တပ်ဆင်၍ ဒေါင်းတို့နေရာသို့ သွားလေ၏။



၄၉

### အရေးကြီးသောအချက်များ

- ♦ ပုံပြင်ကို ဖတ်ရာတွင် အားနည်းသော ကလေးများကို ဆရာက ကူညီပံ့ပိုးပေးရမည်။
- ♦ မေးခွန်း ၁ ၏အဖြေမှာ သင်ခန်းစာထဲတွင် ပါရှိသော အဖြေကို ပြန်လည်ဖြေရမည့် အဖြေဖြစ်ပါသည်။
- ♦ မေးခွန်း ၂ ၏ အဖြေမှာ ကလေးများ စဉ်းစားတွေးခေါ် ဖြေဆိုရမည့် အဖြေဖြစ်သည်။
- ♦ ကလေးများ၏ ရေးသားထားသည်များကို ဆရာက စစ်ဆေးပေးရပါမည်။

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်



ဒေါင်းတို့နှင့်တွေ့သောအခါ ကျီးက "ငါဟာ ဒေါင်းတစ်ကောင် ဖြစ်တယ်" ဟုဆိုကာ ဒေါင်းယောင်ဆောင်၍နေလေ၏။

ဒေါင်းတို့ကလည်း "ဟယ် ငှက်ကြွား မင်းက ဒေါင်းမျိုးမှမဟုတ်တာ ကျီးတစ်ကောင်ပဲ"ဟု ဆိုကြလေ၏။ ဒေါင်းတို့သည် ကျီးကိုဝိုင်း၍ ထိုးဆိတ်ကြကုန်၏။ ထိုအခါ ကျီး၏ကိုယ်မှ ဒေါင်းတောင်များသာမက ကျီးတောင်များပါ ကျွတ်ကျကုန်၏။

၅၀

## အရေးကြီးသောအချက်များ

- စာပိုဒ်ရေးသားနေချိန်တွင် ဆရာက အတန်းတွင် လှည့်လည်ကြည့်ရှုရပါမည်။
- မေးခွန်း ၃ ၏ အဖြေကို ဆရာက မှန်ကန်အောင် ဖြည့်စွက် ပြောရမည်။
- **သာမက**အသုံးကို ရှင်းပြရာတွင် သဒ္ဒါ အသုံးအနှုန်းကို သင်ကြားခြင်း မဟုတ်ဘဲ ကလေးများနားလည်နိုင်သော စကားလုံး အသုံးမျိုးနှင့်သာ ရှင်းပြရပါမည်။

  သာဓက။ ။ ကျွန်တော်သည် ကျောင်းစာ**သာမက** ဘောလုံးကန်ခြင်းကိုလည်း ဝါသနာပါသည်။

## အခန်း (၅–၈) ဒေါင်းယောင်ဆောင်သောကျီး
## အကြိမ်ပြစာသင်ချိန် ၁၀ ချိန် (ပဥ္စမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ဒီနေ့ ပုံပြင်ရဲ့ ဒုတိယစာမျက်နှာရှိ စာပိုဒ်တွေကို ဖတ်ကြမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⦿ ဒုတိယစာမျက်နှာရှိ စာပိုဒ်များကို ကလေးအားလုံး ဖတ်စေမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)

- ကလေးများကို စာပိုဒ်ထဲတွင် ပါဝင်သော အကြောင်းအရာများကို စဉ်းစားစေမည်။
- အောက်ပါမေးခွန်းများကို ဆရာက သင်ပုန်းတွင် ရေးသားကာ ကလေး ၃ ဦး ၄ ဦးခန့်ကို မေးပါမည်။
- "ဒီစာပိုဒ်မှာ ကျီးက ဒေါင်းတို့ကို ဘယ်လိုပြောသလဲ"
- "ဒေါင်းတွေက ကျီးကို ဘယ်လိုပြောသလဲ"
- "ဒေါင်းတွေက ကျီးကို ဘာလုပ်လိုက်သလဲ"
- "ကျီးဘယ်လိုဖြစ်သွားသလဲ"
- မေးခွန်း ၃ ကို ကလေးများအား ဖတ်စေပြီး နှစ်ယောက်တစ်တွဲ စဉ်းစားပြီး ပြောစေပါမည်။

⦿ ကလေးများ စဉ်းစားထားသည့်အဖြေကို အတန်းရှေ့တွင် ကလေး ၃ ဦး ၄ ဦးခန့်ကို ပြောစေမည်။

- ကလေးများပြောသောအဖြေကို ဆရာက သင်ပုန်း မှတ်ချက် ရေးမည်။
- အဖြေကို မှတ်စုစာအုပ်တွင် ရေးသားစေမည်။

⦿ ဒုတိယစာမျက်နှာရှိ စာပိုဒ်များကို လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ဒေါင်းမဟုတ်မှန်း ဘယ်လိုသိသွားသလဲ" ဟု ဆရာက မေးပြီး ဖြေစေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မေးခွန်းကို ဖြေဆိုရေးသားနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၅-၈) ဒေါင်းယောင်ဆောင်သောကျီး**
**အကြံပြုစာသင်ချိန် ၁၀ မိနစ် (ဆဋ္ဌမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ "ဒီစာသင်ချိန်မှာ တတိယစာမျက်နှာက စာပိုဒ်ကို ဖတ်ကြည့်ရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

⊙ တတိယစာမျက်နှာရှိ စာပိုဒ်ကို တစ်တန်းလုံး ဖတ်စေပါမည်။
⊙ ထို့နောက် အဖွဲ့လိုက်၊ တစ်ဦးချင်း ဖတ်စေမည်။
♦ ဆရာက အောက်ပါမေးခွန်းများကို မေးပါမည်။
♦ "ဘာဖြစ်လို့ ကျီးတို့က မုန်းတာလဲ"
♦ "ကျီးတို့က ဒေါင်းယောင်ဆောင်တဲ့ကျီးကို ဘယ်လိုပြောသလဲ"
♦ ကလေးအားလုံးကို နှစ်ယောက်တစ်တွဲ စဉ်းစားပြီး ပြောစေပါမည်။
♦ ထို့နောက် မေးခွန်း ၄ ကို ဖတ်စေပြီး နှစ်ယောက်တစ်တွဲ စဉ်းစားပြီး ပြောစေပါမည်။
♦ စဉ်းစားထားသော အဖြေကို အတန်းရှေ့တွင် ၃ ဦး ၄ ဦးခန့် ပြောစေပါမည်။
⊙ ကလေးများစဉ်းစားထားသည့်အဖြေကို အတန်းရှေ့တွင် ကလေး ၃ ဦး ၄ ဦးခန့်ကို ပြောစေမည်။
♦ ကလေးများပြောသောအဖြေကို ဆရာက သင်ပုန်းမှတ်ချက်ရေးမည်။
♦ အဖြေကို မှတ်စုစာအုပ်တွင် ရေးသားစေမည်။
⊙ တတိယစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

♦ "ကျီးက ဘာကြောင့် သူတို့အမျိုးထံ ပြန်ပြေးသွားတာလဲ" ဟုမေး၍ ဖြေစေကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို ဖတ်နိုင်ခြင်း ရှိ မရှိနှင့် ပုံပြင်ကို မှတ်မိခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်



ကျီးသည် လွန်စွာနာကျင်လျက် မိမိတို့အမျိုးဖြစ်သော ကျီးတို့ထံ ပြန်ပြေးလေ၏။ ကျီးတို့က "မင်းက ကိုယ့်အမျိုးကို အထင်မကြီးဘဲ တခြားအမျိုးတွေကို အထင်ကြီးတတ်တဲ့သူပဲ ငါတို့ဆီမလာနဲ့"ဟု နှင်ထုတ်ကြ၏။ ဒေါင်းယောင်ဆောင်သော ကျီးကို ဒေါင်းတို့ကသာမက ကျီးတို့ကပါ မုန်းတီးကြလေသတည်း။

၅၁

### အရေးကြီးသောအချက်များ

♦ စာပိုဒ်ရေးသားနေချိန်တွင် ဆရာက အတန်းတွင်း လှည့်လည်ကြည့်ရှုရမည်။
♦ မေးခွန်းများ၏အဖြေကို ဆရာက မှန်ကန်စေရန် ဖြည့်စွက်ပြောကြားရပါမည်။

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တီရွှာန်ရှဲလဲ သွားကြမယ်

**လေ့ကျင့်ခန်း**

အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။

တပ်ဆင်၊ ထိုးဆိတ်၊ နာကျင်၊ မုန်းတီး၊ ကျွတ်ကျ

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

နေရာ၊ ကြွားဝါ၊ အထင်ကြီး၊ နှင်ထုတ်၊ လှုပ

**သာဓက**

နေရာ ။ ။ ကျီးသည် ဒေါင်းတို့၏ နေရာသို့ သွားပါသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ကျီးသည် အဘယ်ကြောင့် ဒေါင်းတောင်များကို ရှာခဲ့သနည်း။
၂။ ကျီးသည် အဘယ်ကြောင့် ဒေါင်းတို့ကို အထင်ကြီးသနည်း။
၃။ ဒေါင်းတို့က ကျီးကို မည်ကဲ့သို့ ပြောသနည်း။
၄။ ကျီးတို့က ဒေါင်းယောင်ဆောင်သော ကျီးကို အဘယ်ကြောင့် မုန်းတီးကြသနည်း။
၅။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကို ပြောပြပါ။
၆။ ဒေါင်းယောင်ဆောင်သောကျီးပုံပြင်ကို ဖတ်ပြီး သင်၏ စိတ်တွင် မည်သို့ခံစားရသနည်း။

၅၂

## အရေးကြီးသောအချက်များ

- ဆရာက ကလေးများ ပြောကြားထားသည်များနှင့် ရေးသားထားသော စာကြောင်းများ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။

## အခန်း (၅-ခ) ဒေါင်းယောင်ဆောင်သောကျီး
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (သတ္တမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ဒီတစ်ချိန်မှာတော့ လေ့ကျင့်ခန်းမှာပါတဲ့ စကားလုံးတွေနဲ့ ဝါကျဖွဲ့ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကျောင်းသုံးစာအုပ်ပါ စကားလုံးများကို ဖတ်ခိုင်းပါမည်။
- ဆရာက **နေရာ** ဟူသော စကားလုံးကို နမူနာဝါကျဖွဲ့ပြပါမည်။
- ဝါကျဖွဲ့ပုံ ဖွဲ့နည်းကို ရှင်းပြပါမည်။
- **ကြွားဝါ** ဟူသော စကားလုံးဖြင့် နှစ်သက်ရာ ဝါကျကို ပြောစေမည်။
- ကလေးများပြောသော ဝါကျ ၃ ကြောင်းခန့်ကို သင်ပုန်းတွင် ရေးပြပါမည်။
- ကလေးများပြောသော ဝါကျကို ဆရာက ရေးသားရာတွင် ဝါကျတည်ဆောက်ပုံ မှားပါက ဆရာက ပြင်ဆင်ပေးပါမည်။
- ⦿ ဆရာက ရေးထားသော ဝါကျများကို မှတ်စုစာအုပ်တွင် ရေးသားစေပါမည်။
- ⦿ ကျန်စကားလုံးများကိုလည်း အချင်းချင်းဆွေးနွေး ပြောစေကာ ဝါကျဖွဲ့စေပြီးမှ မှတ်စုတွင် ရေးသားစေမည်။
- ⦿ ရေးသားထားသော ဝါကျများကို ပြောစေပြီး လိုအပ်ပါက ဆရာက ပြင်ဆင်ဖြည့်စွက်ပေးမည်။
- ထိုဝါကျများကို ဆရာက စစ်ဆေးပေးပါမည်။

**နိဂုံးချုပ်ခြင်း**

- မိမိရေးထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ ဖတ်ပြစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မှန်ကန်စွာ ဝါကျဖွဲ့နိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၅-၈) ဒေါင်းယောင်ဆောင်သောကျီး
## အကြံပြုစာသင်ချိန် ၁၀ ချိန် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ “ဒီစာသင်ချိန်မှာ မေးခွန်း ၅ နဲ့ ၆ ကို ဖြေကြည့်ရအောင်” ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ဆရာက ပုံပြင်တစ်ပုဒ်လုံးကို ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ♦ ဆရာက မေးခွန်း ၅ ကို ဖတ်စေပြီး စဉ်းစားစေပါမည်။
- ⦿ မေးခွန်းဖတ်ပြီးပါက စာတစ်ပိုဒ်စီတွင်ပါသော အကြောင်းအရာများကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ⦿ အဖြေကို ကလေး ၃ ဦး ၄ ဦးခန့် ပြောစေပါမည်။
- ♦ မေးခွန်း ၆ ကို ဖတ်စေကာ နှစ်ယောက်တစ်တွဲ စဉ်းစားစေပြီး ထင်မြင်ချက်အတိုင်း ပြောစေပါမည်။
- ♦ အတန်းရှေ့တွင် ကလေး ၃ ဦး ၄ ဦးခန့် ပြောစေမည်။

**နိဂုံးချုပ်ခြင်း**

- ♦ “ဒေါင်းယောင်ဆောင်သောကျီးပုံပြင်ကို ဖတ်ပြီး ကလေးတို့ စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ” ဟုမေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ကလေးများ စာတစ်ပိုဒ်ချင်းစီ၏ အဖြေကို ပြောနိုင်ခြင်း ရှိ မရှိနှင့် မေးခွန်းများကို ဖြေဆို နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရှုလဲ သွားကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

တစ်ဆင်၊ ထိုးဆိတ်၊ နာကျင်၊ မုန်းတီး၊ ကျွတ်ကျ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

နေရာ၊ ကြွားဝါ၊ အထင်ကြီး၊ နှင်ထုတ်၊ လှပ

**သာဓက**

နေရာ ။ ။ ကျီးသည် ဒေါင်းတို့၏ နေရာသို့ သွားပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ ကျီးသည် အဘယ်ကြောင့် ဒေါင်းတောင်များကို ရှာခဲ့သနည်း။
၂။ ကျီးသည် အဘယ်ကြောင့် ဒေါင်းတို့ကို အထင်ကြီးသနည်း။
၃။ ဒေါင်းတို့က ကျီးကို မည်ကဲ့သို့ ပြောသနည်း။
၄။ ကျီးတို့က ဒေါင်းယောင်ဆောင်သော ကျီးကို အဘယ်ကြောင့် မုန်းတီးကြသနည်း။
၅။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကို ပြောပြပါ။
၆။ ဒေါင်းယောင်ဆောင်သောကျီးပုံပြင်ကို ဖတ်ပြီး သင်၏ စိတ်တွင် မည်သို့ခံစားရသနည်း။

၆၂

---

### အရေးကြီးသောအချက်များ

- ♦ မေးခွန်း ၅ ကို ဖြေဆိုရာတွင် စာပိုဒ်ပါ အကြောင်းအရာများကို ပြောစေပါမည်။

  သာဓက ။ ။ ပထမစာမျက်နှာက စာပိုဒ်မှာ ကျီးက ဒေါင်းလို လှပချင်တယ်။ ဒေါင်းတောင်တွေရှာပြီး သူ့ကိုယ်မှာ တပ်ဆင်ခဲ့တယ်။ ပြီးတော့ ဒေါင်းတို့နေရာကို သွားခဲ့တယ်။
- ♦ လိုအပ်ချက်ရှိပါက ဆရာက ဖြည့်စွက်ပြောကြားပေးရပါမည်။

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တီရွှာန်ရှဲလဲ သွားကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

တပ်ဆင်၊ ထိုးဆိတ်၊ နာကျင်၊ မုန်းတီး၊ ကျွတ်ကျ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

နေရာ၊ ကြွားဝါ၊ အထင်ကြီး၊ နှင်ထုတ်၊ လှုပ

**သာဓက**

နေရာ ။ ။ ကျီးသည် ဒေါင်းတို့၏ နေရာသို့ သွားပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ ကျီးသည် အဘယ်ကြောင့် ဒေါင်းတောင်များကို ရှာခဲ့သနည်း။
၂။ ကျီးသည် အဘယ်ကြောင့် ဒေါင်းတို့ကို အထင်ကြီးသနည်း။
၃။ ဒေါင်းတို့က ကျီးကို မည်ကဲ့သို့ ပြောသနည်း။
၄။ ကျီးတို့က ဒေါင်းယောင်ဆောင်သော ကျီးကို အဘယ်ကြောင့် မုန်းတီးကြသနည်း။
၅။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကို ပြောပြပါ။
၆။ ဒေါင်းယောင်ဆောင်သောကျီးပုံပြင်ကို ဖတ်ပြီး သင်၏ စိတ်တွင် မည်သို့ခံစားရသနည်း။

၅၂

## အရေးကြီးသောအချက်များ

♦ သရုပ်ဆောင်ပြောကြားရာတွင် ဟန်ပန်အမူအရာ အသံနေအသံထားမှန်မှန် ပြောကြားရမည်။
♦ အုပ်စုဖွဲ့ရာတွင် ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုဖွဲ့ပေးရပါမည်။

## အခန်း (၅-ခ) ဒေါင်းယောင်ဆောင်သောကျီး
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (နဝမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "ကလေးတို့ အရင်အချိန်က ပုံပြင်တစ်ပုဒ်လုံးကို ဖတ်ခဲ့ပြီးပြီ။ ဒီအချိန်မှာ ပုံပြင်လေးအတိုင်း သရုပ်ဆောင်ကြည့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ပထမဦးစွာ ဆရာက အုပ်စုဖွဲ့ပေးပါမည်။
⊙ အုပ်စုဖွဲ့ရာတွင် ဇာတ်ကြောင်းပြောသူတစ်ဦး၊ ကျီးတစ်အုပ်စု၊ ဒေါင်းတစ်အုပ်စု၊ ကြွားဝါတတ်သော ကျီးတစ်ကောင် စသည်ဖြင့် သရုပ်ဆောင်စေရန် အုပ်စုဖွဲ့ပေးပါမည်။
♦ ထို့နောက် ဆရာက ပုံပြင်ကို အစအဆုံး ဖတ်ပြပါမည်။
♦ ကလေးများကို နောက်က လိုက်ဖတ်စေပါမည်။
⊙ ထိုသို့ ဖတ်ရာတွင် ဆရာက ဇာတ်ဆောင်များ၏ ဟန်ပန်အမူအရာ အသံနေ အသံထားအတိုင်း ဖတ်စေပါမည်။
♦ ကလေးများကိုလည်း သေချာစွာ နားထောင်စေပါမည်။
⊙ ထိုသို့ရွေးချယ်ပြီးပါက အုပ်စုအတွင်း ပုံပြင်ကို ဆွေးနွေးရန် အချိန်အနည်းငယ်ပေးရမည်။
⊙ ဆွေးနွေးပြီးပါက အုပ်စုအတွင်း သရုပ်ဆောင်ကာ လေ့ကျင့်စေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "ပုံပြင်ထဲက ဇာတ်ဆောင်တွေရဲ့ အသံနေအသံထား အမူအရာအတိုင်း ပြောတတ်သရုပ်ဆောင်တတ်ကြပြီ မဟုတ်လား။ နောက်တစ်ချိန်မှာ ကလေးတို့ကိုယ်တိုင် သရုပ်ဆောင်ရမယ်နော်" ဟု ပြော ပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ဇာတ်ကြောင်းပြောသူနှင့် ဇာတ်ဆောင်တို့၏ အသံနေအသံထား၊ ဟန်ပန်အမူအရာအတိုင်း လေ့ကျင့်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၅-၈) ဒေါင်းယောင်ဆောင်သောကျီး
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (ဒသမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ လေ့ကျင့်ပြီးပြီဆိုတော့ အခုအချိန်မှာ သရုပ်ဆောင်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ယခင်အုပ်စုအတိုင်း ပြန်ဖွဲ့၍ ပုံပြင်ကို ဖတ်စေပါမည်။
- သရုပ်ဆောင်လိုသော အုပ်စုတစ်စုအား အတန်းရှေ့တွင် ခေါ်၍ သရုပ်ဆောင်စေမည်။
- ⦿ သရုပ်ဆောင်ရာတွင် ကလေးများကိုယ်တိုင် ဟန်ပန်အမူအရာ အသံနေအသံထားဖြင့် သရုပ်ဆောင်စေမည်။
- သရုပ်ဆောင်နေစဉ် ကျန်ကလေးများက သေချာကြည့်ရှုစေပါမည်။ လိုအပ်သည်များကို ကလေးအချင်းချင်း ပြောစေပါမည်။
- ကျန်အဖွဲ့များကိုလည်း သရုပ်ဆောင်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ပုံပြင်ဖတ်ပြီး သရုပ်ဆောင်ခဲ့ပြီးပြီနော်။ ဒီပုံပြင်ထဲက ဘယ်လိုသင်ခန်းစာတွေရခဲ့သလဲ" ဟု မေးပြီး ဖြေစေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ကလေးများ ပုံပြင်ကို သရုပ်ဆောင်နိုင်ခြင်း ရှိ မရှိ နှင့် ပုံပြင်မှရရှိသော သင်ခန်းစာကို ပြောနိုင်ခြင်း ရှိ မရှိ ပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တီရွှာနံ့လဲ သွားကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

တပ်ဆင်၊ ထိုးဆိတ်၊ နာကျင်၊ မုန်းတီး၊ ကျွတ်ကျ

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

နေရာ၊ ကြွားဝါ၊ အထင်ကြီး၊ နှင်ထုတ်၊ လှပ

သာဓက

နေရာ ။ ။ ကျီးသည် ဒေါင်းတို့၏ နေရာသို့ သွားပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ ကျီးသည် အဘယ်ကြောင့် ဒေါင်းတောင်များကို ရှာခဲ့သနည်း။
၂။ ကျီးသည် အဘယ်ကြောင့် ဒေါင်းတို့ကို အထင်ကြီးသနည်း။
၃။ ဒေါင်းတို့က ကျီးကို မည်ကဲ့သို့ ပြောသနည်း။
၄။ ကျီးတို့က ဒေါင်းယောင်ဆောင်သော ကျီးကို အဘယ်ကြောင့် မုန်းတီးကြသနည်း။
၅။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကို ပြောပြပါ။
၆။ ဒေါင်းယောင်ဆောင်သောကျီးပုံပြင်ကို ဖတ်ပြီး သင်၏ စိတ်တွင် မည်သို့ခံစားရသနည်း။

၆၂

---

### အရေးကြီးသောအချက်များ

- ကလေးများ သရုပ်ဆောင်ရာတွင် ဟန်ပန်အမူအရာ၊ အသံနေအသံထားအတိုင်း သရုပ်ဆောင်ရပါမည်။
- ပုံပြင်မှ ရရှိသော သင်ခန်းစာကို ဆရာက ဖြည့်စွက် ရှင်းပြရပါမည်။
- အုပ်စုတစ်စု သရုပ်ဆောင်ပြီးတိုင်း ဆရာက ချီးကျူးစကား ပြောပေးရပါမည်။



၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တီရွှာန်ရှုံလဲ သွားကြမယ်

(ဂ) လူလေးကြီးရင် (ကဗျာ)



၅၄

## အခန်း (၅-ဂ) လူလေးကြီးရင်
## အကြံပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
- ကဗျာကို ပျော်ရွှင်စွာ ရွတ်ဆိုတတ်ရန်
- မိမိဖြစ်ချင်သည့်စိတ်ကူးကို စဉ်းစားပြီး ပြောတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကိုကြည့်ပြီး "ဘာပုံကလေး ဖြစ်မလဲဆိုတာ စဉ်းစားကြည့်ကြရအောင်" ဟုပြောပါမည်။ ဆရာက ကလေးများ စဉ်းစားထားသည့် ထင်မြင်ချက်များကို အချင်းချင်းပြောစေမည်။ ထို့နောက် ကလေးတစ်ဦးစီ၏ ထင်မြင်ယူဆချက်များကို ပြောစေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ⊙ ဆရာက ကဗျာကို ဦးစွာ ရွတ်ဆိုပြပါမည်။ ကလေးများကို နားထောင်စေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ဆရာက ကဗျာကိုရွတ်ဆိုပြီး ကလေးများကို နောက်မှလိုက်၍ ဆိုစေမည်။
  (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ဆရာက ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုပြပါမည်။
- ကလေးများကိုယ်တိုင် ကဗျာကို အမူအရာဖြင့် ပြန်လည်ရွတ်ဆိုစေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်)
- ⊙ "မိန်းကလေးများဆိုပါက လူလေးကြီးရင် နေရာမှာ ဘယ်လို ဖြည့်ဆိုကြမလဲ"ဟု ဆရာက မေးပါမည်။
  သာဓက။ ။ သမီးကြီးရင်စွမ်းအင်ထုတ်လို့ အင်ဂျင်နီယာကြီး လုပ်ချင်တယ်။
- ဆရာက ကဗျာကို အုပ်စုလိုက် (ယောကျ်ားကလေး/မိန်းကလေး) ပြန်လည်သီဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**
- "ကလေးတို့ ကဗျာကို သီဆိုရတာပျော်ရဲ့လား။ ကလေးတို့ ဖြစ်ချင်တဲ့ စိတ်ကူးကို ပြောပြကြရအောင်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း ကဗျာပါ ထင်မြင်ချက်များကို ပြောနေချိန်နှင့် ကဗျာကို ရွတ်ဆိုနေချိန်တွင် ကလေးများ ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ
- ကဗျာကို လွတ်လပ်ပျော်ရွှင်စွာ ရွတ်ဆိုစေရမည်။
- မိန်းကလေးဆိုပါက လူလေးကြီးရင် နေရာတွင် (သမီးကြီးရင်)ဟု အစားထိုး ရွတ်ဆိုတတ်ရမည်။

### အရေးကြီးသောအချက်များ
- ကလေးများ ဟန်အမူအရာဖြင့် ရွတ်ဆိုစေမည်။
- ကဗျာရွတ်ဆိုရာတွင် အားနည်းချက်ရှိသော ကလေးရှိပါက ဆရာက ကူညီပံ့ပိုးပေးရမည်။
- နောက်တစ်ချိန်တွင် ရွတ်ဆိုရလွယ်ကူစေရန် ကလေးများ ဖြစ်ချင်သည့်စိတ်ကူးကို ကြိုတင်စဉ်းစားလာစေရမည်။

## အခန်း (၅-ဂ) လူလေးကြီးရင်
## အကြိမ်ပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ ဆရာက "လူလေးကြီးရင် ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

♦ ကလေးများကိုယ်တိုင် ကဗျာကို အမူအရာဖြင့် ရွတ်ဆိုစေပါမည်။
(တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ယောက်ချင်း)

♦ ဆရာက "ကဗျာပါ ပထမစာပိုဒ်ကို ဆရာဖြစ်ချင်တဲ့ စိတ်ကူးအတိုင်း ရွတ်ဆိုပြမယ်နော်။ နားထောင်ကြည့်ပါ။ ကလေးတို့လည်း ကလေးတို့ဖြစ်ချင်တဲ့ စိတ်ကူးအတိုင်း ကဗျာကိုဆိုရမှာနော်" ဟုပြောပါမည်။

သာဓက ။ ။ လူလေးကြီးရင် စွမ်းအင် ထုတ်လို့
ကျောင်းဆရာကြီးလုပ်ချင်တယ်

⦿ ကလေးများအား မိမိဖြစ်လိုသည့် စိတ်ကူးအတိုင်း ကဗျာ ပထမအပိုဒ်ကို အစားထိုး၍ ကလေးတစ်ဦးစီ သီဆိုစေပါမည်။
(သမီးကြီးရင် စွမ်းအင်ထုတ်လို့ ဆရာမကြီး လုပ်ချင်တယ်)

♦ အစားထိုးရွတ်ဆိုပြီးပါက နှစ်ယောက်တစ်တွဲ တစ်ပုဒ်လုံးကို အမူအရာဖြင့် ပြန်လည် ရွတ်ဆိုစေပါမည်။

### နိဂုံးချုပ်ခြင်း

♦ ကဗျာပထမပိုဒ်ကို မိမိဖြစ်ချင်သည့် စိတ်ကူးအတိုင်း အစားထိုး ရွတ်ဆိုပြီးပါက ဆရာက "ကလေးတို့ဖြစ်ချင်တဲ့ စိတ်ကူးအတိုင်း အစားထိုးပြီး ကဗျာကို ရွတ်ဆိုရတာ ပျော်စရာကောင်းရဲ့လား" ဟု မေးပြီး ဖြေစေကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း မိမိဖြစ်လိုသည့် စိတ်ကူးအတိုင်း ကဗျာကို မှန်ကန်စွာ အစားထိုး ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။


၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်

(ဂ) လူလေးကြီးရင် (ကဗျာ)

လူလေးကြီးရင်

လူလေးကြီးရင် စွမ်းအင်ထုတ်လို့
အင်ဂျင်နီယာကြီး လုပ်ချင်တယ်။
တိုက်တာကျောင်းအိမ် စက်ရုံများနဲ့
တံတားလမ်းပါ တည်ဆောက်မယ်။
တူးမြောင်းဆည်ကန် သင်္ဘောများနဲ့
ယာဉ်ရထားလဲ တည်ဆောက်မယ်။
တည်ဆောက်နိုင်အောင် စာကြိုးစားလို့
တတ်ပညာများ သင်ယူမယ်။
သင်မယ် သင်မယ်။
မင်းယုဝေ



၅၃

### အဓိကအချက်များ

♦ ကလေးများ ကဗျာကို အသံနေအသံထား မှန်ကန်စွာရွတ်ဆိုတတ်ရန်နှင့် ကလေးများအား မိမိဖြစ်လိုသည့် စိတ်ကူးအတိုင်း ကဗျာ၏ ပထမစာပိုဒ်ကို အစားထိုး၍ ရွတ်ဆိုစေပါမည်။

♦ ကဗျာရွတ်ဆိုရာတွင် အားနည်းချက်ရှိသော ကလေးရှိပါက ဆရာက ကူညီပံ့ပိုးပေးရမည်။

♦ ကဗျာပထမစာပိုဒ်ကိုသာ ပြောင်းလဲ ရွတ်ဆိုရမည် ဖြစ်ပါသည်။ ကဗျာတစ်ပုဒ်လုံးကို ပြောင်းလဲ ရွတ်ဆိုရန်မလိုပါ။

♦ ကလေး၏ စိတ်ကူးအတိုင်း ပြောင်းလဲရွတ်ဆိုရန်ဖြစ်ပါသည်။

သာဓက ။ ။ လူလေးကြီးရင် စွမ်းအင်ထုတ်လို့ အင်ဂျင်နီယာကြီး ဟူသောနေရာ၌ ကလေးများ၏ စိတ်ကူးကို ပြောင်းလဲရွတ်ဆိုရမည်။

♦ ကဗျာတွင် ရေးသားထားသော စွမ်းအင်ဆိုသည်မှာ လုပ်ကိုင်ဆောင်ရွက်နိုင်သော အင်အားဖြစ်ကြောင်း ကလေးများကို ရှင်းပြရပါမည်။

**(ဃ) တိရစ္ဆာန်ဥယျာဉ်**







မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဥယျာဉ် သုံးခုရှိသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် မြန်မာနိုင်ငံတွင် ပထမဆုံး တည်ထောင် သော တိရစ္ဆာန်ဥယျာဉ်ဖြစ်ပြီး ဒုတိယမှာ မန္တလေးမြို့ရှိ ရတနာပုံတိရစ္ဆာန်ဥယျာဉ် ဖြစ်သည်။ တတိယမှာ နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်ကြီးဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်ဆိုတာ ဘယ်လိုနေရာမျိုးဖြစ်မလဲ။

တိရစ္ဆာန်ဥယျာဉ်ဆိုသည်မှာ တိရစ္ဆာန် မျိုးစုံကို တစ်နေရာတည်းတွင် ပြသထားသော နေရာဖြစ်သည်။ တောထဲတွင် လှည့်လည် ကျက်စားသွား လာတတ်သော တိရစ္ဆာန်များကို ဥယျာဉ်ထဲတွင် အနီးကပ် ကြည့်ရှုနိုင်ပါသည်။ တိရစ္ဆာန် ဥယျာဉ်ထဲရှိ တိရစ္ဆာန်များကို လှည့်လည် ကြည့်ရှုရင်း အရိပ်အာဝါသကောင်းသော သစ်ပင်များအောက်တွင်လည်း နားခိုနိုင်ပါသည်။





ကျား၊ ကျားသစ်၊ ခြင်္သေ့၊ ဝက်ဝံစသည့် တိရစ္ဆာန်များကို အုတ်တံတိုင်းကာရံသော



**အနံး (၅-ဃ) တိရစ္ဆာန်ဥယျာဉ်**

**အကြံပြုစာသင်ချိန် ၁၀ မိနစ် (ပထမအချိန်)**

## သင်ယူမှုဦးတည်ချက်

- ♦ မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်များတွင် တွေ့ရသော တိရစ္ဆာန်များ၏အမူအရာနှင့် ချစ်စရာ ဓလေ့သဘာဝကို လေ့လာသိရှိရန်
- ♦ ဖတ်စာပါ အကြောင်းအရာများကို ဖတ်တတ်၊ ရေးသားတတ်ရန်

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ♦ ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

## သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ ဆရာက "ကလေးတို့ ခေါင်းစဉ်လေးကို ဖတ်ကြည့်ပါအုံး။ ဖတ်စာအုပ်မှာပါတဲ့ ရုပ်ပုံလေးတွေကိုကြည့်ပြီး မြင်ရတဲ့ တိရစ္ဆာန်လေးတွေကို ပြောပြပါလား" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ⦿ ဆရာက စာတစ်ပုဒ်လုံးကို ဖတ်ပြပါမည်။
- ♦ ကလေးများကို နားထောင်စေပါမည်။
- ⦿ ဆရာက နောက်တစ်ကြိမ်ဖတ်ပြရာတွင် အဖြတ်အရပ်မှန်ကန်စွာဖြင့် ဖတ်ရမည့်နေရာကို မှတ်သားစေပါမည်။
- ♦ ဆရာ၏နောက်မှ ကလေးများကို လိုက်၍ဖတ်စေပါမည်။
- ♦ ကလေးများကို စာတစ်ပုဒ်လုံး ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)

**နိဂုံးချုပ်ခြင်း**

- ♦ ဆရာက "နောက်စာသင်ချိန်မှာ စာတစ်ပိုဒ်ချင်းစီ အသေးစိတ် အကြောင်းအရာတွေကို ဆက်ပြီးသင်ယူကြရမယ်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ဆရာ၏နောက်မှလိုက်ကာ ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အဓိကအချက်များ

- ♦ တိရစ္ဆာန်တို့၏ နေထိုင်သောသဘာဝနှင့် အစားအစာကို သိရှိစေရမည်။
- ♦ စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်စေရမည်။
- ♦ တိရစ္ဆာန်များသည် သဘာဝအလှတစ်မျိုး ဖြစ်ကြောင်း ခံစားနားလည်ရမည်။

## အရေးကြီးသောအချက်များ

- ♦ စာဖတ်အားနည်းသော ကလေးများကိုလည်း ဆရာက ကူညီပံ့ပိုးပေးရမည်။

## အခန်း (၅-ဃ) တိရစ္ဆာန်ဥယျာဉ်
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆရာက "ကလေးတို့ ပထမအချိန်က သင်ခန်းစာ တစ်ပုဒ်လုံးကို ဖတ်ခဲ့ပြီးပြီ။ ဒီအချိန်မှာ စာတစ်ပိုဒ်စီကို ဖတ်ကြမယ်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ပထမစာပိုဒ်ကို တစ်တန်းလုံး ဖတ်စေပါမည်။
- ထို့နောက် ပထမစာပိုဒ်ကို အုပ်စုလိုက် ဖတ်စေပါမည်။
- ပထမစာပိုဒ်တွင်ပါသော အကြောင်းအရာကို ကလေးများအား ပြောစေပါမည်။
- ⊙ ခက်ခဲသောစကားလုံးများကိုမေးပြီး မျဉ်းသားစေပါမည်။
- ⊙ ခက်ခဲသည့်စကားလုံးများကို ဆရာက သင်ပုန်းတွင် ရေးကာ အဓိပ္ပာယ်ကို ပြောစေမည်။ ထိုစကားလုံးများကို မှတ်စုတွင် ရေးစေမည်။
- ကလေးများ၏ ဖြေဆိုချက်မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားပေးရပါမည်။
- ⊙ ပထမစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားစေမည်။

**နိဂုံးချုပ်ခြင်း**

- "စာပိုဒ်ကိုဖတ်ပြီးပြီဆိုတော့ မြန်မာနိုင်ငံမှာ တိရစ္ဆာန် ဥယျာဉ် ဘယ်နှခုရှိသလဲ" ဟုမေး၍ ဖြေစေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ပထမစာပိုဒ်ကိုရေးသားနိုင်ခြင်း၊ စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိပေါ် မူတည်ပြီး စစ်ဆေး အကဲဖြတ်ပါမည်။



### (ဃ) တိရစ္ဆာန်ဥယျာဉ်






မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဥယျာဉ် သုံးခုရှိသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် မြန်မာနိုင်ငံတွင် ပထမဆုံး တည်ထောင် သော တိရစ္ဆာန်ဥယျာဉ်ဖြစ်ပြီး ဒုတိယမှာ မန္တလေးမြို့ရှိ ရတနာပုံတိရစ္ဆာန်ဥယျာဉ် ဖြစ်သည်။ တတိယမှာ နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်ကြီးဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်ဆိုတာ ဘယ်လိုနေရာမျိုးဖြစ်မလဲ။ ❶

တိရစ္ဆာန်ဥယျာဉ်ဆိုသည်မှာ တိရစ္ဆာန် မျိုးစုံကို တစ်နေရာတည်းတွင် ပြသထားသော နေရာဖြစ်သည်။ တောထဲတွင် လှည့်လည် ကျက်စားသွား လာတတ်သော တိရစ္ဆာန်များကို ဥယျာဉ်ထဲတွင် အနီးကပ် ကြည့်ရှုနိုင်ပါသည်။ တိရစ္ဆာန် ဥယျာဉ်ထဲရှိ တိရစ္ဆာန်များကို လှည့်လည် ကြည့်ရှုရင်း အရိပ်အာဝါသကောင်းသော သစ်ပင်များ အောက်တွင်လည်း နားခိုနိုင်ပါသည်။





ကျား၊ ကျားသစ်၊ ခြင်္သေ့၊ ဝက်ဝံစသည့် တိရစ္ဆာန်များကို အုတ်တံတိုင်းကာရံသော



### အရေးကြီးသောအချက်များ

- သင်ခန်းစာကို ဖတ်ရာတွင် အားနည်းသောကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ကလေးများပြောကြားသည့် ခက်ခဲသောစကားလုံးများကို ဆရာက သင်ပုန်းတွင် ရေးမှတ်ထားရမည်။

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်

## (ဃ) တိရစ္ဆာန်ဥယျာဉ်






မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဥယျာဉ် သုံးခုရှိသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် မြန်မာနိုင်ငံတွင် ပထမဆုံး တည်ထောင် သော တိရစ္ဆာန်ဥယျာဉ်ဖြစ်ပြီး ဒုတိယမှာ မန္တလေးမြို့ရှိ ရတနာပုံတိရစ္ဆာန်ဥယျာဉ် ဖြစ်သည်။ တတိယမှာ နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်ကြီးဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်ဆိုတာ ဘယ်လိုနေရာမျိုးဖြစ်မလဲ။

တိရစ္ဆာန်ဥယျာဉ်ဆိုသည်မှာ တိရစ္ဆာန် မျိုးစုံကို တစ်နေရာတည်းတွင် ပြသထားသော နေရာဖြစ်သည်။ တောထဲတွင် လှည့်လည် ကျက်စားသွား လာတတ်သော တိရစ္ဆာန်များကို ဥယျာဉ်ထဲတွင် အနီးကပ် ကြည့်ရှုနိုင်ပါသည်။ တိရစ္ဆာန် ဥယျာဉ်ထဲရှိ တိရစ္ဆာန်များကို လှည့်လည် ကြည့်ရှုရင်း အရိပ်အာဝါသကောင်းသော သစ်ပင်များအောက်တွင်လည်း နားခိုနိုင်ပါသည်။ ၂





ကျား၊ ကျားသစ်၊ ခြင်္သေ့၊ ဝက်ဝံစသည့် တိရစ္ဆာန်များကို အုတ်တံတိုင်းကာရံသော

၅၄

## အနန်း (၅-ဃ) တိရစ္ဆာန်ဥယျာဉ်
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ဆရာက"မနေ့က ဖတ်ခဲ့တဲ့ ပထမစာပိုဒ်ကို ပြန်ဖတ်ပါအုံး" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဒုတိယစာပိုဒ်ကို တစ်တန်းလုံးဖတ်စေမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)

♦ ဒုတိယစာပိုဒ်ပါ အကြောင်းအရာကို ကလေးများအား ပြောစေမည်။

⊙ စာပိုဒ်တွင် ပါဝင်သော ခက်ခဲသည့် စကားလုံးများကို မျဉ်းသားစေမည်။

⊙ ကလေး ပြောသော ခက်ခဲသည့်စကားလုံးများကို ဆရာက သင်ပုန်းတွင်ရေးကာ အဓိပ္ပာယ်ကို ပြောစေမည်။ ထိုစကားလုံးများကို မှတ်စုတွင် ရေးစေမည်။

♦ ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက် ပြောကြားပေးမည်။

♦ ဆရာက မေးခွန်း ၁ ကိုဖတ်စေပြီး စာပိုဒ်၏ မည်သည့်နေရာတွင် အဖြေရှိသည်ကို ကလေးနှစ်ယောက်တစ်တွဲ ရှာစေပါမည်။

♦ ထို့နောက် ကလေး ၃ ဦး ၄ ဦးခန့် မေးခွန်း ၁ အဖြေကို ပြောစေပါမည်။

⊙ "တိရစ္ဆာန်ဥယျာဉ်ထဲမှာ ဘာကောင်လေးတွေ ရှိသလဲ" "သူတို့ကိုမြင်တော့ ကလေးတို့စိတ်ထဲ ဘယ်လိုခံစားရသလဲ" စသည့် မေးခွန်းများကိုမေး၍ ကလေး ၂ ဦး ၃ ဦးခန့်ကို ပြောစေပါမည်။

⊙ ဒုတိယစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားစေမည်။

**နိဂုံးချုပ်ခြင်း**

♦ "တိရစ္ဆာန်ဥယျာဉ်ထဲက တိရစ္ဆာန်လေးတွေကို ဘယ်လိုထိန်းသိမ်း စောင့်ရှောက်ထားသလဲဆိုတာ နောက်တစ်ချိန်မှာ ဆက်သင်ကြမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း ဒုတိယစာပိုဒ်ပါ စကားလုံးများကို ရေးသားနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

♦ သင်ခန်းစာကို ဖတ်ရာတွင် အားနည်းသော ကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။

♦ ကလေးများကို လွတ်လပ်စွာ ဖြေဆိုစေမည်။

♦ ကလေးများပြောကြားသည့် ခက်ခဲသောစကားလုံးများကို ဆရာက သင်ပုန်းတွင် ရေးမှတ်ထားရမည်။

♦ ခက်ခဲသောစကားလုံးများပြောကြားရာတွင် လှည့်လည်၊ နားခို၊ အရိပ်အာဝါသ၊ ကြည့်ရှု စသောစကားလုံးများကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။

♦ မေးခွန်း ၁ အဖြေကို သင်ပုန်းတွင် ဆရာက ရေးထားရပါမည်။

## အခန်း (၅-ဃ) တိရစ္ဆာန်ဥယျာဉ်
## အကြံပြုစာသင်ချိန် ၁၀ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆရာက“မနေ့က ဖတ်ခဲ့တဲ့ ဒုတိယစာပိုဒ်ကို ပြန်ဖတ်ပါအုံး” ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- တတိယစာပိုဒ်ကို တစ်တန်းလုံးဖတ်စေမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)
- တတိယစာပိုဒ်ပါ အကြောင်းအရာကို ကလေးများအား ပြောစေမည်။
- ⦿ စာပိုဒ်တွင် ပါဝင်သော ခက်ခဲသည့် စကားလုံးများကို မျဉ်းသားစေမည်။
- ကလေးများပြောသော ခက်ခဲသည့်စကားလုံးများကို ဆရာက သင်ပုန်းတွင်ရေးကာ အဓိပ္ပာယ်ကို ပြောစေမည်။ ထိုစကားလုံးများကို မှတ်စုတွင် ရေးစေမည်။
- ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက် ပြောကြားပေးမည်။
- ထို့နောက် ဆရာက “ကျား၊ ကျားသစ်၊ ခြင်္သေ့တွေကို အုတ်တံတိုင်းကာရံထားတဲ့ ခြံကျယ်ကြီးထဲမှာ ဘာကြောင့် ထားတာလဲ” ဟူသော မေးခွန်းကိုမေး၍ ကလေးများကို ဖြေစေပါမည်။
- ⦿ ဘာကြောင့် အုတ်တံတိုင်း ကာထားရတာလဲဆိုတာ ကလေးနှစ်ယောက်တစ်တွဲ စဉ်းစားကာ ပြောစေမည်။ အဖြေကို ကလေး ၃ ဦး ၄ ဦးခန့် အတန်းရှေ့ထွက်၍ ပြောစေမည်။
- မေးခွန်း ၃ ကို ကလေးများဖတ်စေပြီး ကလေးနှစ်ယောက်တစ်တွဲ စဉ်းစားစေမည်။
- ထို့နောက်အဖြေကို ကလေး ၃ ဦး ၄ ဦးခန့် ပြောစေမည်။
- ကလေးများပြောသော အဖြေကို ဆရာက သင်ပုန်းတွင် ရေးမှတ်ထားရမည်။
- ⦿ တတိယစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားစေမည်။

**နိဂုံးချုပ်ခြင်း**

- “ဒီနေ့ဖတ်ခဲ့ရတဲ့ ဖတ်စာထဲမှာပါတဲ့ တိရစ္ဆာန်တွေကို မြင်ရတဲ့အခါ ဘယ်လိုခံစားရသလဲ” ဟုမေးပြီး ဖြေစေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း တတိယစာပိုဒ်ပါ စကားလုံးများကို ရေးသားနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်

### (ဃ) တိရစ္ဆာန်ဥယျာဉ်






မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဥယျာဉ် သုံးခုရှိသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် မြန်မာနိုင်ငံတွင် ပထမဆုံး တည်ထောင် သော တိရစ္ဆာန်ဥယျာဉ်ဖြစ်ပြီး ဒုတိယမှာ မန္တလေးမြို့ရှိ ရတနာပုံတိရစ္ဆာန်ဥယျာဉ် ဖြစ်သည်။ တတိယမှာ နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်ကြီးဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်ဆိုတာ ဘယ်လိုနေရာမျိုးဖြစ်မလဲ။

တိရစ္ဆာန်ဥယျာဉ်ဆိုသည်မှာ တိရစ္ဆာန် မျိုးစုံကို တစ်နေရာတည်းတွင် ပြသထားသော နေရာဖြစ်သည်။ တောထဲတွင် လှည့်လည် ကျက်စားသွား လာတတ်သော တိရစ္ဆာန်များကို ဥယျာဉ်ထဲတွင် အနီးကပ် ကြည့်ရှုနိုင်ပါသည်။ တိရစ္ဆာန် ဥယျာဉ်ထဲရှိ တိရစ္ဆာန်များကို လှည့်လည် ကြည့်ရှုရင်း အရိပ်အာဝါသကောင်းသော သစ်ပင်များ အောက်တွင်လည်း နားခိုနိုင်ပါသည်။





ကျား၊ ကျားသစ်၊ ခြင်္သေ့၊ ဝက်ဝံစသည့် တိရစ္ဆာန်များကို အုတ်တံတိုင်းကာရံသော

၃၄

### အရေးကြီးသောအချက်များ

- သင်ခန်းစာကို ဖတ်ရာတွင် အားနည်းသော ကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ကလေးများကို လွတ်လပ်စွာ ဖြေဆိုစေမည်။
- ကလေးများပြောကြားသည့် ခက်ခဲသော စကားလုံးများကို ဆရာက သင်ပုန်းတွင် ရေးမှတ်ထားရမည်။
- ခက်ခဲသောစကားလုံးများတွင် **အုတ်တံတိုင်း** ဆိုသောစကားလုံးကို ကလေးများနားလည်အောင် ရှင်းပြရပါမည်။

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်

ခြံကျယ်ကြီးများတွင် ထားသည်ကို တွေ့ရပါသည်။ ဆင်ရုံထဲရှိ ဆင်ကြီးများကိုလည်း ကြံချောင်းများ၊ ငှက်ပျောသီးများ ကျွေးနိုင်ပါသည်။ ၃





သစ်ကုလားအုတ်၊ မြင်း၊ မြင်းကျား၊ သမင်၊ ယုန် စသည့် တိရစ္ဆာန်များကို သံဆန်ခါကာထားသော ခြံကျယ်ကြီးများတွင် ထားသည်။ တိရစ္ဆာန်များသည် ခြံထဲတွင် သွားလာနေကြသည်။ လာရောက်သူများက ကျွေးသော အစာများကိုလည်း စားသောက်နိုင်ကြသည်။ ၄





ရေမြင်း၊ မိကျောင်း၊ ဖျံ၊ လိပ် စသည့် တိရစ္ဆာန်များကိုမူ ရေကန်ကြီးများထဲတွင် ထားသည်။ သူတို့သည် ရေထဲတွင် သဘာဝအလျောက်နေထိုင်ရင်း လူများကျွေးသော အစာများကိုလည်း စားကြသည်။

၁၁

## အရေးကြီးသောအချက်များ

- ကလေးများ၏ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။
- စာဖတ်အားနည်းသော ကလေးများကို ဆရာက ပံ့ပိုးကူညီရပါမည်။
- ခက်ခဲသောစကားလုံးများတွင် **သံဆန်ခါ** ဆိုသောစကားလုံးကို ကလေးများနားလည်အောင် ရှင်းပြရပါမည်။

## အခန်း (၅-ဃ) တိရစ္ဆာန်ဥယျာဉ်
## အကြံပြုစာသင်ချိန် ၁၀ ချိန် (ပဥ္စမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ဆရာက "အရင်အချိန်က ဖတ်ခဲ့တဲ့ စာပိုဒ်တွေကို ပြန်ဖတ်ကြည့်ပါအုံး" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ စတုတ္ထစာပိုဒ်ကို တစ်တန်းလုံးအား ဖတ်စေပါမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)

⊙ စာပိုဒ်တွင် ပါဝင်သော ခက်ခဲသည့် စကားလုံးများကို မျဉ်းသားစေမည်။

♦ ကလေးပြောသော ခက်ခဲသည့်စကားလုံးများကို ဆရာက သင်ပုန်းတွင်ရေးကာ အဓိပ္ပာယ်ကို ပြောစေမည်။ ထိုစကားလုံးများကို မှတ်စုတွင် ရေးစေမည်။

♦ ဆရာက "သံဆန်ခါအတွင်းမှာထားတဲ့ တိရစ္ဆာန်တွေကို ပြောပြပါအုံး" ဟု မေးပါမည်။

⊙ "အရင်အချိန်က ဖတ်ထားတဲ့ တောထဲမှာနေတဲ့ တိရစ္ဆာန်လေးတွေရဲ့ အကြောင်းအရာနဲ့တူရဲ့လား။ ဘာတွေ မတူတာလဲ" ဟု ကလေးများကိုမေးပြီး ဖြေဆိုစေပါမည်။

♦ "ဘာကြောင့် သံဆန်ခါ ကာထားရတာလဲ"ဆိုတာ နှစ်ယောက်တစ်တွဲ စဉ်းစားပြီးပြောစေမည်။ အဖြေကို ကလေး ၃ ဦးခန့်အား အတန်းရှေ့တွင် ပြောစေမည်။

⊙ စတုတ္ထစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "အရင်အချိန်က ဖတ်ခဲ့တဲ့ တောထဲမှာနေတဲ့ တိရစ္ဆာန်တွေရဲ့ နေပုံနဲ့ ဒီစာပိုဒ်မှာပါတဲ့ တိရစ္ဆာန်တွေရဲ့ နေပုံ မတူတာကို ပြောပါ" ဟုမေးပြီး ဖြေစေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း စတုတ္ထစာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိနှင့် တိရစ္ဆာန်တို့၏ နေပုံနှင့် စရိုက်သဘာဝကို ပြောနိုင်ခြင်း ရှိ မရှိ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၅-ဃ) တိရစ္ဆာန်ဥယျာဉ်
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (ဆဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ ဆရာက ကလေးအားလုံးကို သင်ခန်းစာအစမှ စတုတ္ထစာပိုဒ်အထိ ဖတ်ခိုင်းပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ပဉ္စမစာပိုဒ်ကို တစ်တန်းလုံးအား ဖတ်စေပါမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⦿ စာပိုဒ်တွင် ပါဝင်သော ခက်ခဲသည့် စကားလုံးများကို မျဉ်းသားစေမည်။
- ♦ ကလေးပြောသော ခက်ခဲသည့်စကားလုံးများကို ဆရာက သင်ပုန်းတွင်ရေးကာ အဓိပ္ပာယ်ကိုပြောစေမည်။ ထိုစကားလုံးများကို မှတ်စုတွင် ရေးစေမည်။
- ♦ "ရေမှာ နေတဲ့ တိရစ္ဆာန်တွေကို ဘယ်လိုနေရာမျိုးမှာ တွေ့နိုင်သေးသလဲ" ဟု ကလေးများကို မေးပါမည်။
- ⦿ "သင်ခန်းစာထဲမှာပါတဲ့ တိရစ္ဆာန်တွေအပြင် တခြား ဘယ်တိရစ္ဆာန်တွေရော ရေထဲမှာ နေတတ်ကြသေးသလဲ။ ဘာကြောင့် ရေထဲမှာ နေကြတာလဲ" ဟု မေး၍ နှစ်ယောက်တစ်တွဲတွဲ၍ ဖြေဆိုစေပါမည်။ ထို့နောက် အဖြေကို ကလေး ၃ ဦး ၄ ဦးခန့်ကို အတန်းရှေ့ထွက်၍ ပြောစေပါမည်။
- ♦ မေးခွန်း ၄ ကို ကလေးများအား ဖတ်စေပြီး နှစ်ယောက်တစ်တွဲ စဉ်းစားစေမည်။
- ♦ ထို့နောက် အဖြေကို ကလေး ၃ ဦး ၄ ဦးခန့် ပြောစေပါမည်။
- ♦ ပဉ္စမစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ "အရင်အချိန်က ဖတ်ခဲ့တဲ့ တိရစ္ဆာန်တွေရဲ့ ထားရှိပုံနဲ့ အခုအချိန်ဖတ်တဲ့ တိရစ္ဆာန်တွေရဲ့ ထားရှိပုံ မတူညီဘူး ဆိုတာ သိပြီလား" ဟုမေးပြီး ဖြေစေကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ရေတွင်နေသော တိရစ္ဆာန်များ ကို ပြောနိုင်ခြင်း ရှိ မရှိနှင့် ပဉ္စမစာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်

ခြံကျယ်ကြီးများတွင် ထားသည်ကို တွေ့ရပါသည်။ ဆင်ရုံထဲရှိ ဆင်ကြီးများကိုလည်း ကြံချောင်းများ၊ ငှက်ပျောသီးများ ကျွေးနိုင်ပါသည်။





သစ်ကုလားအုတ်၊ မြင်း၊ မြင်းကျား၊ သမင်၊ ယုန် စသည့် တိရစ္ဆာန်များကို သံဆန်ခါကာထားသော ခြံကျယ်ကြီးများတွင် ထားသည်။ တိရစ္ဆာန်များသည် ခြံထဲတွင် သွားလာနေကြသည်။ လာရောက်သူများက ကျွေးသော အစာများကိုလည်း စားသောက်နိုင်ကြသည်။





ရေမြင်း၊ မိကျောင်း၊ ဖျံ၊ လိပ် စသည့် တိရစ္ဆာန်များကိုမူ ရေကန်ကြီးများထဲတွင် ထားသည်။ သူတို့သည် ရေထဲတွင် သဘာဝအလျောက်နေထိုင်ရင်း လူများကျွေးသော အစာများကိုလည်း စားကြသည်။ ❺

၅၅

---

### အရေးကြီးသောအချက်များ

- ♦ ကလေးများ၏ထင်မြင်ချက်များကို လွတ်လပ်စွာ ပြောစေပါမည်။
- ♦ စာဖတ်အားနည်းသော ကလေးများကို ဆရာက ပံ့ပိုးကူညီရပါမည်။
- ♦ ခက်ခဲသောစကားလုံးများတွင် **သဘာဝအလျောက်** ဆိုသော စကားလုံးကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။

## အခန်း (၅–ဃ) တိရစ္ဆာန်ဥယျာဉ်
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (သတ္တမအချိန်)







ဇီးကွက်၊ ဒေါင်း၊ ကြက်တူရွေး စသည့် ငှက်များကို ခြံကျယ်ကြီးထဲရှိ သစ်ပင်ကြီးများ ပေါ်တွင်ထားသည်။ ခြံကြီးကို သံဆန်ခါကာထားရုံသာမက အပေါ်မှလည်း သံဆန်ခါ အုပ်မိုးထားသည်။ ကျယ်ဝန်းသောခြံကြီးတွင် ကျေးငှက်များ လွတ်လပ်စွာ ပျံသန်းသွားလာ နိုင်ကြသည်။ ၆

အငြိမ်မနေတတ်သော မျောက်များကိုလည်း သံဆန်ခါကွက်များကာထားသော ခြံထဲရှိ သစ်ပင်ကြီးများပေါ်တွင် တွေ့နိုင်ပါသည်။ သူတို့မှာ သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်း ခုန်ကူး ဆော့ကစားရင်း လူများကျွေးသော ငှက်ပျောသီးများ၊ မုန့်များကို စားကြသည်။




တိရစ္ဆာန်များသည် လူတို့၏ မိတ်ဆွေများဖြစ်သည့်အပြင် ကမ္ဘာပေါ်ရှိ သဘာဝ အလှတစ်မျိုးလည်းဖြစ်သည်။ ထို့ကြောင့် တိရစ္ဆာန်ဥယျာဉ်သို့သွား၍ တိရစ္ဆာန်တို့၏ ကွဲပြားခြားနားသော ပုံသဏ္ဌာန်နှင့် စရိုက် သဘာဝတို့ကို လေ့လာနိုင်ပါသည်။



### အရေးကြီးသောအချက်များ

- ♦ သင်ခန်းစာကို ဖတ်ရာတွင် အားနည်းသော ကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ♦ ခက်ခဲသော စကားလုံးများကို သင်ပုန်းတွင် ရေးသားရမည်။
- ♦ ကလေးများ၏ထင်မြင်ချက်ကို လွတ်လပ်စွာ ဖြေဆိုစေမည်။
- ♦ ခက်ခဲသောစကားလုံးများတွင် **အုပ်မိုး၊ လွတ်လပ်** ဆိုသော စကားလုံးကို ကလေးများနားလည်အောင် ရှင်းပြရပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ ပထမစာပိုဒ်မှ ပဉ္စမစာပိုဒ်အထိ ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ဆဋ္ဌမစာပိုဒ်ကို တစ်တန်းလုံးအား ဖတ်စေပါမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⦿ စာပိုဒ်တွင် ပါဝင်သော ခက်ခဲသည့် စကားလုံးများကို မျဉ်းသားစေမည်။
- ♦ ကလေးပြောသော ခက်ခဲသည့်စကားလုံးများကို ဆရာက သင်ပုန်းတွင်ရေးကာ အဓိပ္ပာယ်ကို ပြောစေမည်။ ထိုစကားလုံးများကို မှတ်စုတွင်ရေးစေမည်။
- ⦿ ဆရာက“ငှက်တွေကို ဘယ်လိုနေရာမျိုးမှာ ထားသလဲ” ဟုမေးပါမည်။
- ♦ “တိရစ္ဆာန်ရုံမှာမဟုတ်ဘဲ ငှက်တွေကို ဘယ်လိုနေရာမှာ တွေ့ရသေးသလဲ” ဟု ကလေးများကို မေးပါမည်။
- ⦿ “ဇီးကွက်၊ ဒေါင်း၊ ကြက်တူရွေး စတဲ့ တိရစ္ဆာန်လေးတွေကို မြင်ရတဲ့အခါ ကလေးတို့ ဘယ်လိုခံစားရသလဲ”ဟု မေးပြီး ဖြေစေပါမည်။
- ♦ ထို့နောက် ကလေး ၃ ဦး ၄ ဦးခန့်ကို အတန်းရှေ့ထွက်၍ ဖြေစေပါမည်။
- ⦿ ဆဋ္ဌမစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားစေမည်။

**နိဂုံးချုပ်ခြင်း**

- ♦ ဆရာက“ဒီနေ့သင်ခဲ့ရတဲ့ တိရစ္ဆာန်လေးတွေက စိတ်ဝင်စားစရာ ကောင်းသလား။ နောက်တစ်ချိန်မှာ တခြား တိရစ္ဆာန်တွေရဲ့အကြောင်းကို ဖတ်ကြရမယ်နော်” ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၅-ဃ) တိရစ္ဆာန်ဥယျာဉ်
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကလေးများကို ပထမစာပိုဒ်မှ ဆဋ္ဌမစာပိုဒ်အထိ ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက သတ္တမစာပိုဒ်ကို တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း ဖတ်စေပါမည်။
- ⦿ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- စာပိုဒ်ပါအကြောင်းအရာကို ကလေးအချင်းချင်း ပြောစေပါမည်။
- ဆွေးနွေးပြီးပါက အုပ်စုတစ်စုမှ တစ်ယောက်စီ ပြောစေပါမည်။
- ပြီးလျှင် ဆရာက"မျောက်တွေကို ဘယ်မှာ တွေ့ရသလဲ။ သူတို့ ဘာတွေစားကြသလဲ" ဟု မေးပါမည်။
- ⦿ "မျောက်တွေရဲ့အစားအစာနဲ့ နေပုံကို ပြောပြပါအုံး" ဟု မေးကာ ကလေးများကို ဖြေဆိုစေပါမည်။
- "နောက်ဆုံးစာပိုဒ်မှာ ဘယ်လိုအကြောင်းအရာတွေ ရေးထားတာကို တွေ့ရသလဲ" ဟု မေး၍ ကလေးအချင်းချင်း ဆွေးနွေးစေပါမည်။ ဆွေးနွေးပြီးပါက အဖြေကို ကလေး ၃ ဦး ၄ ဦးခန့်ကို အတန်းရှေ့တွင် ပြောစေပါမည်။
- သတ္တမစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးစေမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက"တိရစ္ဆာန်ရုံထဲက မျောက်ကလေးတွေအပြင် တခြား ဘယ်နေရာမှာ မျောက်ကလေးတွေကို မြင်ဖူးသေးသလဲ။ သူတို့ကိုကြည့်ရတာ ပျော်သလား။ ဘယ်လို တိရစ္ဆာန်တွေကို ကလေးတို့ သဘောကျသလဲ" ဟု မေး၍ဖြေစေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း သတ္တမစာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာဖတ်နိုင်ခြင်း ရှိ မရှိ နှင့် မျောက်တို့၏ နေထိုင်စားသောက်မှုကို ပြောနိုင်ခြင်းရှိ မရှိ ပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်



ဇီးကွက်၊ ဒေါင်း၊ ကြက်တူရွေး စသည့် ငှက်များကို ခြံကျယ်ကြီးထဲရှိ သစ်ပင်ကြီးများ ပေါ်တွင်ထားသည်။ ခြံကြီးကို သံဆန်ခါကာထားရုံသာမက အပေါ်မှလည်း သံဆန်ခါ အုပ်မိုးထားသည်။ ကျယ်ဝန်းသောခြံကြီးတွင် ကျေးငှက်များ လွတ်လပ်စွာ ပျံသန်းသွားလာ နိုင်ကြသည်။

အငြိမ်မနေတတ်သော မျောက်များကိုလည်း သံဆန်ခါကွက်များကာထားသော ခြံထဲရှိ သစ်ပင်ကြီးများပေါ်တွင် တွေ့နိုင်ပါသည်။ သူတို့မှာ သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်း ခုန်ကူး ဆော့ကစားရင်း လူများကျွေးသော ငှက်ပျောသီးများ၊ မုန့်များကို စားကြသည်။ ၇



တိရစ္ဆာန်များသည် လူတို့၏ မိတ်ဆွေများဖြစ်သည့်အပြင် ကမ္ဘာပေါ်ရှိ သဘာဝ အလှတစ်မျိုးလည်းဖြစ်သည်။ ထို့ကြောင့် တိရစ္ဆာန်ဥယျာဉ်သို့သွား၍ တိရစ္ဆာန်တို့၏ ကွဲပြားခြားနားသော ပုံသဏ္ဌာန်နှင့် စရိုက် သဘာဝတို့ကို လေ့လာနိုင်ပါသည်။

၅၆

### အရေးကြီးသောအချက်များ

- သင်ခန်းစာကို ဖတ်ရာတွင် အားနည်းသော ကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။
- ခက်ခဲသော စကားလုံးများကို သင်ပုန်းပေါ်တွင် ရေးသားရမည်။
- စာပိုဒ်ပုံစံရေးသားရန် ဆရာက ပြောရပါမည်။
- ခက်ခဲသောစကားလုံးများတွင် **ဥယျာဉ်** ဆိုသော စကားလုံးကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။
- ခက်ခဲသောစကားလုံးများတွင် **ခုန်ကူး၊ မိတ်ဆွေ၊ ပုံသဏ္ဌာန်၊ စရိုက် သဘာဝ** ဆိုသောစကားလုံးတို့ကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ဥယျာဉ်၊ တိရစ္ဆာန်၊ လှည့်လည်၊ တံတိုင်း၊ ပုံသဏ္ဌာန်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

မိတ်ဆွေ၊ အနီးကပ်၊ ဆော့ကစား၊ ကျေးငှက်၊ သံဆန်ခါ

**သာဓက**

မိတ်ဆွေ ။ ။ မောင်မောင်နှင့်ကျွန်တော်သည် မိတ်ဆွေများဖြစ်သည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ တိရစ္ဆာန်ဥယျာဉ်သည် မည်သို့သော နေရာမျိုးဖြစ်သနည်း။
၂။ ဖတ်စာပါ သင်နှစ်သက်သော တိရစ္ဆာန် ၅ မျိုး၏ အမည်ကို ဖော်ပြပါ။
၃။ အုတ်တံတိုင်းကာရံသော ခြံကျယ်ကြီးများတွင် ထားရှိသည့် တိရစ္ဆာန်များ၏ အမည်ကို ဖော်ပြပါ။ အဘယ်ကြောင့် ထိုသို့ထားရသနည်း။
၄။ ရေကန်ထဲတွင်ထားသော တိရစ္ဆာန်များ၏ အမည်ကို ဖော်ပြပါ။ အဘယ်ကြောင့် ထိုသို့ထားရသနည်း။
၅။ သင်သိသော တခြားတိရစ္ဆာန်အမည် ဘယ်နှမျိုးကို ဖော်ပြနိုင်သနည်း။
၆။ သင်သိသော တခြားတိရစ္ဆာန်များကို တိရစ္ဆာန်ဥယျာဉ်ထဲရှိ မည်သည့်နေရာတွင် ထားချင်သနည်း။

၇၃

## အရေးကြီးသောအချက်များ

- ဆရာက ကလေးများပြောကြားထားသည်များနှင့် ရေးသားထားသော ဝါကျများ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးရပါမည်။
- ဝါကျဖွဲ့ထားသည်များကို အလွတ်ကျက်မှတ်ရန် မလိုပါ။

## အခန်း (၅-ဃ) တိရစ္ဆာန်ဥယျာဉ်
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (နဝမအချိန်)

## သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆရာက "ဒီတစ်ချိန်မှာတော့ လေ့ကျင့်ခန်းမှာပါတဲ့ စကားလုံးတွေနဲ့ ဝါကျဖွဲ့ကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⊙ ဆရာက **မိတ်ဆွေ** ဟူသော စကားလုံးကို ဝါကျဖွဲ့ပြီး နမူနာစာကြောင်းဖွဲ့ပြမည်။
- ဝါကျဖွဲ့ပုံဖွဲ့နည်းကို ရှင်းပြမည်။
- **အနီးကပ်** ဟူသော စကားလုံးဖြင့် နှစ်သက်ရာ ဝါကျကို ပြောစေမည်။
- ကလေးများပြောကြားသော ဝါကျများကို သင်ပုန်းတွင် ရေးပြပါမည်။
- ကလေးများပြောသော ဝါကျကို ရေးသားရာတွင် ဝါကျတည်ဆောက်ပုံ မမှန်ပါက ဆရာက ပြင်ပေးရမည်။

⊙ ဆရာရေးထားသော ဝါကျများကို မှတ်စုစာအုပ်တွင် ရေးသားစေပါမည်။

⊙ ကျန်စကားလုံးများကိုလည်း ကလေးအချင်းချင်း ဆွေးနွေးပြောစေပြီး မှတ်စုစာအုပ်တွင် ရေးသားစေမည်။
- ရေးသားထားသော ဝါကျများကို ကလေးနှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ထိုဝါကျများကို ဆရာက စစ်ဆေးပေးရပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက ကလေးများ ရေးသားထားသော ဝါကျများကို နှစ်ယောက်တစ်တွဲ ဖတ်ပြစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မှန်ကန်စွာ ဝါကျဖွဲ့နိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်မည်။

## အခန်း (၅-ဃ) တိရစ္ဆာန်ဥယျာဉ်
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (ဒသမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ဆရာက "အရင်အချိန်တွေမှာ စာတစ်ပုဒ်လုံးကို ဖတ်ပြီးပြီ သတ်ပုံတွေ ဝါကျတွေလဲ ရေးပြီးပြီဆိုတော့ ဒီတစ်ချိန်မှာ မေးခွန်းလေးတွေကို ဖြေကြည့်ကြမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ပထမဦးစွာ မေးခွန်း ၂ ကို ဖတ်စေပါမည်။

⦿ မေးခွန်းဖတ်ပြီးပါက အဖြေကို ဖတ်စာအုပ်တွင်ရှာ၍ ပြောစေပါမည်။

⦿ ဆရာက သင်ပုန်းတွင် ကလေးများပြောသော အဖြေကို ရေးပါမည်။

⦿ မေးခွန်း ၅ ကို ကလေးများအား နှစ်ယောက်တစ်တွဲ ပြောစေပြီးမှ မှတ်စုစာအုပ်တွင် ရေးစေပါမည်။

♦ မေးခွန်း ၆ ကို ဖြေဆိုရာတွင် ကလေးများ၏ ထင်မြင်ချက်အတိုင်း ပြောစေပြီးမှ မှတ်စုစာအုပ်တွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ဆရာက "တိရစ္ဆာန်ဥယျာဉ် အကြောင်းကို သင်ခဲ့ပြီးပြီဆိုတော့ တိရစ္ဆာန်တွေရဲ့ သဘာဝအမျိုးမျိုးကို သိခဲ့ကြပြီ မဟုတ်လား" ဟု ပြော၍ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---



**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ဥယျာဉ်၊ တိရစ္ဆာန်၊ လှည့်လည်၊ တံတိုင်း၊ ပုံသဏ္ဌာန်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

မိတ်ဆွေ၊ အနီးကပ်၊ ဆော့ကစား၊ ကျေးဇူးတင်၊ သံဆန်ခါ

**သာဓက**

မိတ်ဆွေ ။ ။ မောင်မောင်နှင့်ကျွန်တော်သည် မိတ်ဆွေများဖြစ်သည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ တိရစ္ဆာန်ဥယျာဉ်သည် မည်သို့သော နေရာမျိုးဖြစ်သနည်း။
၂။ ဖတ်စာပါ သင်နှစ်သက်သော တိရစ္ဆာန် ၅ မျိုး၏ အမည်ကို ဖော်ပြပါ။
၃။ အုတ်တံတိုင်းကာရံသော မြေကျယ်ကြီးများတွင် ထားရှိသည့် တိရစ္ဆာန်များ၏ အမည်ကို ဖော်ပြပါ။ အဘယ်ကြောင့် ထိုသို့ထားရသနည်း။
၄။ ရေကန်ထဲတွင်ထားသော တိရစ္ဆာန်များ၏ အမည်ကို ဖော်ပြပါ။ အဘယ်ကြောင့် ထိုသို့ထားရသနည်း။
၅။ သင်သိသော တခြားတိရစ္ဆာန်အမည် ဘယ်နှမျိုးကို ဖော်ပြနိုင်သနည်း။
၆။ သင်သိသော တခြားတိရစ္ဆာန်များကို တိရစ္ဆာန်ဥယျာဉ်ထဲရှိ မည်သည့်နေရာတွင် ထားချင်သနည်း။



---

### အရေးကြီးသောအချက်များ

♦ မေးခွန်းများကို မဖြေကြားနိုင်သော ကလေးများရှိပါက ဆရာက သင်ပုန်းတွင်ရေးပြကာ ကူးရေးစေပါမည်။

♦ ကလေးများ လွတ်လပ်စွာ ဖြေဆိုစေပါမည်။

♦ ဆရာက ကလေးများရေးသားထားသော မှတ်စုစာအုပ်မှ အဖြေများကို စစ်ဆေးရပါမည်။



၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တီရစ္ဆာန်ရုံလဲ သွားကြမယ်

(င) ကျောင်းတက်ရက်တစ်နေ့တာ

မနေ့က ဘာတွေလုပ်ခဲ့သလဲ ဆိုတာ စဉ်းစားကြည့်ကြရအောင်

မနေ့က မနက် ၇ နာရီမှာ အိပ်ရာက နိုးပါတယ်။
အိပ်ရာကနိုးတာနဲ့ မျက်နှာသစ်၊ ရေချိုးပြီး မနက်စာ စားပါတယ်။
မနက် ၈ နာရီခွဲမှာ ကျောင်းကို သွားပါတယ်။
သင်ခန်းစာအသစ်တွေကို စိတ်ဝင်တစား သင်ပါတယ်။
အားလပ်ချိန်မှာ နေ့လယ်စာစားပြီး သူငယ်ချင်းတွေနဲ့
အတူတူ ကစားကြပါတယ်။
ကျောင်းဆင်းချိန် အိမ်အပြန်မှာတော့
သူငယ်ချင်းအဖော်တွေနဲ့ အတူတူပြန်ခဲ့ပါတယ်။

၅၈

# အခန်း (၅-င) ကျောင်းတက်ရက်တစ်နေ့တာ

## အကြိပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ယခင်နေ့က တစ်နေ့တာလုပ်ဆောင်ချက်များကို ရေးသားတတ်ရန်
- သူငယ်ချင်း၏ အကြံဉာဏ်ရယူပြီး ပြန်လည်ရေးသားတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကိုကြည့်ပြီး ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။ ထို့နောက် "ဒီနေ့ သင်ခန်းစာကတော့ မနေ့က ကလေးတို့ကြုံတွေ့ခဲ့တဲ့ အကြောင်းတွေကို ပြောပြတဲ့ သင်ခန်းစာလေး ဖြစ်တယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်တွင် ရေးသားထားသော သူငယ်ချင်း၏ တစ်နေ့တာကို ဆရာက ပြောပြပါမည်။
- ကလေးများကို ဖတ်စေပြီး "မနေ့က ဘာတွေလုပ်ခဲ့သလဲ" ဆိုသည်ကို စဉ်းစားစေပါမည်။
- ⊙ "ကလေးတို့ မနေ့က ဘာတွေလုပ်ခဲ့သလဲဆိုတာ စဉ်းစားပြီးပြီလား။ ကလေးတို့ စဉ်းစားထားတာလေးတွေကို သူငယ်ချင်းအချင်းချင်းပြောကြည့်ကြရအောင်" ဟု ပြောပြီး ကလေးအချင်းချင်း ပြောစေပါမည်။
- ⊙ ကလေးအချင်းချင်း ပြောပြီးပါက ကလေး ၂ ဦး ၃ ဦးခန့်ကို အတန်းရှေ့ထွက်ပြီး ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ကလေးတို့ရဲ့ တစ်နေ့တာအကြောင်းကိုလည်း ရေးကြည့်ဖို့ စဉ်းစားလာခဲ့ရမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- မနေ့ကအကြောင်းကို စဉ်းစားနေချိန်တွင် စဉ်းစားနိုင်ခြင်း ရှိ မရှိနှင့် နှစ်ယောက်တစ်တွဲ ပြောကြားချိန်တွင် ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ

- ယခင်နေ့က တစ်နေ့တာ လုပ်ဆောင်ချက်များကို ကလေးအချင်းချင်း ပြန်လည်ပြောပြစေရာတွင် လိုအပ်ပါက ဆရာက ဦးဆောင်ပြောပြရပါမည်။
- ကလေးများကိုယ်တိုင် ပြောကြားထားသည်များကို ကိုယ်တိုင် ရေးသားနိုင်မှု ရှိ မရှိ ကြည့်ရှုပေးရပါမည်။
- သူငယ်ချင်း၏ အကြံဉာဏ်ကိုယူပြီး ပြန်လည်ရေးသားတတ်မှု ရှိ မရှိ သေချာစွာ ကြည့်ရှုပေးရပါမည်။

### အရေးကြီးသောအချက်များ

- နှစ်ယောက်တစ်တွဲ ပြောနေချိန်တွင် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။
- မနက်မှ ညနေအထိ အစီအစဉ်အတိုင်း ပြောတတ်ရန် ဆရာက ပြောပြပေးရမည်။
- ကျောင်းလွှတ်ချိန် နောက်ပိုင်း အကြောင်းအရာများကို ပြောခဲ့ပါက လည်း ဆရာက လက်ခံပေးရပါမည်။
- ယခင်နေ့က ကျောင်းပျက်ကွက်သော ကလေးရှိပါက ကျောင်းတက်သောနေ့က အကြောင်းကို စဉ်းစားစေပါမည်။

## အခန်း (၅-င) ကျောင်းတက်ရက် တစ်နေ့တာ

## အကြံပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ မနေ့က ဘာတွေလုပ်ခဲ့သလဲဆိုတာ ရေးကြည့်ဖို့ စဉ်းစားခဲ့ပြီးပြီလား။ ကလေးတို့ ရေးထားတာတွေကို မိသားစုကို ပြန်ပြရမယ်နော်။ ကြိုးစားပြီး ရေးကြမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ကျောင်းသုံးစာအုပ်ပါ စာပိုဒ်ကို ကလေးများအား ဖတ်စေပါမည်။
- ⦿ ကလေးများ မရေးမီ ဆရာမ၏ မနေ့က တစ်နေ့တာ အကြောင်းကို နမူနာတစ်ကြောင်း နှစ်ကြောင်းခန့် ရေးပြီးရှင်းပြပါမည်။
- ⦿ "ကလေးတို့ရဲ့ မနေ့ကအကြောင်းကို ကလေးတို့ ကိုယ်တိုင် မှတ်စုစာအုပ်ထဲမှာ ရေးကြည့်ကြရအောင်" ဟု ပြောကာ ရေးစေပါမည်။
- ကလေးများ ရေးသားပြီးပါက သူငယ်ချင်းအချင်းချင်း ဖတ်ကြည့်စေပါမည်။
- ⦿ "သူငယ်ချင်းရေးထားတာကိုဖတ်ပြီးရင် ဘာတွေထပ်ဖြည့်ရမလဲဆိုတာ စဉ်းစားပြီး အကြံဉာဏ်ကို ရေးပေးလိုက်နော်" ဟု ပြောပြီး ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "အချင်းချင်း ဖတ်ကြည့်ကြပြီးပြီဆိုတော့ နောက်တစ်ချိန်ရောက်ရင် သူငယ်ချင်းတွေရဲ့အကြံဉာဏ်ကို မှတ်ထားပြီး ပြန်ရေးကြရမယ်နော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ယခင်နေ့က ပြုလုပ်ခဲ့သည့် တစ်နေ့တာကို ပြန်လည်ရေးသားနိုင်ခြင်း ရှိ မရှိ၊ သူငယ်ချင်းအချင်းချင်း ရေးသားထားသည်များကို ဖတ်ရှုနိုင်ခြင်း ရှိ မရှိနှင့် အကြံဉာဏ်ပေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်



**လိုအပ်တာတွေ ပြန်ပြင်ရေးကြရအောင်**

- ကိုယ်ရေးထားတဲ့အကြောင်းအရာတွေကို သူငယ်ချင်းအချင်းချင်း လဲလှယ်ပြီး ဖတ်ကြည့်ကြရအောင်။
- သူငယ်ချင်းဆီက အကြံဉာဏ်တွေကိုနားထောင်ပြီး ရေးထားတာတွေကို ပိုကောင်းအောင် ပြန်ပြင်ကြရအောင်။
- ကိုယ်ရေးထားတာတွေ မိသားစုကို ပြန်ပြကြရအောင်။

၇၉

### အရေးကြီးသောအချက်များ

- ကလေးများ ရေးသားနေချိန်တွင် အခက်အခဲရှိသော ကလေးများကို ဆရာက ကူညီပေးရပါမည်။
- သူငယ်ချင်းအချင်းချင်း လဲလှယ်ဖတ်ရှုရာတွင် အကြံဉာဏ်များ ရေးသားနိုင်အောင် စာကြောင်းကို တစ်ကြောင်းခြား၍ရေးရန် ဆရာက သတိပေးရပါမည်။
- အကြံဉာဏ်များရေးရာတွင် အောက်ပါအချက်များကို ပေးနိုင်ပါသည်။
  (၁) ကျောင်းတွင်းလုပ်ဆောင်ချက်များ
  (၂) စာလုံးပေါင်းသတ်ပုံ မှားယွင်းနေပါကလည်း ပြုပြင်ပေးရပါမည်။
- မနက်မှ ညနေအထိ အစီအစဉ်တကျ ရေးသားနိုင်ရန် သတိပေးရပါမည်။
- မှတ်စုစာအုပ်ထဲ ရေးရာတွင် အကြံဉာဏ်ပေးနိုင်ရန် တစ်ကြောင်းခြား၍ရေးရမည်။

၅။ ပုံပြင်ကလေးတွေ သင်ကာရယ် တိရစ္ဆာန်ရုံလဲ သွားကြမယ်




**လိုအပ်တာတွေ ပြန်ပြင်ရေးကြရအောင်**

- ကိုယ်ရေးထားတဲ့အကြောင်းအရာတွေကို သူငယ်ချင်းအချင်းချင်း လဲလှယ်ပြီး ဖတ်ကြည့်ကြရအောင်။
- သူငယ်ချင်းဆီက အကြံဉာဏ်တွေကိုနားထောင်ပြီး ရေးထားတာတွေကို ပိုကောင်းအောင် ပြန်ပြင်ကြရအောင်။
- ကိုယ်ရေးထားတာတွေ မိသားစုကို ပြန်ပြကြရအောင်။

၁၉

## အရေးကြီးသောအချက်များ

- ♦ သူငယ်ချင်းအချင်းချင်း အကြံဉာဏ်ပေးထားသည်ကို ပြင်ဆင်ရေးသားထားခြင်း ရှိ မရှိ ဆရာက ကြည့်ရှုပေးရပါမည်။
- ♦ မိသားစုကို ပြသပြီးပါက မိသားစု၏ပြောကြားချက်ကို ပြန်လည်မှတ်သားလာရန် မှာကြားရပါမည်။
- ♦ ဆရာများအသုံးပြုနိုင်ရန်အတွက် ကလေးများရေးသားရန် နမူနာပုံစံကို စာမျက်နှာ ၁၈၄ တွင် ဖော်ပြထားပါသည်။

## အခန်း (၅–င) ကျောင်းတက်ရက် တစ်နေ့တာ
## အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ "မနေ့က သူငယ်ချင်းပေးထားတဲ့ အကြံဉာဏ်ကို သေသေချာချာ ပြန်ဖတ်ပြီး ပြန်ရေးကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ⊙ "မနေ့က သူငယ်ချင်းတွေဆီက ဘာအကြံဉာဏ်တွေ ရခဲ့သလဲဆိုတာ ပြောကြည့်ပါအုံး" ဟု မေးပြီး ပြောစေပါမည်။
- ♦ ကလေးများကို ကျောင်းသုံးစာအုပ်တွင် ပြန်လည် ရေးသားစေပါမည်။ ရေးသားရာတွင် မိသားစုကို ပြန်လည်ပြသမည်ဖြစ်သဖြင့် သပ်သပ်ရပ်ရပ် ရေးသားရန် သတိပေးရမည် ဖြစ်ပါသည်။
- ⊙ ရေးသားထားပြီးသော တစ်နေ့တာအကြောင်းကို နှစ်ယောက်တစ်တွဲ ထပ်မံဖတ်ကြည့်စေပါမည်။
- ⊙ ထို့နောက် အတန်းရှေ့ ထွက်၍ ၂ ဦး ၃ ဦးခန့်ကို ဖတ်စေပါမည်။
- ♦ အတန်းရှေ့ ပြောစေရာတွင် ပြင်ဆင်ရေးသားထားသည့် အကြောင်းအရာများကိုပါ ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ "ကလေးတို့ ရေးထားတာလေးတွေကို အိမ်ရောက်ရင် ကလေးတို့ရဲ့မိသားစုကို ပြန်ပြကြနော်။ မိသားစုက ဘာပြန်ပြောသလဲဆိုတာ သေချာမှတ်ခဲ့နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း သူငယ်ချင်း၏အကြံဉာဏ်ကို ရယူပြီး ပြန်လည်ပြင်ဆင်ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၆–က) လယ်စောင့်တဲ (ကဗျာ)
## အကြံပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- မိုးရာသီ၏သဘာဝကို ခံစားပြီး ရွတ်ဆိုတတ်ရန်
- ကဗျာကို ချစ်မြတ်နိုးတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံကို ကြည့်စေပြီး "ဘာပုံလေး ဖြစ်မလဲဆိုတာကို စဉ်းစားကြည့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⦿ ကဗျာခေါင်းစဉ်ကို ဆရာက သင်ပုန်းတွင်ရေးပြီး ကလေးများ စဉ်းစားထားသည့် ထင်မြင်ချက်များကို ကလေးအချင်းချင်း ဦးစွာပြောစေမည်။

- ထို့နောက် ကလေးတစ်ဦးချင်းစီကို ပြောစေပါမည်။
- ထို့နောက် ဆရာက "လယ်စောင့်တဲ ကဗျာလေးက မိုးရာသီမှာ တွေ့မြင်ကြရတဲ့ သဘာဝမြင်ကွင်းလေး ဖြစ်တယ်"ဟု ဆရာက ပြောပြပါမည်။

⦿ ဆရာက ကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)

- ကလေးများကို ဆရာ့နောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)

⦿ ကလေးများကိုယ်တိုင် ကဗျာကို ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

- ဆရာက ကဗျာကိုပြန်၍ ရွတ်ဆိုပြပါမည်။
- ကလေးများကိုလည်း ပျော်ရွှင်စွာ ရွတ်ဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ကလေးတို့ မိုးရာသီသဘာဝကို ခံစားပြီး ကဗျာကို ရွတ်ဆိုတတ်ကြပြီမဟုတ်လား" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကဗျာကို တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် အသံနေအသံထား မှန်မှန် ရွတ်ဆို နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါ မည်။

---

၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်

**အခန်း ၆ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်**

**(က) လယ်စောင့်တဲ (ကဗျာ)**




၆၀

---

### အဓိကအချက်များ

- မိုးရာသီ၏ သဘာဝကို ခံစားတတ်အောင် ဆရာက ပြောပြရပါမည်။

### အရေးကြီးသောအချက်များ

- ကလေးများ၏ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။
- ကဗျာကို ခံစားပြီး ပီပီသသ ရွတ်ဆိုစေရမည်။

၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်

## အခန်း ၆ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်

### (က) လယ်စောင့်တဲ (ကဗျာ)




**လယ်စောင့်တဲ**

မိုးရေတက်ရေ တဖွေးဖွေး
ကွင်းကျယ် အဝေးဝေး။
လယ်စောင့်တဲလေး ခြေတံရှည်
မိုးကုပ်အောက်မှာ တည်။
ကြာနီတစ်ပွင့် ဖြူတစ်ပွင့်
တဲနှင့် ပန်းတင့်။

**မင်းသုဝဏ်**

၆၀

## အခန်း (၆-က) လယ်စောင့်တဲ (ကဗျာ)
## အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆရာက "ကလေးတို့ လယ်စောင့်တဲ ကဗျာလေးကို ပြန်ရွတ်ဆိုကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⊙ ဆရာက"ကဗျာရဲ့အဓိပ္ပာယ်ကို စဉ်းစားကြည့်ရအောင်" ဟု ပြောပါမည်။

- ထို့နောက် ဆရာက ခက်ခဲသော စကားလုံးများ မေးပါမည်။
- ကလေးများပြောသော စကားလုံးကို ဆရာက သင်ပုန်းတွင် ရေးမှတ်ပါမည်။

⊙ "လယ်စောင့်တဲဆိုတာကို သိသလား။ ကြားဖူးသလား။ ဘယ်နေရာမှာ တွေ့ဖူးသလဲ"ဟု မေးပါမည်။

- "တက်ရေဆိုတာ ဘာလဲ" ဟု မေး၍ ဖြေဆိုစေပါမည်။
- လယ်စောင့်တဲ ကဗျာတွင်ပါသော တက်ရေမှာ မိုးအလွန်များ၍ လယ်ကွင်းတွင် မြင့်တက်လာသော ရေများဖြစ်ကြောင်း ဆရာက ပြောပြရပါမည်။
- "တဖွေးဖွေးဆိုတာ ဘာကိုဆိုလိုတာလဲ" ဟု မေးပါမည်။
- တဖွေးဖွေးဆိုသည်မှာ ရေများပြည့်လျှံလာသည်ကို ပြောခြင်းဖြစ်ကြောင်း ဆရာက ပြောပြရမည်။
- "မိုးကုပ်အောက်မှာတည်ဆိုသော ကဗျာစာသားမှာ အဝေးမှ လှမ်းကြည့်တဲ့အခါ အဆုံးအစမရှိဘဲ မိုးကောင်းကင် မိုးကုတ်စက်ဝိုင်းအောက်မှာ လယ်စောင့်တဲလေး တွေ့မြင်ရတာကိုပြောတာ"ဟု ဆရာက ပြောပြရပါမည်။
- "ကြာနီ ကြာဖြူတွေ မြင်ဖူးကြသလား" ဟု ဆရာက မေးပါမည်။
- မည်သည့်နေရာမျိုးတွင် ပေါက်တတ်သည်ကို ဆရာက ပြောပြပါမည်။
- ပန်တင့် ဆိုသော အဓိပ္ပာယ်မှာ လိုက်ဖက် တင့်တယ်သည် ဟု ဆရာက ပြောပြရပါမည်။
- ထို့နောက် ကဗျာကို အဖွဲ့လိုက် ရွတ်ဆိုစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "မိုးရာသီအခါမှာ မြင်တွေ့ရတတ်တဲ့ လယ်စောင့်တဲလေးကို မြင်အောင်ခံစားပြီး ကဗျာကို ရွတ်ဆိုရအောင်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### အရေးကြီးသောအချက်များ

- ကဗျာပါစာသားရှိ မိုးရာသီ သဘာဝကို ခံစားပြီး ရွတ်ဆိုစေမည်။
- ခက်ခဲသော ဝေါဟာရများကို နားလည်လွယ်သော စကားလုံးဖြင့်သာ ရှင်းပြရပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ကလေးများ၏ခံစားချက်နှင့် ထင်မြင်ချက်ကို ပြောနိုင် ခြင်း ရှိ မရှိနှင့် အသံနေအသံထားမှန်မှန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၆-ခ) ဥတုသုံးလီ မြန်မာပြည်
## အကြံပြုစာသင်ချိန် ၁၀ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ♦ မြန်မာနိုင်ငံတွင် ရာသီဥတုသုံးမျိုးရှိကြောင်းကို သိရှိ၍ ဖတ်စာပါအကြောင်းအရာများကို ဖတ်တတ် ရေးသားတတ်ရန်
- ♦ ဥတုအလိုက် ထူးခြားချက်များကို သိရှိနားလည်၍ မိမိသိရှိထားသော အကြောင်းအရာများကို ထုတ်ဖော်ပြောပြတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ♦ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ ဆရာက "ကလေးတို့ ကျောင်းကိုလာတော့ ရာသီဥတုအခြေအနေက ဘယ်လိုရှိသလဲ"ဟုမေးကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ မေးခွန်းမေးပြီးလျှင် ဆရာက ဖတ်စာတစ်ပုဒ်လုံးကို ဖတ်ပြပါမည်။
- ⦿ ဆရာဖတ်ပြနေချိန်တွင် ကလေးများကို သေချာစွာနားထောင်စေပါမည်။
- ♦ ဆရာက ဖတ်စာတစ်ပုဒ်လုံးကို အဖြတ်အရပ် မှန်ကန်စွာဖတ်ပြပါမည်။
- ♦ ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ⦿ ဆရာက နောက်တစ်ကြိမ် ဖတ်ပြနေချိန်တွင် အဖြတ်အရပ်နေရာများကို မှတ်သားစေမည်။

**နိဂုံးချုပ်ခြင်း**

- ♦ ဆရာနှင့်အတူ စာတစ်ပုဒ်လုံးကို ပြန်လည်ဖတ်စေပြီး "နောက်တစ်ချိန်ကျရင် ဘယ်လိုအကြောင်းအရာလေး ဖြစ်မယ်ဆိုတာကို ဆွေးနွေးကြမယ်" ဟုပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း ဖတ်စာပါအကြောင်းအရာများကို ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (ခ) ဥတုသုံးလီ မြန်မာပြည်

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ဟူ၍ ဥတုသုံးပါး ရှိပါသည်။ ဥတုသုံးပါးသည် မည်သို့ ကွဲပြားခြားနားသနည်း။



တပေါင်းလပြည့်ကျော်တစ်ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ လေးလသည် နွေဥတုဖြစ်သည်။ ပူပြင်းခြောက်သွေ့သောကာလဖြစ်သဖြင့် အပင်တိုင်းတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များ ဝေကြသည်။ မြစ်ချောင်း အင်းအိုင်များတွင် ရေနည်း၍ သဲသောင်များပေါ်လာကြသည်။ ကျေးငှက်တို့သာယာစွာ တွန်ကျူးကြသည်။ သရဖီပန်း၊ ပိတောက်ပန်း၊ စံကားဝါပန်း၊ ကံ့ကော်ပန်းနှင့် စံပယ်ပန်းများပွင့်ကြသည်။ ပူအိုက်လှသဖြင့် လူများမှာ ပေါ့ပေါ့ပါးပါးအဝတ်များကိုဝတ်၍ အရိပ်ကိုခိုကာ အေးအေးလူလူ နေကြသည်။



### အဓိကအချက်များ

- ♦ ကလေးများ ပုဒ်ဖြတ်၊ ပုဒ်ရပ်အသုံးကို သိရှိကာ အဖြတ်အရပ် မှန်မှန်ဖတ်တတ်ရပါမည်။
- ♦ ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာများကို နားလည်ကာ ဖတ်စာနှင့်ဆက်စပ်သော ရာသီအလိုက် ထူးခြားချက်များကို သိရှိရပါမည်။
- ♦ ဥတုသုံးလီနှင့်သက်ဆိုင်သော အကြောင်းအရာများ၊ ရာသီအလိုက်ပွင့်သောပန်းများ၊ ရိုးရာပွဲတော်များ၊ ဝတ်စားဆင်ယင်မှုများအကြောင်းကို ဆရာက သိရှိထားရပါမည်။
- ♦ မိမိဒေသ ပတ်ဝန်းကျင်အခြေအနေများနှင့် မိမိဒေသတွင် ပွင့်သောပန်းများကို သိရှိထားရပါမည်။

### အရေးကြီးသောအချက်များ

- ♦ ဆရာဖတ်ပြနေချိန်တွင် သေချာစွာနားထောင်၍ အဖြတ်အရပ်နေရာများကို မှတ်သားထားရပါမည်။



ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ လေးလသည် မိုးဥတု ဖြစ်သည်။ မိုးဖြိုင်ဖြိုင်ရွာသောကာလဖြစ်သဖြင့် သစ်ပင်ပန်းပင်များ စိမ်းလန်းလာကြသည်။ မြစ်ချောင်း အင်းအိုင်တို့တွင် ရေဖွေးဖွေးရှိကြသည်။ ကျေးငှက်တို့ အသိုက်များတွင် မိုးခိုကြသည်။ မြတ်လေးပန်း၊ ခတ္တာပန်း၊ ရင်းမာပန်းနှင့် ကြာပန်းများ ပွင့်ကြသည်။ မထူမပါးအဝတ်များကို ဝတ်ဆင်၍ ထီးရောင်စုံ၊ မိုးကာ ရောင်စုံတို့ဖြင့် သွားလာကြပါသည်။

၆၂

## အရေးကြီးသောအချက်များ

- စာတစ်ပုဒ်လုံးတွင်ပါဝင်သော အကြောင်းအရာများကို အုပ်စုတွင်း ဆွေးနွေးစေပြီး မိမိတို့၏ ထင်မြင်ချက်များကို ပြောရပါမည်။

## အခန်း (၆-ခ) ဥတုသုံးလီ မြန်မာပြည်
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ ပထမအချိန်က စာတစ်ပုဒ်လုံးကို ဖတ်ခဲ့ကြပြီးပြီ။ ဒီတစ်ချိန်မှာတော့ စာတစ်ပုဒ်လုံးကို ပြန်ဖတ်ရင်း ဘယ်လိုအကြောင်းအရာလေး ဖြစ်မလဲဆိုတာ ဆွေးနွေးကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပထမဦးစွာ ဆရာက ဥတုသုံးလီ စာတစ်ပုဒ်လုံးကို ဖတ်ပြပါမည်။
- ကလေးများ သေချာစွာနားထောင်စေပါမည်။
- ခက်ခဲသော စကားလုံးများ၊ စာကြောင်းများရှိပါက မျဉ်းသားထားရန် ပြောပါမည်။
- ဆရာက နောက်တစ်ကြိမ် ဖတ်ပြပါမည်။ ကလေးများကို နောက်မှလိုက်၍ ရွတ်ဖတ်စေပါမည်။
- ထို့နောက် အုပ်စုလိုက် စာတစ်ပိုဒ်စီဖတ်စေပါမည်။
- ⊙ ထို့နောက် ဖတ်စာတွင်ပါဝင်သော အကြောင်းအရာက "ဘယ်လို အကြောင်းအရာလေးလဲ"ဆိုသည်ကို အုပ်စုတွင်း ပြန်လည်ဆွေးနွေးစေပါမည်။
- ⊙ ဆွေးနွေးပြီးပါက အုပ်စုလိုက် မိမိတို့၏ ထင်မြင်ချက်များကို ပြောရပါမည်။
- ကလေးများပြောသည့် အကြောင်းအရာများကို ဆရာက သင်ပုန်းတွင် ရေးသားထားရပါမည်။

**နိဂုံးချုပ်ခြင်း**

- ဖတ်စာပါ အကြောင်းအရာများနှင့် ပတ်သက်၍ မိမိတို့ မြင်ဖူးသော မြင်ကွင်းများကို ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ဖတ်စာပါ အကြောင်းအရာများကို ဆွေးနွေးနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်များကို ဖတ်နိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၆-ခ) ဥတုသုံးလီ မြန်မာပြည်**
**အကြံပြုစာသင်ချိန် ၁၀ ချိန် (တတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

♦ "ကလေးတို့ အရင်အချိန်တုန်းက စာတစ်ပုဒ်လုံးကို ဖတ်ပြီး ဘယ်လိုအကြောင်းအရာလေးလဲဆိုတာကို ဆွေးနွေးခဲ့ပြီးပြီ။ ဒီတစ်ချိန်မှာတော့ ရာသီအလိုက် ထူးခြားချက်တွေကို သိရအောင် စာတစ်ပိုဒ်ချင်းစီကို ဖတ်ပြီး ဆွေးနွေးကြရမယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

♦ "ဒီနေ့မှာတော့ ဥတုသုံးပါးထဲက နွေဥတု အကြောင်းကို ဆွေးနွေးကြမယ်။ မဆွေးနွေးခင် စာပိုဒ်ကို အရင်ဖတ်ကြည့်ကြမယ်" ဟု ပြောပါမည်။

♦ ဆရာက ပထမစာမျက်နှာပါ စာပိုဒ်များကို ဖတ်ပြပါမည်။

♦ ကလေးများအား နောက်မှလိုက်၍ ဖတ်စေပါမည်။

♦ ထို့နောက် အဖွဲ့လိုက် ဖတ်စေမည်။

♦ ခက်ခဲသော စကားလုံးများ၊ စာကြောင်းများ ရှိပါက မျဉ်းသားထားရန် ပြောပါမည်။

⊙ ထိုသို့ မျဉ်းသားရာတွင် စာပိုဒ်တွင်ပါဝင်သည့် "သဖြင့်" အသုံးကို ဂရုစိုက်၍မျဉ်းသားစေကာ ဆရာက ရှင်းပြရပါမည်။

ပူပြင်းခြောက်သွေ့သော ကာလဖြစ် **သဖြင့်** အပင်တိုင်းတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေကြသည်။

⊙ ဖတ်ပြီးပါက ဖတ်စာပါ နွေရာသီနှင့်သက်ဆိုင်သော ဝေါဟာရစကားလုံးများကို အုပ်စုလိုက် ရေးစေပါမည်။

| ပတ်ဝန်းကျင် အခြေအနေ | အဝတ်အစား | ပွဲ့သောပန်းများ |
|---|---|---|
| | | |
| | | |
| | | |

♦ ရေးသားပြီးပါက မိမိတို့ရေးသားထားသည်များကို အုပ်စုထဲမှ တစ်ဦးက အခြားအုပ်စုများသိအောင် ပြန်လည်ပြောပြရပါမည်။

♦ ထို့နောက် ရေးသားထားသော ဝေါဟာရစကားလုံးများကို အုပ်စုလိုက် သင်ပုန်းတွင်ကပ်စေပါမည်။

♦ ထိုဝေါဟာရစကားလုံးများကို အခြေခံ၍ ဖတ်စာပါ နွေရာသီအကြောင်းကို ဆရာက ပြန်လည် ရှင်းပြပါမည်။



**(ခ) ဥတုသုံးလီ မြန်မာပြည်**

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ဟူ၍ ဥတုသုံးပါး ရှိပါသည်။ ဥတုသုံးပါးသည် မည်သို့ ကွဲပြားခြားနားသနည်း။



တပေါင်းလပြည့်ကျော်တစ်ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ လေးလသည် နွေဥတုဖြစ်သည်။ ပူပြင်းခြောက်သွေ့သောကာလဖြစ်သဖြင့် အပင်တိုင်းတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များ ဝေကြသည်။ မြစ်ချောင်း အင်းအိုင်များတွင် ရေနည်း၍ သဲသောင်များပေါ်လာကြသည်။ ကျေးငှက်တို့သာယာစွာ တွန်ကျူးကြသည်။ သရဖီပန်း၊ ပိတောက်ပန်း၊ စံကားဝါပန်း၊ ကံ့ကော်ပန်းနှင့် စံပယ်ပန်းများပွင့်ကြသည်။ ပူအိုက်လှသဖြင့် လူများမှာ ပေါ့ပေါ့ပါးပါးအဝတ်များကိုဝတ်၍ အရိပ်ကိုခိုကာ အေးအေးလူလူ နေကြသည်။



### အရေးကြီးသောအချက်များ

♦ နွေရာသီနှင့် သက်ဆိုင်သော အကြောင်းအရာများ၊ ရာသီအလိုက် ပွင့်သောပန်းများ၊ ရိုးရာပွဲတော်များ အကြောင်းကို ဆရာက သိရှိထားရပါမည်။

♦ စာတစ်ပိုဒ်ချင်းစီအလိုက် ထူးခြားချက်များကို ဆရာက သေသေချာချာ ရှင်းပြရပါမည်။

♦ **သဖြင့်**အသုံးကို ရှင်းပြရာတွင် သဒ္ဒါ အသုံးအနှုန်းကို သင်ကြားခြင်း မဟုတ်ဘဲ ကလေးများနားလည်နိုင်သော စကားလုံး အသုံးမျိုးနှင့်သာ ရှင်းပြရပါမည်။

သာဓက။ ။ ကျွန်မသည် နေမကောင်းပါ **သဖြင့်** ကျောင်းမတက်နိုင်ပါ။

ဖော်ဖော်သည် စာမေးပွဲအောင် **သဖြင့်** ပျော်ရွှင်နေပါသည်။

### နိဂုံးချုပ်ခြင်း

♦ ဖတ်စာပါ ပထမစာပိုဒ်ကို ပြန်လည်ဖတ်စေခြင်း၊ နွေရာသီနှင့် သက်ဆိုင်သောအကြောင်းအရာများကို ပြန်လည် ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်းနှင့် ဖတ်ပြီး ပြန်လည်ဆွေးနွေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်



ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ လေးလသည် မိုးဥတု ဖြစ်သည်။ မိုးဖြိုင်ဖြိုင်ရွာသောကာလဖြစ်သဖြင့် သစ်ပင်ပန်းပင်များ စိမ်းလန်းလာကြသည်။ မြစ်ချောင်း အင်းအိုင်တို့တွင် ရေဖွေးဖွေးရှိကြသည်။ ကျေးငှက်တို့ အသိုက်များတွင် မိုးခိုကြသည်။ မြတ်လေးပန်း၊ ခတ္တာပန်း၊ ရင်းမာပန်းနှင့် ကြာပန်းများ ပွင့်ကြသည်။ မထူမပါးအဝတ်များကို ဝတ်ဆင်၍ ထီးရောင်စုံ၊ မိုးကာ ရောင်စုံတို့ဖြင့် သွားလာကြပါသည်။

၆၂

## အရေးကြီးသောအချက်များ

- မိုးရာသီနှင့် သက်ဆိုင်သော အကြောင်းအရာများ၊ ရာသီအလိုက် ပွင့်တတ်သောပန်းများ၊ ရိုးရာပွဲတော်များ အကြောင်းကို ဆရာက သိရှိထားရပါမည်။
- စာတစ်ပိုဒ်ချင်းစီအလိုက် ထူးခြားချက်များကို ဆရာက သေသေချာချာ ရှင်းပြရပါမည်။
- ဒုတိယစာမျက်နှာရှိ စာပိုဒ်ကိုဖတ်ရာတွင် **သဖြင့်** အသုံးကို ဆရာက အရင်မပြောဘဲ ကလေးများကိုသာ ဦးစွာပြောကြားစေပါမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း၊ ရေးသားနိုင်ခြင်း ရှိ မရှိနှင့် စကားလုံးများကို မှန်ကန်စွာ ပြောနိုင်၊ ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၆-ခ) ဥတုသုံးလီ မြန်မာပြည်
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- "ကလေးတို့ အရင်အချိန်က နွေရာသီအကြောင်းကို ဆွေးနွေးခဲ့ကြပြီးပြီ၊ ဒီတစ်ချိန်မှာတော့ မိုးရာသီအကြောင်းကို ဖတ်ရင်း ဆွေးနွေးကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက ဒုတိယစာမျက်နှာရှိ မိုးဥတုအကြောင်း ရေးထားသော စာပိုဒ်ကို ဖတ်ပြပါမည်။
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ⊙ ထိုသို့ဖတ်ရာတွင် အရင်အချိန်၌ သင်ကြားခဲ့သော **သဖြင့်** အသုံးကို ကလေးများကိုယ်တိုင် ရှာဖွေစေပါမည်။

  သာဓက။ ။ မိုးဖြိုင်ဖြိုင်ရွာသော ကာလဖြစ်သဖြင့် သစ်ပင်ပန်းပင်များ စိမ်းလန်းလာကြသည်။
- ထို့နောက် အဖွဲ့လိုက် ဖတ်စေမည်။
- ခက်ခဲသော စကားလုံးများ၊ စာကြောင်းများရှိပါက မျဉ်းသားထားရန် ပြောပါမည်။
- ⊙ ဖတ်ပြီးပါက ဖတ်စာပါ မိုးရာသီနှင့် သက်ဆိုင်သော ဝေါဟာရ စကားလုံးများကို အုပ်စုလိုက်ရေးစေပါမည်။

| ပတ်ဝန်းကျင် အခြေအနေ | အဝတ်အစား | ပွင့်သောပန်းများ |
|---|---|---|
| | | |
| | | |
| | | |

- ရေးသားပြီးပါက မိမိတို့ရေးသားထားသည်များကို အုပ်စုထဲမှ တစ်ဦးက အခြားအုပ်စုများသိအောင် ပြန်လည်ပြောပြရပါမည်။
- ထို့နောက် ရေးသားထားသော ဝေါဟာရစကားလုံးများကို အုပ်စုလိုက် သင်ပုန်းတွင် ကပ်စေပါမည်။
- ထိုဝေါဟာရစကားလုံးများကို အခြေခံ၍ မိုးရာသီအကြောင်းကို ဆရာက ပြန်လည်ရှင်းပြပါမည်။

### နိဂုံးချုပ်ခြင်း

- ဖတ်စာပါ ဒုတိယစာပိုဒ်ကို ပြန်လည် ဖတ်စေခြင်း၊ မိုးရာသီနှင့်သက်ဆိုင်သောအကြောင်းအရာများကို ပြန်လည်ပြောစေကာ နိဂုံးချုပ်ပါမည်။

**အခန်း (၆-ခ) ဥတုသုံးလီ မြန်မာပြည်**
**အကြံပြုစာသင်ချိန် ၁၀ ချိန် (ပဉ္စမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- “ကလေးတို့ အရင်အချိန်က မိုးရာသီအကြောင်းကို ဆွေးနွေးခဲ့ကြပြီးပြီ။ ဒီအချိန်မှာတော့ ဆောင်းရာသီအကြောင်းကို ဖတ်ရင်း ဆွေးနွေးကြရအောင်”ဟုပြောကာ နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက တတိယစာမျက်နှာရှိ ဆောင်းရာသီအကြောင်း ရေးထားသော စာပိုဒ်ကို ဖတ်ပြပါမည်။
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ထို့နောက် အဖွဲ့လိုက် ဖတ်စေမည်။
- ခက်ခဲသော စာလုံးများ၊ စာကြောင်းများရှိပါက မျဉ်းသားထားရန် ပြောပါမည်။
- ⦿ ထိုသို့ဖတ်ရာတွင် ယခင်အချိန်တွင်သင်ကြားခဲ့သော **သဖြင့်** အသုံးကို ကလေးများကိုယ်တိုင်ရှာဖွေစေပါမည်။
- ⦿ ဖတ်ပြီးပါက ဖတ်စာပါဆောင်းရာသီနှင့် သက်ဆိုင်သော ဝေါဟာရ စကားလုံးများကို အုပ်စုလိုက်ရေးစေပါမည်။

| ပတ်ဝန်းကျင် အခြေအနေ | အဝတ်အစား | ပွင့်သောပန်းများ |
|---|---|---|
| | | |
| | | |
| | | |

- ရေးသားပြီးပါက မိမိတို့ရေးသားထားသည်များကို အုပ်စုထဲမှ တစ်ဦးက အခြားအုပ်စုများသိအောင် ပြန်လည်ပြောပြရပါမည်။
- ဝေါဟာရစကားလုံး မည်မျှရသည်ကို အုပ်စုလိုက်ယှဉ်ပြိုင်စေပါမည်။
- ထို့နောက် ရေးသားထားသော ဝေါဟာရစကားလုံးများကို အုပ်စုလိုက် သင်ပုန်းတွင်ကပ်စေပါမည်။
- ထိုဝေါဟာရစကားလုံးများကို အခြေခံ၍ ဆောင်းရာသီအကြောင်းကို ဆရာက ပြန်လည်ရှင်းပြပါမည်။

### နိဂုံးချုပ်ခြင်း

- ဖတ်စာပါ တတိယစာပိုဒ်ကို ပြန်လည်ဖတ်စေခြင်း ဆောင်းရာသီနှင့် သက်ဆိုင်သော အကြောင်းအရာများကို ပြန်လည် ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်



တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ လေးလသည် ဆောင်းဥတုဖြစ်သည်။ ငွေနှင်းစိုစိုနှင့် အချမ်းပိုသောကာလဖြစ်သည်။ တောတောင်ရေမြေတစ်ခွင်လုံး စိမ်းစိုလန်းဆန်းနေသည်။ မြစ်ချောင်း အင်းအိုင်များတွင် မြူများဆိုင်းနေသည်။ စိုစွတ်သော မိုးဥတုကုန်ဆုံးခဲ့သဖြင့် ကျေးငှက်တို့ အသိုက်မှထွက်ကာ တေးသံများ သီကျူးလာကြသည်။ ခဝဲပန်း၊ သဇင်ပန်း၊ ခွာညိုပန်းနှင့် ပေါက်ပန်းများ ပွင့်ကြသည်။ လူများမှာလည်း နှင်းမှုန်မှုန်ကြားတွင် အဝတ်ထူထူများ၊ အနွေးထည်များ၊ ခေါင်းစွပ်များနှင့် လည်စည်းပဝါများ ဝတ်ဆင်ကာ သွားလာကြသည်။

ဤကဲ့သို့ မြန်မာနိုင်ငံရှိ ဥတုသုံးလီအပေါ် မူတည်၍ ရာသီအလိုက်ပွင့်သောပန်းများ၊ ဝတ်စားဆင်ယင်ပုံများ ကွဲပြားခြားနားကြပါသည်။

၆၃

### အရေးကြီးသောအချက်များ

- ဆောင်းရာသီနှင့် သက်ဆိုင်သော အကြောင်းအရာများ၊ ရာသီအလိုက်ပွင့်သော ပန်းများ၊ ရိုးရာပွဲတော်များ အကြောင်းကို ဆရာ က သိရှိထားရပါမည်။
- စာတစ်ပိုဒ်ချင်းစီအလိုက် ထူးခြားချက်များကို ဆရာက သေသေချာချာ ရှင်းပြရပါမည်။

သာဓက။ ။ စိုစွတ်သော မိုးဥတုကုန်ဆုံးခဲ့ **သဖြင့်** ကျေးငှက်တို့ အသိုက်မှထွက်ကာ တေးသံများ သီကျူးလာကြသည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်းနှင့် ဖတ်ပြီးပြန်လည် ဆွေးနွေးနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်



တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ လေးလသည် ဆောင်းဥတုဖြစ်သည်။ ငွေနှင်းစိုစိုနှင့် အချမ်းပိုသောကာလဖြစ်သည်။ တောတောင်ရေမြေ တစ်ခွင်လုံး စိမ်းစိုလန်းဆန်းနေသည်။ မြစ်ချောင်း အင်းအိုင်များတွင် မြူများဆိုင်းနေသည်။ စိုစွတ်သော မိုးဥတုကုန်ဆုံးခဲ့သဖြင့် ကျေးငှက်တို့ အသိုက်မှထွက်ကာ တေးသံများ သီကျူးလာကြသည်။ ခဝဲပန်း၊ သဇင်ပန်း၊ ခွာညိုပန်းနှင့် ပေါက်ပန်းများ ပွင့်ကြသည်။ လူများမှာလည်း နှင်းမှုန်မှုန်ကြားတွင် အဝတ်ထူထူများ၊ အနွေးထည်များ၊ ခေါင်းစွပ်များနှင့် လည်စည်းပဝါများ ဝတ်ဆင်ကာ သွားလာကြသည်။

ဤကဲ့သို့ မြန်မာနိုင်ငံရှိ ဥတုသုံးလီအပေါ် မူတည်၍ ရာသီအလိုက်ပွင့်သောပန်းများ၊ ဝတ်စားဆင်ယင်ပုံများ ကွဲပြားခြားနားကြပါသည်။

၆၃

## အရေးကြီးသောအချက်များ

- ဖတ်စာပါ အကြောင်းအရာများအပြင် မိမိဒေသ ပတ်ဝန်းကျင် အခြေအနေများ၊ မိမိဒေသတွင်ပွင့်သော ပန်းများကို သိရှိထားရ ပါမည်။
- ကလေးများ ဝေါဟာရကြွယ်ဝလာစေရန်နှင့် သိရှိပြီးသမျှကိုဖော် ထုတ်ရန် စကားလုံးများကို ရေးသားစေပါမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဖတ်စာပါ အကြောင်းအရာများအပြင် ဒေသ အလိုက် ကွဲပြားခြားနားမှုများကို ပြောဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၆-ခ) ဥတုသုံးလီ မြန်မာပြည်
## အကြံပြုစာသင်ချိန် ၁၀ ချိန် (ဆဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ အရင်အချိန်တွေက ရာသီတစ်ခုစီအလိုက် ပတ်ဝန်းကျင်အခြေအနေ၊ အဝတ်အစား၊ ရာသီအလိုက် ပွင့်တဲ့ ပန်းတွေအကြောင်းကို သိခဲ့ရပြီးပြီ။ ဒီတစ်ချိန်မှာ တော့ ဖတ်စာပါအကြောင်းအရာတွေအပြင် ကိုယ့်ဒေသ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ အခြားဒေသနဲ့ မတူညီတဲ့ ရာသီဥတု အခြေအနေအကြောင်းကို ဆွေးနွေး ကြည့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက စာတစ်ပုဒ်လုံးကို အစအဆုံးဖတ်ပြပါမည်။
- ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ဖတ်ပြီးပါက အုပ်စုဖွဲ့ပေးပါမည်။
- ⊙ ထို့နောက် ဖတ်စာပါ အကြောင်းအရာတွေအပြင် ဥတု သုံးလီအလိုက် အခြားမတူညီသည့် အချက်များကို အုပ်စုလိုက် ရေးစေပါမည်။
- ⊙ ရာသီအလိုက် ကိုယ့်ဒေသ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဘယ်လိုပန်းတွေပွင့်သေးသလဲဆိုတာကိုပါ ထပ်ဖြည့်ပြီး ရေးစေပါမည်။

| နွေရာသီ | မိုးရာသီ | ဆောင်းရာသီ |
|---|---|---|
| သစ်ရွက်ကြွေ | မိုးရွာ | နှင်းကျ |
| ကန်ထဲမှာရေနည်း | စပါးစိုက် | ချမ်းအေး |
| နေပူ | လေတိုက် | |
| ရေရှား | ရေကြီး | |

- ရေးသားပြီးပါက အုပ်စုတွင်းမှ တစ်ဦးက မိမိရေးသား ထားသည်များကို အခြားအဖွဲ့များအား ပြန်ပြောပြ ရပါမည်။
- စကားလုံး မည်မျှရသည်ကို အုပ်စုလိုက်ပြိုင်စေပါမည်။
- ထို့နောက် ရေးသားထားသော စကားလုံးများကို အုပ်စု လိုက် သင်ပုန်းတွင်ကပ်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက ကလေးများရေးသားထားသော အကြောင်း အရာများပေါ် မူတည်၍ ဥတုတစ်ခုချင်းစီတွင် မတူ ညီသည့် အချက်များရှိကြောင်း၊ ဒေသပတ်ဝန်းကျင်ပေါ် မူတည်၍လည်း ကွဲပြားခြားနားမှုများရှိနိုင်ကြောင်းကို ပြန်လည် ပြောပြပြီး နိဂုံးချုပ်ပါမည်။

## အခန်း (၆–ခ) ဥတုသုံးလီ မြန်မာပြည်
## အကြံပြုစာသင်ချိန် ၁၀ ချိန် (သတ္တမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

♦ "ကလေးတို့ အရင်အချိန်တွေက ရာသီတစ်ခုစီအလိုက် ပတ်ဝန်းကျင်အခြေအနေ၊ အဝတ်အစား၊ ရာသီအလိုက် ပွင့်တဲ့ပန်းတွေအကြောင်းကို သိခဲ့ရပြီးပြီ။ ဒီတစ်ချိန်မှာတော့ ဥတုသုံးလီအလိုက် ဘယ်လို ကွဲပြားခြားနားမှုတွေ ရှိတယ်ဆိုတာ ပြန်ပြီးဆွေးနွေးကြည့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

#### လုပ်ငန်းစဉ်

⦿ ဆရာက စာတစ်ပုဒ်လုံးကို အစအဆုံး ဖတ်ပြပါမည်။

♦ ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။

♦ ဖတ်ပြီးပါက အုပ်စုဖွဲ့ပေးပါမည်။

⦿ ထို့နောက် ကျောင်းသုံးစာအုပ်ပါ စာပိုဒ်များကို ကြည့်စေကာ ဥတုသုံးပါး၏ ကွဲပြားခြားနားမှုကို အုပ်စုတွင်း ပြောစေပါမည်။

⦿ ဆွေးနွေးပြီးပါက ကွဲပြားခြားနားချက်များကို အုပ်စုလိုက် ရေးစေပါမည်။

♦ ရေးသားပြီးပါက အုပ်စုတွင်းမှ တစ်ဦးက မိမိရေးသားထားသည်များကို အခြားအဖွဲ့များအား ပြန်ပြောပြရပါမည်။

♦ ပြောပြပြီးပါက အုပ်စုလိုက်ရေးသားထားသည်များကို သင်ပုန်းတွင် ကပ်စေပါမည်။

⦿ ထို့နောက် ဆရာက ဥတုသုံးလီသင်ခန်းစာကို အနှစ်ချုပ်၍ ပြန်လည်ရှင်းပြပါမည်။

♦ လေ့ကျင့်ခန်းပါ စာလုံးပေါင်းသတ်ပုံများကို ရေးစေပါမည်။

#### နိဂုံးချုပ်ခြင်း

♦ ဥတုသုံးလီအလိုက် ကွဲပြားခြားနားချက်များကို ပြန်လည်ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ဥတုသုံးလီ၏ ကွဲပြားခြားနားချက်များကို အုပ်စုလိုက်ပြောဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ရွက်ဟောင်းကြွေ၊ တွန့်ကျုံ့၊ ခြောက်သွေ့၊ စိုစွတ်၊ ဝတ်ဆင်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

စိမ်းလန်း၊ ပူပြင်း၊ အင်းအိုင်၊ မိုးဖြိုင်ဖြိုင်၊ သီကျူး

**သာဓက**

စိမ်းလန်း ။ ။ မိုးဥတုတွင် သစ်ပင်များ စိမ်းလန်းနေသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကိုပြောပြပါ။
၂။ ဥတုသုံးလီတွင် ရာသီဥတုအခြေအနေများ မည်သို့ ကွဲပြားခြားနားကြသနည်း။
၃။ ရာသီအလိုက် ပွင့်သောပန်းများကို ဖော်ပြပါ။
၄။ ရာသီအလိုက် ဝတ်စားဆင်ယင်ပုံကို ဖော်ပြပါ။
၅။ မြန်မာနိုင်ငံရှိ ဥတုသုံးမျိုးအနက် မည်သည့်ရာသီဥတုကို သင် အနှစ်သက်ဆုံးဖြစ်သနည်း၊ အဘယ်ကြောင့် နှစ်သက်သနည်း။
၆။ ဖတ်စာပါအကြောင်းအရာများအပြင် ဥတုအလိုက် မတူညီသော အချက်များကို ဖော်ပြပါ။



### အရေးကြီးသောအချက်များ

♦ ဖတ်စာပါ စာတစ်ပုဒ်လုံးကိုနားလည်ကာ ဥတုသုံးလီ၏ ကွဲပြားခြားနားချက်များကိုသိရှိ၍ ပြောပြနိုင်ရပါမည်။

၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ရွက်ဖောင်းကြွေ၊ တွန်ကျူး၊ ခြောက်သွေ့၊ စိုစွတ်၊ ဝတ်ဆင်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

စိမ်းလန်း၊ ပူပြင်း၊ အင်းအိုင်၊ မိုးဖြိုင်ဖြိုင်၊ သီကျူး

**သာဓက**

စိမ်းလန်း ။ ။ မိုးဥတုတွင် သစ်ပင်များ စိမ်းလန်းနေသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကိုပြောပြပါ။
၂။ ဥတုသုံးလီတွင် ရာသီဥတုအခြေအနေများ မည်သို့ ကွဲပြားခြားနားကြသနည်း။
၃။ ရာသီအလိုက် ပွင့်သောပန်းများကို ဖော်ပြပါ။
၄။ ရာသီအလိုက် ဝတ်စားဆင်ယင်ပုံကို ဖော်ပြပါ။
၅။ မြန်မာနိုင်ငံရှိ ဥတုသုံးမျိုးအနက် မည်သည့်ရာသီဥတုကို သင်အနှစ်သက်ဆုံးဖြစ်သနည်း။ အဘယ်ကြောင့် နှစ်သက်သနည်း။
၆။ ဖတ်စာပါအကြောင်းအရာများအပြင် ဥတုအလိုက် မတူညီသောအချက်များကို ဖော်ပြပါ။

၆၄

## အရေးကြီးသောအချက်များ

- ဝါကျဖွဲ့ မှန်ကန်စေရန် ကလေးများရေးသားထားသော မှတ်စု၊ ပြောကြားသော ဝါကျများကို ဆရာက စစ်ဆေးပေးရပါမည်။

## အခန်း (၆-ခ) ဥတုသုံးလီ မြန်မာပြည်
## အကြံပြုစာသင်ချိန် ၁၀ မိနစ် (အဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ဒီတစ်ချိန်မှာ လေ့ကျင့်ခန်းမှာပါတဲ့ စကားလုံးတွေနဲ့ ဝါကျဖွဲ့ကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကျောင်းသုံးစာအုပ်ပါ ဝါကျဖွဲ့ရန် စကားလုံးများကို ဖတ်ခိုင်းပါမည်။
- ⦿ ဆရာက **စိမ်းလန်း** ဟူသော စကားလုံးကို ဝါကျဖွဲ့ပြမည်။
- ဝါကျဖွဲ့ပုံဖွဲ့နည်းကို ရှင်းပြမည်။
- **ပူပြင်း** ဟူသော စကားလုံးဖြင့် နှစ်သက်ရာ ဝါကျကို ပြောစေပါမည်။
- ကလေးများ ပြောကြားသော ဝါကျများကို သင်ပုန်းတွင် ရေးပြပါမည်။
- ထိုသို့ရေးရာတွင် သဒ္ဒါတည်ဆောက်ပုံများယွင်းလျှင် ဆရာက ပြင်ပေးရပါမည်။
- ⦿ ဆရာရေးထားသော စာကြောင်းများကို မှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- ⦿ ကျန်စကားလုံးများကိုလည်း ဝါကျများဖွဲ့စေ၍ အချင်းချင်း ပြောစေပြီးမှ မှတ်စုစာအုပ်တွင် ရေးသားစေမည်။
- ရေးသားထားသော ဝါကျများ မှားယွင်းနေပါက ဆရာက ပြင်ဆင်ပေးရပါမည်။

**နိဂုံးချုပ်ခြင်း**

- မိမိရေးသားထားသော ဝါကျများကို အဖွဲ့တွင်း ဖတ်ပြစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မှန်ကန်စွာ ဝါကျဖွဲ့နိုင်ခြင်း ရှိမရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်မည်။

## အခန်း (၆-၈) ဥတုသုံးလီ မြန်မာပြည်
## အကြံပြုစာသင်ချိန် ၁၀ ချိန် (နဝမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ အရင်အချိန်တွေမှာ စာတစ်ပုဒ်လုံးကို ဖတ်ပြီးပြီ သတ်ပုံတွေ ဝါကျတွေလဲ ရေးပြီးပြီဆိုတော့ ဒီတစ်ချိန်မှာ မေးခွန်းလေးတွေကို ဖြေကြည့်ကြမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ကလေးများအား မေးခွန်း ၁ ကို ဖတ်စေပါမည်။
- မေးခွန်းဖတ်ပြီးပါက အဖြေကို စဉ်းစားစေပါမည်။
- စဉ်းစားပြီးပါက စာတစ်ပိုဒ်ချင်းစီတွင် မည်သည့် အကြောင်းအရာများ ပါဝင်သည်ကို အုပ်စုလိုက် ပြောစေပါမည်။
- အုပ်စုတွင်းပြောပြီးပါက အုပ်စုထဲမှ တစ်ယောက်က အတန်းရှေ့ထွက်၍ ပြောစေပါမည်။
- မေးခွန်း ၂ ကိုလည်း အထက်ပါနည်းအတိုင်း သင်ကြားပါမည်။
- ⦿ မေးခွန်း ၁ နှင့် ၂ ကိုဖြေဆိုရာတွင် ဆရာက အဖြေကို မပြောဘဲ ကလေးများ၏ စဉ်းစားတွေးခေါ်မှုကို ဦးစားပေး၍ ဖြေဆိုစေပါမည်။
- ထို့နောက် မေးခွန်း ၃ ကို ဖတ်စေပါမည်။
- မေးခွန်းဖတ်ပြီးပါက အဖြေကို စဉ်းစားစေပါမည်။
- အဖြေသည် သင်ခန်းစာ၏ မည်သည့်နေရာတွင် ရှိသည်ကို နှစ်ယောက်တစ်တွဲ စဉ်းစားစေကာ မျဉ်းသားစေပြီး အဖြေများကို ပြောစေမည်။
- ကလေးများပြောပြီးပါက အဖြေကို သင်ပုန်းတွင် ရေးပြပါမည်။ အဖြေကို မှတ်စုတွင် ကူးရေးစေမည်။
- မေးခွန်း ၄ ၏ အဖြေကိုလည်း ဆရာက မပြောဘဲ ကလေးများ စဉ်းစားစေပြီးမှ မှတ်စုစာအုပ်တွင် ရေးစေမည်။
- ကလေးများ ရေးပြီးပါက ဆရာက သင်ပုန်းတွင် ရေးပြကာ အဖြေနှင့်တိုက်ဆိုင် စစ်ဆေးပါမည်။
- ထို့နောက် မေးခွန်းနှင့် အဖြေများကို ဖတ်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- မေးခွန်း ၁ နှင့် ၂ ကို ပြန်လည်ပြောစေခြင်း၊ မေးခွန်းနှင့် အဖြေများကို ပြန်လည်ဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိမရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ရွက်ပေဟာင်းကြွေ၊ တွန့်ကျူး၊ ခြောက်သွေ့၊ စိုစွတ်၊ ဝတ်ဆင်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

စိမ်းလန်း၊ ပူပြင်း၊ အင်းအိုင်၊ မိုးဖြိုင်ဖြိုင်၊ သီကျူး

**သာဓက**

စိမ်းလန်း ။ ။ မိုးဥတုတွင် သစ်ပင်များ စိမ်းလန်းနေသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကိုပြောပြပါ။
၂။ ဥတုသုံးလီတွင် ရာသီဥတုအခြေအနေများ မည်သို့ ကွဲပြားခြားနားကြသနည်း။
၃။ ရာသီအလိုက် ပွင့်သောပန်းများကို ဖော်ပြပါ။
၄။ ရာသီအလိုက် ဝတ်စားဆင်ယင်ပုံကို ဖော်ပြပါ။
၅။ မြန်မာနိုင်ငံရှိ ဥတုသုံးမျိုးအနက် မည်သည့်ရာသီဥတုကို သင်အနှစ်သက်ဆုံးဖြစ်သနည်း၊ အဘယ်ကြောင့် နှစ်သက်သနည်း။
၆။ ဖတ်စာပါအကြောင်းအရာများအပြင် ဥတုအလိုက် မတူညီသော အချက်များကို ဖော်ပြပါ။

၆၄

### အရေးကြီးသောအချက်များ

- မေးခွန်းများ မဖြေနိုင်သော ကလေးများရှိလျှင် ဆရာက သင်ပုန်းတွင် ရေးပြကာ ကူးရေးစေမည်။
- ဆရာက ကလေးများရေးသားထားသော မှတ်စုစာအုပ်မှ အဖြေများကို စစ်ဆေးရပါမည်။
- ⦿ မေးခွန်း ၁ နှင့် ၂ ကိုဖြေဆိုရာတွင် ကလေးများ၏ ဆွေးနွေး ပြောကြားချက်များကိုသာ အဓိကထားရပါမည်။ မှတ်စုစာအုပ်တွင် ရေးသားရန်မလိုပါ။
- စာတစ်ပိုဒ်ချင်းစီတွင် ပါဝင်သော အကြောင်းအရာများကို ဆွေးနွေးရာတွင် ကျောင်းသုံးစာအုပ်ကို အသုံးပြုရပါမည်။

## အခန်း (၆-၈) ဥတုသုံးလီ မြန်မာပြည်
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (ဒသမအချိန်)

၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

ရွက်ဟောင်းကြွေ၊ တွန်ကျူး၊ ခြောက်သွေ့၊ စိုစွတ်၊ ဝတ်ဆင်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

စိမ်းလန်း၊ ပူပြင်း၊ အင်းအိုင်၊ မိုးဖြိုင်ဖြိုင်၊ သီကျူး

**သာဓက**

စိမ်းလန်း ။ ။ မိုးဥတုတွင် သစ်ပင်များ စိမ်းလန်းနေသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ စာပိုဒ်တစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကိုပြောပြပါ။

၂။ ဥတုသုံးလီတွင် ရာသီဥတုအခြေအနေများ မည်သို့ ကွဲပြားခြားနားကြသနည်း။

၃။ ရာသီအလိုက် ပွင့်သောပန်းများကို ဖော်ပြပါ။

၄။ ရာသီအလိုက် ဝတ်စားဆင်ယင်ပုံကို ဖော်ပြပါ။

၅။ မြန်မာနိုင်ငံရှိ ဥတုသုံးမျိုးအနက် မည်သည့်ရာသီဥတုကို သင်အနှစ်သက်ဆုံးဖြစ်သနည်း။ အဘယ်ကြောင့် နှစ်သက်သနည်း။

၆။ ဖတ်စာပါအကြောင်းအရာများအပြင် ဥတုအလိုက် မတူညီသောအချက်များကို ဖော်ပြပါ။

၆၄

### အရေးကြီးသောအချက်များ

- ♦ မေးခွန်းများကို ဖြေကြားရာတွင် အားနည်းသောကလေးများ ရှိပါက ဆရာက ကူညီပေးရပါမည်။
- ♦ ဆရာက ကလေးများရေးသားထားသော မှတ်စုစာအုပ်မှ အဖြေများကို စစ်ဆေးရပါမည်။
- ♦ မေးခွန်း ၅၊ ၆ ကို စစ်ဆေးရာတွင် ကလေးများ၏ အဖြေ မတူညီနိုင်သောကြောင့် ဂရုစိုက်၍ စစ်ဆေးပေးရပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ "ကလေးတို့ အရင်အချိန်က မေးခွန်း ၁၊ ၂၊ ၃၊ ၄ ကို ဖြေခဲ့ပြီးပြီဆိုတော့ ဒီအချိန်မှာ မေးခွန်း ၅၊ ၆ ကို ဖြေကြည့်ကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ဆရာက မေးခွန်း ၅ ကို ဖတ်စေပါမည်။
- ⦿ မေးခွန်းကို ဖတ်ပြီးပါက မိမိကြိုက်နှစ်သက်သည့် ရာသီဥတု အကြောင်းကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ♦ ပြောပြီးပါက မှတ်စုစာအုပ်တွင် ရေးစေပါမည်။
- ⦿ ရေးသားပြီးပါက မိမိတို့ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ အချင်းချင်းဖတ်၍ စစ်ဆေးစေပါမည်။
- ♦ ထို့နောက် ရေးသားထားသည်များကို ဆရာက စစ်ဆေးပေးရမည်။
- ⦿ ကလေးများ၏ အဖြေများကို ဂရုစိုက်၍ စစ်ဆေးပေးရပါမည်။
- ♦ ကလေးများ၏ပတ်ဝန်းကျင်တွင် လက်တွေ့ဖြစ်ပေါ်နေသော ရာသီဥတု အခြေအနေများကို ကလေးများ သတိပြုမိလာအောင် ဆရာက ပြောပြရပါမည်။
- ♦ မေးခွန်း ၆ ကိုလည်း အထက်ပါနည်းအတိုင်း သင်ကြားပါမည်။

**နိဂုံးချုပ်ခြင်း**

- ♦ မိမိရေးသားထားသော မှတ်စုများကို သူငယ်ချင်းများနှင့် လဲလှယ်ဖတ်ရှုစေကာ မြန်မာနိုင်ငံရှိ ဥတုသုံးလီအလိုက် ကွဲပြားခြားနားချက်များကို ပြန်လည်ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ♦ လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို မှတ်စုတွင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၆–ဂ) ပေးစာ
## အကြံပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
- ပေးစာ၊ ပြန်စာရေးနည်း သဘောသဘာဝကို နားလည်၍ ရေးသားတတ်ရန်
- အချင်းချင်း အပြန်အလှန် ပေးစာ၊ ပြန်စာ ရေးတတ်၊ ဖတ်ပြတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ၊ စာရွက်များ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- ဆရာက သင်ပုန်းတွင် ခေါင်းစဉ်ရေးပြီး "ပေးစာဆိုတာဘာလဲ ကြားဖူးကြသလား။ ပြောကြည့်ပါအုံး" ဟုမေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ဆရာက ကျောင်းသုံးစာအုပ်ပါ နမူနာ ပေးစာကို ဖတ်ပြပါမည်။ နောက်တစ်ကြိမ် ထပ်ဖတ်ပြပါမည်။
- ကလေးအားလုံးကို တစ်ခေါက်ဖတ်စေပါမည်။
- "ဘယ်သူက ဘယ်သူ့ဆီကိုရေးတာလဲဆိုတာ ပြောပြပါအုံး" ဟုပြောပြီး ဆရာက ကျောင်းသားတစ်ဦးကို မေးပါမည်။
- ဆရာက ကျောင်းသားနှစ်ဦးကို အတန်းရှေ့ခေါ်၍ နမူနာ ပေးစာဖတ်ပြစေပါမည်။
- ပေးစာရေးရမည့်ပုံစံကို ဆရာက သင်ပုန်းတွင် ရေးကာ ရှင်းပြပါမည်။ (ပေးပို့သူအမည်၊ လက်ခံမည့်သူအမည်)
- ဆရာက နှစ်ယောက်တစ်တွဲစီ သတ်မှတ်ပေးမည်။
- မိမိရေးချင်သည့်အကြောင်းအရာကို ကလေးတစ်ဦးချင်းစီ စဉ်းစားစေပါမည်။
- ⊙ ထို့နောက် နှစ်ယောက်တစ်တွဲ ပြောစေပါမည်။ ဆွေးနွေးစေရာတွင် ပေးထားသည့် သာဓကခေါင်းစဉ်အပြင် အခြားမိမိတို့ရေးချင်သော အကြောင်းအရာကို ပြောစေပါမည်။
- ⊙ ထို့နောက် ဆရာက မိမိတို့ ရေးချင်သော အကြောင်းအရာကို ကျောင်းသုံးစာအုပ်တွင် ဦးစွာရေးစေပါမည်။

---



**(ဂ) ပေးစာ**



သူငယ်ချင်းဆီ ပေးစာဘယ်လိုရေးကြမလဲ

> သူငယ်ချင်းဖိုးခွားရေ
>
> ငါ ဝါသနာအပါဆုံးကတော့ ပန်းချီပုံတွေဆွဲပြီး အရောင်ခြယ်နေရတာပဲ။ ယုန်ပုံကလေးတွေ၊ ခွေးပုံကလေးတွေ ဆွဲရတာ သိပ်ပျော်စရာကောင်းတယ်။ မင်းရော ပန်းချီဆွဲရတာ ဝါသနာပါသလား။ ငါ့ဆီ စာပြန်ပါအုံး။
>
> မင်းရဲ့ သူငယ်ချင်း
> ဘုန်းပြည့်

**အခြားအကြောင်းအရာကလေးတွေရေးနိုင်တယ်နော်**

သာဓက • ကိုယ်အချစ်ဆုံး တိရစ္ဆာန်လေးအကြောင်း
• အကြိုက်ဆုံးကာတွန်း

**သူငယ်ချင်းဆီ ပေးစာရေးကြမယ်**

______________________

______________________

______________________

______________________

______________________

______________________

______________________

______________________

၆၅

---

### အဓိကအချက်များ
- နမူနာပေးစာကို ဖတ်ပြီး ပေးစာပါ အကြောင်းအရာကို နားလည်ရပါမည်။
- မိမိရေးချင်သည့် အကြောင်းအရာကို ရေးသားတတ်ရမည်။
- မိမိ ရေးသားထားသည်များကို အချင်းချင်း အပြန်အလှန် ဆွေးနွေးတတ်ရမည်။
- ပေးစာ ပြန်စာ အပြန်အလှန် ရေးသားတတ်ရပါမည်။
- **မင်းရဲ့သူငယ်ချင်း** ဆိုသော အသုံးသည် စာရေးသူအမည်ကို သိစေရန် ထည့်ခြင်းဖြစ်ကြောင်းကို ရှင်းပြရပါမည်။

၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်

## (ဂ) ပေးစာ




သူငယ်ချင်းဖိုးခွားရေ

ငါ ဝါသနာအပါဆုံးကတော့ ပန်းချီပုံတွေဆွဲပြီး အရောင်ခြယ်နေရတာပဲ။ ယုန်ပုံကလေးတွေ၊ ခွေးပုံကလေးတွေ ဆွဲရတာ သိပ်ပျော်စရာကောင်းတယ်။ မင်းရော ပန်းချီဆွဲရတာ ဝါသနာပါသလား။ ငါ့ဆီ စာပြန်ပါအုံး။

မင်းရဲ့ သူငယ်ချင်း
ဘုန်းပြည့်

**အခြားအကြောင်းအရာကလေးတွေရေးနိုင်တယ်နော်**

သာဓက
- ကိုယ်အချစ်ဆုံး တိရစ္ဆာန်လေးအကြောင်း
- အကြိုက်ဆုံးကာတွန်း

**သူငယ်ချင်းဆီ ပေးစာရေးကြမယ်**

______________

______________________________

______________________________

______________________________

______________________________

______________________

______________

______________

၆၅

## အရေးကြီးသောအချက်များ

- ပေးစာရေးနည်းကို ဆရာက ကလေးများ နားလည်အောင် ရှင်းပြရမည်။
- အားနည်းသော ကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ဆရာက ပေးစာရေးရန် ကလေးများကို စာရွက်တစ်ရွက်စီ ဝေပေးပါမည်။
- ဆရာက အတန်းတွင်း လှည့်လည်စစ်ဆေးပါမည်။
- ကျောင်းတက်ပျက်ကွက်သော ကလေးအတွက် ဆရာက ပေးစာတစ်စောင်ရေးပြီး ထည့်ပေးထားရပါမည်။

## အခန်း (၆–ဂ) ပေးစာ
## အကြံပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်အဆက်

⊙ မိမိတို့ရေးထားသောစာကို အချင်းချင်း ဖတ်စေပြီး ဆွေးနွေးစေမည်။

သာဓက ။ ။ နာမည်ပါသလား၊ စာလုံးပေါင်း မှားနေသလား စသည်ဖြင့် ဆွေးနွေးစေပါမည်။

- အချင်းချင်းဆွေးနွေးပြီးနောက် စာကို အချောရေးစေမည်။
- ဆရာပြုလုပ်ထားသော စာတိုက်ပုံးတွင် ကလေးများ ရေးထားသော စာများကို လက်ခံမည့်သူထံသို့ အမည်တပ်၍ ထည့်စေပါမည်။

### နိဂုံးချုပ်ခြင်း

- "ကလေးတို့ ရေးချင်တဲ့ သူငယ်ချင်းဆီကို ပေးစာကလေးတွေ ရေးခဲ့ကြတယ်နော်။ အဲဒီလို ရေးရတာ ပျော်ရဲ့လား။ ဘယ်လိုခံစားရသလဲ" ဟုမေးပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး စိတ်ပါဝင်စားစွာ ဆောင်ရွက်နေခြင်း ရှိ မရှိနှင့် မိမိရေးချင်သည့် အကြောင်းအရာကို ရေးနိုင်ခြင်း ရှိ မရှိပေါ် မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၆-ဂ) ပေးစာ
## အကြံပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အရင်အချိန်တုန်းက ကလေးတို့အချင်းချင်း ပေးစာလေးတွေ ရေးခဲ့ကြတယ်နော်။ အခု ကလေးတို့ရထားတဲ့ ပေးစာတွေကို ဖတ်ကြည့်ကြရအောင်။ ပြီးရင် ကိုယ်ရထားတဲ့ပေးစာ အကြောင်းအရာပေါ် မူတည်ပြီး ပြန်စာတွေ ရေးကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- "ပေးစာလေးတွေ ဝေမပေးခင် မနေ့က ဘာတွေလုပ်ခဲ့ကြတယ်ဆိုတာ ဆရာပြန်ပြောမယ်နော်" ဟု ပြောပြီး ပေးစာ မည်သို့ရေးရမည်ကို ထပ်မံရှင်းပြပါမည်။
- ကလေးများ ပေးပို့ထားသော စာများကို ဆရာက ဝေမပေးဘဲ ကလေး ၂ ဦး ၃ ဦးခန့်ကို စာပို့သမားအဖြစ် သတ်မှတ်ပေးပြီး ဝေစေပါမည်။ ကလေးများအားလုံးကို ဖတ်စေပါမည်။
- ⊙ ထို့နောက် မိမိတို့ရရှိသော ပေးစာများကို ကလေး ၄ ဦး ၅ ဦးခန့်ကို ဖတ်စေပါမည်။ ထို့နောက်"ကိုယ့်ဆီ ရောက်လာတဲ့ စာကိုဖတ်ရတာ ဘယ်လိုခံစားရသလဲ" ဟု မေးပါမည်။
- "ပေးစာရပြီဆိုတော့ ဘာပြန်လုပ်ရမလဲ" ဟု မေးပါမည်။
- ဆရာက ပြန်စာနမူနာကို ဖတ်ပြပါမည်။
- ⊙ မိမိရရှိလာသည့် ပေးစာအပေါ် မူတည်ပြီး ပြန်စာ ဘယ်လိုရေးကြရမလဲဆိုသည်ကို စဉ်းစားစေပါမည်။
- ⊙ သူငယ်ချင်းရေးလာသည့် ပေးစာအကြောင်းအရာပေါ် မူတည်ပြီး ပြန်စာမည်သို့ရေးမည် ဆိုသည့်အချက်ကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။
- ပြန်စာကို ကျောင်းသုံးစာအုပ်တွင် ဦးစွာရေးစေပါမည်။
- ရေးထားသည့် ပြန်စာကို သူငယ်ချင်းအချင်းချင်း နှစ်ယောက်တစ်တွဲ ဆွေးနွေးစေမည်။
- သူငယ်ချင်းပေးသော အကြံဉာဏ်ကိုယူပြီး စာကို အချောသပ်ရေးစေမည်။
- ကလေးများ ရေးထားသောစာများကို ပေးပို့မည့်သူ ထံအမည်တပ်၍ ဆရာပြုလုပ်ထားသော စာတိုက်ပုံးတွင် ထည့်စေပါမည်။



**(ဂ) ပေးစာ**




> သူငယ်ချင်းဖိုးခွားရေ
>
> ငါ ဝါသနာအပါဆုံးကတော့ ပန်းချီပုံတွေဆွဲပြီး အရောင်ခြယ်နေရတာပဲ။ ယုန်ပုံကလေးတွေ၊ ခွေးပုံကလေးတွေ ဆွဲရတာ သိပ်ပျော်စရာကောင်းတယ်။ မင်းရော ပန်းချီဆွဲရတာ ဝါသနာပါသလား။ ငါ့ဆီ စာပြန်ပါအုံး။
>
> မင်းရဲ့ သူငယ်ချင်း
> ဘုန်းပြည့်

**အခြားအကြောင်းအရာကလေးတွေရေးနိုင်တယ်နော်**

သာဓက
- ကိုယ်အချစ်ဆုံး တိရစ္ဆာန်လေးအကြောင်း
- အကြိုက်ဆုံးကာတွန်း

**သူငယ်ချင်းဆီ ပေးစာရေးကြမယ်**

______________

______________________________

______________________________

______________________________

______________________________

_______________________

______________

______________



### အရေးကြီးသော အချက်များ

- ပြန်စာရေးနည်းကို ဆရာက နားလည်အောင် ရှင်းပြရမည်။
- အားနည်းသော ကလေးများရှိပါက ဆရာက ကူညီပံ့ပိုး ပေးရပါမည်။
- ဆရာက ပြန်စာရေးရန် ကလေးများကို စာရွက်တစ်ရွက်စီ ဝေပေးပါမည်။
- ဆရာက အတန်းတွင်း လှည့်လည်စစ်ဆေးပါမည်။
- မိမိ ရထားသည့် အကြောင်းအရာပေါ် မူတည်ပြီး ပြန်စာရေးနိုင်ရပါမည်။
- ကျောင်းတက် ပျက်ကွက်သော ကလေးများအတွက် ဆရာက ပြန်စာတစ်စောင် ရေးပြီး ထည့်ပေးထားရပါမည်။

### နိဂုံးချုပ်ခြင်း

- "ကလေးတို့ သူငယ်ချင်းဆီကို ပြန်စာလေးတွေ ပေးခဲ့ကြပြီနော်။ ကိုယ့်ဆီကိုလည်း ဘယ်လိုပြန်စာကလေးတွေ ရောက်လာမလဲဆိုတာ နောက်တစ်ချိန်မှာ စောင့်ကြည့်ကြမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး စိတ်ပါဝင်စားစွာ နှစ်ယောက်တစ်တွဲ ပြောကြားနိုင်ခြင်း ရှိ မရှိနှင့် မိမိ ရရှိသည့် ပေးစာပေါ် မူတည်၍ ပြန်စာရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်



သူငယ်ချင်းဆီ ပြန်စာဘယ်လိုရေးမလဲ

ဘုန်းပြည့်ရေ

ငါကတော့ အားလပ်ချိန်မှာ သီချင်းဆိုရတာကို ဝါသနာပါတယ်။ ပန်းချီဆွဲရတာ ဝါသနာပါပေမဲ့ မင်းလို ကောင်းကောင်း မဆွဲတတ်ဘူးကွာ။ မင်းအားတဲ့အချိန်မှာ ငါ့ကို ပန်းချီဆွဲသင်ပေးပါလား။

မင်းရဲ့ သူငယ်ချင်း

ဖိုးခွား

**သူငယ်ချင်းဆီ ပြန်စာရေးကြမယ်**

**လေ့ကျင့်ခန်း**

၁။ ဘယ်သူက ဘယ်သူ့ကိုရေးတာလဲ။
၂။ စာထဲမှာ ဘာအကြောင်းတွေ ရေးထားလဲ။
၃။ ကိုယ်ရေးမဲ့ ပေးစာအကြောင်းကို သူငယ်ချင်းနဲ့ တိုင်ပင်ပြီး ရေးကြရအောင်။
၄။ သူငယ်ချင်းအချင်းချင်း အပြန်အလှန် ပြန်စာ ရေးကြရအောင်။



သူငယ်ချင်းအချင်းချင်း ပေးစာတွေ ရေးကြည့်ကြရအောင်

၆၆

# အချိန်း (၆-၇) ပေးစာ
## အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- "အရင်အချိန်တွေက သူငယ်ချင်းအချင်းချင်း ပေးစာ ပြန်စာတွေ အပြန်အလှန်ရေးခဲ့ကြတယ်နော်။ ခုချိန်မှာ ကိုယ့်ဆီရောက်လာတဲ့ ပြန်စာတွေကို ဖတ်ကြမယ်နော်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ကလေးများ ပေးပို့ထားသော စာများကို ဆရာက ဝေမပေးဘဲ ကလေး၂ ဦး ၃ ဦးခန့်ကို စာပို့သမားအဖြစ် သတ်မှတ်ပေးပြီး ဝေစေပါမည်။ ကလေးများအားလုံးကို ဖတ်စေပါမည်။
- မိမိတို့ ရရှိထားသည့် ပြန်စာများကို ကလေး ၄ ဦး ၅ ဦးခန့် ဖတ်စေပါမည်။
- "ကိုယ့်ဆီရောက်လာတဲ့ စာကို ဖတ်ရတာ ဘယ်လိုခံစားရသလဲ" ဟု မေးပါမည်။

⊙ သူငယ်ချင်းက ဘယ်လိုပြန်စာရေးလာသလဲ ဆိုသည့် အချက်ကို နှစ်ယောက်တစ်တွဲပြောစေပါမည်။

⊙ ပေးစာ ပြန်စာ ရထားသူအချင်းချင်း ရရှိထားသည့် စာများကို နှစ်ယောက်တစ်တွဲ အတန်းရှေ့ထွက်၍ ဖတ်စေပါမည်။

⊙ "ကိုယ်က ဘယ်လိုပေးစာရေးလိုက်လို့ သူငယ်ချင်းက ဘယ်လိုပြန်စာ ရေးတာလဲ" ဟု မေးပါမည်။

⊙ "အတန်းရှေ့ထွက်ပြီး ဖတ်တဲ့ ပေးစာ ပြန်စာ အကြောင်းကို နားထောင်ရတာ ကလေးတို့ ဘယ်လိုထင်သလဲ" ဟု မေးပါမည်။

⊙ ဆရာက အရေးကြီးသောအချက်များတွင် ပါဝင်သော ဇယားနမူနာကို ဆွဲပြပြီး ကလေး ၂ ဦး ၃ ဦးကို မေးခွန်းမေးကာ အဖြေကို ဇယားတွင် ဖြည့်ပြပါမည်။ ကလေးများကို မှတ်စုစာအုပ်တွင် ရေးစေပါမည်။

### နိဂုံးချုပ်ခြင်း

- "ပေးစာ ပြန်စာတွေကို ရေးခဲ့ကြ၊ ဖတ်ခဲ့ကြတာ ဘယ်လိုခံစားရသလဲ"ဟု မေး၍ ဖြေစေပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပေးစာ ပြန်စာကို ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အရေးကြီးသောအချက်များ

- ပေးစာ ပြန်စာများ ရေးရသည်မှာ ပျော်စရာကောင်းသည် ဆိုသည့် အချက်ကို ပြောနိုင်ရမည်။
- ပေးစာရေးခြင်းသည် လက်တွေ့ဘဝတွင် အသုံးချ၍ရကြောင်း ရှင်းပြရပါမည်။
- မိမိတို့ ရေးချင်သည့် အကြောင်းအရာများကို ပေးစာအနေနှင့် ရေးနိုင်ရပါမည်။
- ကလေးများ ဇယားကို ကူးဆွဲရန်မလိုပါ။

| မေးခွန်း | အဖြေ |
|---|---|
| ပေးစာ၊ ပြန်စာလေးတွေ ရေးခဲ့ပြီးပြီဆိုတော့ ဘာတွေသိခဲ့သလဲ။ ဘယ်လိုခံစားရသလဲ။ | |
| နောက်ထပ် ဘယ်လိုစာမျိုးတွေ ရေးချင်သလဲ။ | |

- ဆရာများအသုံးပြုနိုင်ရန်အတွက် ပေးစာ၊ ပြန်စာနမူနာပုံစံကို စာမျက်နှာ ၁၈၃ တွင် ဖော်ပြထားပါသည်။

## အခန်း (၆–ဃ) စကားထာ
## အကြံပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ဘာသာစကား လေ့လာမှုတွင် ရိုးရာစကားထာများကို သိရှိရန်
- ကလေးအချင်းချင်း စကားထာများကို အမေးအဖြေ ပြုလုပ်စေခြင်းဖြင့် စဉ်းစားဉာဏ် ရင့်သန်လာရန်နှင့် ပျော်ပျော်ရွှင်ရွှင်သင်ယူနိုင်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "စကားထာဆိုတာ ကြားဖူးသလား။ ကြားဖူးတယ်ဆိုရင် ဘယ်လို စကားထာလေးတွေလဲ။ စကားထာလေးတွေ ဝှက်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက "တစ်နှစ်တစ်ခါ ပေါ်လို့လာ ငါလည်းမင်းလောင်း ထီးဖြူဆောင်း" ဟူသော စကားထာကို ဦးစွာ ပြောပြပါမည်။ ကလေးများအား အဖြေကို စဉ်းစားစေပါမည်။
- ကလေးများ စဉ်းစား၍ပြီးပါက "ဒီအဖြေ ဘယ်လိုရတာလဲ။ ဘာကြောင့် ဒီအဖြေကို ပြောတာလဲ" ဟု မေးပါမည်။
- ⦿ ထို့နောက် ပထမစာမျက်နှာရှိ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံနှင့်တွဲလျက် စကားထာတစ်ခုချင်းစီကို ကြည့်စေပြီး စဉ်းစားစေပါမည်။
- ⦿ ကလေးများ စဉ်းစားထားသည့်အဖြေနှင့် ဘာကြောင့် ထိုအဖြေရသည်ကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- အတန်းရှေ့တွင် ၂ တွဲ ၃ တွဲခန့် ပြောစေပါမည်။
- ကလေးများဖြေထားသော အဖြေနှင့် တူ မတူ အဖြေမှန်များကို ဆရာက ပြောပြရပါမည်။
- ထို့နောက် အုပ်စုနှစ်စုဖွဲ့ပေးပြီး တစ်ဖွဲ့ကမေး၍ တစ်ဖွဲ့က ဖြေစေပြီး အပြန်အလှန် မေးစေ ဖြေစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "နောက်တစ်ချိန်မှာ ဒုတိယစာမျက်နှာက စကားထာတွေနဲ့ ကလေးတို့သိတဲ့ စကားထာလေးတွေကို ဖြေကြည့်မယ်။ ကလေးတို့ရဲ့အိမ်က လူကြီးတွေကို မေးကြည့်ခဲ့ကြနော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကို ကြည့်ပြီး အဖြေနှင့် အကြောင်းရင်းကို ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။


၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်

(ဃ) စကားထာ



၁။ ခေါင်းမြီးခြုံ လုံပါပေ့၊ ဆံမြိတ်ချ လှပါပေ့၊ ကျောက်တန်းစီ ညီပါပေ့။

၂။ ဒိုက်ခုတ်တော့ အုတ်ပေါ်၊ အုတ်ခုတ်တော့ ကြွေပေါ်၊ ကြွေခုတ်တော့ရေပေါ် ဘာသီးလဲနော်။

၃။ တစ်ကြိမ်သာစား တစ်သက်လုံး ဗိုက်ကား။

၄။ ရေလယ်ကောင် သောင်ထွန်း၊ နတ်သမီးနေတဲ့ ကျွန်း။

၆၇

### အဓိကအချက်များ

- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော စကားထာများအပြင် ကလေးများသိရှိထားသော စကားထာများနှင့် အခြားစကားထာကို ဗဟုသုတအဖြစ် သိရှိစေရန်ဖြစ်ပါသည်။
- ရုပ်ပုံကိုကြည့်ပြီး စကားထာ၏အဖြေကို ရရန်အတွက် သူငယ်ချင်း အချင်းချင်း ဆွေးနွေးစေရပါမည်။

### အရေးကြီးသောအချက်များ

- ကလေးများ အဖြေဖော်ရန် ခက်ခဲပါက ဆရာက ဦးဆောင်ရှင်းပြပြီး စဉ်းစားစေရပါမည်။
- စကားထာကိုပေးသည်ဟု မပြောဘဲ စကားထာဝှက်သည်ဟု သုံးနှုန်းကြောင်း ဆရာက ပြောပြရပါမည်။
- လုပ်ငန်းစဉ်တွင် ဖော်ပြထားသော စကားထာအပြင် အခြားစကားထာတစ်ခုခုကိုလည်း ပြောင်းလဲသင်ကြားနိုင်ပါသည်။
- အဖြေမှန်ခြင်း မမှန်ခြင်းထက် ကလေးများအဖြေကို မည်ကဲ့သို့ ရရှိသည်ကို ပြောပြတတ်ရန်နှင့် စဉ်းစားတတ်ရန်သာ အရေးကြီးပါသည်။
- စကားထာ = အနက်အဓိပ္ပာယ်မြှုပ်ထားသော ဉာဏ်စမ်း စကား/ ပဟေဠိ


၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်

၅။ နေ့ဘက်ခွဲခွာ ညခါပြန်ပေါင်း။

၆။ မျက်လုံးတစ်ရာ ခြေမှာတစ်ချောင်းတည်း၊ ခေါင်းပေါ်မှာ ကြက်တောင်စည်း။

၇။ မျက်နှာပေါ်က လက်သုံးချောင်း၊ ရှည်သူအပြေးကောင်း။

၈။ ခန္ဓာကိုယ်ကလှေ၊ ခြေထောက်ကလှော်တက်။



၆၈

## အခန်း (၆–ဃ) စကားထာ
## အကြိမ်ပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ ဆရာက "စကားထာ အသစ်လေးတွေ ထပ်ဖွက်ကြည့်ရင်း ကလေးတို့ သိထားတဲ့ စကားထာလေးတွေကိုပါ ပြော ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

⦿ ဒုတိယစာမျက်နှာရှိ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံနှင့် စကားထာ တစ်ခုချင်းစီကို ကြည့်စေပြီး နှစ်ယောက် တစ်တွဲ စဉ်းစားစေပါမည်။

⦿ ကလေးစဉ်းစား၍ပြီးပါက "ဒီအဖြေ ဘယ်လိုရတာလဲ။ ဘာကြောင့်ဒီအဖြေကို ပြောတာလဲ" ဟု မေးပါမည်။

♦ ထို့နောက် ဒုတိယစာမျက်နှာရှိ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံနှင့်တွဲလျက် စကားထာတစ်ခုချင်းစီကို ကြည့်စေပြီး စဉ်းစားစေပါမည်။

♦ ကလေးများ စဉ်းစားထားသည့်အဖြေနှင့် အဘယ်ကြောင့် ဤအဖြေရသည်ကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

♦ ထိုသို့ပြောရာတွင်"ဘာဖြစ်လို့ ဒီအဖြေရတယ်လို့ ထင်တာလဲ။ ဒီအဖြေရဖို့ ဘယ်လိုတွေးမိတာလဲ" စသဖြင့် မေးခွန်းများကို အတန်းရှေ့တွင် ၂ တွဲ ၃ တွဲခန့် ပြောစေပါမည်။

♦ ဆရာက"ကလေးတို့ဖြေထားတဲ့ အဖြေနဲ့ ဆရာပြောမဲ့ အဖြေတူသလားဆိုတာ မသိချင်ဘူးလား" ဟု မေးပြီး ဆရာက အဖြေမှန်များကို ပြောပြရပါမည်။

♦ ကလေးများကို "ကျောင်းသုံးစာအုပ်ထဲက စကားထာ လေးတွေကို ဖွက်ကြည့်ပြီးပြီနော်။ ကလေးတို့ စဉ်းစား လာတဲ့စကားထာလေးတွေကိုလဲ သူငယ်ချင်းအချင်းချင်း မေးကြည့်ကြရအောင်" ဟုပြောပါမည်။ ကလေးမေး သော စကားထာကို တစ်တန်းလုံးကိုပြောပြီး နှစ်ယောက် တစ်တွဲ စဉ်းစားစေပါမည်။

♦ ထို့နောက် အုပ်စုနှစ်စု ဖွဲ့ပေးပြီး တစ်ဖွဲ့က မေး၍ တစ်ဖွဲ့က ဖြေစေပြီး အပြန်အလှန် မေးစေ ဖြေစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "ကလေးတို့ မေးလာတဲ့ စကားထာလေးတွေကို နောက် နေ့မှာလဲ ပြောကြရမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါ မည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ ကျောင်းသုံးစာအုပ်ပါ စကားထာနှင့် ကလေးအချင်းချင်း ပြောသော စကားထာများကို ဖြေနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

♦ ကလေးများကို စဉ်းစားစေခဲ့သော စကားထာများကို ချက်ချင်းမပြော နိုင်သေးပါက ဆရာက ဦးဆောင်ပြီး စကားထာအချို့ကို ဖွက်ပြရ ပါမည်။

**စကားထာ၏ အဖြေများ**

♦ (၁) ပြောင်းဖူး
♦ (၂) အုန်းသီး
♦ (၃) ခေါင်းအုံး
♦ (၄) ကျောက်ပျဉ်
♦ (၅) တံခါး
♦ (၆) နာနတ်သီး
♦ (၇) နာရီ
♦ (၈) ဘဲ

## အခန်း (၆–င ) ကိုယ်တိုင်ပုံပြောကြရအောင်
## အကြိမ်ပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်
- ပုံပြင်ကို မိမိစိတ်ကူးဖြင့် အဆုံးသတ်ပြောဆိုတတ်ရန်
- ပေးထားသော စကားလုံးသုံးလုံးကိုသုံးပြီး ပုံပြင်ကို ဖန်တီးပြောတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- "ကလေးတို့ရေ ပုံပြင်တွေအများကြီး သင်ခဲ့ကြတယ်နော်၊ ဒီနေ့တော့ ကိုယ်တိုင် ပုံပြင်ပြောကြရအောင်၊ ပြောချင်ကြသလား" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- "ကလေးတို့ကိုယ်တိုင် ပုံပြင်မပြောခင် ဖတ်စာထဲမှာပါတဲ့ ပုံပြင်လေးကို အရင်ဖတ်ပြမယ် သေသေချာချာ နားထောင်နော်" ဟု ပြောပါမည်။
- ဆရာက နမူနာတစ်ခေါက် ဖတ်ပြပါမည်။
- ပုံပြင်ကို ကလေးများနှင့်အတူ တစ်တန်းလုံး အတူတူဖတ်ပါမည်။
- ပုံပြင်ထဲတွင်ပါဝင်သော ခက်ခဲသောစကားလုံးများ ရှိမရှိ မေးပြီး ရှိပါက ဆရာကရှင်းပြပါမည်။
- ကလေး ၂ ဦး ၃ ဦးခန့်ကို ပုံပြင်အကြောင်းအရာကို ဖတ်စေပါမည်။ "ဘယ်သူ့အကြောင်း ရေးထားတဲ့ပုံပြင်လေးလဲ"ဟု မေးပါမည်။
- ⦿ မျောက်ကလေး ဘာဆက်လုပ်မယ်ဆိုတာကို ကလေးများ နှစ်ယောက်တစ်တွဲ စဉ်းစားစေပါမည်။
- ⦿ ပုံပြင်အစအဆုံးပြန်ဖတ်ပြီး ပုံပြင်အဆုံးသတ်ကို ဘယ်လိုပြောမလဲဆိုသည့်အချက်ကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ပုံပြင်အဆုံးသတ်ကို ကလေး ၃ ဦး ၄ ဦးခန့် ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**
- "ပုံပြင်အဆုံးသတ်ကို ပြောခဲ့ကြတယ်နော် နောက်တစ်ချိန်မှာ ကိုယ်တိုင်ပုံပြင်ပြောနိုင်ဖို့ မှတ်စုလေးတွေ ဘယ်လိုရေးရမယ်ဆိုတာ သင်ကြရမယ်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- ပုံပြင်ကို နှစ်ယောက်တစ်တွဲ အဆုံးသတ်ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



### (င) ကိုယ်တိုင်ပုံပြောကြရအောင်

တစ်ခါတုန်းက ဦးလေးကြီးဆီမှာ အစအနောက်သန်တဲ့ မျောက်ကလေးတစ်ကောင်ရှိတယ်။ သူဟာ ဒီမျောက်ကလေးကို တောထဲ ထင်းခွေသွားရင်းနဲ့ တွေ့လို့ ခေါ်လာခဲ့တာဖြစ်တယ်။ မျောက်ကလေးက သူ့သခင်ကို အမြဲတမ်း စလှေ့နောက်လှေ့ရှိတယ်။ သူ့သခင်က မစဖို့ မနောက်ပြောင်ဖို့ မျောက်ကလေးကို ပြောတယ်။ ဒါပေမဲ့ မျောက်ကလေးက ဘယ်တော့မှ နားမထောင်ဘူး။ တစ်နေ့မှာ သူ့သခင်က အုန်းသီးတစ်လုံးယူလာပြီး မျောက်ကလေးကို ပေးလိုက်တယ်။




**အတန်းရှေ့မှာ ထွက်ပြောကြရအောင်။ သူငယ်ချင်းရဲ့ ပုံပြင်လေးကို အဆုံးသတ် ပြောကြမယ်။**






### အဓိကအချက်များ
- ပုံပြင်ပါ အကြောင်းအရာပေါ်မူတည်ပြီး ပုံပြင်အဆုံးသတ်ကို မိမိတို့စိတ်ကူးဖြင့် အဆုံးသတ်ပြောနိုင်အောင် သင်ကြားရမည်။
- စကားလုံးသုံးလုံးကို အသုံးပြုပြီး ပုံပြင်ကို ဖန်တီးပေးကာ မှတ်စုရေးသားတတ် ပြောတတ်အောင် ရှင်းပြရမည်။
- ကလေးများ၏ စိတ်ကူးအတွေးကို လွတ်လပ်စွာ ပြောစေရပါမည်။

### အရေးကြီးသော အချက်များ
- ပုံပြင်ပါအကြောင်းအရာကို နားလည်မှုအားနည်းသော ကလေးများရှိပါက ဆရာက နားလည်အောင် ရှင်းပြရပါမည်။
- ပုံပြင်အဆုံးသတ်ကို အကယ်၍ မပြောနိုင်သော ကလေးများရှိပါက "တကယ်လို့ ကလေးတို့သာ အုန်းသီးတစ်လုံးရခဲ့မယ်ဆိုရင် ဘယ်လိုလုပ်မလဲ" စသည့် နမူနာမေးခွန်းများမေးပြီး ကူညီပေးရပါမည်။
- နှစ်ယောက်တစ်တွဲ လုပ်ငန်းလုပ်ဆောင်နေစဉ် ပါဝင်မှုအားနည်းသော ကလေးများရှိပါက ဆရာက ပါဝင်လာနိုင်အောင် စီစဉ်ပေးရပါမည်။

၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်

**ပုံပြင်ကို ကိုယ်တိုင်ဖန်တီးကြရအောင်။**



အဒေါ်ကြီး　　စပါးစေ့　　ဘဲကလေး

**မှတ်စုကလေးတွေ ရေးမှတ်မယ်။**

| | သာဓက | ရုပ်ပုံပါ စကားလုံးသုံးလုံး သုံးပြီး ပုံပြင် ဖန်တီးရေးကြရအောင် |
|---|---|---|
| နေရာ | အိမ်မှာ | |
| ဇာတ်ဆောင် | မျောက်ကလေးနဲ့ သူ့သခင် | |
| အဖြစ်အပျက် | မျောက်ကလေး အုန်းသီး ရရှိ | |
| အဆုံးသတ် | စဉ်းစား ကြရအောင် | |



## အရေးကြီးသော အချက်များ

- ဆရာက မှတ်စုရေးနည်း မည်သို့ရေးရမည်ကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။
- ပုံပြင်ကို ဖန်တီးစေရာတွင် ကလေးများအား လွတ်လပ်စွာ စဉ်းစားပြီး မှတ်စုရေးစေပါမည်။
- မှတ်စုရေးရန် အားနည်းသောကလေးများရှိပါက ဆရာက ပံ့ပိုးပေးရပါမည်။

## အခန်း (၆-င)　　ကိုယ်တိုင်ပုံပြောကြရအောင်
## အကြိုပြုစာသင်ချိန်　　၃ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ပြီးခဲ့တဲ့အချိန်တုန်းက ပုံပြင်အဆုံးသတ်ကို ပြောခဲ့ကြတယ်နော် ဒီနေ့ပုံပြင်အသစ်တစ်ပုဒ်ကို စဉ်းစားကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- "မနေ့က ဖတ်ခဲ့တဲ့ပုံပြင်မှာ ဘာအကြောင်းအရာတွေ ပါသလဲ ပုံပြင်ကိုဘယ်လိုအဆုံးသတ်ခဲ့သလဲဆိုတာ ပြောပါအုံး"ဟု ကျောင်းသားတစ်ဦးကို မေးပါမည်။
- ဆရာက ဇယားကို သင်ပုန်းတွင်ရေးပြီး နေရာ၊ ဇာတ်ဆောင်၊ အဖြစ်အပျက်ကို ဘယ်လို အဆုံးသတ်ထားသလဲ ဆိုသည့် အချက်ကို မေးခွန်းများမေးပါမည်။
- ကလေးများ၏အဖြေကို ဆရာက သင်ပုန်းမှတ်ချက် ရေးပါမည်။
- ⊙ ထို့နောက် ဆရာက ပုံပြင်ပါ စကားလုံးသုံးလုံးကို အသုံးပြုပြီး မှတ်စုဘယ်လို ရေးမှတ်ရမည်ကို ရှင်းပြပါမည်။
- ⊙ ပုံပြင်ကို တွေးတောနိုင်သည့် ကလေးက စဉ်းစားထားသည်များကို မှတ်စုရေးစေမည်။ မရေးနိုင်သောကလေးများရှိပါက မှတ်စုရေးနိုင်ရန် စဉ်းစားစေမည်။ မှတ်စုမှ တစ်ဆင့် ပုံပြင်ကို ဘယ်လိုဖန်တီးရမည်ကို ဆရာက ရှင်းပြရပါမည်။
- နမူနာစကားလုံးသုံးလုံးကိုသုံးပြီး တစ်ဦးချင်းစီ စဉ်းစားစေပါမည်။
- "အခု ကလေးတို့က ဖတ်စာမှာပါတဲ့ အဒေါ်ကြီး၊ စပါးစေ့၊ ဘဲကလေး စကားလုံးတွေကိုသုံးပြီး မျောက်ကလေး ပုံပြင်လို မှတ်စုရေးကြည့်ကြရအောင်" ဟုပြောပါမည်။
- ⊙ ကလေးတစ်ဦးချင်းစီကို စကားလုံးသုံးလုံးသုံးပြီး ပုံပြင် ဖန်တီးပြောနိုင်အောင် စဉ်းစားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "စကားလုံးသုံးလုံးကို အသုံးပြုပြီး မှတ်စုကိုဖန်တီးရေးရတာ ဘယ်လိုခံစားရသလဲ" ဟုမေးပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ မှတ်စုကို ဆွေးနွေးနိုင်ခြင်း၊ မှတ်စုကို ဖန်တီးရေးသားနိုင်ခြင်း ရှိ မရှိနှင့် ဆွေးနွေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၆–င)　　ကိုယ်တိုင်ပုံပြောကြရအောင်
## အကြံပြုစာသင်ချိန်　၃ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "မနေ့က စကားလုံးသုံးလုံးသုံးပြီး ကိုယ်တိုင် မှတ်စုကလေးတွေကို ရေးခဲ့ကြတယ်နော် မှတ်မိသေးသလား" ဟုမေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ဖတ်စာပါ စကားလုံးသုံးလုံးကို သင်ပုန်းတွင် ရေးပြီး "မှတ်စုကို ဘယ်လို ဖန်တီးရေးထားသလဲ"ဟု မေးပါမည်။
- ⦿ ကလေးများရေးထားသော မှတ်စုကို အခြေခံပြီး ပုံပြင်ကို နှစ်ယောက်တစ်တွဲစီ အပြန်အလှန်ပြောစေ ပါမည်။
- ⦿ အတန်းရှေ့ထွက်၍ နှစ်ယောက်တစ်တွဲစီ မိမိ ရေးထားသော မှတ်စုကိုကြည့်ပြီး ပုံပြင်ကို ဖန်တီးပြောစေပါမည်။
- တစ်ဖွဲ့ပြောနေစဉ် အခြားအဖွဲ့က သေသေချာချာနားထောင်စေပြီး "ပုံပြင်ကိုနားထောင်ရတာ ဘယ်လိုခံစားရသလဲ"ဟု မေးပါမည်။
- ⦿ ဆရာက ဇယားဆွဲပြီး မေးခွန်းမေးပါမည်။ (ဇာတ်ဆောင်၊ အဖြစ်အပျက်၊ အဆုံးသတ်)
- ⦿ အဖြေကို သင်ပုန်းမှတ်ချက်ရေးပါမည်။
- ဆရာက ကလေးများ၏ လုပ်ဆောင်ချက်များကို မှားသည် မှန်သည် မပြောဘဲ လွတ်လပ်စွာပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ကလေးတို့ကိုယ်တိုင် မှတ်စုလေးတွေရေးပြီး ပုံပြင်လေးတွေပြောခဲ့ကြတယ်နော်၊ နောက်ဆို ကလေးတို့ကိုယ်တိုင် ပုံပြင်ကလေးတွေ ပြောကြည့်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ကလေးများ ကိုယ်တိုင် မှတ်စုကို အခြေခံပြီး ဖန်တီးပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

၆။ ပေးစာ စကားထာ သင်ကာရယ် ကိုယ်တိုင်ပုံပြင်ပြောကြမယ်

**ပုံပြင်ကို ကိုယ်တိုင်ဖန်တီးကြရအောင်။**


အဒေါ်ကြီး


စပါးစေ့


ဘဲကလေး

**မှတ်စုကလေးတွေ ရေးမှတ်မယ်။**

| | သာဓက | ရုပ်ပုံပါ စကားလုံးသုံးလုံး သုံးပြီး ပုံပြင် ဖန်တီးရေးကြရအောင် |
|---|---|---|
| နေရာ | အိမ်မှာ | |
| ဇာတ်ဆောင် | မျောက်ကလေးနဲ့ သူ့သခင် | |
| အဖြစ်အပျက် | မျောက်ကလေး အုန်းသီး ရရှိ | |
| အဆုံးသတ် | စဉ်းစား ကြရအောင် | |

၇၀

### အရေးကြီးသော အချက်များ

- ကိုယ်တိုင် ပုံပြင်ဖန်တီးရေးရတာ ပျော်စရာကောင်းသည် ဆိုသည့် အချက်ကို ပြောနိုင်ရမည်။
- မိမိရေးချင်သည့် ပုံပြင်အကြောင်းအရာကို လွတ်လွတ်လပ်လပ် ပြောနိုင်ကြောင်း နားလည်အောင် ပြောပြရပါမည်။
- ပုံပြောရာတွင် မှတ်စုပါ အချက်အလက်များ ပါဝင်အောင် ပြောနိုင်စေရန် ရှင်းပြရပါမည်။

## အခန်း ၇ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

### (က) ကျေးညီနောင်



ရှေးသရောအခါ လက်ပံပင်ကြီးတစ်ပင်၌ ညီနောင်ကျေးနှစ်ကောင်တို့ ရှိကြသတဲ့။ ကျေးငယ်တို့သည် အတောင်မစုံသေးသဖြင့် ကောင်းစွာမပျံနိုင်ကြသေးချေ။

တစ်နေ့သ၌ လေပြင်းမုန်တိုင်းကျ၍ ထိုကျေးညီနောင်တို့ လွင့်ပါသွားကြ၏။ တစ်ကောင်မှာ ခိုးသူတို့နေရာ၌ကျ၍ ခိုးသူတို့က ကောက်ယူကျွေးမွေးထား၏။ အခြားတစ်ကောင်မှာ ရသေ့တို့၏ ကျောင်းသင်္ခမ်းအတွင်း၌ကျ၍ ရသေ့တို့က ကောက်ယူကျွေးမွေးထား၏။

၇၁

## အခန်း (၇-က) ကျေးညီနောင်
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ဖတ်စာပါ အကြောင်းအရာများကို နားလည်ပြီး မှန်ကန်စွာ ဖတ်တတ် ရေးသားတတ်ရန်
- ပတ်ဝန်းကျင်ကောင်းတွင် နေထိုင်ခြင်း၏ အကျိုးကျေးဇူးများကို သိရှိရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆရာက "ဒီနေ့ ကျေးညီနောင်ပုံပြင်လေးကို ပြောပြချင်တယ်။ ဒီပုံပြင်လေးကတစ်ဆင့် ဘာမှတ်သားစရာတွေ ရရှိမလဲဆိုတာ သိချင်ကြသလား" ဟု မေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပုံပြင်ပါ ရုပ်ပုံများကို ကြည့်စေပြီး ကလေးများကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။
- ⦿ "ရုပ်ပုံကိုကြည့်ပြီးပြီဆိုတော့ ဘာအကြောင်းအရာကလေးဖြစ်မယ်ဆိုတာ ပြောကြည့်ပါအုံး" ဟု ကလေး ၂ ဦး ၃ ဦး ခန့်ကို ပြောစေပါမည်။
- ⦿ ဆရာက "ဖတ်စာမှာပါတဲ့ပုံပြင်ကို ဖတ်ကြရအောင်" ဟု ပြောပြီး ပုံပြင်တစ်ပုဒ်လုံးကို အဖြတ်အရပ်မှန်စွာ ဖတ်ပြပါမည်။ ဆရာ ဖတ်ပြနေချိန်တွင် အဖြတ်အရပ်မှန်ကန်စွာ ဖတ်ရမည့်နေရာကို မှတ်သားထားစေမည်။
- ကလေးများ ဆရာဖတ်ပြသည့်အတိုင်း နောက်မှလိုက်ကာ ဖတ်စေမည်။
- ⦿ "ဒီပုံပြင်လေးကို နားထောင်ရတာ ကြိုက်သလားပုံပြင်ထဲမှာပါတဲ့ ကျေးနှစ်ကောင်ရဲ့ဘဝကို နားထောင်ရ၊ ဖတ်ရတာ ဘယ်လိုခံစားရသလဲ"ဟု မေးပါမည်။

**နိဂုံးချုပ်ခြင်း**

- "ပုံပြင်ကို ဖတ်ကြည့်လိုက်တဲ့အခါ ကလေးတို့ တွေးထားတာနဲ့ တူရဲ့လား။ နောက်စာသင်ချိန်မှာ အကြောင်းအရာအသေးစိတ်ကို ဆက်သင်ကြမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မိမိထင်မြင်ချက်များ ပြောနိုင်ခြင်း ရှိ မရှိ၊ ဆရာ့နောက်မှလိုက်ကာ ဖတ်နိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အဓိကအချက်များ

- ဝါကျဖွဲ့ရာတွင် နမူနာတစ်ကြောင်းသာ ပေးထားသော်လည်း လိုအပ်ပါက ဆရာက ထပ်မံပြောပြပြီး စနစ်တကျ ရေးသားတတ်အောင် ပံ့ပိုးပေးရပါမည်။
- ပုံပြင်ပါ အဓိကအချက်များကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။
- ပတ်ဝန်းကျင်ကောင်းတွင် နေထိုင်ခြင်းသည် ကောင်းကျိုးကို ဖြစ်စေနိုင်ကြောင်း ဆရာက ရှင်းပြရပါမည်။
- သရုပ်ဆောင်နည်းဖြင့် သင်ကြားခြင်းသည် ဇာတ်ဆောင်တို့၏ စရိုက်သဘာဝကို သိရှိရန် သင်ကြားခြင်းဖြစ်ကြောင်း ဆရာက ရှင်းပြရပါမည်။

### အရေးကြီးသောအချက်များ

- ဆရာဖတ်ပြချိန်တွင် အဖြတ်အရပ်နေရာများကို မှတ်သားထားစေမည်။
- ကလေးများ၏ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။

## အခန်း (၇-က) ကျေးညီနောင်
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (ဒုတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- “အရင်စာသင်ချိန်က ပုံပြင်လေးကို အစအဆုံး ဖတ်ပြီး ကြပြီနော်။ အခုစာတစ်ပုဒ်လုံးကို အသေးစိတ် ပြန်ဖတ်ကြရအောင်” ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ပုံပြင်တစ်ပုဒ်လုံးကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်ပြပါမည်။
- ကလေးများကိုယ်တိုင် ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)
- ⦿ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေပါမည်။
- ⦿ ကလေးများပြောသော ခက်ခဲသည့် စကားလုံးများကို ဆရာက သင်ပုန်းတွင် ရေးပြပြီး အဓိပ္ပာယ်ကို ပြောစေပါမည်။
- ကလေးများ ဖြေဆိုချက် မပြည့်စုံပါက ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို ဆရာက ရှင်းပြပါမည်။
- ခက်ခဲသော စကားလုံးများကို သတ်ပုံရေးစေပါမည်။
- စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားကာ စာပိုဒ်ကို နောက်တစ်ကြိမ် ဖတ်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- “နောက်စာသင်ချိန်မှာ ပုံပြင်ပါအကြောင်းအရာတွေကို ဆက်ပြီး သင်ယူကြမယ်နော်”ဟုပြောပြီး နိဂုံးချုပ်မည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကိုပြောနိုင်ခြင်း၊ ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

တစ်နေ့သော် ဘုရင်ကြီးတစ်ပါးသည် တောကစားထွက်လာရာ မောပန်းသဖြင့် ခိုးသူတို့ရွာအနီးရှိ သစ်ပင်ရိပ်တွင် အပန်းဖြေနေ၏။ ခိုးသူတို့ မွေးထားသော ကျေးသည် ဘုရင်ကြီးကိုမြင်လျှင် “ဒီလူကို သတ်ကြဟေ့။ အဝတ်အစားတွေကိုလဲ ယူကြဟေ့”ဟု ခိုးသူတို့အား ဟစ်အော်တိုက်တွန်းလေသည်။

ဘုရင်ကြီးလည်း “ဒီအရပ်က ဘေးအန္တရာယ်များတယ်။ မနေသင့်တော့ဘူး” ဟုဆိုကာ အမြန်ထွက်သွားလေ၏။



၇၂

### အရေးကြီးသောအချက်များ

- ပုံပြင်ဖတ်ရာတွင် စာဖတ်အားနည်းသော ကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ခက်ခဲသော စကားလုံးများကို ကလေးများအား လွတ်လပ်စွာ ပြောစေကာ ဆရာက အောက်ပါစကားလုံးများ မပါဝင်ပါက ဖြည့်စွက်ပြောစေမည်။
- အတောင်မစုံ၊ လေပြင်းမုန်တိုင်း၊ လွင့်ပါ၊ ကောက်ယူ၊ အပန်းဖြေ၊ ဟစ်အော်တိုက်တွန်း၊ ထွက်ခွာ၊ အကျွန်ုပ်၊ သာယာသော၊ ရိုင်းစိုင်း၊ ယဉ်ကျေး၊ ကြမ်းတမ်း၊ နူးညံ့သိမ်မွေ့၊ ကျောင်းသခ်မ်း၊ ဘေးအန္တရာယ်၊ ချီးမွမ်း။
- စကားလုံးအသစ်များကို သတ်ပုံခေါ်ချိန်တွင် ဆရာက ဖြည်းဖြည်း မှန်မှန် ရွတ်ဆိုခေါ်ပေးရပါမည်။

## အခန်း (၇-က) ကျေးညီနောင်
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (တတိယအချိန်)

၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

ဘုရင်ကြီးသည် ရသေ့တို့နေရာသို့ရောက်၍ နားနေပြန်၏။ ထိုအခါ ရသေ့တို့မွေးထားသောကျေးက "အရှင်မင်းကြီး ကြွပါ။ အပန်းဖြေပါ။ အေးမြတဲ့ ရေကို သောက်ပါ။ သစ်သီးတွေကို သုံးဆောင်ပါ"ဟု သာယာသောအသံဖြင့် ကြိုဆို၏။ ဘုရင်လည်း "ကျေးသားငယ် အရင်ငါတွေ့ခဲ့ဖူးတဲ့ ကျေးက မင်းလို မဟုတ်ဘူး။ အလွန်ရိုင်းစိုင်းလှတယ်။ မင်းကတော့ ယဉ်ကျေးလှပါပေတယ်"ဟု ချီးမွမ်း၏။





"အရှင်မင်းကြီး အဲဒီကျေးငယ်က အကျွန်ုပ်ရဲ့ ညီဖြစ်ပါတယ်။ ကျွန်ုပ်တို့ညီနောင် ဟာ လေမုန်တိုင်းကြောင့်တကွဲတပြားစီ ဖြစ်ခဲ့ကြရပါတယ်။ ကျွန်ုပ်ရဲ့ညီလေးဟာ ခိုးသူတို့ဆီကို ရောက်သွားပြီး ကြမ်းတမ်း ရိုင်းစိုင်းသွားရပါတယ်။ ကျွန်ုပ်ကတော့ ဆရာရသေ့ဆီရောက်လို့ နူးညံ့သိမ်မွေ့ရ ပါတယ်"ဟု ကျေးကဆိုလေသည်။

ကျေးသား၏စကားကိုကြားရသော် ရှင်ဘုရင်ကြီးကပြုံးမိလေသတည်း။

၄၃

### အရေးကြီးသောအချက်များ

- ဆရာက သင်ပုန်းမှတ်ချက်ရေးပါမည်။
- ကလေးများကို အကြောင်းအရာပိုင်းဆိုင်ရာ မေးခွန်းမေးရာတွင် ပုံပြင်ကိုဖတ်ပြီး တိတိကျကျဖြေဆိုစေပါမည်။
- စဉ်းစားဖြေဆိုရမည့် အပိုင်းတွင် ကလေးများအတွေးကို လွတ်လပ်စွာ ဖြေဆိုစေပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ အရင်အချိန်တုန်းက ခက်ခဲတဲ့ စကားလုံး တွေရဲ့ အဓိပ္ပာယ်ကို သိခဲ့ကြပြီနော် ခုအချိန်မှာ ပုံပြင် တစ်ပုဒ်လုံးနဲ့ဆိုင်တဲ့ အကြောင်းအရာတွေကို ပြောကြ ရမယ်နော်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ပုံပြင်တစ်ပုဒ်လုံးကို ပြန်ဖတ်ပြပါမည်။
- ⊙ ထို့နောက် ပုံပြင်နှင့်ပတ်သက်သောမေးခွန်းများကို မေး ပါမည်။
  "ပုံပြင်ထဲမှာ ဇာတ်ဆောင်ဘယ်နှယောက်ပါသလဲ"
  "ဘယ်နေရာမှာလို့ ထင်သလဲ"
  "ပုံပြင်ထဲက ကျေးနှစ်ကောင်ရဲ့ အကျင့်စရိုက် မတူညီ တာ ဘာကြောင့်လို့ထင်သလဲ "
  "ပုံပြင်အဆုံးသတ်ကိုကြိုက်သလား"
- ⊙ ကလေးများ နှစ်ယောက်တစ်တွဲ စဉ်းစားစေပြီး ပြောစေ ပါမည်။
- ထို့နောက် အတန်းရှေ့ထွက်၍ ကလေး ၂ ဦး ၃ ဦး ခန့်ကို ပြောစေပါမည်။
- ကလေးများကို ပုံပြင်တစ်ပုဒ်လုံး ပြန်ဖတ်စေပါမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- "ဒီနေ့ ပုံပြင်တစ်ပုဒ်လုံးကို နားလည်သွားကြပြီနော်၊ နောက်စာသင်ချိန်မှာ စာတစ်ပိုဒ်ချင်းစီ အသေးစိတ် ဆက်လေ့လာကြမယ်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာတစ်ပုဒ်လုံးနှင့် သက်ဆိုင်သော မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၇-က) ကျေးညီနောင်
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (စတုတ္ထအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "အရင်အချိန်က ပုံပြင်တစ်ပုဒ်လုံးကို အလှည့်ကျ ဖတ်ခဲ့ကြတယ်နော်၊ ဒီနေ့ပုံပြင်ရဲ့ ပထမစာမျက်နှာမှာရှိတဲ့ စာပိုဒ်ကို သေသေချာချာ ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ပထမစာမျက်နှာရှိ စာပိုဒ်ကို ကလေးအားလုံး ဖတ်စေပါမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ မေးခွန်း ၁ " ကျေးညီနောင်တို့သည် အဘယ်ကြောင့် ကွဲကွာခဲ့ရသနည်း " ၏ အဖြေကို စဉ်းစားစေကာ နှစ်ယောက်တစ်တွဲ ဆွေးနွေးစေမည်။
- ကလေးများ စဉ်းစားထားသည့်အဖြေကို အတန်းရှေ့တွင် ကလေး ၃ ဦး ၄ ဦးခန့် ပြောစေမည်။
- ကလေးများပြောသောအဖြေကို ဆရာက သင်ပုန်းမှတ်ချက်ရေးရပါမည်။
- ⊙ အဖြေကို မှတ်စုတွင် ရေးစေမည်။
- ⊙ "ဒီစာမျက်နှာမှာ ဘာအကြောင်းအရာတွေပါသလဲ" ဟု မေးပြီး ကလေးများကိုပြောစေပါမည်။
- ပထမစာမျက်နှာရှိ စာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများရေးသားထားသော မှတ်စုကို နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်စေပြီး အချင်းချင်းစစ်ဆေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိနှင့် မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

**အခန်း ၇ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်**

**(က) ကျေးညီနောင်**



ရှေးသရောအခါ လက်ပံပင်ကြီးတစ်ပင်၌ ညီနောင်ကျေးနှစ်ကောင်တို့ ရှိကြသတဲ့။ ကျေးငယ်တို့သည် အတောင်မစုံသေးသဖြင့် ကောင်းစွာမပျံနိုင်ကြသေးချေ။

တစ်နေ့သ၌ လေပြင်းမုန်တိုင်းကျ၍ ထိုကျေးညီနောင်တို့ လွင့်ပါသွားကြ၏။ တစ်ကောင်မှာ ခိုးသူတို့နေရာ၌ကျ၍ ခိုးသူတို့က ကောက်ယူကျွေးမွေးထား၏။ အခြားတစ်ကောင်မှာ ရသေ့တို့၏ ကျောင်းသင်္ခမ်းအတွင်း၌ကျ၍ ရသေ့တို့က ကောက်ယူကျွေးမွေးထား၏။

၇၁

### အရေးကြီးသောအချက်များ

- ပုံပြင်ဖတ်ရာတွင် အားနည်းသော ကလေးများကို ဆရာက ကူညီပံ့ပိုး ပေးရပါမည်။
- မေးခွန်း ၁ ၏အဖြေနမူနာ
  လေပြင်းမုန်တိုင်းကျသောကြောင့် ကွဲကွာရခြင်းဖြစ်ပါသည်။
- စာပိုဒ်ကို ရေးသားနေချိန်တွင် ဆရာသည် အတန်းတွင်း လှည့်လည်ကြည့်ရှုပြီး ကလေးများ ရေးသားထားသည်များကို ဆရာက စစ်ဆေးပေးရပါမည်။

## အခန်း (၇-က) ကျေးညီနောင်
## အကြံပြုစာသင်ချိန် ၁၀ ချိန် (ပဉ္စမအချိန်)



တစ်နေ့သော် ဘုရင်ကြီးတစ်ပါးသည် တောကစားထွက်လာရာ မောပန်းသဖြင့် ခိုးသူတို့ရွာအနီးရှိ သစ်ပင်ရိပ်တွင် အပန်းဖြေနေ၏။ ခိုးသူတို့ မွေးထားသော ကျေးသည် ဘုရင်ကြီးကိုမြင်လျှင် "ဒီလူကို သတ်ကြဟေ့။ အဝတ်အစားတွေကိုလဲ ယူကြဟေ့"ဟု ခိုးသူတို့အား ဟစ်အော်တိုက်တွန်းလေသည်။

ဘုရင်ကြီးလည်း "ဒီအရပ်က ဘေးအန္တရာယ်များတယ်။ မနေသင့်တော့ဘူး" ဟုဆိုကာ အမြန်ထွက်သွားလေ၏။





### သင်ကြားသင်ယူမှုလုပ်ငန်း
**နိဒါန်း**
- "ပထမစာမျက်နှာရှိ စာပိုဒ်ကို တစ်တန်းလုံး ဖတ်စေကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**
- ဒုတိယစာမျက်နှာရှိ စာပိုဒ်များကို ကလေးအားလုံး ဖတ်စေမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⦿ မေးခွန်း ၂ နှင့် ၃ ၏ အဖြေကို စဉ်းစားစေကာ နှစ်ယောက်တစ်တွဲ ဆွေးနွေးစေမည်။
- ကလေးများ စဉ်းစားထားသည့်အဖြေကို အတန်းရှေ့တွင် ကလေး ၃ ဦး ၄ ဦးခန့် ပြောစေမည်။
- ကလေးများပြောသောအဖြေကို ဆရာက သင်ပုန်းမှတ်ချက် ရေးရပါမည်။
- ⦿ အဖြေကို မှတ်စုတွင် ရေးစေမည်။
- ဖတ်ပြီးပါက ဆရာက ဒုတိယစာမျက်နှာတွင် ပါဝင်သော အကြောင်းအရာများကို မေးခွန်းများမေးပါမည်။
- ⦿ "ဒီစာမျက်နှာမှာ ဘာအကြောင်းအရာတွေပါသလဲ" ဟု မေးပြီး ကလေးများကို ပြောစေပါမည်။
- ဒုတိယစာမျက်နှာကို လေးကြောင်းမျဉ်းတွင် ရေးစေမည်။

**နိဂုံးချုပ်ခြင်း**
- ကလေးများ ရေးသားထားသောမှတ်စုကို နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်စေပြီး အချင်းချင်းစစ်ဆေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**
- လုပ်ငန်းစဉ်အတွင်း အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိနှင့် မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ
- ပုံပြင်ဖတ်ရာတွင် အားနည်းသော ကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- မေးခွန်း ၂ ၏ အဖြေမှာ "ဒီလူကို သတ်ကြဟေ့။ အဝတ်အစားတွေကိုလဲ ယူကြဟေ့"ဟု အော်ပါသည်။
- မေးခွန်း ၃ အတွက် နမူနာ အဖြေ
ခိုးသူတို့၏ စရိုက်သဘာဝအပြောအဆို ရိုင်းစိုင်းသည့်အတွက် ခိုးသူတို့ထံတွင် ရောက်ရှိနေသော ကျေးသည် ပတ်ဝန်းကျင်ကိုလိုက်ပြီး ပြောင်းလဲသွားခြင်းဖြစ်ပါသည်။
- စာပိုဒ်ကို ရေးသားနေချိန်တွင် ဆရာသည် အတန်းတွင်း လှည့်လည်ကြည့်ရှုပြီး ကလေးများ ရေးသားထားသည်များကို ဆရာက စစ်ဆေးပေးရပါမည်။

## အခန်း (၇-က) ကျေးညီနောင်
## အကြံပြုစာသင်ချိန် ၁၀ ချိန် (ဆဋ္ဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ပထမစာမျက်နှာနှင့် ဒုတိယစာမျက်နှာရှိ စာပိုဒ်ကို တစ်တန်းလုံး ဖတ်စေကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက နောက်ဆုံးစာမျက်နှာကို တစ်တန်းလုံးဖတ်စေမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⦿ မေးခွန်း ၄ ၏ အဖြေကို စဉ်းစားစေကာ နှစ်ယောက်တစ်တွဲ ဆွေးနွေးစေမည်။
- ကလေးများ စဉ်းစားထားသည့်အဖြေကို အတန်းရှေ့တွင် ကလေး ၃ ဦး ၄ ဦးခန့် ပြောစေမည်။
- ကလေးများပြောသောအဖြေကို ဆရာက သင်ပုန်းမှတ်ချက် ရေးရပါမည်။
- ⦿ အဖြေကို မှတ်စုတွင် ရေးစေမည်။
- ⦿ "ဒီစာမျက်နှာမှာ ဘာအကြောင်းအရာတွေပါသလဲ" ဟု မေးပြီး ကလေးများကို ပြောစေပါမည်။
  "ဘုရင်ကြီးက ဘယ်လိုချီးကျူးစကားပြောသလဲ"
  "ဘုရင်ကြီးကို ကျေးသားငယ်က ဘယ်လိုရှင်းပြသလဲ"
  "ဘုရင်ကြီးက ဘာကြောင့် ပြုံးမိသလဲ"
- နောက်ဆုံးစာမျက်နှာကို လေးကြောင်းမျဉ်းတွင် ရေးစေမည်။

**နိဂုံးချုပ်ခြင်း**

- ကလေးများ ရေးသားထားသော မှတ်စုကို နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်စေပြီး အချင်းချင်းစစ်ဆေးကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိ နှင့် မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

ဘုရင်ကြီးသည် ရသေ့တို့နေရာသို့ရောက်၍ နားနေပြန်၏။ ထိုအခါ ရသေ့တို့မွေးထားသောကျေးက "အရှင်မင်းကြီး ကြွပါ။ အပန်းဖြေပါ။ အေးမြတဲ့ ရေကို သောက်ပါ။ သစ်သီးတွေကို သုံးဆောင်ပါ"ဟု သာယာသောအသံဖြင့် ကြိုဆို၏။ ဘုရင်လည်း "ကျေးသားငယ် အရင်ငါတွေ့ခဲ့ဖူးတဲ့ ကျေးက မင်းလို မဟုတ်ဘူး။ အလွန်ရိုင်းစိုင်းလှတယ်။ မင်းကတော့ ယဉ်ကျေးလှပါပေတယ်"ဟု ချီးမွမ်း၏။





"အရှင်မင်းကြီး အဲဒီကျေးငယ်က အကျွန်ုပ်ရဲ့ ညီဖြစ်ပါတယ်။ ကျွန်ုပ်တို့ညီနောင်ဟာ လေမုန်တိုင်းကြောင့်တကွဲတပြားစီ ဖြစ်ခဲ့ကြရပါတယ်။ ကျွန်ုပ်ရဲ့ညီလေးဟာ ခိုးသူတို့ဆီကို ရောက်သွားပြီး ကြမ်းတမ်းရိုင်းစိုင်းသွားရပါတယ်။ ကျွန်ုပ်ကတော့ ဆရာရသေ့ဆီရောက်လို့ နူးညံ့သိမ်မွေ့ရပါတယ်"ဟု ကျေးကဆိုလေသည်။

ကျေးသား၏စကားကိုကြားရသော်ရှင်ဘုရင်ကြီးကပြုံးမိလေသတည်း။

၄၃

### အရေးကြီးသောအချက်များ

- ပုံပြင် ဖတ်ရာတွင် အားနည်းသော ကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- မေးခွန်း ၄ အတွက် နမူနာ အဖြေ
  ရသေ့တို့သည် စကားအပြောအဆိုယဉ်ကျေးသောကြောင့် ရသေ့ထံတွင် ရောက်ရှိနေသော ကျေးသည်အပြောအဆို ယဉ်ကျေးခြင်းဖြစ်ပါသည် " အရှင်မင်းကြီးကြွပါ။ အပန်းဖြေပါ။ အေးမြတဲ့ ရေကို သုံးဆောင်ပါ။ သစ်သီးတွေကို သုံးဆောင်ပါ"
- စာပိုဒ်ကို ရေးသားနေချိန်တွင် ဆရာသည် အတန်းတွင်း လှည့်လည်ကြည့်ရှုမည်။
- ကလေးများ ရေးသားထားသည်များကို ဆရာကစစ်ဆေး ပေးရပါမည်။
- ဘုရင်ကြီးက အဘယ်ကြောင့် ပြုံးသနည်း မေးခွန်းအတွက် နမူနာအဖြေ (၁)
  ကျေးနှစ်ကောင်ရောက်ရှိသွားသည့် ပတ်ဝန်းကျင်ပေါ်မူတည်ပြီး အပြုအမူများပြောင်းလဲသွားတတ်ကြောင်းကို ဘုရင်ကြီးက သိမြင်ပြီး ပြုံးခြင်းဖြစ်ပါသည်။
  နမူနာအဖြေ (၂)
  "ရသေ့တို့ထံရောက်ရှိသွားတဲ့ကျေးက အပြောအဆိုယဉ်ကျေးတယ်" ဟုဆိုပြီးပြုံးခြင်းဖြစ်ပါသည်။

७။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

**လေ့ကျင့်ခန်း**

အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။

မောပန်း၊ ကျောင်းသခ်မ်း၊ အန္တရာယ်၊ ဟစ်အော်၊ တိုက်တွန်း

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

အေးမြ၊ လေပြင်းမုန်တိုင်း၊ သုံးဆောင်၊ ချီးမွမ်း၊ နူးညံ့သိမ်မွေ့

**သာဓက**

အေးမြ ။ ။ သစ်ပင်ရိပ်သည် အလွန်အေးမြပါသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ကျေးညီနောင်တို့သည် အဘယ်ကြောင့် ကွဲကွာခဲ့ကြရသနည်း။
၂။ ခိုးသူတို့မွေးထားသော ကျေးသည် ဘုရင်ကြီးကို မြင်လျှင် မည်ကဲ့သို့ ဟစ်အော်သနည်း။
၃။ ခိုးသူတို့ မွေးထားသော ကျေးသည် အဘယ်ကြောင့် ထိုသို့ဟစ်အော်သနည်း။
၄။ ရသေ့တို့ မွေးထားသော ကျေးသည် ဘုရင်ကြီးကိုမြင်လျှင် မည်သို့ ပြောဆိုသနည်း၊ အဘယ်ကြောင့်ထိုသို့ ပြောဆိုသနည်း။
၅။ ကျေးညီနောင်ပုံပြင်မှ မည်သည့်သင်ခန်းစာများ ရသနည်း။
၆။ အပြောအဆို ယဉ်ကျေးလိမ္မာခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြပါ။

၃၇

## အရေးကြီးသောအချက်များ

- ဆရာက ကလေးများ ပြောကြားထားသည်များနှင့် ရေးသားထားသော ဝါကျများ မှန်ကန်ခြင်း ရှိ မရှိကို စစ်ဆေးပေးရပါမည်။

## အခန်း (၇-က) ကျေးညီနောင်
## အကြံပြုစာသင်ချိန် ၁၀ ချိန် (သတ္တမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ဒီနေ့တော့ လေ့ကျင့်ခန်းမှာပါတဲ့ စကားလုံးတွေနဲ့ ဝါကျဖွဲ့ကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက **ချီးမွမ်း** ဟူသော စကားလုံးကို ဝါကျဖွဲ့ပြီး နမူနာဝါကျဖွဲ့ပြမည်။
- **လေပြင်းမုန်တိုင်း** ဟူသော စကားလုံးဖြင့် နှစ်သက်ရာ ဝါကျ ဖွဲ့စေမည်။
- ⦿ ကလေးများ ပြောကြားသော ဝါကျများကို သင်ပုန်းတွင် ရေးကာ သဒ္ဒါမှားယွင်းပါက ဆရာက ပြင်ပေးမည်။
- ဆရာရေးထားသော ဝါကျများကို မှတ်စုစာအုပ် တွင် ကူးရေးစေမည်။
- ⦿ ကျန်စကားလုံးများကို ဝါကျများဖွဲ့စေကာ အချင်းချင်း ပြောပြီးနောက် မှတ်စုတွင် ရေးသားစေမည်။

**နိဂုံးချုပ်ခြင်း**

- "ဒီနေ့ လေ့ကျင့်ခန်းတွေ ဖြေပြီးပြီဆိုတော့ နောက်တစ်ချိန်မှာ ကိုယ်တိုင်သရုပ်ဆောင်ကြည့်ကြမယ် "ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မှန်ကန်စွာ ဝါကျဖွဲ့နိုင်ခြင်း ရှိ မရှိ နှင့် မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၇-က) ကျေးညီနောင်
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (အဌမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ဒီအချိန်မှာ ပုံပြင်ထဲကအတိုင်း သရုပ်ဆောင်ကြည့်ကြမယ်နော်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက အုပ်စုဖွဲ့ပေးရပါမည်။ အုပ်စုဖွဲ့ရာတွင် ခိုးသူတို့ ကျေး၊ ရသေ့တို့ကျေး၊ ဘုရင်ကြီး၊ ဇာတ်ကြောင်းပြောသူ တစ်ဦး စသည်ဖြင့် သရုပ်ဆောင်စေရန် သတ်မှတ်ပေးပါမည်။
- ထို့နောက် ဆရာက ပုံပြင်ကို ဟန်ပန်အမူအရာ အသံနေအသံထားအတိုင်း ဖတ်ပြပါမည်။
- ကလေးများကိုလည်း နောက်ကလိုက်၍ ဖတ်စေပါမည်။ (နှစ်ကြိမ်၊ သုံးကြိမ်ခန့်)
- ⊙ အုပ်စုတွင်းဆွေးနွေးစေရာတွင် ဇာတ်ဆောင်ပြောစကား၊ ဟန်ပန်အမူအရာတို့ကို မည်သို့သရုပ်ဆောင်မည်ဆိုသည့်အချက်ကို ဆွေးနွေးစေပါမည်။
- အုပ်စုတွင်းဆွေးနွေးချက်များကို ၂ ဖွဲ့ ၃ ဖွဲ့ အတန်းရှေ့ထွက်ပြီး ပြောစေပါမည်။
- ⊙ ထို့နောက် ပုံပြင်ပါ ဇာတ်ဆောင်တို့၏ ပြောစကားအတိုင်း အုပ်စုအတွင်း သရုပ်ဆောင်ကာ လေ့ကျင့်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- "ပုံပြင်ထဲကအတိုင်း အသံနေအသံထားနဲ့ ပြောတတ်ကြပြီ မဟုတ်လား နောက်တစ်ချိန်မှာ ကလေးတို့ကိုယ်တိုင် သရုပ်ဆောင်ကြရမယ်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း အုပ်စုလိုက်ဆောင်ရွက်နေစဉ် ဇာတ်ကြောင်းပြောသူနှင့် ဇာတ်ဆောင်တို့၏ အဖွဲ့တွင်း အသံနေအသံထား ဟန်ပန်အမူအရာအတိုင်း လေ့ကျင့်နိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါ မည်။

---

၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် မြန်လှန်လေ့ကျင့်သင်ကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

မောပန်း၊ ကျောင်းသခ်မ်း၊ အန္တရာယ်၊ ဟစ်အော်၊ တိုက်တွန်း

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

အေးမြ၊ လေပြင်းမုန်တိုင်း၊ သုံးဆောင်၊ ချီးမွမ်း၊ နူးညံ့သိမ်မွေ့

သာဓက

အေးမြ ။ ။ သစ်ပင်ရိပ်သည် အလွန်အေးမြပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ ကျေးညီနောင်တို့သည် အဘယ်ကြောင့် ကွဲကွာခဲ့ကြရသနည်း။
၂။ ခိုးသူတို့မွေးထားသော ကျေးသည် ဘုရင်ကြီးကို မြင်လျှင် မည်ကဲ့သို့ ဟစ်အော်သနည်း။
၃။ ခိုးသူတို့ မွေးထားသော ကျေးသည် အဘယ်ကြောင့် ထိုသို့ဟစ်အော်သနည်း။
၄။ ရသေ့တို့ မွေးထားသော ကျေးသည် ဘုရင်ကြီးကိုမြင်လျှင် မည်သို့ ပြောဆိုသနည်း။ အဘယ်ကြောင့်ထိုသို့ ပြောဆိုသနည်း။
၅။ ကျေးညီနောင်ပုံပြင်မှ မည်သည့်သင်ခန်းစာများ ရသနည်း။
၆။ အပြောအဆို ယဉ်ကျေးလိမ္မာခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြပါ။

၃၄

---

### အရေးကြီးသောအချက်များ

- အုပ်စုဖွဲ့ရာတွင် ၄ ယောက်တစ်အုပ်စုဖွဲ့ ပေးရပါမည်။
- သရုပ်ဆောင်ပြောကြားရာတွင် ဟန်ပန်အမူအရာ အသံနေအသံထား မှန်မှန် လေ့ကျင့်ရပါမည်။

၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

မောပန်း၊ ကျောင်းသခ်မ်း၊ အန္တရာယ်၊ ဟစ်အော်၊ တိုက်တွန်း

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

အေးမြ၊ လေပြင်းမုန်တိုင်း၊ သုံးဆောင်၊ ချီးမွမ်း၊ နူးညံ့သိမ်မွေ့

**သာဓက**

အေးမြ ။ ။ သစ်ပင်ရိပ်သည် အလွန်အေးမြပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ ကျေးညီနောင်တို့သည် အဘယ်ကြောင့် ကွဲကွာခဲ့ကြရသနည်း။

၂။ ခိုးသူတို့မွေးထားသော ကျေးသည် ဘုရင်ကြီးကို မြင်လျှင် မည်ကဲ့သို့ ဟစ်အော်သနည်း။

၃။ ခိုးသူတို့ မွေးထားသော ကျေးသည် အဘယ်ကြောင့် ထိုသို့ဟစ်အော်သနည်း။

၄။ ရသေ့တို့ မွေးထားသော ကျေးသည် ဘုရင်ကြီးကိုမြင်လျှင် မည်သို့ ပြောဆိုသနည်း၊ အဘယ်ကြောင့်ထိုသို့ ပြောဆိုသနည်း။

၅။ ကျေးညီနောင်ပုံပြင်မှ မည်သည့်သင်ခန်းစာများ ရသနည်း။

၆။ အပြောအဆို ယဉ်ကျေးလိမ္မာခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြပါ။

၃၄

## အရေးကြီးသောအချက်များ

- အုပ်စုတစ်စု သရုပ်ဆောင်ပြီးတိုင်း ဆရာက ချီးကျူးစကား ပြောပေးရပါမည်။
- အုပ်စုတွင်း ကလေးအချင်းချင်း အားပေးချီးကျူးစကား ပြောပေးခြင်း၊ လိုအပ်ချက်များ ဖြည့်စွက်ပြောကြားပေးခြင်းများ ပြုလုပ်ပေးရပါမည်။
- ကလေးအားလုံး ပါဝင်သရုပ်ဆောင်နိုင်အောင် ဆရာက စီစဉ်ပေးရပါမည်။

**အခန်း (၇-က) ကျေးညီနောင်**
**အကြံပြုစာသင်ချိန် ၁၀ ချိန် (၃၀မအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- "ကလေးတို့ အရင်အချိန်မှာ လေ့ကျင့်ပြီးပြီဆိုတော့ အခုချိန်မှာ သရုပ်ဆောင်ကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက ယခင်အုပ်စုအတိုင်းပြန်ဖွဲ့၍ ပုံပြင်ကို ဖတ်စေပါမည်။
- ⊙ ဦးစွာသရုပ်ဆောင်လိုသော အုပ်စုတစ်စုအား အတန်းရှေ့သို့ခေါ်ပြီး သရုပ်ဆောင်စေပါမည်။
- ⊙ သရုပ်ဆောင်ရာတွင် ကလေးများကိုယ်တိုင် ဟန်ပန် အမူအရာ အသံနေအသံထားဖြင့် သရုပ်ဆောင်စေရပါမည်။
- ⊙ ကျန်ကလေးများကို သေချာစွာကြည့်ရှုစေပြီး လိုအပ်သည်များကို ကလေးအချင်းချင်း ပြောစေပါမည်။
- ကျန်အုပ်စုများကို ဆက်လက်သရုပ်ဆောင်စေပါမည်။

### နိဂုံးချုပ်ခြင်း

- "ပုံပြင်ထဲကအတိုင်း သရုပ်ဆောင်ခဲ့ကြတယ်နော်။ အဲလို သရုပ်ဆောင်ရတာ ပျော်စရာကောင်းသလား။ သူတို့ ပြောစကားအတိုင်းပြောရတာ ဘယ်လိုခံစားရသလဲ" ဟုမေးပြီးကလေးများကို ဖြေစေကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပုံပြင်ကို သရုပ်ဆောင်နိုင်ခြင်း ရှိ မရှိနှင့် အဆုံးသတ်မေးခွန်းကို ဖြေဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၇-က) ကျေးညီနောင်
## အကြံပြုစာသင်ချိန် ၁၀ ချိန် (ဒသမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

#### နိဒါန်း

- “ဒီနေ့ ကျေးညီနောင် ပုံပြင်လေးကနေ ဘယ်လို သင်ခန်းစာတွေရခဲ့တယ်။ ဘာမှတ်သားစရာတွေ ရခဲ့တယ်ဆိုတာကို စဉ်းစားကြည့်ကြရအောင်” ဟုပြောပြီး နိဒါန်းပျိုးမည်။

#### လုပ်ငန်းစဉ်

- ကလေးအားလုံး ပုံပြင်တစ်ပုဒ်လုံးကို ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⦿ မေးခွန်း ၅ “ ကျေးညီနောင်ပုံပြင်မှ မည်သည့်သင်ခန်းစာများ ရသနည်း” ကို ဖတ်စေပြီး စဉ်းစားစေပါမည်။
- ⦿ အဖြေကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေမည်။
- ⦿ ကလေးများ ဆွေးနွေးထားသော အဖြေကို မှတ်စုတွင် ရေးစေမည်။
- ထို့နောက် ကလေး ၃ ဦး ၄ ဦးခန့်ပြောစေပါမည်။
- မေးခွန်း ၆ ကိုလည်း မေးခွန်း ၅ သင်နည်းအတိုင်း သင်ကြားမည်။

#### နိဂုံးချုပ်ခြင်း

- “ကျေးညီနောင် ပုံပြင်လေးကနေ ဘယ်လိုသင်ခန်းစာတွေ ရခဲ့တယ်၊ ဘာမှတ်သားစရာတွေ ရခဲ့တယ်ဆိုတာ ပြောကြည့်ပါအုံး” ဟုပြောကာ ရေးသားထားသော မှတ်စုကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်စစ်စေပြီး နိဂုံးချုပ်ပါမည်။

#### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများ နှစ်ယောက်တစ်တွဲ ဆွေးနွေးချက်ကို ရေးနိုင်ခြင်း ရှိ မရှိနှင့် ပြောကြားနိုင်ခြင်း ရှိ မရှိပေါ် မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

မောပန်း၊ ကျောင်းသင်္ခမ်း၊ အန္တရာယ်၊ ဟစ်အော်၊ တိုက်တွန်း

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

အေးမြ၊ လေပြင်းမုန်တိုင်း၊ သုံးဆောင်၊ ချီးမွမ်း၊ နူးညံ့သိမ်မွေ့

**သာဓက**

အေးမြ ။ ။ သစ်ပင်ရိပ်သည် အလွန်အေးမြပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ ကျေးညီနောင်တို့သည် အဘယ်ကြောင့် ကွဲကွာခဲ့ကြရသနည်း။
၂။ ခိုးသူတို့မွေးထားသော ကျေးသည် ဘုရင်ကြီးကို မြင်လျှင် မည်ကဲ့သို့ ဟစ်အော်သနည်း။
၃။ ခိုးသူတို့ မွေးထားသော ကျေးသည် အဘယ်ကြောင့် ထိုသို့ဟစ်အော်သနည်း။
၄။ ရသေ့တို့ မွေးထားသော ကျေးသည် ဘုရင်ကြီးကိုမြင်လျှင် မည်သို့ ပြောဆိုသနည်း။ အဘယ်ကြောင့်ထိုသို့ ပြောဆိုသနည်း။
၅။ ကျေးညီနောင်ပုံပြင်မှ မည်သည့်သင်ခန်းစာများ ရသနည်း။
၆။ အပြောအဆို ယဉ်ကျေးလိမ္မာခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြပါ။

၃၄

### အရေးကြီးသောအချက်များ

- မေးခွန်း ၅ နှင့် ၆ ၏ အဖြေသည် လွတ်လပ်စွာ စဉ်းစားဖြေဆိုရမည့် အဖြေများဖြစ်ကြောင်း ဆရာက ရှင်းပြရပါမည်။
- မေးခွန်း ၅ နမူနာအဖြေ
  ကျေးညီနောင်ပုံပြင်မှ နေရာဒေသ ပတ်ဝန်းကျင်ပေါ် မူတည်ပြီး အကျင့်စရိုက်များ ပြောင်းလဲသွားနိုင်ကြောင်း သင်ခန်းစာများ ရရှိပါသည်။
- မေးခွန်း ၆၏ နမူနာအဖြေ
  အပြောအဆိုယဉ်ကျေးသည့်အတွက် သူငယ်ချင်းတွေ အများကြီး ရလာတယ် လူချစ်လူခင်ပေါလာတယ် စသည်ဖြင့် ကလေးများ၏ အတွေ့အကြုံပေါ် မူတည်၍ ဖြေဆိုနိုင်အောင် ဆရာက ပံ့ပိုးပေးရပါမည်။

## (ခ) အတာသင်္ကြန်



တန်ခူးလသည် နှစ်သစ်ကူးသောလဖြစ်သည်။

တန်ခူးလကို အတာကူးသောလ ဟူ၍လည်း သိကြသည်။ အတာကူးခြင်းဆိုသည်မှာ နှစ်ကာလကူးပြောင်းခြင်းပင် ဖြစ်သည်။ တန်ခူးလ ပိတောက်ပန်းပွင့်ချိန်တွင် မြန်မာ ရိုးရာသင်္ကြန်ရေသဘင်ပွဲတော်ကို ကျင်းပကြသည်။ သင်္ကြန်ဟူသောစကားသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။

သင်္ကြန်အခါတွင် လူအများသည် ဘုရားပုထိုးများတွင် ရေသပ္ပာယ်ကြသည်။ ကုသိုလ်ကောင်းမှုပြုကြသည်။ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်။ တိရစ္ဆာန်များ ကိုလည်း ဘေးမဲ့လွှတ်ကြသည်။





### အဓိကအချက်များ

- မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်တွင် မြန်မာ့ဓလေ့အရ ဆောင်ရွက်သည်များကို သိရှိစေရမည်။
- ရေသဘင်ပွဲတော် အတွေ့အကြုံကို ကလေးများ ပြောနိုင် ရေးနိုင်ရပါမည်။
- စာပိုဒ်ကိုဖတ်၍ စကားလုံးအသစ်များ၊ အကြောင်းအရာများကို သိရှိနားလည်စေရပါမည်။

### အရေးကြီးသော အချက်များ

- ဆရာဖတ်ပြချိန်တွင် အဖြတ်အရပ် နေရာများကို မှတ်သား ထားစေမည်။
- ကလေးများ ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေမည်။

## အခန်း(၇-ခ) အတာသင်္ကြန်
## အကြိမ်ပြုစာသင်ချိန် ၁၀ မိနစ် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ဖတ်စာပါအကြောင်းအရာကို နားလည်ပြီး မိမိအတွေ့ အကြုံများကို ရေးသားတတ်ရန်
- မြန်မာ့ရိုးရာ အတာသင်္ကြန် အကြောင်းကို သိရှိစေရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ နေ့ရာသီ သင်္ကြန်ပွဲမှာ ရေကစားဖူး ကြတယ်မဟုတ်လား။ ပျော်ဖို့ကောင်းသလား" ဟု မေးပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ဖတ်စာအုပ်ပါ ရုပ်ပုံများကို ကြည့်စေပါမည်။
- ⦿ ကလေးများအားလုံးကို ဦးစွာ ဖြေကြားစေပြီးမှ နှစ်ယောက်တစ်တွဲ ထင်မြင်ချက်များ ပြောကြားစေမည်။
- နှစ်ယောက်တစ်တွဲ ပြောကြားထားသည်များကို ၃၊ ၄တွဲ ခန့် အတန်းသို့ ပြောစေပါမည်။
- ⦿ ဆရာက စာတစ်ပုဒ်လုံးကို ဖတ်ပြကာ အဖြတ်အရပ် မှန်မှန် ဖတ်ရမည့်နေရာကို မှတ်သားထားစေမည်။
- ဆရာ့နောက်မှလိုက်ကာ ဖတ်စေမည်။
- တစ်တန်းလုံး အစအဆုံး ဖတ်စေမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)

**နိဂုံးချုပ်ခြင်း**

- "ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံထဲက အကြောင်းနဲ့ ကလေးတို့ တွေးထားတာတူသလား" ဟုမေးပြီး ဖြေစေပါမည်။
- "နောက်စာသင်ချိန်ကျရင် အသေးစိတ် သင်ကြားကြ မယ်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း အတာသင်္ကြန်ပါ ရုပ်ပုံကိုကြည့်၍ မိမိထင်မြင်ချက်များကို ပြောနိုင်ခြင်း ရှိ မရှိပေါ် မူတည် ၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း(၇-ခ) အတာသင်္ကြန်**
**အကြံပြုစာသင်ချိန် ၁၀ ချိန်(ဒုတိယ၊တတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

**နိဒါန်း**

- "ဒီစာသင်ချိန်မှာ ဖတ်စာထဲမှာပါတဲ့ အတာသင်္ကြန် ပထမစာပိုဒ်ကို ဖတ်ကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- တစ်တန်းလုံး ပထမစာပိုဒ်ကို ဖတ်စေပါမည်။ ထို့နောက် အဖွဲ့လိုက်၊ တစ်ဦးချင်း ဖတ်စေပါမည်။
- ⦿ ကလေးများအား ခက်ခဲသောစကားလုံးများကို မျဉ်းသားစေမည်။
- ⦿ ကလေးများပြောသည့် စကားလုံးများကို သင်ပုန်းတွင် ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မေးမည်။
- ကလေးများ၏ ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက် ပြောကြားမည်။
- စကားလုံးများကို မှတ်စုတွင် ရေးသားစေပါမည်။
- ⦿ ပထမစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ပထမစာပိုဒ်ကို တစ်တန်းလုံးဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင် ရေးသားနိုင်ခြင်းရှိ မရှိ ပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

## သင်ကြားသင်ယူမှုလုပ်ငန်း (တတိယအချိန်)

**နိဒါန်း**

- ဆရာက ပထမစာပိုဒ်ကို ပြန်လည်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ဆရာက ဒုတိယနှင့် တတိယစာပိုဒ်ကို တစ်တန်းလုံး ဖတ်စေမည်။ ထို့နောက် အဖွဲ့လိုက်၊ တစ်ဦးချင်း ဖတ်စေပါမည်။
- ⦿ ကလေးများအား ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ⦿ ဆရာက ကလေးများပြောသည့် စကားလုံးများကို သင်ပုန်းတွင်ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မေးမည်။
- ကလေးများ၏ ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားမည်။

၇။ ဖာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

**(ခ) အတာသင်္ကြန်**



တန်ခူးလသည် နှစ်သစ်ကူးသောလဖြစ်သည်။ ၁

တန်ခူးလကို အတာကူးသောလ ဟူ၍လည်း သိကြသည်။ အတာကူးခြင်းဆိုသည်မှာ နှစ်ကာလကူးပြောင်းခြင်းပင် ဖြစ်သည်။ တန်ခူးလ ပိတောက်ပန်းပွင့်ချိန်တွင် မြန်မာ ရိုးရာသင်္ကြန်ရေသဘင်ပွဲတော်ကို ကျင်းပကြသည်။ သင်္ကြန်ဟူသောစကားသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။

သင်္ကြန်အခါတွင် လူအများသည် ဘုရားပုထိုးများတွင် ရေသပ္ပာယ်ကြသည်။ ကုသိုလ်ကောင်းမှုပြုကြသည်။ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်။ တိရစ္ဆာန်များ ကိုလည်း ဘေးမဲ့လွှတ်ကြသည်။ ၂



၉၅

**အရေးကြီးသောအချက်များ**

- ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားစေကာ တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း ဖတ်စေမည်။
- စကားလုံးအသစ်များ၊ စာကြောင်းများကို မှန်ကန်စွာ ရေးသားနိုင်ရန် လေ့ကျင့်မည်။
- စကားလုံးများနှင့် စာပိုဒ်ကို ရေးသားနေချိန်တွင် ဆရာသည် အတန်းသို့ လှည့်လည်ကြည့်ရှုမည်။

စကားလုံးများ

ရိုးရာ၊ အဓိပ္ပာယ်၊ နှစ်သစ်၊ ရေသပ္ပာယ်၊ ဘေးမဲ့၊ ကုသိုလ်၊ စတုဒိသာ

စကားလုံးအချို့၏အဓိပ္ပာယ်များ

ရေသပ္ပာယ် = ဆင်းတုတော်ကို ရေဖြင့် သွန်းလောင်းသန့်စင်သည်။

စတုဒိသာ = အရပ်လေးမျက်နှာမှ ရောက်လာသူမှန်သမျှကို ကျွေးမွေးခြင်း

- စကားလုံးများကို မှတ်စုတွင် ရေးသားစေမည်။
- ဒုတိယနှင့် တတိယစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဒုတိယနှင့် တတိယစာပိုဒ်ကို ပြန်ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို မှန်ကန်စွာ ဖတ်နိုင်၊ ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်



ရတနာသုံးပါး၊ ဆရာသမား၊ ဘိုးဘွားမိဘစသော ရိုသေထိုက်သူတို့ကို ကန်တော့ကြသည်။ သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုကြသည်။ ၃

လူငယ်များသည် သင်္ကြန်အခါတွင် တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ ရေပက်ကစားကြသည်။ ငွေဖလားတွင် အမွှေးနံ့သာရည်များထည့်ကာ သပြေခက်များဖြင့် ယဉ်ကျေးစွာ ရေကစားကြသည်။ အချို့မှာ အိုးစည်ဗုံမောင်းတီးလျက် အကအခုန်များဖြင့် ရေသဘင်ပွဲကို ဆင်နွှဲကြသည်။ မြို့ကြီးပြကြီးများတွင် မဏ္ဍပ်များထိုး၍ သင်္ကြန်တေးသီချင်းများ၊ သင်္ကြန်ယိမ်းအကများ၊ သံချပ်များဖြင့် ကပြဖျော်ဖြေကြသည်။ အလှပြသင်္ကြန်ကားကြီးများနှင့် လှည့်လည် ကပြကြသည်။ ၄

သင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာ ရေသဘင်ပွဲဖြစ်သည့်အတွက် ကျွန်ုပ်တို့သည် ပျော်ရွှင်စွာနှင့် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲသင့်ပေသည်။



၇၆

## အခန်း(၇-ခ) အတာသင်္ကြန်
## အကြိုပြုစာသင်ချိန် ၁၀ ချိန် (စတုတ္ထ၊ ပဉ္စမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း (စတုတ္ထအချိန်)

**နိဒါန်း**

♦ "ဒီစာသင်ချိန်မှာ စတုတ္ထစာပိုဒ်ကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ စတုတ္ထစာပိုဒ်ကို တစ်တန်းလုံး ဖတ်စေမည်။ ထို့နောက် အဖွဲ့လိုက်၊ တစ်ဦးချင်းဖတ်စေပါမည်။

⊙ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။

⊙ ကလေးများပြောသော စကားလုံးများကို သင်ပုန်းတွင် ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မေးမည်။ ကလေးများ၏ဖြေဆိုချက် လိုအပ်နေလျှင် ဆရာက ဖြည့်စွက် ပြောကြားမည်။

♦ စကားလုံးများကို မှတ်စုတွင် ရေးသားစေမည်။

♦ စတုတ္ထစာပိုဒ်ကို လေးကြောင်းမျဉ်းတွင် ရေးသားစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ဖတ်စာ တစ်ပုဒ်လုံးကို ဖတ်စေပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း စတုတ္ထစာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍စစ်ဆေးအကဲဖြတ်မည်။

### သင်ကြားသင်ယူမှုလုပ်ငန်း (ပဉ္စမအချိန်)

**နိဒါန်း**

♦ ယခင်အချိန်က ခက်ခဲသော စကားလုံးအဓိပ္ပာယ်များကို ပြန်မေးကာ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

♦ ဖတ်စာတစ်ပုဒ်လုံးကို တစ်တန်းလုံး ဖတ်စေပါမည်။

⊙ ထို့နောက် ဆရာက စာလုံးပေါင်းသတ်ပုံခေါ်ပေး၍ ကလေးများကို ရေးစေပါမည်။

⊙ ဆရာက သတ်ပုံခေါ်ပြီးပါက သတ်ပုံအမှန်ကို သင်ပုန်းတွင် ရေးပြပြီး သတ်ပုံ မှန် မမှန် တိုက်ဆိုင် စစ်ဆေးစေပါမည်။

♦ ထို့နောက် စာတစ်ပုဒ်လုံးကို မိမိစကားဖြင့် ကလေးများ နားလည်သလို ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

♦ ဆရာက "နောက်တစ်ချိန်မှာ ဖတ်စာက စကားလုံးတွေကို ဝါကျဖွဲ့ကြမယ်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

### အရေးကြီးသောအချက်များ

♦ ဆရာက လိုအပ်လျှင် ကလေးများကို ကူညီပံ့ပိုးပေးရပါမည်။

♦ စကားလုံးအဓိပ္ပာယ်ကို လွတ်လပ်စွာပြောစေမည်။ ဆရာက စာလုံးပေါင်းသတ်ပုံ စစ်ဆေးပေးရပါမည်။

စကားလုံးအချို့၏အဓိပ္ပာယ်များ

နံ့သာ= အမွှေးနံ့၊ အမွှေးနံ့ရှိသောဝတ္ထုပစ္စည်း

သင်္ကြန်ယိမ်း = သင်္ကြန်အတွင်း၌ စုပေါင်း၍ ညီညီညာညာကပြသော အကတစ်မျိုး

♦ ဆရာက စာတစ်ပုဒ်လုံးကို မိမိစကားဖြင့် ကလေးများ နားလည်သလို ပြောနိုင်ရန် ကူညီပံ့ပိုးပေးရပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း သတ်ပုံမှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း(၇-၈) အတာသကြန်**
**အကြံပြုစာသင်ချိန် ၁၀ မိနစ် (ဆဋ္ဌမ၊ သတ္တမအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း (ဆဋ္ဌမအချိန်)

### နိဒါန်း

- "ဒီနေ့စကားလုံးတွေနဲ့ ဝါကျဖွဲ့ကြရအောင်"ဟုပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ဆရာက **ရေသဘင်ပွဲ**ဟူသော စကားလုံးကို ဝါကျဖွဲ့ပြီး နမူနာစာကြောင်းကို ရေးပြမည်။
- ⦿ **နှစ်သစ်ကူး** ဟူသော စကားလုံးကို ဝါကျဖွဲ့စေပါမည်။ ဝါကျများကို မှတ်စုတွင် ရေးသားစေပါမည်။
- ကလေးများ၏ဝါကျဖွဲ့ပုံ မှန်ကန်စေရန် ဆရာက ဖြည့်စွက်ပြောကြားမည်။
- ကလေးများ ရေးပြီးပါက ကလေး ၃ ဦး ၄ ဦးခန့် ပြောစေပါမည်။
- ကျန်စကားလုံးများကိုလည်း အထက်ပါအတိုင်း ဝါကျဖွဲ့စေပါမည်။

### နိဂုံးချုပ်ခြင်း

- "နောက်တစ်ချိန်မှာ မေးခွန်းတွေကို ဆက်ဖြေကြမယ်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပေးထားသော စကားလုံးကိုသုံး၍ ဝါကျများကို မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## သင်ကြားသင်ယူမှုလုပ်ငန်း (သတ္တမအချိန်)

### နိဒါန်း

- "ဒီနေ့ မေးခွန်းရဲ့အဖြေကို စဉ်းစားကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ⦿ မေးခွန်း ၁ ကို ကလေးများ ဖတ်စေပါမည်။ မေးခွန်း ၁ ၏ အဖြေက မည်သည့်နေရာဖြစ်သည်ကို မျဉ်းသားစေမည်။
- ⦿ ရှာတွေ့ထားသော နေရာများကို နှစ်ယောက်တစ်တွဲ ပြောစေမည်။
- ကလေးများကို လွတ်လပ်စွာ ဖြေစေပါမည်။
- ⦿ ကလေး ၁ ဦး၊ ၂ ဦးကို မေး၍ ဆရာက အဖြေမှန်မမှန် ပြောပြပေးရပါမည်။
- အဖြေကို မှတ်စုတွင် ရေးစေမည်။
- မေးခွန်း ၂ နှင့် ၃ ကိုလည်း အထက်ပါအတိုင်း ဖြေဆိုစေပါမည်။

၇။ ဖတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

တန်ခူး၊ သင်္ကြန်၊ အဓိပ္ပာယ်၊ ရေသပ္ပာယ်၊ မဏ္ဍပ်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

ရေသဘင်ပွဲ၊ နှစ်သစ်ကူး၊ ကုသိုလ်ကောင်းမှု၊ သက်ကြီးရွယ်အို၊ ဘေးမဲ့လွှတ်

**သာဓက**

ရေသဘင်ပွဲ ။ ။ ကျွန်တော်တို့သည် ရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ အတာကူးခြင်း ဆိုသည်မှာအဘယ်နည်း။
၂။ သင်္ကြန်ဟူသောစကား၏ အဓိပ္ပာယ်ကို ဖော်ပြပါ။
၃။ မည်သည့်လတွင် သင်္ကြန်ပွဲကျင်းပကြသနည်း။
၄။ စာတစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကို ပြောပြပါ။
၅။ သင်္ကြန်ပွဲတော်တွင် မည်သို့ပါဝင်ဆင်နွှဲကြသနည်း။
၆။ သင်္ကြန်ရေသဘင်ပွဲတော်အတွေ့အကြုံကို စာ ၅ ကြောင်းခန့်ရေးပါ။

၂၃

### အရေးကြီးသောအချက်များ

- ဝါကျတည်ဆောက်ပုံ မှန်ကန်စေရန် ဖြေဆိုထားသော ဝါကျများကို ဆရာက စစ်ဆေးရပါမည်။

### နိဂုံးချုပ်ခြင်း

- ဆရာက မေးခွန်း ၁ မှ ၃အထိကို ပြန်လည်မေး၍ ဖြေဆိုစေကာ နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း ၁ မှ ၃အထိကို မှန်ကန်စွာ ဖြေဆို ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၇။ ဖတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

တန်ခူး၊ သင်္ကြန်၊ အဓိပ္ပာယ်၊ ရေသပ္ပာယ်၊ မဏ္ဍပ်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

ရေသဘင်ပွဲ၊ နှစ်သစ်ကူး၊ ကုသိုလ်ကောင်းမှု၊ သက်ကြီးရွယ်အို၊ ဘေးမဲ့လွှတ်

**သာဓက**

ရေသဘင်ပွဲ ။ ။ ကျွန်တော်တို့သည် ရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ အတာကူးခြင်း ဆိုသည်မှာအဘယ်နည်း။
၂။ သင်္ကြန်ဟူသောစကား၏ အဓိပ္ပာယ်ကို ဖော်ပြပါ။
၃။ မည်သည့်လတွင် သင်္ကြန်ပွဲကျင်းပကြသနည်း။
၄။ စာတစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကို ပြောပြပါ။
၅။ သင်္ကြန်ပွဲတော်တွင် မည်သို့ပါဝင်ဆင်နွှဲကြသနည်း။
၆။ သင်္ကြန်ရေသဘင်ပွဲတော်အတွေ့အကြုံကို စာ ၅ ကြောင်းခန့်ရေးပါ။

၇၇

## အရေးကြီးသောအချက်များ

- ကလေးများကို လွတ်လပ်စွာ ပြောစေမည်။

## အခန်း(၇-၈) အတာသင်္ကြန်
## အကြိမ်ပြစာသင်ချိန် ၁၀ ချိန် (အဋ္ဌမ၊ နဝမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း (အဋ္ဌမအချိန်)

**နိဒါန်း**

- "ဒီနေ့တော့ မေးခွန်း ၄ ကို ဆက်ဖြေကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- မေးခွန်း ၄ ကို ကလေးများအား ဖတ်စေပါမည်။
- ဆရာက ပထမတစ်ပိုဒ် ဖတ်စေ၍ စာပိုဒ်ပါ အကြောင်းအရာကို မေးပါမည်။
- ⊙ ပထမစာပိုဒ်ကို နှစ်ယောက်တစ်တွဲ စဉ်းစားစေပြီး အပြန်အလှန် ပြောစေပါမည်။
- ကလေးများထဲမှ ၃ ဦး ၄ ဦးကို ပြောစေပါမည်။
- စာပိုဒ်ပါ အချက်အလက်များ ပြည့်စုံစေရန် ဆရာက ကူညီပေးရပါမည်။
- စာတစ်ပုဒ်လုံးကို အထက်ပါအတိုင်း စဉ်းစား၍ ပြောစေပါမည်။
- စာပိုဒ်အစအဆုံး ပြောလိုသော ကလေးရှိပါက အတန်းရှေ့တွင် ပြောစေပါမည်။ ကျန်ကလေးများကို နားထောင်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက အတာသင်္ကြန်အကြောင်းကို အနှစ်ချုပ် ပြောပြ၍ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ပါ အကြောင်းအရာကို ပြောပြနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်မည်။

### သင်ကြားသင်ယူမှုလုပ်ငန်း (နဝမအချိန်)

**နိဒါန်း**

- "ဒီနေ့တော့ သင်္ကြန်ပွဲတော်ကို ဘယ်လိုဆင်နွှဲကြသလဲဆိုတာ ပြောကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- မေးခွန်း ၅ ကို ကလေးများအား ဖတ်စေပါမည်။
- ဆရာက မေးခွန်း ၅ ကို မဖြေဆိုခင် အတာသင်္ကြန်အကြောင်း နှစ်ယောက်တစ်တွဲ လွတ်လပ်စွာ ပြောစေမည်။
- ⊙ သင်္ကြန်ပွဲတွင် မည်သို့ပါဝင်ဆင်နွှဲကြသည်ကို နှစ်ယောက်တစ်တွဲ ကျောင်းသုံးစာအုပ်တွင် ရှာစေပါမည်။
- ⊙ သင်္ကြန်ပွဲတော်ဆင်နွှဲပုံကို နှစ်ယောက်တစ်တွဲ ပြန်၍ပြောစေပါမည်။
- အတန်းရှေ့တွင် ပြောလိုသော ကလေးများကို ပြောစေပြီး ကျန်ကလေးများကို နားထောင်စေပါမည်။
- ထို့နောက် မှတ်စုတွင် ရေးစေပါမည်။
- ⊙ သင်္ကြန်ပွဲတွင် မိမိကိုယ်တိုင် မည်သို့ဆင်နွှဲခဲ့သည်များကို မှတ်မိသမျှ ပြောစေပါမည်။
- ကလေး ၃ ဦး ၄ ဦးကိုလည်း ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက "နောက်အချိန်မှာ သင်္ကြန်ပွဲတော် အတွေ့အကြုံကို ပြန်ရေးကြမယ်" ဟုပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း သင်္ကြန်ပွဲကို မည်သို့ ဆင်နွှဲကြကြောင်း ပြောဆိုရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း(၇-ခ) အတာသင်္ကြန်
## အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (ဒသမအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ဆရာက“ဒီအချိန်မှာ သင်္ကြန်ပွဲ အတွေ့အကြုံတွေ ပြောပြပြီး ရေးကြည့်ကြရအောင်”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- မေးခွန်း ၆ ကို တစ်တန်းလုံးဖတ်စေပါမည်။
- ဆရာက မေးခွန်း ၆ ကို မဖြေဆိုခင် စာတစ်ပုဒ်လုံးကို ပြန်ဖတ်စေပါမည်။
- နှစ်ယောက်တစ်တွဲ မိမိအတွေ့အကြုံများကို စဉ်းစားစေပါမည်။
- ⦿ ကိုယ်တိုင်ပါဝင်ခဲ့သော သင်္ကြန်ရေသဘင်ပွဲအတွေ့အကြုံကို နှစ်ယောက်တစ်တွဲ လွတ်လပ်စွာ ပြန်၍ ပြောစေပါမည်။
- ပြောလိုသော ကလေးကို အတန်းရှေ့တွင် ပြောစေပါမည်။ ကျန်ကလေးများကို နားထောင်စေပါမည်။
- ⦿ မိမိစဉ်းစား ပြောဆိုထားသည်များကို မှတ်စုတွင် ဝါကျငါးကြောင်းခန့် ရေးစေပါမည်။
- ရေးပြီးလျှင် နှစ်ယောက်တစ်တွဲ အပြန်အလှန် လဲလှယ်၍ ဖတ်စေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက “အတာသင်္ကြန်ဆိုတာ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော် တစ်ခုဖြစ်တယ်။ ကလေးတို့လည်း ယဉ်ယဉ်ကျေးကျေးနဲ့ ပါဝင်ဆင်နွှဲကြရမယ်နော်” ဟု ပြောကာ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း သင်္ကြန်ရေသဘင်ပွဲအတွေ့အကြုံကို ပြောနိုင်ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

---

၇။ ဖတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

**လေ့ကျင့်ခန်း**

**အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။**

တန်ခူး၊ သင်္ကြန်၊ အဓိပ္ပာယ်၊ ရေသပ္ပာယ်၊ မဏ္ဍပ်

**အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။**

ရေသဘင်ပွဲ၊ နှစ်သစ်ကူး၊ ကုသိုလ်ကောင်းမှု၊ သက်ကြီးရွယ်အို၊ ဘေးမဲ့လွှတ်

**သာဓက**

ရေသဘင်ပွဲ ။ ။ ကျွန်တော်တို့သည် ရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြပါသည်။

**အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

၁။ အတာကူးခြင်း ဆိုသည်မှာအဘယ်နည်း။
၂။ သင်္ကြန်ဟူသောစကား၏ အဓိပ္ပာယ်ကို ဖော်ပြပါ။
၃။ မည်သည့်လတွင် သင်္ကြန်ပွဲကျင်းပကြသနည်း။
၄။ စာတစ်ပိုဒ်ချင်းစီတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်ကို ပြောပြပါ။
၅။ သင်္ကြန်ပွဲတော်တွင် မည်သို့ပါဝင်ဆင်နွှဲကြသနည်း။
၆။ သင်္ကြန်ရေသဘင်ပွဲတော်အတွေ့အကြုံကို စာ ၅ ကြောင်းခန့်ရေးပါ။

၇၇

---

### အရေးကြီးသောအချက်များ

- ဆရာက မှတ်စုစာအုပ်တွင် ရေးသားထားသည့် သင်္ကြန်ရေသဘင်ပွဲတော် အတွေ့အကြုံများကို စစ်ဆေးပေးရပါမည်။
- စစ်ဆေးရာတွင် စာလုံးပေါင်းသတ်ပုံကို အဓိကထားရန်မလိုဘဲ သင်္ကြန်ရေသဘင်ပွဲတော် အတွေ့အကြုံ ရေးသားနိုင်မှုကို ဦးစားပေး စစ်ဆေးရပါမည်။

၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

(ဂ) ပျော်ပျော်ရွှင်ရွှင် ပြဇာတ်သင်မယ်




၇၈

## အခန်း(၇-ဂ) ပျော်ပျော်ရွှင်ရွှင် ပြဇာတ်သင်မယ်

## အကြံပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- လူတိုင်းတွင် တန်ဖိုးကိုယ်စီရှိကြောင်းနှင့် ညီညွတ်စွာ စုပေါင်းလုပ်ဆောင်ပါက ပိုမိုတန်ဖိုးရှိကြောင်း သိရှိစေရန်
- ပြဇာတ်သဘောကို သိရှိရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- "ကလေးတို့ကို ဒီနေ့သင်ခန်းစာအသစ်တစ်ခုဖြစ်တဲ့ ပြဇာတ်တစ်ပုဒ်ကို သင်မယ်နော် စိတ်ဝင်စားတယ်မဟုတ်လား" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- "ပြဇာတ်ဆိုတာကြားဖူးသလား ဘယ်နေရာမှာ မြင်ဖူးသလဲ ပြောကြည့်ပါအုံး" ဟု မေးပါမည်။
  - ⦿ ပြဇာတ်ဆိုတာ ဇာတ်လမ်းကို ကပြသရုပ်ဆောင်နိုင်ရန် ရေးဖွဲ့ထားသော စာပေဖြစ်ကြောင်း ရှင်းပြရပါမည်။
  - ⦿ ဆရာက သင်ခန်းစာပါအကြောင်းအရာကို တစ်ခေါက် ဖတ်ပြပါမည်။ ထိုသို့ဖတ်ပြရာတွင် ဇာတ်ဆောင်သရုပ်ဆောင်ရမည့် ပြောစကားများကိုသာ ဖတ်ပြရပါမည်။ ကလေးအားလုံး နားထောင်စေပါမည်။
- ဆရာနှင့်အတူ တစ်ခေါက်ဖတ်ပါမည်။
  - ⦿ ဆရာက ညီနောင်ငါးဦးပြောစကားပုံစံအတိုင်း အသံနေအသံထားနှင့် ဖတ်ပြပါမည်။ ဆရာနှင့်အတူ လိုက်ဖတ်စေပါမည်။
- "ညီနောင်ငါးဦးပြောတဲ့ စကားအသံတွေက တစ်ဦးနဲ့ တစ်ဦး ဘယ်လိုကွာသလဲ။ သူတို့ပြောစကားသံတွေ နားထောင်ရ ဖတ်ရတာ ဘယ်လိုခံစားရသလဲ" ဟု မေးပါမည်။
  - ⦿ ကလေးအားလုံးကို ဇာတ်ဆောင်ပြောစကားအတိုင်း ဖတ်စေပါမည်။
  - ⦿ မေးခွန်း ၁ မှ ၆ အထိ မေးခွန်းများကိုမေးပြီး ကလေးများ၏ အဖြေကိုဆရာနှင့် အဖြေတိုက်ပါမည်။

### အစိကအချက်များ

- ညီနောင်ငါးဦးပြဇာတ်သည် ပြဇာတ်အခြေခံ သဘောတရားကို အခြေခံပြီး ရေးထားခြင်းဖြစ်ကြောင်း နားလည်အောင် ရှင်းပြရမည်။
  သာဓက ။ ။ "ပြဇာတ်ဆိုတာ ဇာတ်လမ်းကို ကပြသရုပ်ဆောင်နိုင်ရန် ရေးဖွဲ့ထားသော စာပေဖြစ်ကြောင်းရှင်းပြရပါမည်။"
- ပြဇာတ်ကို ကလေးများကိုယ်တိုင် အတန်းအဆင့်နှင့် လိုက်လျောညီထွေစွာ ပြောဆို သရုပ်ဆောင်နိုင်အောင် သင်ကြားရမည်။
- ကလေးများ ဇာတ်ဆောင်ပြောစကားများ အလွတ်ပြောနိုင်သည်အထိ သင်ကြားရမည်။

### အရေးကြီးသောအချက်များ

- ပြဇာတ်ပါ အကြောင်းအရာကို နားလည်အောင် ရှင်းပြရမည်။
- ညီနောင်ငါးဦး၏ ပြောစကားကို အသံထွက်မှန်မှန် ရွတ်ဖတ်နိုင်ရမည်။
- ကလေးများ၏အဖြေ မပြည့်စုံပါက ဆရာက ပံ့ပိုးပေးရပါမည်။

## အခန်း(၇-၈) ပျော်ပျော်ရွှင်ရွှင် ပြဇာတ်သင်မယ်
## အကြိမ်ပြုစာသင်ချိန် ၃ ချိန် (ပထမ၊ဒုတိယအချိန်)

**(ပထမအချိန်အဆက်)**

**နိဂုံးချုပ်**

- "ဆရာနဲ့အတူတူလိုက်ပြီး ညီနောင်ငါးဦးပြောစကားအတိုင်း လိုက်ဖတ်ရတာ ပျော်စရာကောင်းတယ် မဟုတ်လား။ နောက်တစ်ချိန်မှာ ကလေးတို့ကိုယ်တိုင် သရုပ်ဆောင်နိုင်အောင် လေ့ကျင့်ရမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း သင်ခန်းစာကိုဖတ်နေစဉ် အားလုံး စိတ်ပါဝင်စားစွာ ညီနောင်ငါးဦးပြောစကားအတိုင်း လိုက်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် မေးခွန်းများဖြေကြားနိုင်ခြင်း ရှိ မရှိပေါ် မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

**သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)**

**နိဒါန်း**

- "အရင်အချိန်တုန်းက ညီနောင်ငါးဦးပြဇာတ်ကို သရုပ်ဆောင်တွေရဲ့ ပြောစကားအတိုင်း ဆရာနဲ့အတူတူ ဟန်ပန်အမူအရာနဲ့ ဖတ်ကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- "အရင်နေ့က ဖတ်ခဲ့တဲ့ ညီနောင်ငါးဦးပြဇာတ်ကို ဒီနေ့စာထဲမှာပါတဲ့အတိုင်း ဟန်အမူအရာနဲ့ ဆရာက အရင်ဖတ်ပြမယ် သေသေချာချာနားထောင်နော်"ဟု ပြောပါမည်။
- ⦿ ထို့နောက် ဆရာက မေးခွန်း ၇ နှင့် ၈ ကို မေးပါမည်။ နှစ်ယောက်တစ်တွဲဆွေးနွေးစေပြီး အဖြေကို အတန်းရှေ့ထွက်ပြောစေပါမည်။
- ⦿ ထို့နောက် ဆရာက ဇာတ်ဆောင်တစ်ဦးချင်းစီ၏ လုပ်ဆောင်ရမည့်ဟန်အမူအရာ ဇာတ်ညွှန်းအတိုင်း ဖတ်ပြပါမည်။
  သာဓက ။ ။ ခေါင်းမော့ ရင်ကော့တယ် ဆိုတာ ဒီလို ဟု သရုပ်ဆောင်ပြပါမည်။
- ကလေးများနောက်မှ သရုပ်ဆောင်ရင်း လိုက်ဖတ်စေပါမည်။
- ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ဟန်အမူအရာ ဇာတ်ညွှန်းအတိုင်းဆရာက ဖတ်ပြသရုပ်ဆောင်ပြပါမည်။
- ကလေးများ နောက်မှ ဆရာ့အမူအရာအတိုင်း လိုက်ဖတ်စေပါမည်။
- "သူတို့ပြောစကားအတိုင်း သရုပ်ဆောင်ပြောကြည့်ရတော့ ဘယ်လိုခံစားရသလဲ" ဟုမေးပါမည်။

---

၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

**လေ့ကျင့်ခန်း**

၁။ ညီနောင်ငါးဦးက ဘယ်သူတွေလဲ။
၂။ ဒေါက်တိုက ညီနောင်လေးဦးကို ဘယ်လိုပြောသလဲ။
၃။ ရန်လိုက ညီနောင်လေးဦးကို ဘယ်လိုပြောသလဲ။
၄။ သူ့ထက်ကဲက ညီနောင်လေးဦးကို ဘယ်လိုပြောသလဲ။
၅။ ရွှေပြည်စိုးက ညီနောင်လေးဦးကို ဘယ်လိုပြောသလဲ။
၆။ အငယ်ဆုံးဖြစ်တဲ့ ညီပုလေးက ဘာကြောင့် သူအမြတ်ဆုံးလို့ ပြောတာလဲ။
၇။ ကိုယ့်နေရာနဲ့ကိုယ် အားလုံးအသုံးကျတယ်လို့ ညီပုလေးပြောတဲ့စကားကို ကလေးတို့ လက်ခံသလား။ ဘာကြောင့်လဲ။
၈။ ညီနောင်ငါးဦးမှာ ဘယ်လိုစိတ်ထားမျိုးရှိကြသလဲ။

ညီနောင်ငါးဦးပြဇာတ်ကို ကလေးတို့ ကိုယ်တိုင် သရုပ်ဆောင်ပြီး ပြဇာတ်ကကြရအောင်





၈၁

---

**အရေးကြီးသော အချက်များ**

- ကလေးများ ဇာတ်ဆောင်များ၏ ပြောစကားကို ဘယ်လိုအသံထွက်ဖတ်ရမည်ဆိုသည်ကို နားလည်သည်အထိ ဆရာက ရွတ်ဖတ်ပြရပါမည်။
- ပြောစကားပါလမ်းညွှန်ချက်အတိုင်း သရုပ်ဆောင်နိုင်ရန် ဆရာက ရှင်းပြရပါမည်။
- ကလေးများဟန်အမူအရာဖြင့်လေ့ကျင့်နေစဉ် အတူတူ လုပ်ဆောင်ရန် အားနည်းသောကလေးများရှိပါက ဆရာက ပံ့ပိုးကူညီပေးရပါမည်။

**နိဂုံး**

- "ကလေးတို့ ဆရာနဲ့အတူတူ ဇာတ်ညွှန်းအတိုင်း လိုက်ဖတ်ရတာ ပျော်စရာကောင်းတယ်မဟုတ်လား ပြောကြည့်ပါအုံး"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်းပြောစကားအတိုင်း ဟန်အမူအရာဖြင့် ပြောကြားနိုင်ခြင်း ရှိ မရှိနှင့် မေးခွန်းများ ဖြေကြားနိုင်ခြင်း ရှိ မရှိပေါ် မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။


၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

ညီနောင်ငါးဦးပြဇာတ်

ဒေါက်တို — ဟေ့ တို့ညီအစ်ကို ငါးဦးထဲမှာ ငါဟာ အဝဆုံး၊ အားအကြီးဆုံး။ ဒါကြောင့် ငါ အမြတ်ဆုံးကွ။

(ဒေါက်တိုက ခေါင်းမော့ရင်ကော့လျက် လက်မထောင်ကာ ပြောစေ)

ရန်လို — အောင်မယ် မဟုတ်တာ၊ ကျွန်တော်သာ အမြတ်ဆုံး၊ ဟော ကြည့်ပါလား၊ ဒီမောင်မပါရင် ဘယ်ကိုမှ ညွှန်ပြလို့ မရဘူး။

(ရန်လိုက စိတ်ဆိုးမာန်ဆိုးဟန်ဖြင့် လက်ညှိုးထိုးကာ ပြောစေ)

သူထက်ကဲ — အစ်ကိုကြီးတို့ရာ၊ စကားများမနေကြပါနဲ့ ကျွန်တော်သာ မြတ်ပါတယ်။ ဟော ဘယ်သူ အမြင့်ဆုံးလဲ၊ ရပ်ကြည့်ကြစမ်း။ ကျွန်တော်အမြင့်ဆုံးမဟုတ်လား၊ ဒါကြောင့် ဒီမောင်က အမြတ်ဆုံးပါ။

(သူထက်ကဲက ဝင့်ကြွားသော မျက်နှာနှင့် ခြေဖျားထောက်လျက် ပြောစေ)

ရွှေပြည်စိုး — ဟား ဟား လောကမှာ ငွေရှိမှ လူခေါ်ချင်တာ၊ ကြည့်စမ်း ရွှေလက်စွပ်၊ စိန်လက်စွပ်၊ ဘာဖြစ်ဖြစ် ကျွန်တော့်ကိုသာ ဝတ်ပေးရပါတယ်။ ဒါကြောင့် ဒီသူဌေးကလေးက မြတ်ပါတယ် ခင်ဗျ။

(ရွှေပြည်စိုးက လက်စွပ်ဝတ်ထားသော လက်သူကြွယ်ကို မြှောက်ပြရင်း ပြောစေ)

၃၉

## အစန်း(၇-ဂ) ပျော်ပျော်ရွှင်ရွှင် ပြဇာတ်သင်မယ်

## အကြိမ်ပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

♦ "ဒီနေ့ ညီနောင် ငါးဦး ပြဇာတ်ကို အဖွဲ့လိုက် ပြောစကား ဟန်အမူအရာအတိုင်း ကလေးတို့ ကိုယ်တိုင် သရုပ် ဆောင်ရမယ်နော် " ဟုပြောပြီး နိဒါန်းပျိုးပါမည်။

**သင်ကြားသင်ယူမှုလုပ်ငန်း**

♦ "ကလေးတို့ ကိုယ်တိုင်သရုပ်မဆောင်ခင် အတန်းလိုက် ဇာတ်ဆောင်ငါးဦးရဲ့ ပြောစကားတွေကို အတူတူ ဖတ်ကြည့်ပါအုံး" ဟုပြောပြီး ဖတ်စေပါမည်။

♦ ဆရာက အဖွဲ့လိုက် အလှည့်ကျ သရုပ်ဆောင် ပြောစေရန် အဖွဲ့အတွင်း သရုပ်ဆောင်ရမည့်နေရာ သတ်မှတ်ကာ လေ့ကျင့်စေမည်။ (ငါးယောက်တစ်အုပ်စု)

⊙ အဖွဲ့အလိုက် သရုပ်ဆောင်စေပါမည်။ (တစ်ဖွဲ့သရုပ်ဆောင်နေစဉ် အခြားအဖွဲ့ဝင်များကို နားထောင်စေပါမည်)

♦ အဖွဲ့အလိုက် ဘယ်အချက်ကိုကြိုက်သလဲဆိုသည့် အချက်ကို ပြောစေပါမည်။

♦ ကလေးများ၏ပြောကြားချက်ကို ဆရာက သင်ပုန်း မှတ်ချက် ရေးရပါမည်။

**နိဂုံးချုပ်ခြင်း**

♦ "ကလေးတို့ ပြဇာတ်သင်ခန်းစာကို ပျော်ပျော်ရွှင်ရွှင် သင်ခဲ့ကြတယ် သရုပ်ဆောင်ခဲ့ကြတယ်နော်၊ ပြဇာတ်ထဲက ညီနောင်ငါးဦးလိုပဲ လူတိုင်းမှာ တန်ဖိုးကိုယ်စီရှိတယ် ဆိုတာ သိသွားကြပြီနော်၊ ကလေးတို့လဲ ညီနောင်ငါးဦး လိုပဲ ညီညီညွတ်ညွတ်နေကြရမယ်" ဟုပြောပြီး နိဂုံးချုပ် ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

♦ လုပ်ငန်းစဉ်အတွင်း အချင်းချင်း ညီညီညွတ်ညွတ် လုပ်ဆောင်နိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေး အကဲဖြတ်ပါမည်။

### အရေးကြီးသောအချက်များ

♦ ကလေးများ အလှည့်ကျသရုပ်ဆောင်နေစဉ် ဆရာက အားပေး ချီးကျူးစကားပြောပေးရပါမည်။

♦ မေးခွန်းများဖြေဆိုရန် အားနည်းသော ကလေးများရှိပါက ဆရာက ပံ့ပိုးကူညီပေးရပါမည်။

♦ သရုပ်ဆောင်ကောင်းဖို့ထက် ကလေးများအားလုံး ပျော်ပျော်ရွှင်ရွှင် သရုပ်ဆောင်တတ်ရန် အရေးကြီးပါသည်။

## အခန်း (၇-ဃ) ပြန်လှန်သင်ကြားခြင်း (၃)
## အကြံပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

### သင်ယူမှုဦးတည်ချက်

- ♦ တစ်နှစ်တာ သင်ကြားခဲ့သည်များကို ပြန်လည်စဉ်းစားတတ်ရန်
- ♦ မှတ်မိသိရှိသည်များကို ပြန်လည်ပြောပြ၊ ရေးပြတတ်ရန်

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ♦ ကျောင်းသုံးစာအုပ်

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- ♦ ဆရာက"တစ်နှစ်လုံး မြန်မာဖတ်စာထဲ ဘာတွေ သင်ခဲ့ကြသလဲဆိုတာ ပြန်စဉ်းစားကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- ♦ ဆရာက ကလေးများကို ကျောင်းသုံးစာအုပ်နှင့် မှတ်စုစာအုပ်ပေါ် မူတည်ပြီး "ဘာတွေသင်ခဲ့ကြသလဲ" ဟုမေးကာ မည်သည့်သင်ခန်းစာများ သင်ခဲ့ကြသည်ကို စဉ်းစားစေပါမည်။
- ⦿ ဆရာက ကလေးများကို ကျောင်းသုံးစာအုပ်နှင့် မှတ်စုစာအုပ်ကို ကြည့်စေပြီး "ကိုယ်မှတ်မိနေတဲ့ ဖတ်စာ၊ ပုံပြင်တွေကို သူငယ်ချင်းနဲ့ ပြောကြည့်ကြရအောင်" ဟုပြောပါမည်။
- ♦ မှတ်မိသိရှိသည်များကို ပြောလိုသော ကလေးများအား ပြောစေပါမည်။ (၄၊ ၅ ဦးခန့်)
- ♦ ဆရာက "မှတ်မိနေတဲ့သင်ခန်းစာတွေ ပြောတဲ့အခါ ကျောင်းသုံး စာအုပ်မှာပါတဲ့ မေးခွန်းအတိုင်း ဖြေကြရမယ်" ဟု ပြောပြီး ကလေးများအား မေးခွန်း ၃ ခုကို ဖတ်စေပါမည်။
- ♦ "ဘယ်သင်ခန်းစာတွေ မှတ်မိသလဲ"
  "ဘာအကြောင်းအရာလဲ" "ဘာတွေကို မှတ်မိသလဲ"
  "ဘာကြောင့် မှတ်မိတာလဲ" "ဘာတွေ ထူးခြားလို့ မှတ်မိတာလဲ"
  "သင်ခန်းစာကတစ်ဆင့် ဘာတွေတတ်မြောက်သွားသလဲ" ဟုမေးပါမည်။
- ♦ ထို့နောက် နှစ်ယောက်တစ်တွဲ အပြန်အလှန် အမေးအဖြေ ပြုလုပ်စေပါမည်။
- ⦿ ကလေးများထဲမှ နှစ်ယောက်တစ်တွဲ အတန်းရှေ့ထွက်စေ၍ အမေးအဖြေပြုလုပ်စေပါမည်။





#### (ဃ) ပြန်လှန်သင်ကြားခြင်း (၃)

၁။ တစ်နှစ်တာလုံးဘာတွေသင်ကြားခဲ့သလဲဆိုတာ စဉ်းစားကြည့်ကြရအောင်



- ကျောင်းသုံးစာအုပ်နဲ့ မှတ်စုစာအုပ်ပေါ် မူတည်ပြီးစဉ်းစားကြမယ်။

၂။ ကိုယ်မှတ်မိနေတဲ့ ဖတ်စာ၊ ပုံပြင်တွေကို သူငယ်ချင်းနဲ့ပြောကြည့်ကြရအောင်



- ဘယ်သင်ခန်းစာကို မှတ်မိသလဲ။
- ဘာကြောင့် မှတ်မိတာလဲ။
- ဘာတွေထူးခြားသလဲ။
- သင်ခန်းစာကတစ်ဆင့် ဘာတွေပိုပြီး တတ်မြောက်သွားသလဲ။

၃။ ဘယ်သင်ခန်းစာကိုကြိုးစားပြီး လုပ်ဆောင်ခဲ့သလဲ



- ကိုယ့် အကြံဉာဏ်တွေ သူငယ်ချင်းတွေကို ပြောပြခဲ့တယ်။
- ဆရာသင်နေတုန်း မှတ်စုသေချာမှတ်ခဲ့တယ်။
- စာပိုဒ်ပြန်ရေးရတာ ပျော်စရာကောင်းပါတယ်။



### အဓိကအချက်များ

- ♦ ဆရာက ကလေးများ၏ ကျောင်းသုံးစာအုပ်ကို အသုံးပြုစေကာ ပြောစေရမည်။
- ♦ ကလေးများ စဉ်းစားနိုင်ရန် အချိန်ကို လုံလောက်စွာ ပေးရပါမည်။
- ♦ ကလေးအားလုံး ပြောစေ ရေးစေရပါမည်။

**အရေးကြီးသော အချက်များ**

- ♦ နှစ်ယောက်တစ်တွဲ ပြောဆိုစေရာတွင် အချိန်သတ်မှတ်ထားရမည်။
- ♦ အတန်းရှေ့တွင် မေးခွန်း ၃ ခုကိုသာ နှစ်ယောက်တစ်တွဲ အပြန်အလှန် အမေးအဖြေ ပြုလုပ်ရပါမည်။

### နိဂုံးချုပ်ခြင်း

- ♦ ဆရာက"နောက်တစ်ချိန်မှာ ဘယ်သင်ခန်းစာကို ကြိုးစားပြီး လုပ်ဆောင်ခဲ့သလဲဆိုတာ ဆက်ပြောကြရအောင်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း သင်ခန်းစာများကို စဉ်းစားပြီး ပြန်လည်ပြောပြနိုင်စွမ်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

## အခန်း (၇-ဃ) ပြန်လှန်သင်ကြားခြင်း (၃)
## အကြံပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)



### (ဃ) ပြန်လှန်သင်ကြားခြင်း (၃)

၁။ တစ်နှစ်တာလုံးဘာတွေသင်ကြားခဲ့သလဲဆိုတာ စဉ်းစားကြည့်ကြရအောင်



- ကျောင်းသုံးစာအုပ်နဲ့ မှတ်စုစာအုပ်ပေါ် မူတည်ပြီးစဉ်းစားကြမယ်။

၂။ ကိုယ်မှတ်မိနေတဲ့ ဖတ်စာ၊ ပုံပြင်တွေကို သူငယ်ချင်းနဲ့ပြောကြည့်ကြရအောင်



- ဘယ်သင်ခန်းစာကို မှတ်မိသလဲ။
- ဘာကြောင့် မှတ်မိတာလဲ။
- ဘာတွေထူးခြားသလဲ။
- သင်ခန်းစာကတစ်ဆင့် ဘာတွေပိုပြီး တတ်မြောက်သွားသလဲ။

၃။ ဘယ်သင်ခန်းစာကိုကြိုးစားပြီး လုပ်ဆောင်ခဲ့သလဲ



- ကိုယ့် အကြံဉာဏ်တွေ သူငယ်ချင်းတွေကို ပြောပြခဲ့တယ်။
- ဆရာသင်နေတုန်း မှတ်စုသေချာမှတ်ခဲ့တယ်။
- စာပိုဒ်ပြန်ရေးရတာ ပျော်စရာကောင်းပါတယ်။



### အရေးကြီးသောအချက်များ

- ကလေးများအား လွတ်လပ်စွာ ပြောစေကာ ဆရာက လိုအပ်သည်ကို ဖြည့်စွက်ပေးရပါမည်။
- ကလေးများကိုယ်တိုင် မည်သည့်အတိုင်းအတာထိ လုပ်ဆောင်နိုင်သည် ဆိုသည့်အချက်ကို ဆရာက သတိပြုရပါမည်။

### သင်ကြားသင်ယူမှုလုပ်ငန်း

**နိဒါန်း**

- “ဒီနေ့တော့ တစ်နှစ်လုံးသင်ခဲ့တာတွေထဲက ဘယ်သင်ခန်းစာကို ကြိုးစားလုပ်ဆောင်ခဲ့သလဲ” ဟု မေး၍ နိဒါန်းပျိုးပါမည်။

**လုပ်ငန်းစဉ်**

- တစ်တန်းလုံး ကျောင်းသုံးစာအုပ်ကို ကြည့်စေပါမည်။
- ⊙ ထို့နောက် ကျောင်းသုံးစာအုပ်ပါ အောက်ပါနမူနာ စာကြောင်းများကို ဆရာက ရှင်းပြရပါမည်။
  “ကိုယ့်အကြံဉာဏ်တွေကို သူငယ်ချင်းတွေကို ပြောပြခဲ့တယ်”
  “ဆရာသင်နေတုန်း မှတ်စုသေသေချာချာမှတ်ခဲ့တယ်”
  “စာပိုဒ်ပြန်ရေးရတာ ပျော်စရာကောင်းတယ်”
- ဆရာမေးသော မေးခွန်းများကို တစ်ဦးချင်းစဉ်းစားစေပါမည်။
- ကလေးများကို နှစ်ယောက်တစ်တွဲ စဉ်းစားစေပါမည်။
- ⊙ စဉ်းစားပြီးလျှင် နှစ်ယောက်တစ်တွဲ အမေးအဖြေ ပြုလုပ်စေပါမည်။
- ထို့နောက် အတန်းရှေ့တွင် နှစ်ယောက်တစ်တွဲ အမေးအဖြေ ပြုလုပ်စေပါမည်။ (၃၊ ၄ တွဲခန့်)
- ကလေးများ၏ ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပေးရပါမည်။
- ဆရာက “ဖတ်စာအုပ်တစ်အုပ်လုံး သင်ပြီးချိန်မှာ ဘယ်လို အသိပညာ ဗဟုသုတတွေ ရခဲ့သလဲ” ဟူသည့် မေးခွန်းကို မေးပါမည်။
- ⊙ နှစ်ယောက်တစ်တွဲ စဉ်းစားပြီးမှ ကလေးများ၏ စိတ်ကူးအတိုင်း ရေးစေပါမည်။
- ထို့နောက် အတန်းရှေ့တွင် ၃၊ ၄ တွဲခန့် ပြောစေပါမည်။

**နိဂုံးချုပ်ခြင်း**

- ဆရာက ကလေးများပြောထားသည်ကို ဖြည့်စွက်ပြောပြကာ ရေးသားထားသည်ကို စစ်ဆေးပေး၍ နိဂုံးချုပ်ပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

- လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို ပြန်ဖြေနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

**အခန်း (၇-ဃ) ပြန်လှန်သင်ကြားခြင်း (၃)**
**အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)**

## သင်ကြားသင်ယူမှုလုပ်ငန်း

### နိဒါန်း

- ♦ ဆရာက "ကလေးတို့ နောက်တစ်တန်း ရောက်ရင် ဘယ်လိုအကြောင်းအရာမျိုးတွေ ထပ်သင်ချင်သေးသလဲ" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

### လုပ်ငန်းစဉ်

- ⦿ နောက်တစ်တန်းတွင် မည်သည့်အကြောင်းအရာများ ထပ်သင်ချင်သေးသလဲ ဆိုသည့်အချက်ကို ကလေးတစ်ဦးချင်းစီ စဉ်းစားစေမည်။
- ⦿ ကလေးများ စဉ်းစားထားသည့်အချက်ကို နားလည်သလို နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောစေပါမည်။
- ⦿ ထို့နောက် ကျောင်းသုံးစာအုပ်ပေါ်တွင် ရေးစေပါမည်။
- ♦ တစ်ယောက်စီ အတန်းရှေ့ထွက်၍ ပြောစေပါမည်။ (၃ ဦး ၄ ဦးခန့်)
- ♦ ဆရာက "ကလေးတို့ ဘယ်လိုစာမျိုးတွေ ဘယ်လိုအကြောင်းအရာမျိုးတွေ ထပ်သင်ချင်သေးသလဲ" ဆိုသည့် အဖြေကို ဖတ်ရှုပြီး ချီးကျူးပေးရပါမည်။

### နိဂုံးချုပ်ခြင်း

- ♦ ဆရာက ကလေးများ၏ စာရေးသားချက်များထဲမှ ထူးခြားသောအကြောင်းအရာများကို တစ်တန်းလုံးသို့ ဖတ်ပြပြီး နိဂုံးချုပ်ပါမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း မေးခွန်းများကို နှစ်ယောက်တစ်တွဲ ပြောနိုင်ခြင်း၊ ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၇။ ဇာတ်လမ်းကလေးတွေ ပြောကာရယ် ပြန်လှန်လေ့ကျင့်သင်ကြမယ်

၄။ ဖတ်စာအုပ်တစ်အုပ်လုံးသင်ပြီးချိန်မှာ ဘယ်လို ဗဟုသုတတွေ ရခဲ့သလဲ။

၅။ နောက်တစ်တန်းရောက်ရင် ဘယ်လိုအကြောင်းအရာတွေ တိုးသင်ချင်သေးသလဲ။ မှတ်စုမှာ ရေးကြည့်ကြရအောင်။

၈၃

### အရေးကြီးသောအချက်များ

- ♦ အတန်းရှေ့ထွက်၍ ပြောစေရာတွင် အချိန်ပေါ်မူတည်၍ ကလေးဦးရေ ရနိုင်သလောက်သာ ပြောစေပါမည်။
- ♦ မရေးနိုင်သော ကလေးများ ရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။